
www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House

...ချုပ်အောင်ဆန်း၏
...ားဘဝနှင့်ပတ်သက်သော
...ကြောင်းအရာများကို
...စုံစွာဖော်ပြထားသော
...သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့





ဗိုလ်တေဇ
...ality စာတည်းအဖွဲ့



ဗိုလ်ချုပ်အောင်ဆန်း
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)

Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

2014.JUNE
NO.113

ဒဂုန်ရွှေမျှား
သေမင်းနာရီ ၆

တင့်ရှူး(ဓလေ့ဝတီ)
သက်စွန့်ဆံဖျား ဖျားတက်သဖား ၄၆

မင်းရွှေသိန်း(ဇင်းကျိုက်)
ငရဲသို့ဖြတ်လမ်း ၅၉

တောက်ထိန်
ကျွန်တော် ငါးသလောက်လှေသဖား ၇၆

ရဲမြတ်တင်
လောကသစ္စာ ၈၆

စိုးယဉ်ထွန်း
အပြောကောင်းတဲ့ငဒေါင်း ၁၀၈

မင်းသုရိန်
ကြာခို့ရှုရသောဘု ၁၂၄

မြတ်သက်ကျော်
ဝင့်နှင့်ကြမ္မာ အဆါမဆိုင်း ၁၅၁

မင်းနန္ဒရိန်
ကိုးတွင်းဗိုလ် ၁၆၂

နေမရှူး
စားတွက်ကြံ့စဉ် ဆုံရခြင်း ၁၇၅

ကောင်းစံဟိန်း
သွေးစုပ်ကောင်အန္တရာယ် ၁၈၇

ဇလွန်ကျော်ဦး
မရှာရတနာ ၂၀၇

မြမြလှိုင်
လွမ်းတသသ ၂၂၀

ဘသက်ဆွေ
မော်ဘီဝါးနက်ချောင်းရှာလူသတ်မှု ၂၃[illegible]

PREVIEW 5

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၄ ၃၁၁၁၆၉၉၉)
အုပ်ချုပ်မှုအယ်ဒီတာ
မခင်မာရွှေ
အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်
ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ ဦးငြိမ်းကို၊ နေဇင်လတ်၊ ဝေလင်း၊ တင်မောင်မောင်ထွေး၊
ကျော်ကျော်၊ နှင်းမြင့်မြတ်အောင်၊ ယောမာကျိုင်၊ မြူမြူသင်း၊ ဝင်းဝင်းမော်၊ ဝင်းဝင်းမာ၊ အိမြ၊ ပိုပို၊ မီမီ၊
ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ-၀၄၂၂၀)Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညွှန့်၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ပေါ်ကာ၊
ကွန်ပျူတာနှင့် ဖလင်
Quality
ပုံနှိပ်သူ
မြို့ဝေလျှံပုံနှိပ်တိုက်(၀၀၆၅၉)
ဒေါ်ယဉ်ယဉ်မွန်၊ ဆန့်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ- ၅၀၀
တန်ဖိုး - ၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် - ၅၀၈/၅၁၂ (၂၈)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၆၆၉၊ ၃၈၆၁၃၃။

# Next Month Preview



**အကြံကောင်းလို့ လက်သုံးတစ်ချောင်းဖြတ်ရသူ**

ဒဂုန်ရွှေမျှား



**ဒေါင်းတစ်ပေချောတစ်ပေ သတ်တလေးအပို့ဆုရ**

မန္တလာသား



**ကျွန်းဝက်ငိုးကြီး**

မြဝတီ




**ဝေဒနာမျက်ရည်များ**

ရွှေညာသား မြတ်မင်း

www.burmeseclassic.com

www.burmeseclassic.com






ယုတ်မာဆိုးသွမ်းသော
ထောင်အရာရှိတစ်ဦးအား မည်သို့မည်ပုံ
နှိပ်ကွပ်ဆုံးမလိုက်ပုံကို ဖတ်ရှုရမည်။

၃၃–၃နှစ်က ပြည်မြို့အကျဉ်းထောင်တွင်
“မက်ကောမက်” ဆိုသူ ထောင်မှူးကြီးရှိရာ ထိုထောင်မှူးကြီးမှာ
ဉ်းသားများအပေါ်တွင် ဥပဒေရှိသလောက် အစွမ်းကုန် သက်ညှာတတ်ခြင်း၊
ခွင့်ကြုံ ကြုံဖက်တိုင်း ထောင်သားများအား ကျွေးမွေးတတ်ခြင်းတို့ကြောင့်
ိုသေသူ ပေါ်များလှပေ၏၊ ဥပဒေအားဖြင့် ခရစ်စမတ်ပွဲနေ့၊ သူ၏မွေးနေ့
နေ့များ၌ ထောင်သားအားလုံးတို့အား အမဲသားဆီပြန်ဟင်းနှင့် ကျွေးမြဲ
ပြင်းလိပ်တစ်လိပ်စီပင် ဝေငှတတ်၏။
င်မှူးကြီး မက်ကောမက်ရှိစဉ်က ဦးဘိုးတော်တွေ့ကြုံခဲ့သော အဖြစ်အပျက်
သည် ရေးသားဖော်ပြခဲ့ဖူးလေပြီ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် မောင်ဘိုးထော်သည် "မက်ကောမစ် – မရောက်မီကပင် ပြည်ထောင်သို့ ရောက်ခဲ့ရာ ထိုအခါက ထောင်မှူးကြီးမှာ "မစ္စတာဂျုန်း" ဆိုသူ ဗျက်နှာဖြူလူမျိုးပင်ဖြစ်၍ ၎င်းမှာ ကျွန်ုပ်တွေ့ခဲ့ဖူးသမျှ ထောင်မှူးထဲတွင် အကြမ်းကြုတ်ဆုံး၊ အရက်စက်ဆုံးလူတစ်ယောက် ဖြစ်လေသည်။

မစ္စတာဂျုံးမှာ အရပ် (၆)ပေကျော်ကျော်မြင့်၍ ကာလဗလအားဖြင့်လည်း တောင့်တင်းသန်မာလှသည်ဖြစ်ရာ သူ၏လက်သီးတစ်ချက်မှာ သာမန်မြန်မာလူမျိုးတစ်ယောက်အား တစ်ချက်တည်းနှင့် လဲစေနိုင်၏။ ဆိုးသောထောင်မှူးများဆိုသည်မှာ ထောင်သားများအပေါ်တွင် ဥပဒေနှင့် ညီညွတ်



ဘိုးတုတ က အောင်ညွန့်ကို လက်သီးနဲ့ထိုးတာ သွားတစ်ချောင်းနဲ့ပြီးသွားသတဲ့ – ဆရာရဲ့။ သည်တော့ – ငါ့လူကို မင်းက နာအောင်လုပ်ရင် မင်းကိုလည်း ငါ့လူနာသလို နာအောင်လုပ်ရမယ်ဆိုပြီး ခေါင်းတုံးနှစ်ယောက်ကို အတင်းအချုပ်မိုင်း၊ ရှေ့သွားတစ်ချောင်းကို သူကိုယ်တိုင် ပလိုင်ယာနဲ့ ဆွဲနုတ်တာပါပဲ ခင်ဗျာ။ ”



အောင် တင်းတင်းကြပ်ကြပ်နိုင်းစေခြင်း၊ ဥပဒေနှင့်ညီညွတ်အောင် ကျွေးမွေးခြင်း၊ ဆေးငုံသူ၊ ဆေးလိပ်သောက်သူ၊ အရက်သောက်သူ အစရှိသော ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူတို့အား ပြင်းပြင်းထန်ထန် အပြစ်ပေးခြင်း စသည်တို့ကို ပြုလုပ်သဖြင့်သာ ဆိုးသည်ဆိုရ၏။ မစ္စတာဂျုံးမှာကား ဤကဲ့သို့မဟုတ်ချေ။ အပြစ်ပေးရာတွင် ဥပဒေအရအပြစ်မပေးဘဲ သူကိုယ်တိုင် ရက်ရက်စက်စက် ပြုလုပ်တတ်လေသည်။

တစ်နေ့သောနံနက် (၁၁း၃၀) နာရီခွဲအချိန်တွင် ကျွန်ုပ်သည် ထောင်၏ အရှေ့ဘက်တွင်ရှိသော တောင်ယာကြီးမှ အကျဉ်းသား(၅၀)နှင့် ထမင်းစားရန် အလုပ်ဆင်းခဲ့ရာ အနောက်ဘက် "ဘူး" ပေါက်အနီးရှိ ထောင်မှူးကြီးနေသောရုံးရှေ့တွင်လဲ၍နေသောအကျဉ်းသားတစ်ယောက်အားအခြားအကျဉ်းသားလေးငါးယောက်တို့သည် ဝိုင်းဝန်းပြုစုကာ သတိရအောင် နှာနှပ်လျက်ရှိသဖြင့် ကျွန်ုပ်လည်း ဝိုင်း၍နေသူများအား ဖယ်ရှားကြည့်ရှုရာ သတိမရဘဲ မေ့မြောနေသောအကျဉ်းသားမှာ ဘိုးတုတ္တဆိုသူဖြစ်ကြောင်း တွေ့ရ၏။

ဘိုးတုတ္တမှာ လက်ပတောရွာမှ စားပြမှုနှင့် မကြာမီက ရောက်ရှိလာသော နှစ်ကြီးသမား လူဆိုးတစ်ယောက် ဖြစ်လေသည်။ ဘိုးတုတ္တ၏ပါးစပ်မှ သွေးများသည်ကျောက်စရစ်များခင်းထားသောသမံတလင်း၌ပင်အိုင်ထွန်းလျက်ရှိ၏။ ကျွန်ုပ်က အကျိုးအကြောင်းမေးရာ၊ အကျဉ်းသားတစ်ယောက်က –

"သခင်ကြီးလက်ချက်ပေါ့ – ဆရာ"

"ဘယ့်နှယ်လုပ်လိုက်တာလဲကွယ့်"

"ကြဲ့ကြဲ့ဖန်ဖန်ဗျာ – သွားတစ်ချောင်းကို ပလိုင်ယာနဲ့ ချိုးပစ်လိုက်သတဲ့"

"တယ်လည်းမိုက်တဲ့ အကောင်ကြီးပဲ၊ အခု ဘယ်သွားသလဲ"

"ထမင်းစားပြန်သွားတယ် – ဆရာ"

"ဘိုးတုတ္တက ဘာလုပ်လို့တဲ့လဲ"

"အောင်ညွန့်ဆိုတဲ့ အကောင်ချောချောကလေး ဆရာမှတ်မိမှာပေါ့"

www.burmeseclassic.com

"သခင်ကြီးအချစ်တော်ကလေး မဟုတ်လား"

"ဟုတ်တယ် - အဲ - သူ့ကို ဘိုးတူက လက်သီးနဲ့ထိုးလို့တဲ့ - ဆရာရဲ့"

"ဒါနဲ့ သည်လောက်လုပ်ရသလားကွယ်"

"ဘိုးတူက အောင်ညွန့်ကိုလက်သီးနဲ့ထိုးတာ သွားတစ်ချောင်းနဲ့ပြီးသွားသတဲ့ - ဆရာရဲ့၊ သည်တော့ - ငါ့လူ့ကိုမင်းကနာအောင်လုပ်ရင်မင်းကိုလည်း ငါ့လူနာသလို နာအောင်လုပ်ရမယ်ဆိုပြီး ခေါင်းတုံးနှစ်ယောက်ကို အတင်းအချုပ်ခိုင်း၊ ရှေ့သွားတစ်ချောင်းကို သူကိုယ်တိုင် ပလိုင်ယာနဲ့ ဆွဲနုတ်တာ ပါပဲ ခင်ဗျာ"

"အင်း - ရက်စက်ပါပေ့ကွယ်၊ နို့ - အခု ဘယ်လိုလုပ်ရမတဲ့လဲ"

"ဆေးရုံကို ပို့ရမတဲ့ ခင်ဗျ၊ စာတစ်စောင်ရေးပြီး ပြာတာကုလားတစ်ယောက်ကို လွှတ်လိုက်ပြီ"

ထိုခဏ၌လူနာတင်ကားတစ်စီးဆိုက်ရောက်လာသဖြင့်လက်ထောက်ထောင်မှူးကလေးဦးဘအောင်သည်အကျဉ်းသားလေးယောက်အားဘိုးတူကိုချိမ့်စေပြီးလျှင်ကားပေါ်သို့တင်စေ၏၊ ရုစ်မှတ်ဟာရာဦးထုပ်ဖြူတစ်ယောက်နှင့် ကုလားထောင်ပြာတာတစ်ယောက်ကိုလည်း ကားပေါ်တွင် ထည့်လိုက်လေ၏၊ ဘိုးတူမှာ (၁၅)ရက်မျှ ဆေးရုံသို့ တက်ရောက်ရရှာလေသည်၊

ဘိုးတူဆေးရုံမှ ဆင်းလာပြီးနောက် (၁၅)ရက်ခန့်ကြာသောအခါ ကျွန်ုပ်သည် တောင်ယာကြီးတွင် လူ (၆၀)ဖြင့် အလုပ်လုပ်လျက်ရှိ၏၊ အကျဉ်းသားများမှာ အများအားဖြင့် ဝတ်ဖြူ (ဝတ်ဖြူဆိုသည်မှာ ပြစ်မှုကို တစ်ခါတစ်ရံကျူးလွန်၍အပြစ်ခံရသူများကိုပေးထားသော အမည်ဖြစ်၏၊) များဖြစ်ကြရာ ထိုအကျဉ်းသား (၆၀)ကို (၈)မှတ်ဦးထုပ်ဖြူဟာရာ(၆)ယောက်က အုပ်ထိန်း၍ ၎င်းတို့အပေါ်တွင် (၁၂) မှတ် ဦးထုပ်ပြာ ဟာရာ (၃) ယောက်က အုပ်ထိန်းရပြန်၏၊ ၎င်းတို့အဖေါ်တွင် ကျွန်ုပ်က အုပ်ထိန်းရ၍ ကုလားထောင်ပြာတာ (၈) ယောက်လည်း ပါရ၏၊



(ဒုတိယတန်းဟာရာဖြစ်သော ဦးထုပ်ပြာမှာ (C.O) "စီ - အို" ဟုခေါ်၍ အရှည်အဓိပ္ပာယ်မှာ (Convict Overseer) ဖြစ်လေသည်၊ ဦးထုပ်ဖြူမှာ တစ်လလျှင် လျှော့ရက် (၅)ရက်ရပြီးလျှင် ဦးထုပ်ပြာမှာ (၆)ရက်ရ၏၊ ထိုအခါ ဦးဘိုးတော်မှာ (C.W) ဖြစ်၍ အရှည်အဓိပ္ပာယ်မှာ (Convict Warder) ဖြစ်ပြီးလျှင် "တခွေ" ဟုခေါ်လေသည်၊ လျှော့ရက်မှ တစ်လလျှင် (၈)ရက် ရ၏၊ ထောင်မှူးထောင်ပိုင်တို့၏ လွှယ်ယုံတော်များသာ ဤရာထူးကို ရပြီးလျှင် အဝတ်အစားမှာ ခရမ်းရောင်ခေါင်းပေါင်း၊ အင်္ကျီပြာ၊ ဘောင်းဘီတိုအပြာ ဝတ်ရ၏၊ ဖိနပ်စီးခွင့်ရ၏၊ ကြေးဝါကိုဘဲဥပုံသဏ္ဌာန်ပြုလုပ်၍ သားရေခါးပတ်၌ တပ်ထားရ၏၊ ထိုကြေးဝါဘဲဥပုံပေါ်တွင် (C.W) ဟု ရေးထား၏၊)

ကျွန်ုပ်မှာ ထိုအခါက "တခွေ"ဖြစ်၍ ဦးထုပ်ဖြူဟာရာ (၆)ယောက်အား သူ့လူနှင့်သူ အလုပ်များ ခွဲဝေပေးပြီးနောက် ထောင်ခြံစည်းရိုးတွင် ပေါက်နေသော သစ်ပင်ရိပ်တစ်ခုအောက်၌ထိုင်ကာ အကျဉ်းသားများ အလုပ်လုပ်သည်ကိုကြည့်ရှုလျက်ရှိ၏၊ အလုပ်စပြီးနောက် (၁) နာရီခန့်ကြာလတ်သော် အကျဉ်းသားတစ်ယောက်နှင့် ဦးထုပ်ဖြူနှစ်ယောက်တို့သည် ကျွန်ုပ်ရှိရာသို့ လာနေသဖြင့် ကျွန်ုပ် ၎င်းတို့အရိပ်အကဲကို စောင့်ဆိုင်းကြည့်ရှုလျက် ရှိလေသည်၊

သုံးယောက်အနက် သာမန်အကျဉ်းသားမှာ မကြာမီက ဆေးရုံမှ ဆင်းလာခဲ့ရသော ဘိုးတူဖြစ်၍ ဦးထုပ်ဖြူဟာရာနှစ်ယောက်တို့မှာ အောင်မင်းနှင့် စံဖေတို့ဖြစ်လေသည်၊ ကျွန်ုပ်လည်း သစ်ပင်ရိပ်အောက် မြက်ခင်းများပေါ်တွင် နေရာထိုင်ခင်းပေးပြီးနောက် -

"ဘယ့်နယ်လဲဟေ့ - မောင်အောင်မင်း - ဘာများအကြောင်းထူးလာပြန်ပြီလဲ"

"မထူးပါဘူး - ဆရာ၊ ဟောဒီက စံဖေက ဆရာနဲ့ မိတ်ဆွေဖွဲ့ပေးပါဆိုလို့ ခေါ်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွယ် - ထောင်ထဲမှာတွေ့ရတာ တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကိုလို သဘောထားကြမှပေါ့။ ငါတို့တစ်တွေဟာ ညီညွတ်ကြမှ မောင်အောင်မင်းရဲ့ အကြောင်းရှိရင်ပြော - ကြားလား"

"ဒီအကောင်ပေါ့ - ဆရာ၊ ဆရာမရောက်ခင် ထောင်မှူးကြီးက ဘိုးတူ ချုပ်သလို အချုပ်ခိုင်းပြီး အာခေါင်ကို ဆေးလိပ်မီးနဲ့ထိုးတာ"

"ဘာဖြစ်လို့လဲကွ"

"စံဖေဟာ တောမှာနေတုန်းက လောကဓာတ်ကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာကလေးလုပ်ဖူးတယ် - ဆရာရဲ့၊ ဒါနဲ့ - အတွက်အချက် အရေးအသားကလေးကလည်းတတ်၊ နဂိုကလည်း ဖင်ပေါ့တဲ့လူတစ်ယောက်ဆိုတော့ ထောင်မှူးကြီးက သူ့အလုပ်ခန်းထဲခေါ်တောက်တိုမည်ရခိုင်းတာပေါ့ ခင်ဗျာ။ ဒါနဲ့ - တစ်နေ့တော့ ထောင်မှူးကြီးသောက်လို့ကျန်တဲ့ ဆေးပြင်းလိပ်တိုကလေး ကို ပြတင်းပေါက်ကနေပြီး အပြင်လွှင့်ပစ်လိုက်တာ သံတိုင်နဲ့ထိပြီး အခန်းထဲပြန်ကျလာတာကိုး - ဆရာရဲ့၊ သည်တော့ - သူလည်း ဝေ်ရှာလွန်းလို့ တစ်ဖွာနှစ်ဖွာ သောက်မိတယ်ထင်ပါရဲ့ခင်ဗျာ - ဒါပါပဲ"

"ဟုတ်လားဟေ့ - စံဖေ"

"သည်အတိုင်း မှန်ပါတယ် - ဆရာ"

"ဒါနဲ့ ထောင်မှူးကြီးက သည်လောက် ဆေးလိပ်သောက်ချင်လှတဲ့အကောင်၊ သောက်ရစေမပေါ့ဆိုပြီး စံဖေကို ခုံရှည်တစ်ခုပေါ်မှာ ပက်လက်လှန်၊ ထောင်သားလေးယောက်ကို အချုပ်ခိုင်း၊ ပါးစပ်ကို အတင်းဟပြီး ဆေးပြင်းလိပ်မီးရဲရဲကြီးနဲ့ အာခေါင်ကိုထိုးတာ ခမျာမှာ (၁၀) ရက်လောက် ထမင်းမစားနိုင်ရှာပဲ ခံလိုက်ရပါပြီကောလား - ဆရာရဲ့"

"သည်လောက်ရက်စက်တဲ့မျက်နှာဖြူ - ငါမတွေ့ဖူးပါဘူးကွယ်"

"ရက်စက်တာတော့ မပြောနဲ့ - ဆရာ၊ ပြီးတော့ - ဆရာရောက်ပြီးတဲ့နောက်ပဲ မဟုတ်လား၊ ကုဏ္ဍိုကုန်းက ခါးပြမှုနဲ့ကျလာတဲ့ ဖြူသီးဆိုတဲ့



အတောင် ထောင်ထမင်းဟာ အင်မတန်ညံ့တယ်လေး၊ ဘာလေးဆိုပြီး လူစွာလုပ်မိလို့ သူကိုယ်တိုင် ပုံစံခွက်ကို ဘွတ်ဖိနပ်ကြီးနဲ့တက်နင်းတာ ဆရာ မှတ်မိသေးတယ် မဟုတ်လား"

"မှတ်မိတာပေါ့ကွယ်...။ နို့ပေမဲ့ - ငါတို့လည်းမနိုင်လို့ကြည့်နေကြရတာပေါ့၊ စိတ်ထဲကတော့ ဘယ်ကျေကြမလဲ"

ထိုအခါ ဘိုးတူသည် လက်သီးတစ်ဖက်ကို စေ့စေ့ပါအောင် ဆုပ်ပြီးနောက် -

"ကျွန်တော့်ကို လက်သမားထောင်သာ ရောက်အောင်ပို့ပေးပါ - ဆရာ၊ ကျွန်တော် ချပြပါ့မယ်"

"မင်းက ဘယ့်နယ်လုပ်နိုင်မှာလဲ"

"ပုဆိန်နဲ့ ပေါက်သတ်မှာပေါ့ - ဆရာ"

"မဖြစ်နိုင်ပါဘူးကွယ်၊ သူ့အထဲကိုဝင်လာရင် အားလုံး လက်နက်တွေကို ချထားရတယ်ကွယ့်၊ ပြီးတော့ - နောက်ကုလားနှစ်ယောက် တုတ်ထမ်းပြီးအမြဲပါသေးတယ်"

ထိုအခါ၌ အောင်မင်းက အပြင်မှစိန်ကို မှာယူ၍ တဖြည်းဖြည်းစုပြီးလျှင် ထောင်မှူးကြီး၏ဘဏ္ဍာစိုးနှင့်တိုင်ပင်၍ အဆိပ်ခပ်သတ်ရန် အကြံပေးလေရာ စံဖေကမူ ဤသို့မသေမချာအလုပ်ကို မိမိသဘောမတူကြောင်း၊ လက်နက်တစ်ခုခုကို ရှာဖွေပြီးလျှင် တစ်ခါတည်း ရာဇဝင်တွင်လောက်အောင် ဖြောင်သတ်လိုကြောင်း၊ သို့မှလည်း သတ်သူမှာ ကြိုးပေးပင် ခံရစေကာမူ နောက်မျက်နှာဖြူထောင်မှူးများသည် မြန်မာထောင်သား အကျဉ်းသားများအပေါ်တွင် အရမ်းမဲ့စော်ကားခြင်းမှ ရပ်စဲတော့မည်ဖြစ်ကြောင်းနှင့် အကြံပေးလေ၏၊ ထို့နောက် စံဖေသည် ကျွန်ုပ်အား သူ၏အကြံအစည်ကို ထောက်ခံစေလိုဟန်ဖြင့် -

"ဘယ့်နယ်လဲ - ဆရာ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား

www.burmeseclassic.com

"ဟုတ်တော့ ဟုတ်ပါရဲ့ကွယ်။ နို့ပေမဲ့ - ဒီလိုရှိသေးတယ်ကွယ့်၊ လူဆိုတာ တစ်ခုခုကိုကြံရင် ပိပိပြားပြားကြံစည်ရမယ်။ အစ မပေါ်စေရဘူး။ မင်းတို့လိုချင်တာက ဒီအကောင်ကြီးမရှိရင် သဘောကျတာပဲ မဟုတ်လား"

"ဟာ - ဒါပေါ့ - ဆရာ၊ ဘယ်လိုနည်းနဲ့သေသေ၊ သေရင်ပြီးတာပေါ့။ နို့ပေမဲ့ - ကျွန်တော်တို့မှာ မိုက်ဝံ့တာလောက်ပဲရှိတယ် - ဆရာရဲ့၊ ဆရာလို ပညာဉာဏ်မရှိကြဘူး။ ဒါကြောင့် ဆရာ့ဆီက အကြံဉာဏ်ကလေးများ ရလိုရငြား ကျွန်တော်တို့လာတာပဲ"

"အသာနေကြပါဦးကွယ်၊ ဆရာ ကြည့်ပြီးစီမံပါ့မယ်၊ ဆရာလည်း အလိမ္မာသဘောနဲ့သာ ကြည့်နေရတာ ကိုယ့်အမျိုးသားတွေထိရင် ခံချင်တဲ့လူတစ်ယောက် မဟုတ်ဘူးဆိုတာ မင်းတို့အသိ မဟုတ်လား"

"ဒါပေါ့ - ခင်ဗျာ။ ကျွန်တော်တို့တစ်တွေဟာ သူ့တို့လက်ထဲနေရတာပဲ။ အပြစ်ရှိလို့ ဆဲတန်ဆဲ၊ ရိုက်တန်ရိုက်၊ လျှော့ရက်ထဲက ဖြတ်ချင်ဖြတ်၊ ကော်တား၊ ထောင်ချချင်ချပေါ့ - ဆရာရဲ့"

"အင်း - မင်းပြောတာက ဥပဒေအတိုင်းကိုးကွယ့်"

"အခုတော့ - သူက သူထင်ရာ သူလုပ်နေတာပဲ"

"နေပါဦး - အခုလို ထောင်သားတွေကို မတရားနှိပ်စက်တာ အထက်လူကြီးတွေ မသိဘူးလား"

"သိတန်သလောက်တော့ သိတာပေါ့ကွ။ နို့ပေမဲ့ - မသိဟန်ဆောင်နေကြတာပေါ့။ သူ့အထက်လူကြီးထောင်ပိုင်ကြီးတို့၊ အရေးပိုင်တို့ဆိုတာကလည်း သူတို့လို မျက်နှာဖြူချည်းပဲ၊ စကားတစ်ခွန်းနှစ်ခွန်း သွင်းလိုက်ရင် တော်ရုံကိစ္စပျောက်သွားတာပေါ့။ ပြောဖို့က အလွယ်ကလေးပဲ၊ ထောင်အရာရှိများကို ခုခံလို့ ရိုက်ရတယ်ဆိုရင် မတော်တဆသေသွားတာ ဘာဖြစ်ဦးမှာလဲ"

"ဟုတ်ပါတယ် - ဆရာ၊ ဆရာပြောတာ သိပ်မှန်တာပဲ"



"ပြီးတော့ - ဆရာတစ်ခုပြောမယ်၊ ရာဇဝတ်မှုတစ်ခု ကျူးလွန်တယ်ဆိုတာ ဒေါသအလျောက်ဖြုန်းဖြုန်းဒိုင်းဒိုင်းမဟုတ်ဘဲ အကြံအစည်ရှိလို့ကြံစည်ချင်ရင် ပိပိရိရိ သပ်သပ်ရပ်ရပ်ရှိဖို့လိုတယ်ကွယ့်၊ နောက် မီးသေဖို့လိုတယ်၊ ဆရာပြောတာ နားလည်ပြီ မဟုတ်လား"

"နားလည်ပါပြီ - ဆရာ"

"ဘိုးတူကော နားလည်ပြီမဟုတ်လား"

"ဟုတ်ကဲ့ - နားလည်ပါပြီ - ဆရာ"

၎င်းနောက်ကျွန်ုပ်လည်းစံဖေတို့လူစုအားတစ်စုံတစ်ရာမပြုလုပ်ရသေးမီ အေးချမ်းစွာနေရန်အကြောင်း ဖျောင်းဖျပြောဆို နှစ်သိမ့်စေပြီးလျှင် သူတို့အလုပ်ရှိရာသို့ပြန်၍လွှတ်လိုက်လေ၏။

— ၂ —

တစ်ပတ်ခန့်ကြာလတ်သော် တစ်နေ့သော ညနေစောင်း၌ ကျွန်ုပ်သည် ထောင်မှူးကြီးနေသော အိမ်နောက်ဖေးဘက်ရှိ ပန်းခြံတွင် ပေါင်းများ သုတ်သင်၍ပန်းပင်များကိုရေလောင်းနေသော အကျဉ်းသား (၈) ယောက်တို့အား အုပ်ချုပ်ကြည့်ရှုလျက်ရှိစဉ် လက်ထောက်ထောင်မှူးကလေး ကိုဘအောင်သည် ကျွန်ုပ်အနီးသို့ချဉ်းကပ်လာလေသည်နှင့် ကျွန်ုပ်လည်း မတ်တတ်ရပ်၍ အရိုအသေပြုလေ၏။

လက်ထောက်ထောင်မှူးကလေး ကိုဘအောင်မှာ အားလုံး ထောင်မှူးကလေးများထဲတွင် ကျွန်ုပ်အား အကြည့်ရှုဆုံးသူတစ်ယောက်ဖြစ်သည့်ပြင် ထောင်အတွင်းရေးနှင့် ပတ်သက်၍လည်းကောင်း၊ အုပ်ချုပ်စီမံမှုနှင့် ပတ်သက်၍လည်းကောင်း အသေးစိတ်စီမံရန်ရှိက ကျွန်ုပ်နှင့် တိုင်ပင်လေ့ရှိသူတစ်ယောက် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တို့ဘအောင်၏မျက်နှာမှာတစ်စုံတစ်ခုကိုကျွန်ုပ်အားပြောမည်လုပ်ပြီးမှ မပြောသင့်.မပြောသင့်ကို စဉ်းစားနေဟန်လက္ခဏာရှိလေသည်။ ထိုအခါ ကျွန်ုပ်ကပင် စတင်၍ -

"သခင်ကလေး - ဘာအလိုရှိပါသလဲ"

"ဘာမှတော့မဟုတ်ပါဘူးဗျား ခင်ဗျားနေတာဒီမြောက်ဘက်တန်းလျား မဟုတ်လား"

"မှန်ပါတယ် - သခင်ကလေး"

"ဒီဘက်ဆုံးအဆောင် - ဟုတ်စ"

"ဟုတ်ပါတယ်"

"ခင်ဗျားနေတဲ့အခန်းကနေကြည့်ရင် မိန်းမဆောင်က တောင်ဘက် တံခါးဝကို မြင်နိုင်ရဲ့လား"

"သည်အတိုင်းတော့ မမြင်ရဘူး - သခင်ကလေး"

"သည်အတိုင်းမမြင်ရရင် ဘယ်လိုမှမြင်နိုင်တာလဲ"

"ထုပ်ပေါ်ကို တက်ကြည့်မယ်ဆိုရင်တော့ မြင်နိုင်ပါတယ်"

"တော်ပြီ - ဒီကနေ့ညနေ နေဝင်ရီတရော ခင်ဗျာအခန်းကထုပ်ပေါ်တက် ပြီးကြည့်စမ်း - ဘာမြင်သလဲလို့"

"မှန်ပါ"

"ပြီးတော့ - နက်ဖြန်ကျရင် ကျုပ်ကိုပြောနော်"

"ပြောပါ့မယ် - သခင်လေး"

ထောင်မှူးကလေးကိုဘအောင်ပြန်သွားပြီးနောက် ကျွန်ုပ်လည်း အလုပ် ဝတ္တရားကို ဆက်လက်လုပ်ကိုင်လျက် ရှိလေ၏။

ထောင်တံခါးပိတ်လိုက်ပြီးနောက် ထိုနေ့ညနေ နေဝင်ရီတရောအချိန် သို့ ရောက်လတ်သော် ကျွန်ုပ်လည်း အခန်းတွင်းရှိ ကြက်တူရွေးတန်းကို တွယ်ကပ်ကာ ထုပ်ပေါ်သို့ရောက်အောင် တက်လေ၏။ အခြားအကျဉ်းသား များလည်း ကျွန်ုပ်အပြုအမူကိုကြည့်ကာ -



"ဆရာကလည်းဗျာ - ဒီကောင်မတွေ မကြည့်ချင်စမ်းပါနဲ့"

ဟု ပြောင်လှောင်ပြောဆိုကြရာ ကျွန်ုပ်ကမူ ၎င်းတို့အား သင့်လျော်ရုံမျှ ရယ်သွမ်းသွေးကာ အလိုက်အထိုက်ပြန်၍ ပြောရ၏။

နေရောင်ကွယ်ပျောက်သွားပြီးဖြစ်သော်လည်း အနောက်ဘက်သို့မျက် နှာမူလျက်ရှိသော အုတ်တံတိုင်းကြီးနှင့် တံခါးပေါက်ကြီးကိုလည်းကောင်း၊ အုတ်တံတိုင်းအပြင်ရှိ လူသွားလမ်းမကြီးဘေးများတွင် ပေါက်လျက်ရှိသော မန်ကျည်းပင်ကြီးကိုလည်းကောင်း၊ အစောင့်စန္တရီများရပ်ထားရာ မျှော်စင် ကလေးများကိုလည်းကောင်း ခပ်ရေးရေးမျှ မြင်ရသေး၏။ ၎င်းမှ အနောက် ဘက်သို့ မျှော်ကြည့်ပြန်သော် ရောဝတီမြစ်၏ပြာလဲ့လဲ့ရေပြင် အစိတ်အပိုင်း တိုပ်မထင်မရှား မှုန်မွှားမွှား မြင်ရသေး၏။ ထို့နောက် အရှေ့လောကဓာတ်မှ လမင်းသည် မှေးမှိန်သောရောင်ခြည်များဖြင့် ထောင်၏အနောက်တံခါး အတွင်းဘက်ကို ထွန်းလင်းစေလျက်ရှိတော့၏။

မိန်းမအချုပ်သမားများထားသော အခန်းများနှင့်မိန်းမထောင်မှာ ကျွန်ုပ်၏ အနောက်မြောက်ဘက်၌ရှိ၍ ထောင်မှူးကြီးအိမ်မှာ အနောက်တောင်ဘက် ၌ရှိ၏။ ထောင်၏ဗဟိုတံခါးမကြီးမှာ ထိုနှစ်ခုအကြား၌ ရှိလေသည်။

အသက်လေးဆယ်ကျော်ခန့်ရှိထောင်ဝတ်ထောင်စားဝတ်၍ထားသော မိန်းမတစ်ယောက်သည် လက်ဆွဲသားရေအိတ်တစ်လုံးကိုဆွဲကာ ထောင် မှူးကြီးအိမ်နောက်ဖေးမီးဖိုဘက်တံခါးမှ ဆင်းခဲ့ပြီးသော် ပန်းဥယျာဉ်လေးကို ဖြတ်၍ မိန်းမထောင်၏အရှေ့ဘက် အုတ်တံတိုင်းဆီသို့ လာလျက်ရှိလေ၏။

အုတ်တံတိုင်း၏အလယ်မှာလေးပေ နှစ်ပေခန့်ရှိသံတိုင်များကာ၍ထား သော မလွယ်ပေါက်ကလေးတစ်ခုရှိသဖြင့် မိန်းမကြီးသည် မလွယ်ပေါက် အနီးသို့ ရောက်သောအခါ လက်ထောက်ထောင်မှူးကလေးတစ်ယောက်ဖြစ် သော ကိုပန်းအုံဆိုသူနှင့် ထောင်ပြာတာတစ်ယောက်သည် လက်သမားရုံ နောက်မှ ဖြည်းညင်းစွာ ထွက်ပေါ်လာပြီးနောက် ထောင်မှူးကလေးသည် ခါးကြားထဲမှ သော့တွဲတစ်ခုကို ထုတ်၍ပေးရာ ထောင်ပြာတာသည် အဖြင့်မှ



www.burmeseclassic.com

www.burmeseclassic.com

ခတ်ထားသော ကြေးသော့ခလောက်ကို ဖွင့်လေ၏။ မလွယ်ပေါက် ပွင့်သွားလေလျှင် ထိုမိန်းမသည် မလွယ်ပေါက်မှ ဝင်၍ မိန်းမအချုပ်ထောင်တန်းလျားဆီသို့ သွားလေသည်၊

မိန်းမကြီးသည် ထိုတန်းလျားဆီသို့ ရွေ့ရွှသွားပြီးနောက် မြောက်ဘက်သို့ ကွေ၍သွားလေရာ ထိုနေရာမှာ ကျွန်ုပ်၏မြင်ကွင်းမှ မိန်းမထောင်၏သွပ်မိုးကွယ်၍နေသဖြင့် ဆက်လက်၍ မမြင်ရတော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်လည်း ထုပ်ပေါ်မှ ဆင်းခဲ့လေ၏။

နောက်တစ်နေ့၌ လက်ထောက်ထောင်မှူးကလေးကိုဘအောင်က မေးမြန်းသဖြင့် ကျွန်ုပ်လည်း ယမန်နေ့ညက တွေ့မြင်ခဲ့ရသော အကြောင်းများကို ပြန်ပြောင်းပြောဆိုလျက်ရှိရာ ကိုဘအောင်က -

"အဲဒါ - ဦးဘိုးထော် - ဘယ်လိုသဘောရသလဲ"

"ကျွန်တော်ကတော့ ဘာမှ အဓိပ္ပာယ်နားမလည်ဘူး - သခင်ကလေး"

"ဒီလိုဗျ - မိန်းမအကျဉ်းထောင်ဘက်က အချုပ်ခန်းထဲမှာ လင်ကို ဓားနဲ့ထိုးသတ်လို့ အချုပ်ခံနေရတဲ့ ခင်မြဆိုတဲ့ ကောင်မကလေးတစ်ယောက်ရှိတယ်၊ အသက် (၂၀) ကျော်ကျော်လောက်ပဲရှိဦးမယ်၊ ကောင်မကလေးကတော့ သူ့ဆိုပေမယ့် ပြုပြုပြင်ပြင်များနေရင် အတော်သနရုပ္ပရှိတဲ့ကောင်မလေး၊ ဒီကောင်မကလေး အချုပ်ခံနေရတာ သုံးလကျော်ပြီဗျ"

"ဟုတ်ကဲ့ - လင်ကို ဓားနဲ့ထိုးသတ်တယ်ဆိုတဲ့အမှုတော့ တစ်ခါကြားလိုက်ပါတယ်"

"အဲဒီကောင်မလေးပေါ့ - ဦးဘိုးထော်ရဲ့ ဟိုအကောင်ကြီးက မျက်စိကျပြီး ရုံးရှိန်းရက်တိုင်း ရုံးမထုတ်ခင် သူ့အခန်းထဲ ခေါ်စစ်ရတာနဲ့ အိမ်ပေါ်ခေါ်ပြီး ထမင်းကျွေးရတာနဲ့ လက်ဖက်ရည်တိုက်တာနဲ့ နောက်ဆုံး ကောင်မလေးကို မတော်တရော် လုပ်ရောဆိုပါတော့ဗျာ၊ မိန်းမဗာရာတွေရော၊ ထောင်မှူးကိုပန်းအုံတို့လူစုတွေရော၊ ထောင်ပြာတာတွေရော၊ သူ့လူတွေဆိုတော့ သူ့ထင် သလိုဖြစ်နေတာပေါ့ - ဦးဘိုးထော်ရယ်"



"ဒီအကြောင်းတွေ ကျွန်တော်ဖြင့် မသိပါဘူး - သခင်ကလေး"

"ဒါနဲ့ - ကောင်မလေးရဲ့အမှုကလည်း တရားလိုဘက်က သက်သေတစ်ယောက်ကိုရှာနေတာနဲ့ ရုံးပိတ်တာနဲ့ အတော်ရက်ကြာသွားတယ်၊ သည်အတွင်း ဖြစ်ချင်တိုင်းဖြစ်နေတယ်ဆိုပါတော့ဗျာ၊ ဒါနဲ့ - နောက်ဆုံး ကောင်မလေးမှာ ကိုယ်ဝန်ရှိပါရော၊

သည်တော့မှ - ဟိုအကောင်ကြီးလည်း မျက်လုံးပြူးသွားပြီး မြို့ထဲက သူ့မိတ်ဆွေဆေးဆရာဝန်တစ်ယောက်နဲ့ တိုင်ပင်တော့ ဆရာဝန်က ကလေးကိုဖျက်ချဖို့ အကြံပေးတာနဲ့ တူပါတယ်၊ ဝမ်းဆွဲဆရာတစ်ယောက်ငှား၊ တလေးဖျက်ဖို့ စီစဉ်ကြတာကိုးဗျ၊ ခင်ဗျားမနေ့ညက မြင်ရတယ်ဆိုတဲ့ မိန်းမဟာ တခြားမဟုတ်ဘူး၊ ဝမ်းဆွဲဆရာမကို နေ့ခင်းကတည်းက သူ့အိမ်ပေါ်ခေါ်ထားပြီး ညနေဝင်ရီတရောမှ အချုပ်ခန်းထဲသွင်းပြီး ကောင်မလေးရဲ့ ဝမ်းသန္ဓေကို ဖျက်ဖို့ စီစဉ်ကြတာနဲ့တူတယ်"

"သိပ်ယုတ်မာတဲ့သတ္တဝါကြီးပဲ - သခင်ကလေး"

"ဒီကောင်မကလေးက တခြားမဟုတ်ဘူး - ဦးဘိုးထော်ရဲ့၊ ကျုပ်မိန်းမဘက်က ဆွေမျိုးနီးစပ်တော်တယ်၊ ကောင်မကလေးက ပထမ သဘောတူရှာမယ် မထင်ပါဘူးဗျာ၊ ဒါကြောင့်လည်း ကျုပ်ကို စာရေးပြီး တိုင်ရှာတာပေါ့"

"ဩော် - ဒီလိုဆိုရင် သနားစရာ ခင်ဗျာ"

"နောက်တော့လည်း သူ့ကိုကြောက်ရတာကတစ်မျိုး၊ သူ့လက်အောက်မှာ နေရတာကတစ်မျိုး၊ မိန်းမအထိန်းတွေကလည်း အားလုံး သူ့လူချည်းဖြစ်တော့ ဖွတ်မိုတ်လိုက်ရတာနဲ့ တူပါတယ်၊ ကောင်မကလေးက ဆင်းရဲပေမယ့် အတော်ကြာခြေရှိတဲ့ဟာကလေးဗျ"

"နို့ - ဆရာကကော - ဘာမှမကူနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"အခုဖြင့် မကူညီနိုင်သေးဘူး ဆိုပါတော့၊ တကယ်လို့ကောင်မလေးက အထက်လူကြီးတိုင်စေကာမူ တကယ့်အရေးဆိုရင် ဘယ်သူမှ သက်သေ မလိုက်ဘူးဆိုတာတော့ စိတ်ချရတယ်"

"ဟုတ်တယ် – သခင်လေး၊ ကျွန်တော်တို့အားလုံး သူ့ကိုကြောက်နေရ တော့ ခက်သားပဲ"

"သို့သော် ဦးဘိုးထော် – လောကကြီးမှာ သည့်လောက် မတရားလုပ်နေ တဲ့လူတစ်ယောက်ကို နည်းနည်းဆုံးမ,ပေးနိုင်ရင်တော့ အကောင်းဆုံးပဲ"

"သခင်ကလေးက နည်းနည်းဆုံးမပေးချင်ရင် ကျွန်တော်မျိုးတို့က များများကြီး ဆုံးမပေးချင်တယ်"

ကိုဘအောင်သည် အတန်ကြာအောင် တစ်စုံတစ်ခုကို စဉ်းစားလျက် ရှိနေပြီးနောက် –

"ဦးဘိုးထော်ကို ကျုပ်တစ်ခု တိုင်ပင်ချင်တယ်ဗျာ၊ နှုတ်လုံပါ့မလား"

"ဟာ – ဒီဟာတော့ မမေးနဲ့ – သခင်ကလေး၊ ကျွန်တော်မျိုးအသက်ကို အာမခံပေးနိုင်ပါတယ်"

"ဒီလိုကိုး – ဦးဘိုးထော်ရဲ့၊ ကျုပ်တို့က စိတ်ထဲကသာပါတာ ဒါမျိုးကို တစ်ခါမှမကြံစည်ဖူးဘူး၊ အရင်ကလည်း မလုပ်ဖူးဘူး။ ကိုယ့်ကိုယ်တိုင်လည်း မလုပ်ဝံ့ဘူး၊ ဦးဘိုးထော်တို့ကတော့ တောင်ထဲမှာရော၊ အပြင်မှာရော အပေါင်း အသင်းကောင်းတယ်၊ ကိုယ်တိုင် ဇက်ရဲလက်ရဲလည်းရှိတယ်၊ တပည့်တပန်း ကောင်းလည်း ရှိတယ်၊ နို့ပေမဲ့ – ကျုပ်ကြံချင်တာက တစ်ခါတည်း အစတုံး လက်သည်မပေါ်အောင် ပိပိရိရိကြံစည်ကြမှ နေရာကျမယ်"

"ဒီဟာတော့ – ကျွန်တော်မျိုးတာဝန်ထားပါ – သခင်ကလေး"

"ငွေဘယ်လောက်ကုန်မယ်ဆိုတာ ကျုပ်ကိုပြော၊ ဘာလိုချင်တယ်ဆို တာ ကျုပ်ကိုပြော မကောင်းဘူးလား၊ တတ်နိုင်သမျှ ဘယ်ဘက်ကဖြစ်ဖြစ် ကျုပ်ကူညီမယ်"



"ဒီလိုဆိုရင် ဖြစ်နိုင်ပါတယ် – သခင်ကလေး"

"ဒီလိုလူမျိုးနဲ့ ကြာကြာအလုပ်လုပ်လို့လည်း မဖြစ်နိုင်ဘူးဗျ၊ နို့ပေမဲ့ သူက အကြီးအကဲဆိုတော့ သူ့အမိန့်အတိုင်း ကျုပ်တို့ လိုက်နာနေရတာပဲ၊ ပြီးတော့ – ဒီကောင်မကလေးကိုဒီလို အရှက်တကွဲအကျိုးနည်းလုပ်တာတင် ကျုပ်စိတ်ထဲမှာ ဒီလိုအကောင်မျိုး တစ်ခါတည်းသုတ်သင်ပစ်မှလို့ ကျုပ်စိတ် ကို တစ်ခါတည်း ပိုင်းဖြတ်လိုက်တယ်"

"အရေးကြီးတဲ့ကိစ္စဖြစ်လေတော့ (၃ – ၄) ရက်လောက်စဉ်းစားဖို့အခွင့် ပေးပါ – သခင်ကလေး"

"စဉ်းစားပါဗျာ – စဉ်းစားပါ၊ နို့ပေမဲ့ – အရာရာ ပိပိရိရိရှိပေစေဗျနော်၊ ဦးဘိုးထော်ကို ညီအစ်ကိုရင်းမက အားထားလို့ ကျုပ်ကတိုင်ပင်တာ"

"မှန်ပါတယ် – သခင်ကလေး၊ ကျွန်တော်မျိုး ယုံကြည်ပါတယ် ခင်ဗျာ၊ ဒီကိစ္စကို ကျွန်တော်မျိုး အထမြောက်အောင် ဆောင်ရွက်ပေးပါ့မယ်"

ဤနောက် ကျွန်ုပ်တို့လည်း လူချင်းခွဲလိုက်ကြ၏။

— ⊘ —

ကျွန်ုပ်ကိုယ်တိုင် အင်္ဂလိပ်မျက်နှာဖြူများကို မိက၊ ဘက ဆင်းသက်၍ မုန်းတီးခဲ့သည်တစ်ကြောင်း၊ ထောင်မှူးကြီး "ဂျူး" ၏ ရက်စက်ပုံ၊ မတရား မှုလုပ်ပုံတို့မှာလည်း အတော်အတန် သည်းခံနိုင်စိတ်ရှိသူများပင် မခံမရပ် နိုင်လောက်အောင် တရားလွန်လွန်းလှသဖြင့်တစ်ကြောင်း မစ္စတာဂျူးကို လုပ်ကြံရန် ထောင်မှူးကလေး ဦးဘအောင်အား ဝန်ခံကတိပေးလိုက်သော် လည်း အမှန်အားဖြင့်မူ လွယ်ကူသော အလုပ်မဟုတ်ချေ၊ အပြင်မှာကဲ့သို့ ညဥ့်အချိန်များတွင် ချောင်းမြောင်းသတ်ဖြတ်ရန်လည်း မဖြစ်နိုင်၊ မြောင်လှ ရန်လည်း အပြစ်မကင်းဘဲရှိမည်ဖြစ်ရကား ကျွန်ုပ်မှာ အတော်ပင် အကြံထုတ် ရှာက်ရှိရ၏။

www.burmeseclassic.com

ထို့ပြင် အခြားအချက်တစ်ချက်လည်း ရှိသေး၏။ လူတို့မည်သည် စိတ်ထွက်သောအခါများ၌ မည်မျှပင် လက်ရဲဇက်ရဲ လုပ်ဝံ့ကိုင်ဝံ့သည် မှန်သော်လည်း သွေးအေးသည့်အခါတွင် လူတစ်ယောက်အား သတ်ဖြတ်ရန် တာဝန်လေးလှ၏။ ကျွန်ုပ်မှာလည်း ထိုနည်းအတူ မည်သည့်ရန်သူကိုမဆို၊ မည်သည့်လက်နက်နှင့်မဆို ရင်ဆိုင်ရန် ဦးမလေးခဲ့သော်လည်း ထောင်အရာရှိကြီးတစ်ဦးကို တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ရန် လက်နှေးလျက်ရှိ၏။ သို့သော် အမှန်အားဖြင့်မူ ဤမျှလောက် ဆိုးရွားယုတ်မာသူတစ်ယောက်အား လူ့ပြည်တွင် အရှင်မထားရန် ကျွန်ုပ်ထောက်ခံပါ၏။

ဤသို့နှင့် ကျွန်ုပ်လည်း နှစ်ရက်တိုင်တိုင် စဉ်းစားလျက်ရှိရာ တတိယမြောက်သောနေ့၌ ထောင်ပြင်မှပြန်လာသော ဟာရာစံဖေအုပ်ချုပ်လျက်ရှိသည့်အကျဉ်းသား (၁၀)ယောက်အနက်မှ အကျဉ်းသားတစ်ယောက်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာပြီးနောက် အပြင်မှ ဝှက်၍ယူလာသော ဆေးပြင်းလိပ်တစ်လိပ်ကို ကျွန်ုပ်အားပေးသောအခါမှ ကျွန်ုပ်လည်း ပေးသူ၏မျက်နှာကို ကောင်းစွာကြည့်မိရာ ၎င်းမှာ အကျဉ်းသား "ဘိုးရွှေ" ဆိုသူဖြစ်ကြောင်း သိရလေသည်။

ဘိုးရွှေကိုမြင်သောအခါ ကျွန်ုပ်စိတ်ထဲတွင် အလင်းတစ်ခုပေါ်ပေါက်လာ၏။

ဘိုးရွှေ၌ "ဘိုးငွေ" ဆိုသူ အမြွှာပူး ညီတစ်ယောက်ရှိရာ ညီအစ်ကို နှစ်ယောက်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ခွဲခြားမရအောင် တူညီလေသည်။ ဘိုးရွှေမှာ ဓားစုတ်မှုတစ်မှုဖြင့် ထောင်သို့ရောက်ခဲ့ပြီးလျှင် ဘိုးငွေမှာ တရုတ်တန်းတွင် မော်တော်ကားများ၊ စက်ဘီးများ၊ နာရီများကိုပြင်ဆင်သည့် စက်ပြင်ဆိုင်တစ်ဆိုင်ဖွင့်ပြီးလျှင် နေထိုင်လေသည်။

ညီအစ်ကိုနှစ်ယောက်တို့မှာမည်မျှလောက်ရုပ်ရည်တူညီသနည်းဆိုပါမူ ငယ်စဉ်က ၎င်းမိဘများကပင် ညီအစ်ကိုနှစ်ယောက်ကို ခွဲခြားသိနိုင်စေရန် အကြီးဖြစ်သူ ဘိုးရွှေအား ရွှေကြိုးကလေးဖြင့်လည်းကောင်း၊ ဘိုးငွေအား ငွေကြိုးကလေးဖြင့်လည်းကောင်း လည်ပင်းတွင် ရစ်ပတ်မှတ်ထားရ၏။ ၎င်းကို အစွဲပြု၍လည်း "ဘိုးရွှေ - ဘိုးငွေ" ဟု အမည်တွင်ခဲ့ခြင်း ဖြစ်လေသည်။

ညီအစ်ကိုနှစ်ယောက်တို့မှာ တောင့်တင်းသန်မာ၍ ခွန်အားဗလနှင့် ပြည့်စုံကြသည့်ပြင်မဟုတ်လျှင်မခံချင်တတ်သောဝါသနာရှိကြသည့်အတိုင်း သူတို့အလိုနှင့်ဆန့်ကျင်သူများကိုလက်ဦးအောင် "ချ" တတ်ရကား "လူမိုက်" စာရင်းသွင်းခြင်း ခံရသူများဖြစ်လေသည်။

အထူးအားဖြင့် ညီဖြစ်သူ ဘိုးငွေမှာ ငယ်စဉ်က အင်္ဂလိပ်စာကို အတော်အတန်သင်ခဲ့ဖူးပြီးလျှင် ရေနံချောင်း ဘီ - အို - စီ ဘက်မှ အင်ဂျင်နီယာတစ်ယောက်က ခေါ်သဖြင့် "ဘွိုင်" အဖြစ်နှင့် အမေရိကန်သို့ လိုက်ပါသွားခဲ့ဖူး၏။ အမေရိကန်တွင် (၉)နှစ်ခန့်ကြာခဲ့ရာ ဘိုးငွေသည် ၎င်း၏ဆရာဖြစ်သူ အမေရိကန်စက်ဆရာကြီး၏ကြည့်ရှုထောက်ပံ့မှုကြောင့်တစ်ကြောင်း၊ နဂိုကလည်း ဝါသနာရှိသဖြင့်တစ်ကြောင်း စက်ကိရိယာပြင်သည့် အလုပ်ရုံများတွင် လုပ်ကိုင်ခဲ့၏။ မြန်မာပြည်သို့ပြန်လည်ရောက်ရှိလာသောအခါ ရေနံချောင်းတွင် ဘီအိုစီစက်ပြင်ဌာန၌ သုံးနှစ်ခန့်လုပ်ကိုင်ပြန်၏။

ဤမျှလောက် ပညာစုံခဲ့သော်လည်း ဘိုးငွေမှာ မခံတတ်သော "ဉာဉ်" ရှိသဖြင့် လုပ်ဖော်ကိုင်ဖက်များနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်း၊ အကြီးအကဲတို့အား ပြန်၍ပြောတတ်ခြင်း၊ တစ်ခါတစ်ရံ လူကြီးများကိုပင် လက်ထိလက်ရောက် ကျူးလွန်တတ်ခြင်းတို့ကြောင့် ထောင်သို့လည်း မကြာမကြာ ကျခဲ့၏။

၎င်းပြင် ဘိုးငွေမှာ အခငွေကောင်းကောင်းရရှိက မည်သည့်အရာမဆို လုပ်ရဲသည်မရှိ၊ စွန့်စွန့်စားစားလည်း လုပ်ဝံ့သူ ဖြစ်လေသည်။ သို့ဖြစ်၍ တတ်သိသော မနေရှင်များသည် တစ်ခါတစ်ရံ အကြောင်းကြုံလာက ဘိုးငွေအား တိတ်တဆိတ်ငှားရမ်းပြီးလျှင် မိမိတို့ရန်သူများကို အစတုံးစေတတ်ရာတ်




www.burmeseclassic.com

www.burmeseclassic.com

ပစ်တတ်၏၊ မော်တော်ကားပြင်၊ နာရီဆိုင် ဖွင့်လှစ်ထားခြင်းမှာလည်း အပေါင်းအသင်းရှိရုံနှင့် အပြင်ပန်းပြအလုပ်များသာဖြစ်ပြီးလျှင် အမှန်အားဖြင့်မူ ဤကဲ့သို့ ဗွန့်စားကြံစည်သော အလုပ်မျိုးဖြင့် အသက်မွေးနေထိုင်ခဲ့သူဖြစ်လေသည်။

ကျွန်ုပ်မှာ ထောင်မကျမီကပင် ဘိုးရွှေ၊ ဘိုးငွေ ညီအစ်ကိုတို့နှင့် အသိအကျွမ်းဖြစ်ခဲ့ရာ သူတို့၏အကြောင်းကို ကောင်းစွာ သိခဲ့လေသည်။

သို့ဖြစ်ရကား အကျဉ်းသား ဘိုးရွှေကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ညီ ဘိုးငွေကို အမှတ်ရပြီးလျှင် ကျွန်ုပ်တို့၏အကြံအစည်ကို ဘိုးငွေနှင့်သာ တိုင်ပင်ကြံစည်ခဲ့ရလျှင် ကောင်းစွာအထမြောက်မည်ဟု စိတ်ကူးပေါက်ခဲ့ခြင်းဖြစ်ခဲ့လေသည်။ သို့သော် ဘိုးငွေမှာ အကျဉ်းသားမဟုတ်၊ အပြင်၌နေရကား အကယ်၍ ဘိုးငွေကို ထောင်ကျအောင် စီမံနိုင်သည်ဖြစ်စေ၊ သို့မဟုတ် ဘိုးရွှေကို တိတ်တဆိတ် အပြင်သို့ထုတ်ပြီးလျှင် ဘိုးငွေနှင့် စေ့စွာလူချင်းလဲ၍ယူနိုင်သည်ဖြစ်စေ ကျွန်ုပ်တို့အကြံမှာ အထမြောက်ရန် လမ်းရှိ၏။

ပထမအကြံမှာ အံ့ပြင်ရှိနေသူတစ်ယောက်အားပြစ်မှုတစ်စုံတစ်ရာဖြင့် ထောင်သို့ကျရောက်လာအောင် ရှေးဦးစွာ ပြုလုပ်ရမည်ဖြစ်၍ လွယ်ကူသောအလုပ်မဟုတ်သည့်ပြင် ကာယကံရှင်ကလည်း သဘောတူမည်မထင်ချေ။ သို့သော် ဒုတိယအကြံအတိုင်း အလွန်တူသော သူနှစ်ယောက်ကို လူချင်းလဲယူ၍ ကြံစည်ရန်မှာ ကျွန်ုပ်၏လုပ်ရည်ကြံရည် စွမ်းရည်သတ္တိပေါ်၌ တည်ရှိရကား ကျွန်ုပ်လည်း ဒုတိယအကြံကို လိုက်ရန် စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ဘိုးငွေ၏ သတ္တိစွမ်းရည်ကို သိပြီးဖြစ်သည့်အတိုင်း ဘိုးငွေရောက်လာသောအခါမှာ မည်မျှလောက် အချိန်ကြာသည်ဖြစ်စေ ထောင်တွင်း၌ လျှို့ဝှက်၍ လုပ်ကြံရန် ဖြစ်လေသည်။

ကျွန်ုပ်သည် ဤအကြောင်းကို လက်ထောက်ထောင်မှူးကလေး ဦးဘအောင်နှင့်တိုင်ပင်ရာဦးဘအောင်ကငွေ (၁၀၀၀) ထုတ်ပေးမည့်အကြောင်း ပြောသဖြင့် ကျွန်ုပ်လည်း ဘိုးရွှေနှင့် နောက်တစ်နေ့တွင် တိုင်ပင်လေ၏။ ဘိုးရွှေမှာ နဂိုကပင် စံဖေတို့ဂိုဏ်းသားတစ်ယောက်ဖြစ်သည့်အတိုင်း ထောင်မှူးကြီးကိုလုပ်ကြံရာတွင် မိမိကိုယ်တိုင် တတ်နိုင်သမျှကူညီပါမည်ဟု ကတိပေးလေသည်။

ကျွန်ုပ်လည်း ထောင်မှူးကလေးဦးဘအောင်ထံမှ အကူအညီနှင့်အကျိုးအကြောင်းစုံလင်စွာ စာတစ်စောင်ရေးပြီးလျှင် ဘိုးငွေထံရောက်အောင်ပို့လေ၏၊ စာထဲ၌ ဘိုးရွှေနှင့် လူချင်းလဲလှယ်သည့်အခါ ငွေ (၅၀၀) ကို ပေးရန် ကတိထားပြီးလျှင် နောင်လုပ်ကြံပြီးစီးသည့်အခါ ကျန်ငွေ (၅၀၀) ကို ပေးရန် ရေးသားလိုက်လေသည်။

တောင်ယာကြီး၏ အရှေ့တောင်ဘက်မှာ သံတစ်ချောင်းလမ်းနှင့် ကပ်လျက်ရှိသဖြင့် ထိုလမ်း၌ ဓာတ်မီးစက်ရုံတစ်ခုရှိရာ ၎င်းနှင့် မနီးမဝေးတွင် ဦးပိုက်ကြီးဆိုသူ ပန်းပဲဆရာကြီးတစ်ယောက်၏ ပန်းပဲဖိုရှိလေသည်။ ဦးပိုက်ကြီးမှာ ငယ်စဉ်က ဆိုး၊ နိုး၊ မိုက်၊ တေခဲ့သူတစ်ယောက်ဖြစ်သည့်အတိုင်း ထောင်သားများအပေါ်၌ လွန်စွာကြင်နာသနားတတ်ပြီးလျှင် တောင်ယာကြီးသို့ အလုပ်ထွက်သော ထောင်သားများအား တစ်ခါတစ်ရံ မုန့်ပဲသွားရည်စာများကို ဝေငှခြင်း၊ တစ်ခါတစ်ရံ ဆေးလိပ်များကို ပေးကမ်းခြင်းများကို ပြုလုပ်တတ်၏။ သို့ဖြစ်၍ ကျွန်ုပ်နှင့်တကွ တောင်ယာကြီးသို့ အလုပ်ထွက်နေကျ ထောင်သားများမှာ ဦးပိုက်ကြီးနှင့် အကျွမ်းဝင်ကာ သူ့အား မသိသူမရှိဘဲ ကောင်းစွာ သိကျွမ်းခင်မင်ကြကုန်၏။ ဦးပိုက်ကြီးမှာ ပန်းပဲနှင့်ပတ်သက်၍ ထောင်ကိုလည်း အတော်အတန် ကူညီသူတစ်ယောက်ဖြစ်၏။

စာပို့ပြီးနောက် ၃ ရက်မြောက်သောနေ့၌ ကျွန်ုပ်လည်း ဘိုးငွေထံမှ ကျွန်ုပ်ချိန်းဆိုသည့်အတိုင်း မည်သည့်နေ့ရက်၌မဆို လူချင်းလဲရန်ကိစ္စအတွက် ပန်းပဲဆရာဦးပိုက်ကြီးအိမ်မှ အသင့်စောင့်နေမည်ဖြစ်ကြောင်းနှင့် လိုင်းက်စာတစ်စောင်ကို ရရှိလေ၏။

— ၇ —

www.burmeseclassic.com

တောင်ယာကြီးသို့ အလုပ်ထွက်သော ထောင်သားများမှာ ထောင်သား (၁၀) ယောက်လျှင် ဗာရာတစ်ယောက်ကျစီ အုပ်ချုပ်လျက် "သူ့အစုအအုပ်နှင့်သူ" ဖြစ်ရကား ဘိုးရွှေကို ထိုအုပ်စုထဲသို့ရောက်အောင် ရှေးဦးစွာ ကြံစည်ရ၏။ သို့ဖြစ်၍ ကျွန်ုပ်ချိန်းဆိုထားသည့်နေ့တွင် စံဖေ၏လူအုပ်၌ ဘိုးရွှေ ပါလာလေသည်။

နံနက် (၈) နာရီလောက်တွင်အလုပ်စ၍ (၉) နာရီအချိန်လောက်သို့ ရောက်လတ်သော် ဘိုးရွှေ၏ သံခြေချင်းတစ်ဖက်မှ သံကြိုးသည် သံကွင်းမှ ပြုတ်ထွက်သွားသည်ဖြစ်၍ ကျွန်ုပ်လည်း ထောင်ပြာတာမှူးအား ဘိုးရွှေ၏ ခြေချင်းကို ပန်းပဲဆရာဦးပိုက်ကြီး၏ပန်းပဲဖိုတွင် သွား၍တပ်ရန်လိုကြောင်း ပြောရာ ထောင်ပြာတာမှူးသည် ဘိုးရွှေအား ပန်းပဲဖိုသို့ခေါ်သွားရန် ကျွန်ုပ်နှင့်အတူ ထောင်ပြာတာ ဘဂျပ်ဆင်ဆိုသူကို ထည့်လိုက်လေ၏။ သို့ဖြစ်၍ ကျွန်ုပ်နှင့်ဘဂျပ်ဆင်တို့သည် ကြေးနန်းကြိုးများဖြင့် ခနော်ခနဲ့မျှ ကာရံထားသော ထောင်ခြံစည်းရိုးကိုကျော်ကာ ဘိုးရွှေအား ပန်းပဲဖိုသို့ခေါ်သွားကြလေ၏။

ဦးပိုက်ကြီး၏ပန်းပဲဖိုမှာ ကျွန်ုပ်တို့ထွက်လာသောနေရာနှင့် ခဲတစ်ပစ်ခန့်သာဝေးသဖြင့် ကျွန်ုပ်တို့လည်း အိမ်ထဲသို့ ဝင်သွားကြသောအခါ ဦးပိုက်ကြီးကို အဆင်သင့်ပင်တွေ့ရသဖြင့် ကျွန်ုပ်က အကျိုးအကြောင်း ပြောပြရာ ဦးပိုက်ကြီးက မသိမသာပြုံးပြလျက် -

"လုပ်ပေးရတာပေါ့ - တခွေကြီးရယ်။ နို့ပေမဲ့ - အားလုံးဖြုတ်ပြီးပြန်ဆက်မှ နိုင်မယ်ဗျ။ နည်းနည်းတော့ ကြာလိမ့်မယ်ထင်တယ်"

"ဘယ်လောက်ကြာမှာလဲ - ဆရာကြီး"

"နာရီဝက်လောက်တော့ ကြာလိမ့်မယ် ထင်တယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ - စောင့်နေရတာပေါ့"

ဦးပိုက်ကြီးသည် ဘိုးရွှေအားပန်းပဲဖိုရှိရာ နောက်ဖေးဘက်သို့ခေါ်သွားသဖြင့် ကျွန်ုပ်တို့လည်း အပြင်ဧည့်ခန်းတွင် စောင့်ဆိုင်းနေကြလေ၏။



ကျွန်ုပ်မှာ နောက်ဖေးဘက်မှ တဒေါက်ဒေါက်ထုနေသော တူသံများကိုလည်းကောင်း၊ ရှူးခနဲရှူးခနဲမြည်ဟည်းထွက်လာသော ဖားဖိုသံများကိုလည်းကောင်း နားထောင်ကာ နောက်ဖေးတွင် ဖြစ်ပျက်နေကြမည့်ပုံကို တွေးတောလျက်ရှိ၏။ ဘဂျပ်ဆင်မှာ အသက် (၅၀) ကျော်ခန့်ရှိသော ဆေးခြောက်သမားကြီးတစ်ယောက်ဖြစ်သဖြင့် ဂုန်နီအိတ်ကုလားထိုင်တစ်လုံးပေါ်တွင် ငိုက်လျက်ရှိ၏။

ကျွန်ုပ်နောက်ဖေးဆောင်သို့ သွားရောက်ကြည့်ရှုသောအခါ၌ကား ဘိုးငွေမှာ ထောင်အဝတ်အစားဝတ်ပြီး သံခြေကျင်းခတ်ပြီးဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း အိတ်ထဲတွင် ဝှက်၍ယူခဲ့သော ငွေ (၅၀ဝိ) ကိုနောက်ဖေးခန်းထဲ၌ပုန်းနေသော ဘိုးရွှေလက်ထဲသို့ညီအစ်ကိုနှစ်ယောက်အရှေ့တွင် တစ်ခါတည်း ပေးခဲ့ပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။ ၎င်းငွေထဲမှ ဦးပိုက်ကြီးမှာ ငွေ (၁၀ဝိ) ရမည်ဖြစ်ရာ ဦးပိုက်ကြီးဘက်မှ စိုးရိမ်ရန် မရှိပေ။

ရှေးမဆွကပင် ဘိုးငွေအား ခေါင်းတုံးတုံးထားရန် စာရေးပြီးဖြစ်သဖြင့် ညီအစ်ကိုနှစ်ယောက်တို့မှာ မည်မျှတူညီပါသနည်းဆိုမူ၊ မျက်နှာချင်း၊ ကိုယ်လုံးကိုယ်ပေါက်ချင်း တူညီရုံမျှမက စကားပြောပုံ၊ လေသိမ်းလေယူမှစ၍ တူညီလှသည်ဖြစ်ရကား ကျွန်ုပ်ကိုယ်တိုင်ပင် အတော်ဂရုစိုက်၍ကြည့်ရ၏။ အသွားအလာ အနေအထိုင်နှင့် ပတ်သက်၍လည်း ဘိုးငွေအား အထူးသင်ပြရန် မလိုချေ။ ဘိုးငွေမှာ ယခင်က နှစ်ကြိမ်မျှ ထောင်တွင်ကျခံခဲ့ဖူးရာ ထောင်ရည်ဝပြီးသူ တစ်ယောက်ဖြစ်လေသည်။

ထိုနေ့က ဦးပိုက်ကြီးသည် ဖရုန်ဆီပုံးဟောင်းတစ်လုံးတွင် ပဲကြီးလှော်သုံးပိဿာခန့်ထည့်၍ ထောင်သားများ၊ ကုသိုလ်လုပ်လိုသည်ဆို၍ ပေးလိုက်ရကား "ဘိုးရွှေ" ဟန်ဆောင်ရသော "ဘိုးငွေ" သည် ပဲလှော်ပုံးကြီးကိုထမ်းယူခဲ့လေ၏။ ကျွန်ုပ်ကလည်း ဆရာကြီးအား ထွက်ခါနီးတွင် နှုတ်ဆက်လေရာ ဆရာကြီးက မျက်လုံးတစ်ဖက်ကို မှိတ်ပြလိုက်သဖြင့် ကျွန်ုပ်ကလည်း အညှို့မခံဘဲ ပြန်၍ မှိတ်ပြလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

ဆေးခြောက်သမား ထောင်ပြာတာအဘိုးကြီးကား ကျွန်ုပ်တို့အကြံအစည်ကိုတစ်စုံတစ်ရာမရိပ်မိဘဲရှေ့မှသွားလေရာကျွန်ုပ်နှင့်ဘိုးငွေတို့လည်း နောက်မှလိုက်ပါသွားရလေ၏။ သို့ဖြစ်၍ထောင်ထဲသို့ကျွန်ုပ်ပြန်၍ခေါ်ခဲ့သူမှာ "ဘိုးရွှေ"မဟုတ်ဘဲ "ဘိုးငွေ"ဖြစ်ကြောင်းကိုလည်းကောင်း၊ မကြာမီဦးပိုက်ကြီးအိမ်နောက်ဖေးလမ်းပေါက်မှ ထားဝယ်လုံချည်၊ သင်္ကန်းလပ်အင်္ကျီအနက်၊ ခေါင်းပေါင်းပန်းရောင်ဖြင့် ထွက်သွားသူမှာလည်း ဘိုးငွေမဟုတ်တော့ဘဲ အကျဉ်းသားဘိုးရွှေဖြစ်ကြောင်းကို ဦးပိုက်ကြီးနှင့် ကျွန်ုပ်မှလွဲ၍ မည်သူမှ မသိချေ။

ထောင်ခြံစည်းရိုးကို ကျော်၍ဝင်လာပြီးနောက် ဘိုးငွေသည် ပဲလျှော်ပုံးထဲမှ တစ်စုံတစ်ခုကို နှိုက်ယူပြီးလျှင် ကျွန်ုပ်အား လှမ်း၍ပေးလိုက်သဖြင့် ထိုအခါမှ ကျွန်ုပ်လည်း ဘိုးငွေ၏အကြံကို ရိပ်မိတော့၏။ ဘိုးငွေလှမ်းပေးလိုက်သောအရာမှာလက်ကိုင်ကိုတစ်ပက်သာသာမျှဖြတ်ထားသောခြောက်လုံးပြူးသေနတ်ကလေးဖြစ်၍ ကျွန်ုပ်လည်း ခါးထဲကွင် လျင်မြန်စွာ ထိုးဝှက်ထားလိုက်လေ၏။

ကျွန်ုပ်တို့အလုပ်လုပ်သောနေရာနှင့် မလှမ်းမကမ်းတွင် သစ်ငုတ်တိုကြီးတစ်ခုရှိရာကျွန်ုပ်လည်းရင်းအနီးသို့ရောက်သောအခါမှ သစ်ငုတ်တိုအလယ်မှ ဆွေး၍ အခေါင်းဖြစ်နေသော အပေါက်ထဲသို့ အခြားလူများမမြင်အောင် ဝှက်ထားလိုက်သည်။

ကျွန်ုပ်တို့ အကြံမှာ ဤအခြေအနေထိ ချောမောစွာ အောင်မြင်ခဲ့ပြီဖြစ်ရကား ကျွန်ုပ်လည်း ဘိုးငွေအား ဘိုးရွှေ၏ အလုပ်အကိုင်၊ အသွားအလာ အနေအထိုင်၊ အပေါင်းအသင်းမှစ၍ အချိန်ရတိုင်း ညွှန်ကြားပြသပေးရာ ဘိုးငွေမှာ ဘိုးရွှေထက်ပင် "ထောင်ကျွမ်း"သောသူတစ်ယောက်ဖြစ်သည့်အတိုင်း နှစ်ရက် သုံးရက်မျှကြာလတ်သော အတော်ပင် အသားကျ၍သွားခဲ့လေ၏။



ဘိုးငွေမှာ တာရာစံဖေ၏လက်အောက်တွင် ရှိနေရကား ဤအကြံအစည်ကိုကျွန်ုပ်ကလွဲ၍စံဖေတစ်ယောက်သာ သိလေသည်။ အလုပ်နှင့်ပတ်သက်၍လည်း ကျွန်ုပ်နှင့် စံဖေကပါ သက်သာနိုင်သမျှ သက်သာချောင်ချိစေရန် စီမံထားသည့်အတိုင်း ဘိုးငွေမှာ အတော်အတန် အားလပ်ချိန်ရတိုင်း အကြံထုတ်လျက်ရှိလေ၏။

နောက်ဆုံး ဘိုးငွေက ထောင်မှူးကြီးနေသော အိမ်ပေါ်သို့ တက်ရောက်ခွင့်ရရန် အခွင့်အရေးရမှသာ အကြံမှာ အထမြောက်နိုင်မည်ဟု ပြောဆိုသည့်အတိုင်း ကျွန်ုပ်လည်း ဤအခွင့်အရေးကိုရရန် ကြံစည်ရပြန်၏။ နံနက်(၈)နာရီမှ (၁၁)နာရီအထိ ထောင်သားလေးယောက်မှာ ဦးထုပ်ပြာတာရာတစ်ယောက်သော်လည်းကောင်း ကြည့်ရှုပြီးလျှင် အိမ်၏ဝေယျာဝစ္စများကို ပြုလုပ်ရခြင်း၊ ကြမ်းတိုက်ရခြင်း၊ ဖိနပ်တိုက်ရခြင်း၊ အိုးခွက်တိုက်ရခြင်းများကို ပြုလုပ်ရ၏။

ထောင်မှူးကြီးမှာ သားမယားမရှိဘဲ တစ်ကိုယ်တည်းနေသူဖြစ်ရကား အိမ်၏ဝေယျာဝစ္စအလုပ်များကို ဘဏ္ဍာစိုးက ကြည့်ရှုစေနိုင်းလေသည်။ ဤအလုပ်များမှာ အလွန်သက်သာသောအလုပ်မျိုးဖြစ်၍ အကျဉ်းသားတိုင်း လုပ်လိုကြရာ ကျွန်ုပ်က ရွေးချယ်ပေးသည့်အတိုင်း အကျဉ်းသားလေးယောက်ကို တစ်ပတ်လျှင် တစ်ကြိမ်ကျ လူလဲ၍ ခိုင်းစေရလေသည်၊ သို့ဖြစ်၍ နောက်တစ်ပတ်၌ ဘိုးငွေမှာ ထောင်မှူးကြီးအိမ်တွင် ဝေယျာဝစ္စ အလုပ်လုပ်ရန် အလှည့်ကျရောက်သဖြင့် လုပ်ကိုင်ရလေ၏။

— ၇ —

ထိုည၌ ဘိုးငွေသည် အခြားအကျဉ်းသားများ အိပ်မောကျနေချိန်၌ ကျွန်ုပ်နှင့် တီးတိုးတိုင်ပင်လျက် ရှိလေသည်။

"ဘယ့်နှယ်လဲဗျာ့ – အိမ်အခြေအနေကို မြင်ရပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"မြင်ရပါပြီ - ဆရာ၊ ဒါနဲ့ - ထောင်မှူးကြီးအိမ်မှာ နာရီတွေ တယ်ပေါပါလား - ဆရာရဲ့"

"ဒီအကောင်ကြီးက အင်မတန် ထူးဆန်းတာကလားကွယ်၊ နာရီဝါသနာပါသတဲ့ကွယ့်၊ မင်း မြင်ပါလိမ့်မယ်၊ အိမ်ပေါ်မှာ တိုင်ကပ်နာရီတွေရော၊ စားပွဲတင်နာရီရော၊ တိုင်ကပ်နာရီဆိုတာလည်း အကြီးအသေး စုံနေတာပဲ"

"အဲဒါ - ကျွန်တော်တို့ အကြံအောင်ဖို့ပဲ - ဆရာ"

"ဘာပြုလဲ - ကိုယ့်လူ၊ နာရီတွေပေါတာနဲ့ ကျုပ်တို့အကြံနဲ့ ဘယ်လိုဆိုင်လို့လဲ"

"ဘယ်လိုဆိုင်တယ်ဆိုတာ ဆရာနောက်တော့ သိလိမ့်မပေါ့ - ဆရာ၊ ဒါထက် - ကျွန်တော် နာရီပြင်တတ်တဲ့အကြောင်း၊ သူ့အစ်ကို ဘိုးငွေဆိုတာ နာရီပြင်ဆရာဖြစ်လို့ သူ့အစ်ကိုဆီမှာ နာရီပြင်တဲ့အလုပ်လုပ်ဖူး၍ နာရီအိမ်ကိုလည်း အလှအပလုပ်ပေးတတ်တဲ့အကြောင်း ထောင်မှူးကြီးကို ဆရာပြောပေတော့"

"ဒီလိုဆိုရင် လွယ်သဘောကျပေါ့ကွယ်၊ ထောင်မှူး ကိုပန်းအုံအိမ်ကို တစ်ခါ အလည်သွားဆို ထင်ပါရဲ့၊ ဟိုလူကလည်း အိမ်မှာ နာရီသုံးလေးလုံးရှိလေတော့ သူနဲ့ ဝါသနာချင်းတူတယ်ဆိုပြီး အဲဒီကတည်းက ကိုပန်းအုံနဲ့ အလွမ်းသင့်သွားတာပဲ - တဲ့၊ ဦးဘအောင်က တစ်ခါပြောဖူးတယ်၊

သူတို့အင်္ဂလိပ်လူမျိုးတွေဟာ အခက်သားကလားကွယ်၊ သူတို့ဝါသနာတွေက အတော်ဆန်းတယ်ကွယ့်၊ အချို့လည်း သေနတ်ဝါသနာပါပြီး သေနတ်အမျိုးမျိုးကို မပစ်ဘဲနဲ့ ဝယ်ထားတတ်တယ်၊ တချို့လည်း နာရီ၊ တချို့လည်း ဖောင်တိန်၊ တချို့လည်း မြင်း၊ တချို့က ပန်းပင်၊ တချို့က ခွေး ဝါသနာပါတတ်ကြတယ်၊ မောင်ဘိုးငွေလည်း နိုင်ငံခြားရောက်ဖူးတာပဲ ဆရာ့ထက် ပိုပြီး သိမှာပေါ့"



"မှန်ပါတယ် - ဆရာ၊ ကျွန်တော်လည်း တွေ့ဖူးပါတယ်၊ ကိုင်း - နက်ဖြန်ကျ ပြောပေတော့ - ဆရာ"

"အေးကွယ် - စိတ်ချ၊ သူ့နာရီတွေ ပြင်ပေးမယ်ဆိုရင် မင်းတော့ ဆေးပြင်းလိပ်ကောင်းကောင်း သောက်ရဦးမှာပေါ့ကွယ်"

ဎင်းနောက် အတော်ညဉ့်နက်လာသည်နှင့် ကျွန်တော်တို့လည်း စကားပြောလက်စ ဖြတ်လိုက်ကြလေ၏၊

နောက်တစ်နေ့၌ ကျွန်ုပ်လည်း ထောင်မှူးကြီးအလုပ်ခန်းတွင် အမှိုက်လှဲခြင်း၊ စားပွဲကုလားထိုင်များကို ဖုန်သုတ်ခြင်းများ ပြုလုပ်လျက်ရှိစဉ် ထောင်မှူးကြီးမှာ ဎင်းကိုယ်တိုင် နံရံတွင် ချိတ်ဆွဲထားသော တိုင်ကပ်နာရီကို သော့ပေးလျက်ရှိသည်နှင့် ကျွန်ုပ်က ဘိုးရွှေမှာ နာရီများကိုပြင်တတ်ကြောင်း အနည်းငယ်ပြောပြလေရာ ထောင်မှူးကြီးမှာ စိတ်မြန်သောသူတစ်ယောက်ဖြစ်သည့်အတိုင်း ဘိုးရွှေအား ချက်ချင်းခေါ်ခဲ့ရန် အမိန့်ပေးလေ၏၊

ဘိုးရွှေရောက်လာသောအခါ ထောင်မှူးကြီးသည် မျက်နှာထားခပ်ချိုချိုနှင့် -

"ဘိုးရွှေ"

"ဘုရား . . ."

"မောင်မင်း - နာရီကောင်းကောင်း ပြင်တတ်တဲ့အကြောင်း ဟောဒီက တနေ့ကြီးက ပြောတယ် - မှန်သလား"

"မှန်ပါတယ် - ဘုရား၊ ကျွန်တော်မျိုး အစ်ကိုရဲ့ နာရီပြင်ဆိုင်မှာ အလုပ်လုပ်ဖူးပါတယ် - ဘုရား"

"ကျုပ်အိမ်က နာရီတွေက အတော်ကောင်းတဲ့ နာရီတွေ ဖြစ်တယ်၊ တချို့ဟာ ဘိလပ်က ကျုပ်ယူလာတဲ့ နာရီဖြစ်တယ်၊ တချို့လည်း ဆွစ်ဇာလန်တတိုက်ရိုက်မှာယူထားတယ်၊ တချို့လည်း အိန္ဒိယက နာရီတွေဖြစ်ကြောင်း

www.burmeseclassic.com

နာရီစက်သာမကဘူး - အိမ်ကိုလည်း အလှအပဖြစ်အောင် ကောင်းကောင်း ဆေးကြောပြီး ပြင်ပေးနိုင်ပါ့မလား"

"ပေးနိုင်ပါတယ် - ဘုရား"

"ကျုပ် ဂရုမစိုက်နိုင်တာ တစ်နှစ်လောက်ရှိသွားပြီ၊ ဒါကြောင့် တချို့လည်း အထဲမှာ ဘယ်လိုဖြစ်နေသလဲဆိုတာ ကျုပ်မသိဘူး၊ တချို့လည်း သွားနေတုန်းပဲ၊ ကျုပ်အိမ်မှာ အားလုံး နာရီ (၁၁) လုံးရှိတယ်"

"မှန်ပါ - ကျွန်တော်မျိုး ကြည့်ပြီး အားလုံး ပြင်ပေးပါ့မယ် - ဘုရား"

"ကောင်းပြီ - မောင်မင်း - နက်ဖြန်မနက်ကစပြီး အလုပ်ကြမ်း မဆင်းနဲ့တော့၊ ကျုပ်အိမ်ကို ရှစ်နာရီလာရမယ်"

"ကောင်းပါပြီ - ဘုရား"

ဧင်းနောက် ထောင်မှူးကြီးလည်း ကျွန်ုပ်ဘက်သို့ လှည့်ပြီးလျှင် ဘိုးငွေကို နောက်တစ်နေ့နံနက် ရှစ်နာရီအရောက်ပို့ရန် ပြောပြီးလျှင် ပြန်လွှတ်လိုက်လေ၏။

နောက် (၃-၄) ရက်ကြာသောအခါ ထောင်မှူးကြီးသည် ဘိုးငွေအား အတော်ပင် သဘောကျလျက်ရှိကြောင်း၊ နာရီပြင်ရန် ကိရိယာတန်ဆာပလာများလည်း ထောင်မှူးကြီးထံတွင်ရှိသဖြင့် ထောင်မှူးကြီးသည် ဧင်းတို့ကို ထုတ်ပေးပြီးလျှင် နာရီများကို ပြင်ဆင်စေရာ လေးရက်အတွင်းတွင် နာရီနှစ်လုံးမျှ ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ယခုပြင်မည့်ဆဲဆဲနာရီတစ်လုံးမှာ ဆွစ်ဇာလန်နိုင်ငံမှ မှာယူသော အိမ်ရှည်နာရီအကြီးစားမျိုးဖြစ်၍ ထိုနာရီကြီး၏ မျက်နှာ၌ ဂုံညင်းဝိုင်းခန့် အပေါက်လေးတစ်ပေါက်ရှိရာ ထိုအပေါက်ထဲတွင် ငှက်ရုပ်ကလေးတစ်ရုပ်ရှိကြောင်း နှစ်ပတ်လျှင် တစ်ကြိမ်ကျ သော့ပေးရ၍ ထိုငှက်ရုပ်ကလေးမှာ မိနစ်လက်တံ "၁၂ နာရီကွက်" သို့ရောက်တိုင်း တစ်နာရီထိုးလျှင် တစ်ချက်၊ နှစ်နာရီထိုးလျှင် နှစ်ချက်၊ သုံးနာရီထိုးလျှင် သုံးချက် စသည်ဖြင့် အော်မြည်ကြောင်း၊ ထိုနာရီကြီးမှာ အတွင်းမှ ချို့ယွင်းနေသဖြင့်



ဧင်းကို ပြင်ဆင်ရမည်ဖြစ်ကြောင်းနှင့် ဘိုးငွေက ပြောပြသဖြင့် အလုံးစုံ သိရှိရ၏။

နောက်တစ်နေ့တွင် ဘိုးငွေကတောင်းသဖြင့် ကျွန်ုပ်လည်း သစ်ဒုတ်ကြီးအတွင်းတွင် ဝှက်ထားသော ခြောက်လုံးပြူးသေနတ်ကလေးကို လက်သမားရုံသို့ ခဲယဉ်းစွာယူခဲ့ရပြီးလျှင် ပျဉ်ပုံများကြားတွင် ပထမဝှက်၍ ထားရ၏။

ဘိုးငွေမှာ လက်သမားရုံသို့ဝင်ခွင့်ထွက်ခွင့်ရစေရန် လက်သမားရုံမှ သိမ်းသန့်ထားသော ပျဉ်များယူနိုင်ရန် ဆိုင်ရာအစောင့်ဗာရာနှင့်ထောင်ပြောတာမှူးကို့အား ထောင်မှူးကြီးက အမိန့်ပေးပြီးဖြစ်သည့်အတိုင်း ဘိုးငွေမှာ လက်သမားရုံသို့လည်းကောင်း၊ ထောင်မှူးကြီးအလုပ်စန်းထဲသို့လည်းကောင်း၊ ထောင်မှူးကြီးအိမ်သို့လည်းကောင်း ဝင်ထွက်သွားလာနိုင်ရန် အခွင့်အရေးရ၍နေ၏။

ဤသို့ အခွင့်အရေးရသည့်အတိုင်းလည်း ဘိုးငွေမှာ ပျဉ်ပုံကြားထဲတွင် ဝှက်ထားသော သေနတ်ကလေးကို ပျဉ်ချပ်များနှင့် ရောနှောကာ ထောင်မှူးကြီးအိမ်ပေါ်သို့ ရောက်အောင်ယူသွားနိုင်လေသည်။ ဤအတွင်း ဘိုးငွေမှာ နာရီစက်များကိုပြင်ဆင်ရုံမကဘဲ နာရီအိမ်များကိုပါ အသစ်လဲလှယ် ပြုလုပ်ပေးခြင်း၊ ဆေးသုတ်ခြင်း၊ ဆက်စပ်ဇာထေးပေးခြင်းများကို ပြုလုပ်ပေးတတ်သေး၍ ဘိုးငွေဉာဏ်သွားသည်ကို မြင်ရလေလေ ထောင်မှူးကြီးမှာ ဝမ်းသာအားရရှိလေလေ ဖြစ်လေ၏။ မိမိခါးပိုက်တွင်းသို့ "မြွေပွေး" တစ်ကောင်ကို ထည့်သွင်းမိပြီး ရှိနေသည့်အဖြစ်ကိုကား အနည်းငယ်မျှ မရိပ်မိရှာချေ။

ထိုနှစ်ရက် သုံးရက်အတွင်း ဘိုးငွေမှာ အလုပ်ကိုယခင်ကထက် ကြိုးစားလုပ်ကိုင်လျက်ရှိ၏။ နာရီဟောင်းအချို့မှာ လုပသော အိမ်သစ်များ၌ ထည့်သွင်းပြီးဖြစ်ကာ တချောက်ချောက် တချက်ချက် သွားလျက်ရှိကြကုန်၏။ ဝေယျာဝစ္စလုပ်သော အခြားအကျဉ်းသားများမှာ (၁၀) နာရီခွဲတွင် ပြန်ခဲ့ရ

www.burmeseclassic.com

သော်လည်း ဘိုးငွေမှာ ညနေ (၄) နာရီခွဲမှ ပြန်ရ၏။ ကျွန်ုပ် နောက်ဆုံးရောက်သွားသောအချိန်၌ ဘိုးငွေမှာ အထက်ကဖော်ပြခဲ့ပြီးသော အိမ်ရှည်နာရီကြီးကို စက်ရော၊ နာရီအိမ်ကိုပါ ပြင်ဆင်လျက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုည၌ ဘိုးငွေသည် အခြားသူများ အိပ်ရိုန်တွင် ကြက်တူရွေးတန်းခြားလျက်ရှိသော အခြားအခန်းဘက်မှနေ၍ "ပစ်ပြီး ခြောက်လုံးပြူးယမ်းတောင့်ကလေး" တစ်တောင့်ကို ကျွန်ုပ်အား လှမ်းပေးပြီးနောက် –

"ကိုင်း – ဆရာ – အားလုံးတော့ စီစဉ်ပြီးပြီ။ ကျွန်တော်ပြောတာ ဆရာ သေသေချာချာ နားထောင်စမ်းပါဦး"

"ပြောစမ်းပါဦးကွယ်"

"ထောင်မှူးကြီး ထမင်းစားတဲ့စားပွဲရဲ့လက်ယာဘက် ခပ်စောင်းစောင်းမှာ ပြတင်းပေါက်တစ်ပေါက်ရှိတယ် – ဆရာ"

"အေး – ရှိတယ်"

"အဲဒီ ပြတင်းပေါက်နဲ့ ဝါးတစ်ရိုက်လောက် မရှိတရှိမှာ ထောင်ပြင်ဘက်က ပေါက်နေတဲ့ ကုက္ကိုပင်က ကုက္ကိုကိုင်းကြီး ကွေးကျနေတာ ရှိပါလေကော ဆရာ"

"အေး – ရှိသားပဲ၊ ဒါ – ဘာဖြစ်သလဲ"

"ဘုရား မ. တာပဲ – ဆရာ၊ ဒီသစ်ကိုင်းကြီးရှိနေတာ ကျွန်တော်တို့အတွက် သိပ်နေရာကျတာပေါ့ – ဆရာ"

"ဘာပြုလို့လဲ"

"တကယ်လို့ ဒီသစ်ကိုင်းကြီးပေါ်ကနေပြီး သေနတ်နဲ့ပစ်ရင် တန်းနေတာပေါ့ – ဆရာရဲ့"

"အေး – ပစ်ဝံ့ရင်တော့ အဟုတ်သားပေါ့ – မောင်ဘိုးငွေရဲ့"

"ကျွန်တော်ကိုယ်တိုင်တော့ မပစ်ဘူးလေ၊ ကျွန်တော်က ငှားပစ်မှာပေါ့"





"ဤသို့နှင့် အချိန်များသည် ကျွန်ုပ်၏စိတ်ထဲတွင် တထိတ်ထိတ်ရှိနေရင်း တရွေ့ရွေ့သွားလျက်လေရာ နာရီဝက်ခန့်ကြာလတ်သော် ထောင်မှူးကြီးအိမ်ဆီမှ "ဒိုင်း ဒိုင်း" ဟူသော သေနတ်သံနှစ်ချက်ကို အုပ်အုပ်ကြားလိုက်ရပြီး ...

"မဟုတ်တာကွယ်၊ မင်းက အပြင်ကလူတွေနဲ့များ ကြံပြန်ပြီလား၊ မတော်တဆမိသွားမှဖြင့် မီးနိုးကြွက်လျှောက်လိုက်ပြီး တို့တစ်တွေပါ ကိစ္စများကုန်ပါဦးမယ် – မောင်ဘိုးငွေရယ်"

"ဟာ – ဒီလိုဖော်မယ့်လူကို ကျွန်တော်က ဘယ်ငှားမလဲ – ဆရာရဲ့၊ တစ်ခါတည်း စကားကိုမပြောတတ်တဲ့လူကို ငှားခဲ့တာပဲ"

"ဘယ်သူလဲကွယ့် – ပြောစမ်းပါဦး"

"အခု မသိချင်ပါနဲ့ဦး – ဆရာ၊ ကျွန်တော်က သူများလို ကြွားပြီး ကိုယ့်အကြံအထ မပြောက်ခင် ထုတ်ပြောချင်တဲ့အကောင်မျိုး မဟုတ်ဘူး"

www.burmeseclassic.com

"ဒီဟာကတော့ မောင်ဘိုးငွေအကြောင်း ဆရာသိပြီးသားပဲ၊ ဒါကြောင့်လဲ မောင်ဘိုးငွေကို အားကိုးပြီး ဆရာကိုယ်တိုင် စွန့်စွန့်စားစားကြံစည်လို့ ဒီအထဲရောက်လာတာ မဟုတ်လား"

"ဟုတ်ပါတယ် - ကျွန်တော်ကလည်း ဆရာ့ကို အားကိုးပါတယ်"

"နို့ပေမဲ့ - စကားမပြောတတ်တဲ့လူကို ငှားထားတယ်ဆိုတာက မောင်ဘိုးငွေစကားက ဝေ့လည်လည်နဲ့ ဆရာနားမလည်သေးပါဘူး"

"သည်းခံပါ - ဆရာ၊ သိပ်မကြာတော့ပါဘူး၊ နက်ဖြန်ခါပဲ သိပါလိမ့်မယ်၊ အချိန်က ည (၇) နာရီနဲ့ (၈) နာရီကြား နားသာထောင်ပေရော့ - ဆရာ"

"နို့ - ဒီယမ်းတောင့်ခွံကလေးက ဘာလုပ်ရမှာလဲကွယ့်"

"ဩော် - ဟုတ်ပါရဲ့ - သတိမေ့နေတယ်၊ ဒီလိုကိုး - ဆရာရဲ့၊ လက်သည်ကို သူတို့ခြေရာခံတဲ့အခါမှာ တွေ့ရအောင် အဲဒီကုက္ကိုပင်ကြီးခြေရင်းမှာ ချထားရမယ်၊ အဲဒီကိစ္စတော့ သခင်ကလေး ဦးဘအောင်ကို တာဝန်လွှဲရုံပေါ့ ဆရာ၊ မနက်ကျတော့ သူ့ကို ဆရာက ပေးလိုက်ရုံပေါ့"

"ဆရာဖြင့် - ကောင်းကောင်းကို နားမရှင်းသေးပါဘူးကွယ်"

"ဩော် - ဆရာကလည်း သေနတ်သံကြားပြီးတဲ့နောက် ကုက္ကိုပင်ကြီးပေါ်ကနေပြီးပစ်တယ်လို့ ပုလိပ်ကထင်မယ်မဟုတ်လား - ဆရာရဲ့၊ အဲဒီလိုထင်လို့ရှာတဲ့အခါမှာ သစ်ပင်ခြေရင်းက ပစ်ပြီး ယမ်းတောင့်တစ်တောင့် တွေ့ရတယ်ဆိုတော့ ကျွန်တော်ငှားထားတဲ့လူ့အပေါ်မှာလည်း သံသယကင်းရော မဟုတ်လား"

၎င်းနောက် (၁၂) နာရီသံချောင်းခေါက်သံကြားရသည်နှင့် ကျွန်ုပ်လည်း ဆက်လက်မမေးတော့ဘဲ အသီးသီး အိပ်ရာသို့ ဝင်ကြလေ၏။

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်လည်း တောင်ယာကြီးသို့ မထွက်မီ ထောင်မှူးကလေး ဦးဘအောင်အနီးသို့ကပ်၍ အကျိုးအကြောင်း အကျဉ်းချုပ်ပြောပြီးလျှင် ယမ်းတောင့်ခွံကလေးကို သူ၏ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။

= ၇ =

ထိုည ထောင်တံခါးပိတ်ပြီးနောက် ကျွန်ုပ်လည်း ရင်ထဲတွင် တထိတ်ထိတ်နှင့် ရှိနေခဲ့ရာ အတန်ကြာသောအခါ (၇) နာရီ သံချောင်းခေါက်သံကို ကြားရလေ၏။ လူတို့မည်သည် မကောင်းမှုတစ်ခုကို ပြုလုပ်ရာ၌ မည်မျှပင် လျှို့ဝှက်ကြံစည်စေကာမူ ကိုယ်အမူအရာ နှုတ်အမူအရာတို့မှာ ထူးခြားတတ်သည့်အတိုင်း ကျွန်ုပ်လည်း အနည်းငယ်မျှ စိတ်သက်သာရာရစေရန် စကြံလျှောက်လျက်ရှိ၏။

အခြားအခန်းဘက်၌ကား ဘိုးငွေမှာ အခြားအကျဉ်းသားများနှင့်အတူ စကားကို ရယ်မောပြောဆိုနေသော်လည်း တစ်ခါတစ်ရံ တစ်စုံတစ်ရာကို နားစွင့်၍ ထောင်လိုက်ဘိသကဲ့သို့ ဖျတ်ခနဲ ဖျတ်ခနဲ ရှိနေသဖြင့် ကျွန်ုပ်ကပင် ကြက်တူရွေးတန်းအနီးသို့ ခေါ်ပြီးလျှင် သတိပေးရသေး၏။ ဤသို့နှင့် အချိန်များသည် ကျွန်ုပ်၏စိတ်ထဲတွင် တထိတ်ထိတ်ရှိနေရင်း တရွေ့ရွေ့သွားလျက်လေရာ နာရီ ဝက်ခန့်ကြာလတ်သော် ထောင်မှူးကြီးအိမ်ဆီမှ "ဒိုင်း ဒိုင်း" ဟူသော သေနတ်သံနှစ်ချက်ကို ခပ်အုပ်အုပ်ကြားလိုက်ရပြီး နောက် ထောင်တစ်ခုလုံးမှာ အသက်မရှိသကဲ့သို့ ဆိတ်ငြိမ်၍သွားလေ၏။

သို့သော် နောက်တစ်ခဏ၌ပင် ထောင်သားအချင်းချင်း မေးမြန်းသံများ ထောင်ပြာတာများ၏ဟစ်အော်သံများကို အရပ်လေးမျက်နှာမှ ကြားရပြီးလျှင် ထောင်လှန့်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် သေနတ် (၃) ချက် ဆက်တိုက် ပစ်ဖောက်သံနှင့် ဆူညံစွာ သံချောင်းခေါက်သံများကို ကြားရလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ထောင်မှူးကြီးအိမ်ဆီမှ ဟစ်အော်ပြေးလွှားသံများကိုကြား ရပြီးလျှင်လက်ဆွဲမီးအိမ်များသည်ထိုမှဤမှုဝှေ့ယမ်းကာထောင်ဝင်းအတွင်း ၌ သွားလာနေသည်ကိုလည်းကောင်း၊ ထောင်အပြင်တွင် မီးတုတ်များကို ထွန်းညှိကာ သေနတ်ထမ်းစန္တရီများ ထောင်ပြာတာများသည် ထောင်ကို ပတ်၍ ပြေးလွှားနေသည်ကိုလည်းကောင်း မြင်ရသဖြင့် ကျွန်ုပ်တို့ အကြံမှာ တစ်နည်းနည်းဖြင့် အထမြောက်ပြီဟု အောက်မေ့မိ၏။ သို့သော် မည်သို့ဖြစ် ပျက်သည်ကိုကား အတိအကျ မသိရသေးချေ။

ထောင်လှန့်သံ၊ သေနတ်ပစ်သံများကို ကြားရသောအခါ ထောင်ခန်း တန်းလျားအသီးသီးမှ ထောင်သားများသည် တစ်ယောက်တစ်ခွန်း ဆူညံစွာ ပြောလျက်ရှိရာမှ ကျွန်ုပ်၏ထောင်ဘက်တန်းလျားမှ လူတစ်ယောက်၏အသံ ဖြင့် -

"ဟေ့ - ထောင်လှန့်တယ်ဟေ့၊ သေနတ်နဲ့ပစ်ဝဘတ်တယ်ဇနော်၊ မှောက် နေကြ - မှောက်နေကြ"

ဟုတရူးယလောင်စွာဟစ်အော်လိုက်သည်ကိုကြားရသဖြင့်အကျဉ်းသား များသည်ကြမ်းပျဉ်ပေါ်တွင်အလျားမှောက်ကာပြားပြားဝပ်မျှရှိနေကြကုန်၏။ ထောင်နှင့် မျက်နှာချင်းဆိုင်ရှိနေသော အိမ်များမှာလည်း ဟစ်အော်သံများ၊ တံခါးပိတ်သံများကိုကြားရသဖြင့်မြို့ထဲ၌ပင်အတော်လန့်ဖျပ်၍သွားကြောင်း သိရ၏။

မကြာမီ ထောင်ပြင်တံခါးဝဆီမှ ကားဆိုက်သံများ၊ တံခါးဖွင့်သံများ၊ ထောင်တွင်းသို့ဝင်လာသောဖိနပ်သံများကိုကြားရသဖြင့်ဆိုင်ရာအရာရှိများ၊ ပုလိပ်များ၊ စစ်တပ်များ ရောက်ရှိလာကြောင်း သိရလေသည်။ စစ်သားများ သည်ထောင်တွင်းသို့ဝင်လာပြီးလျှင် ထောင်တန်းလျားများရှိရာသို့ ရိုင်ဖယ်



သေနတ်များ၊ စက်သေနတ်များဖြင့်ချိန်ကာ ဒုတိယထောင်မှူးများ၊ လက် ထောက်ထောင်မှူးများအသံဖြင့် ကောင်းမွန်ငြိမ်သက်စွာနေရန် ဟစ်အော် အမိန့်ပေးလျက်ရှိလေ၏။ လက်နှိပ်ဓာတ်မီးရောင်များသည်ဝင်းခနဲ လက်ခနဲ ကျွန်ုပ်တို့ရှိရာ ထောင်တန်းလျားများဆီသို့ ထိုးလျက်ရှိကုန်၏။

ထိုအချိန်သည်ကား သာယာဝတီသူပုန်သည် ပြည်ဒီစတြိတ်သို့ပင် ကူး စက်ကာ ဝက်ထီးကန်နယ်တစ်ပိုက်တွင် ဆူပူထကြွလျက်ရှိရကား အင်္ဂလိပ် အစိုးရများမှာ ကျီးလန့်စာ စားဖြစ်နေသော အချိန်ဖြစ်လေသည်။

တစ်နာရီခန့်ကြာ၍ စစ်တပ်များ ပြန်သွားသောအခါမှ ကျွန်ုပ်အား ညဥ့် အစောင့်ကျသော စန္တရီထောင်ပြာတာတစ်ယောက်က ပြောပြသဖြင့် ထောင် မှူးကြီး "မစ္စတာဂျုံး" အားတစ်စုံတစ်ယောက်သောသူက သေနတ်နှင့်ပစ်သတ် သွားကြောင်း၊ အလောင်းကို ဆေးရုံကြီးသို့ ယူသွားပြီဖြစ်ကြောင်း သိရ၏။

ဘိုးငွေမှာ စကားတစ်စုံတစ်ရာမပြောဘဲ စောင်ကို ခေါင်းမြီးခြုံကာ အိပ် စက်လျက်ရှိရာ ကျွန်ုပ်မှာ ထောင်မှူးကြီးမျက်နှာကို တရေးရေးမြင်ကာ ရတ် တရက် အိပ်၍မပျော်နိုင်ဘဲ မျက်စိကြောင်လျက်ရှိလေ၏။ မစ္စတာဂျုံးမှာ ထောင်သားများအပေါ်တွင် ရက်ရက်စက်စက် ဥပဒေလက်လွတ် ညှဉ်းပန်း နှိပ်စက်တတ်သည် မှန်သော်လည်း ကျွန်ုပ်အပေါ်၌မူ ဖော်ဖော်ရွေရွေပြုလုပ် ခဲ့သဖြင့် လူတစ်ဦးတစ်ယောက်အနေဖြင့်ကြည့်လျှင် ရက်စက်ရာကျသော် လည်း ထောင်သားအများ၏ အကျိုးရှိရာရှိကြောင်းအတွက် ပြုလုပ်ခြင်းဖြစ် ရကားဝမ်းမနည်းလှချေ။ သို့သော် လူတို့မည်သည်သေသောအခါ၌ "ကောင်း ကျိုး၊ ဆိုးကျိုး" ရှိသည့်အနက် "ကောင်းကျိုး" ကိုသာ ရွေး၍ အမှတ်ရသော သဖြင့်သာ ကျွန်ုပ်အပေါ်၌ ဖော်ရွေခဲ့ပုံများကို အမှတ်ရခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့နံနက်၌အရေးပိုင်နှင့်တကွရာဇဝတ်ဝန်ကြီး၊ပုလိပ်အရာရှိများ၊ စုံထောက်များပါ ကားနှင့် ရောက်လာကြပြီးလျှင် စုံထောက်အရာရှိနှစ်ယောက်တို့သည် ထောင်သားအားလုံးတို့အား "တန်းစီ" စေပြီးနောက် တစ်ယောက်မကျန် စစ်ဆေး၏၊ ထောင်တန်းလျားများကိုလည်း ပိုက်စိပ်တိုက်၍ရှာဖွေလေ၏၊ သို့သော်မည်သည့်နေရာကမျှ သံသယရှိနိုင်လောက်သော သဲလွန်စကို မရကြချေ၊

ထို့နောက် စုံထောက်များသည် ထောင်မှူးကြီးအိမ်သို့သွားရောက်ကြည့်ရှုကာ ရှာဖွေစစ်ဆေး၏၊ ထောင်မှူးကြီး၏ သေနတ်များကိုလည်း အသင့်တွေ့ရပြီးလျှင် ယမ်းတောင့်များကိုလည်း မှန်ကန်စွာ တွေ့ရှိရလေသည်၊

ထောင်မှူးကြီးမှာ ညစာစားနေစဉ် သေဆုံးခြင်းဖြစ်ရာ ဘဏ္ဍာစိုး၏ အစစ်ခံချက်အရထောင်မှူးကြီးမှာညတိုင်း (၇) နာရီတိတိတွင် စားပွဲ၌ထိုင်၍ ရှစ်နာရီအထိ စားသောက်တတ်ကြောင်း၊ အိမ်ပေါ်တွင်မီမီကလွဲ၍မည်သူမျှ မရှိကြောင်း၊ အိမ်တံခါးများမှာလည်း ထိုအချိန်က အားလုံးပိတ်ထားကြောင်း၊ သို့သော် ပြတင်းပေါက်များကို ဖွင့်ထားကြောင်း၊ ခုနစ်နာရီခွဲလောက်၌ မီမီသည် မီးဖိုခန်းတွင် ပေါင်မုန့်ကိုကြက်ဥနှင့်ကြော်လျက်ရှိစဉ် သေနတ်သံ နှစ်ချက်ဆင့်၍ကြားလိုက်ရသဖြင့် အိမ်ရှေ့ခန်းသို့ကမန်းကတန်း ပြေးထွက်လာရာ ထောင်မှူးကြီးမှာ စားပွဲပေါ်သို့ ခေါင်းစိုက်ကျကာ လဲနေသည်ကို တွေ့ရကြောင်း၊ သေနတ်ဒဏ်ရာမှာ လက်ယာဘက် လက်ပုံကို နောက်မှ ဖောက်ထွင်း၍ ရှေ့သို့ထွက်သွားသည်ကို တွေ့ရကြောင်းများဖြင့် အစစ်ခံကြောင်း သိရှိရလေသည်၊

စုံထောက်များသည် ထောင်မှူးကြီး ကျောပေး၍ ထိုင်နေသောဘက်၌ ပွင့်၍နေသောပြတင်းပေါက်မှ ကြည့်သောအခါ ဝါးတစ်ရိုက် မရှိတရှိတွင် ကွေး၍ကျနေသော ကုက္ကိုကိုင်းကြီးကိုတွေ့ရသဖြင့် ထိုကုက္ကိုကိုင်းပေါ်မှ လှမ်း၍ပစ်ရမည်ဟုယူဆကာ ထောင်နံရံအပြင်သို့ ထွက်၍ ကုက္ကိုပင်ခြေရင်းတွင် ရှာဖွေရာပစ်ပြီး ယမ်းတောင့်ခွံတစ်ခုနှင့် ရှုပ်ယှက်ခတ်နေသော ခြေရာများကို တွေ့ရလေ၏။

ထိုအခါ စုံထောက်များ၏စိတ်တွင် ယခင်ကထက် သေချာ၍ သွားလေသည်၊

— ၂ —

ညနေ (၂)နာရီခွဲတွင် တောင်ယာကြီးသို့ အလုပ်ဆင်းရလေရာ ဘိုးငွေလည်းပါလာသဖြင့် ကျွန်ုပ်တို့မှာ ထိုအခါမှ အေးဆေးစွာ စကားပြောခွင့်ရလေသည်၊

ဘိုးငွေက ဆေးလိပ်တိုတစ်ခုကို ဝါးရင်း -

"ဘယ့်နှယ်လဲ - ဆရာ၊ ကျွန်တော် မပြောဘူးလား၊ ထောင်ပြင်ဘက်က ကုက္ကိုပင်ကြီးပေါ်ကနေပြီး ပစ်တယ်လို့ ပုလိပ်က ထင်မယ်ဆိုတာ ကျွန်တော် တစ်ခါတည်း အတတ်တွက်ပြီးသား - ဆရာရဲ့"

"အင်း - ဦးဘအောင်ကလည်းမင်းပေးလိုက်တဲ့ယမ်းတောင့်အခွံကလေး ပစ်ထားပြန်တော့ သာပြီး ယုတ္တိတန်သွားတာပေါ့၊ နေပါဦး - ဆရာ မသိလို့ မေးပါရစေဦး၊ ဘယ်သူက ဘယ်လိုလုပ်ပြီး ပစ်လိုက်တာလဲကွယ့်"

"ကျွန်တော် ငှားထားတဲ့လူပေါ့ - ဆရာ"

"ဘယ်သူလဲ - ဘဏ္ဍာစိုးများလား"

"ကျွန်တော်ငှားထားတဲ့လူဆိုတာ တခြားမဟုတ်ဘူး - ဆရာရေ့၊ ပြတင်းပေါက်နံဘေးနားက တိုင်မှာကပ်ထားတဲ့ အိမ်ရှည်နာရီကြီးပေါ့ - ဆရာ"

"ငှက်ရုပ်ကလေးရှိတဲ့ နာရီကြီးလား"

www.burmeseclassic.com

"ဒါပေါ့ - ဆရာ။ (၇) နာရီခွဲတိတိမှာ ငှက်ရုပ်ရှိတဲ့ အပေါက်ထဲကနေပြီး ပစ်လိုက်တာပေါ့။ ဒီအချိန် ဒီနေရာ ဒီကုလားထိုင်ပေါ်မှာ သူစားပွဲစားလိမ့်မယ်ဆိုတာ ကျွန်တော် တပ်အပ်သိပြီးသားပဲ။ သေနတ်ကလေးကို နာရီထဲထည့်ပြီး နာရီစက်နဲ့ ဆက်ထားလိုက်တာကိုး - ဆရာရဲ့"

"တယ်လည်း ဉာဏ်သွားပေတာပဲ - မောင်ဘိုးငွေရဲ့ ဉာဏ်စွမ်းကို ဆရာ ချီးကျူးပါတယ်"

"နာရီကြီးက အထဲကစက်တွေ အတော်ကောင်းတဲ့နာရီကြီး - ဆရာရဲ့။ ကျွန်တော် အမေရိကန်မှာနေတုန်းက တစ်ခါတွေ့ဖူးတယ်။ သည်တော့ အထဲကစက်တွေဟာ ဘယ်လိုအနေအထားရှိတယ်ဆိုတာ ကျွန်တော်က နားလည်ပြီးသားပဲ။ ငှက်ရုပ်ကလေးမြည်အောင် "မောင်း" ကလေးကတစ်ချက်ခေါက်ရတာကိုး ခင်ဗျ။ သည်တော့ မောင်းကလေးတစ်ချက် ခေါက်တဲ့နေရာမှာ သေနတ်မောင်းဖြုတ်သလို သံပတ်အပိုတစ်ခုနဲ့ တွဲပြီး တပ်ထားလိုက်တော့ နာရီလည်လာလို့ ဒီနေရာရောက်ရင် ယမ်းတောင့်အိမ်ကလေးကို မောင်းကလေးက တစ်ခါတည်း သွားရိုက်တာပဲ"

"ဒါနဲ့ (၂) ချက်တီးတဲ့အကွက်မှာ (၂) ချက်ပစ်နိုင်တာပေါ့"

"ဒါပေါ့ - ခင်ဗျာ။ နှစ်ချက်ပစ်ရင် ကိန်းသေပဲဆိုပြီး ကျွန်တော်လည်း သည်အတိုင်း စီစဉ်ခဲ့တာပဲ။ နာရီကြီးကိုလည်း သူထိုင်တဲ့ကုလားထိုင်နဲ့ ချိန်ထားတာကိုး ခင်ဗျ။ နို့ပေမဲ့ - သံသယကင်းအောင်ဟာ နာရီလက်တံကတော့ ပစ်တဲ့အခါမှာတုန်းက ၇ နာရီခွဲမှာ ရှိနေတာပါပဲ။ အတွင်းကထိုးတဲ့ နေရာကသာ (၂) ချက်ထိုးတဲ့ အကွက်ရောက်နေတာကိုး - ဆရာရဲ့"

"တယ်လည်း ဉာဏ်သွားတဲ့လူပါပေပဲ - မောင်ဘိုးငွေ"



"ကျွန်တော်က မကောင်းမှုနဲ့ အကျိုးပေးချင်လို့လား မပြောတတ်ပါဘူး ခင်ဗျာ။ ဒီလိုဘက်မှာ သူများထက် ထူးထူးချွန်ချွန် ကြံလို့စည်လို့ရတယ် ဆရာရဲ့"

"နို့ပေမဲ့ - မောင်ဘိုးငွေ ဉစ္စာက နာရီတွေသာမရှိရင် အခက်သားပဲ"

"ဒီလိုဆိုတော့လည်း တစ်မျိုးကြံဦးမှာပေါ့ - ဆရာရယ်"

မောင်ဘိုးငွေအား ဘိုးရွှေနှင့် ပြန်၍လဲယူရန်ကိစ္စ ကျန်သေးသဖြင့် ကျွန်ုပ်လည်းအခင်းဖြစ်ပွားပြီးနောက် (၂) ပတ်ခန့်အကြာ အေးအေးဆေးဆေး ရှိသောအချိန်၌ ဘိုးရွှေနှင့် ချိန်းထားပြီးနောက် တောင်ယာကြီးသို့ထွက်စဉ် အခြားဥပါယ်တံမျဉ်ဖြင့် ဦးပိုက်ကြီး၏ အကူအညီကိုတောင်းပြီးလျှင် လဲယူရ၏။ ကံကောင်းထောက်မသဖြင့် ဤနေရာ၌လည်း ချောချောမောမောပင် အောင်မြင်သွားလေသည်။

နောက်တစ်လခန့်အကြာတွင် ဘိုးရွှေလည်း ထောင်မှလွတ်လေ၏။ ထောင်မှူးကြီး၏ကျောကိုဖောက်၍ စားပွဲအံဆွဲဖုံး၌ရှုးဝင်နေသော ကျည်ဆန်နှင့် ကုက္ကိုပြင်ရင်းမှ ကောက်ရသော ယမ်းတောင့်အခွံတို့ကို နှိုင်းယှဉ်ကြည့်ရန် ဓာတုဗေဒဘက်သို့ တင်ပို့သောအခါ ဤကျည်ဆန်ကိုထွက်စေသော ယမ်းတောင့်ပင်ဖြစ်ကြောင်းနှင့် ဆိုင်ရာမှ အစီရင်ခံရာ ကျွန်ုပ်တို့၏ အကြံအစည်မှာ ပို၍ လုံခြုံသွားပြန်၏။

ထိုအချိန်မှာ ဝက်ထီးကန်နယ်တွင် သူပုန်များ ထကြွနေကြသဖြင့် ထောင်မှူးကြီးမှာလည်း လူမုန်းများသူတစ်ယောက်ဖြစ်သည့်အတိုင်း မကြာမီက ထောင်မှလွတ်သွားသော ဝက်ထီးကန်ရွာသားများသည် သူပုန်ဘက်သို့ ပါပြီးနောက် ထောင်မှူးကြီးအား တိတ်တဆိတ် လာရောက်ကြံစည်ခြင်းဖြစ်တန်လက္ခဏာရှိကြောင်း "ထင်ကြေး" ဖြင့် အမှုကို နောက်ဆုံးပိတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးကြီး သေဆုံးသွားပြီဖြစ်၍ သူ၏ပစ္စည်းများကို လေလံရောင်းချရာတွင် ကျွန်ုပ်အကြံပေးသည့်အတိုင်း ငှက်ရုပ်ပါသော နာရီကြီးကို လက်ထောက်ထောင်မှူးကလေးဦးဘအောင်က အဖိုးအများဆုံးပေး၍ ဆွဲယူလိုက်သဖြင့် ကျွန်ုပ်တို့၏ခြေရာများကို နောက်ဆုံးဖျောက်ဖျက်လိုက်လေသတည်း။

✲ ဒဂုန်ရွှေမျှား

စာမူများ
ပေးပို့လိုပါက

# သက်စွန့်ဆံဖျား ပျောက်ကြသွား



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးကြီးမားသော ပျားရည်ရရှိဖို့
ကြိုးပမ်းဆောင်ရွက်ကြရာတွင် တွေ့ကြုံရသည့်အန္တရာယ်၊
သားကောင်ဘေးရန်တို့ကို ဖွဲ့ဆိုထားသည့် ...

**ဆောင်းလ**ကုန်သွားသည်နှင့် နေ့တာက တဖြည်းဖြည်း ရှည်လာသည်၊ နေပူရှိန်ကလည်းပြင်းလာခဲ့သည်၊ ကျွဲ၊ နွားများကို ယခင်ကလယ်ကွင်းများထဲတွင်မွန်းတည့်မွန်းတိမ်းချိန်ထိ လွှတ်ကျောင်းထားပြီးမှအိမ်သို့ပြန်မောင်းလာသော်လည်း အပူရှိန် မပြင်းသေး၍ ပြဿနာမရှိခဲ့ပေ၊ ယခု နွေကာလဘက် ရောက်လာခဲ့ပြီဖြစ်၍ ကျွဲ၊ နွားများပင် စားကျက်လယ်ကွင်းများထဲ၌မွန်းတည့်ချိန်ထိအစာမစားနိုင်ကြပေ၊ အရိပ်ရှိရာ သစ်ပင်အောက်၊ တောချုံအောက်သို့ တိုးဝင်လာကြသည်၊ ထို့ကြောင့် ကျွဲ၊ နွားတို့အား အိမ်မှ စောစောလွှတ်ကျောင်း၍ နံနက်(၁၀)နာရီ၊ (၁၁)နာရီအချိန်ခန့်တွင် အိမ်ပြန်မောင်းလာကာ သစ်ပင်အောက်၊ တင်းကုပ်ထဲတို့တွင် သွင်းပြီး ချည်နှောင်ထားရသည်၊ ရေကိုလည်း



ရေတွင်းမှ ခပ်ယူ၍ တိုက်ပေးကြရသည်၊ ညနေပိုင်း နေစောင်းချိန် (၃)နာရီခန့်မှ တစ်ဖန်လယ်ကွင်းထဲ လွှတ်ကျောင်းကြရလေသည်၊

တကယ်တော့ - လယ်ကွင်းထဲ လွှတ်သာ ကျောင်းရသည်၊ သူတို့ စားသောက်ရန် မြက်က ရှားပါးနေ၏၊ ကန်သင်းဘေး၊ လယ်ခဲကြားမှ ပေါက်နေသော မြက်ပင်ကလေးများ၊ ကောက်ရိုးနွယ်လေးများ၊ ချုံနွယ်များကိုသာ ရှားရှားပါးပါး ရှာဖွေ စားသောက်ကြရလေသည်၊ တချို့လယ်သမားများက လယ်ကွက်တချို့တွင် နွားစာပြောင်းထည့်စိုက်ထားကြသဖြင့် နွေကာလတွင် ထိုပြောင်းပင်များကို ခုတ်ယူလာပြီး အိမ်ရောက်လျှင် ဓားနှင့်စဉ်း၍ နွားစာကျင်းထဲ ထည့်ကျွေးပေးကြသည်၊ တချို့က မြေပဲနုတ်သော အိမ်သို့ သွားပြီး ပဲဥများကို ခွေ့၍ ပဲရွက်များကို သယ်ယူလာကြပြီး ကျွေးပေးကြလေသည်၊

နွေနေ့ခင်းတွင် မြေပြင်ပေါ်၌ ဖိနပ်မပါပဲ ပူလွန်း၍ လမ်းမလျှောက်နိုင်ပေ၊ ထိုအချိန်တွင် သစ်ပင်များလည်း ရွက်ဟောင်း၊ ရွက်ရော်တို့ကြွေ၍ ရွက်သစ်လဲကြသည်၊ သစ်ပင်တကာမှာ ရိုးတံကျဲကျဲနှင့် အရုပ်ဆိုး အကျည်းတန်နေကြသည်၊

"ဟေ့ - မြကြီး - တင်းကုပ်ထဲ ထိုင်ပြီး ဘာတွေ ခုတ်နေတာလဲကွ"

"ဩော် - ဝါးစို့လေးတွေ ခုတ်ပြီး ချွန်နေတာလေဗျာ"

"ဘာလဲကွ - နွေဘက်ရောက်လာလို့ ပျားတက်သွားဖို့ပြင်နေပြီလား"

"အေးလေဗျာ - ဒီအလုပ်ကတော့ ကျွန်တော် တတ်ကျွမ်းတဲ့အလုပ်ဆိုတော့ အချိန်နဲ့ အခါနဲ့ လုပ်နေရတာပဲလေဗျာ"

ကိုမြကြီးက တစ်မိုက်ခန့် အရှည်ရှိသော ဝါးစို့ကလေးများကို ချွန်ပြီး စို့ထိပ်ကလေးများကို မီးသင်း၍ ကျပ်စိုးစင်ပေါ်တင်ကာ ကျပ်နိုးခံထားလေသည်၊

တစ်နေ့သော နံနက်စောစောတွင် ကိုမြကြီးတို့သားအဖနှစ်ယောက် တောထဲသွားရန် ပြင်ဆင်နေကြ၏၊

www.burmeseclassic.com

"သားရေ - ကြိုးတွေ၊ ပုံးတွေ သေချာထည့်နော်"

"ဟုတ်ကဲ့ - အဖေ။ ကျွန်တော် အားလုံးစုံအောင် ထည့်ပြီးပြီဗျ"

"ကဲ - ဒါဆိုရင် ထွက်ကြမယ်ဟေ့"

သားဖြစ်သူက လေးထောင့်သံပုံး၊ ကြိုးခွေ၊ ပစ္စည်းပစ္စယများ ထည့်ထားသော လွယ်အိတ်တို့ချည်ထားသည်ကိုထမ်းယူလာသည်။ ကိုမြကြီးက လက်ရိုက်သစ်သားဖုတစ်ခု၊ စို့များ ထည့်ထားသော ပလိုင်းကိုလွယ်ကာ ဓားတစ်ချောင်းကိုင်၍ထွက်လာခဲ့ကြသည်။ နေမပူမီတောထဲရောက်နိုင်ရန် စောစောထွက်လာကြသည်၊ သစ်တောများမှာ စိမ်းစိမ်းစိုစို မရှိကြ။ ရိုးတံကျဲကျဲနှင့် သစ်ရွက်များ ကြွေထားသော သစ်ပင်များကိုသာ တွေ့မြင်ကြရသည်၊ တချို့အပင်များက ရွက်သစ်ရွက်နုကလေးများ ပြန်၍ထွက်နေကြသည်၊

"သွက်သွက်လှမ်းဟေ့ - သားရေ၊ အဖေတို့သွားရမယ့်ခရီးက ဟိုအနောက်ဘက် ပဲခူးရိုးမတောင်တန်းကြီးရဲ့အနောက်ဘက်ထဲ တက်တက်စင်ဝေးတဲ့ နေရာအထိ သွားကြရမှာကွ"

မှန်ပေသည်၊ သူတို့က တကယ့်တောနက်ထဲသို့ရောက်အောင် သွားကြရမည်ဖြစ်သည်၊ တောနက်ထဲမှာသာ သစ်ပင်ကြီးများ၊ သစ်ပုပ်ပင်၊ ဏည င်ပင်ကြီးများ ပေါ်များစွာ ပေါက်ရောက်နေသည်၊ အနီးအနားတို့မှာက လူတို့ သစ်၊ ထင်းများအဖြစ် လှဲဖြတ်ခုတ်ထွင်ခဲ့ကြသဖြင့် အပင်ကြီးများ ပါးရှားနေ၏။

သူတို့အလုပ်က တောနက်ထဲ ရောက်အောင်သွားကြပြီး အပင်အမြင့်များ၏ အဖျားတွင် စွဲနေသော ပျားအုံများကို ရှာဖွေကာ ပျားတက်၍ ဖွပ်ယူကြရန် ဖြစ်သည်၊ နွေဘက်တွင် အိမ်ခြံထဲရှိ ဆေးရိုးပင်၊ သရက်ပင်တချို့၌ ပျားအုံ တွေ့ရတတ်၏။ ထိုပျားအုံမှာ ပန်းကန်ပြားတစ်ချပ်စာမျှသာ ရှိ၏။ အပင်ပေါ် တက်ကာ မီးတုတ်နှင့် မြှိုက်လျှင် ပျားကောင်များ သေကြ၊ ထွက်ပြေးကြလျှင် ထိုပျားအုံးမှ ပျားလဘို့ကို ဖဲ့ယူ၍ပျားရည်ညှစ်ယူလျှင် ပုလင်းတစ်ဝက်၊ လက်ဖက်ရည်ပန်းကန်တစ်လုံးစာမျှသာ ပျားရည် ရရှိ၏။ ယခု ကိုမြကြီးတို့ ပျားတက်သွားကြမည်က ထိုအသေးအဖွဲ့ပျားရည်ရှာသောအလုပ်မျိုးမဟုတ်ပေ။ ပျားတစ်ရုံ တက်ဖွပ်လျှင် ပျားရည် (၁၀)ပုလင်း၊ ပုလင်း (၂၀)မျှ ထွက်သော ပျားအုံကြီးများကို ဖွပ်ကြရန် ဖြစ်သည်။

"ဥသြ - ဥသြ - ဥသြ"

"ဟော - တောထဲက ဥသြငှက်တောင် နွေတွေးကို သီကျူးနေပြီကွ"

"ဥသြငှက်မြည်သံလေးက လွမ်းစရာလေးပဲနော် - ဖေကြီး"

"အေးလေကွာ - နွေကာလရဲ့သရုပ်ကို ဥသြငှက်ကလေးက သီကျူးပြနေတာပဲပေါ့ကွာ"

တောတက်လာကြရင်း ကျေးငှက်တို့၏ အော်မြည်သံများကို ကြားနေရသည်၊ သစ်ပင်၏ အခေါက်ကြားမှ ပိုးမွှားများ ထွက်လာကြစေရန် နှုတ်သီးနှင့် တတောက်တောက် ခေါက်၍အစာရှာနေသော သစ်တောက်ငှက်၊ တရှုံရှုံနှင့် ပျံသန်းနေသော အောင်လောင်ငှက်ကြီးများ၊ တစ်နေရာတွင် သစ်ပင်ကြီးများ၏ အဖျားတွင်တစ်ပင်မှ တစ်ပင်သို့ ကူးနေကြသော တောမျောက်အုပ်များကို မြင်တွေ့ကြရသည်။

"အဖေ - ကျွန်တော်တို့တောတက်လာကြတာခရီးလည်းအတော်ရောက်ကြပြီဗျာ၊ နေလည်း အတော်မြင့်လာလို့ ပင်ပန်းပြီး ဗိုက်လည်း ဆာလာပြီဗျ"

"အေးပါကွာ - သွားရင်းနဲ့ ရှေ့မှာ ရေစမ်းတွေ့ရင် နားကြပြီး ထမင်းစားကြတာပေါ့ကွာ"

"ဟာ - အဖေ - ရှေ့မှာ ရေစမ်းအိုင်တစ်အိုင် တွေ့ပြီဗျ။ ရေတွေက ကြည်စိမ်းနေတာပဲ၊ အေးလည်း အေးတယ်"

"ကဲ - ဒီရေစမ်းမှာ နားကြပြီး ထမင်းစားကြမယ်ဟေ့"

အိမ်မှ ထုပ်ယူလာခဲ့သော ထမင်းထုပ်ကို ဖြေကာ စားဦးစားဖျားအား တောပိုင်တောင်ပိုင်များကို တင်မြှောက်ပြီး စားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

"အဖေ - အဖေ - ဒီစမ်းရေအိုင်ဘေးမှာ ပျားကောင်တွေ ကျနေတယ်ဗျ"

"ဟာ - ဟုတ်တယ်ဟ၊ ဒါဆိုရင်တော့ - အဖေတို့ ပျားအုံကို မကြာမီ တွေ့ရတော့မှာပဲကွ"

"သားရေ - အဲဒီပျားကောင်တွေ ရေသောက်ပြီး ဘယ်နေရာဘက်ကို ပျံကြသလဲ သေချာကြည့်ထားဟေ့"

"အဖေရေ - ပျားကောင်တွေ အရှေ့ဘက်ကို ပျံတက်သွားကြတယ်ဗျ"

"နောက်ကော - ဘယ်ကို ပျံတာ တွေ့သေးလဲကွ"

"မတွေ့ဘူး - အဖေ၊ အရှေ့ဘက်ကိုပဲ ပျံသွားကြတာပဲဗျ"

"မင်းမှတ် - ပျားတွေဟာ အရှေ့ဘက်ကို ခြေရောင်ပြုပြီး ပျံပေမယ့် တော်တော်ဝေးဝေးရောက်တာနဲ့ သူတို့အုံရှိတဲ့နေရာကို ပြန်လှည့်ပြီး ပျံကြတာကွ၊ ရန်သူတွေ နောက်ယောင်ခံ မလိုက်နိုင်အောင်ပေါ့ကွာ"

"ဟာ - ဒါဆိုရင် ပျားကောင်တွေ ဉာဏ် တော်တော်များတာပဲနော်"

"အေးလေကွာ - အဲဒီလိုပါးနပ်ကြလို့လည်း ပျားမျိုးမတုံးတာပဲပေါ့ကွာ"

ကိုမြကြီးတို့လည်း သူတို့၏ပစ္စည်းများကို လွယ်ပိုးကာ အနောက်မြောက်ဘက်ဆီသို့ ထွက်လာကြကာ သစ်ပင်ကြီးများပေါ် မော့ကြည့်၍ ရှာဖွေလာခဲ့ကြသည်၊ သစ်တောများ၊ တောင်ကုန်း တောင်စောင်းများ၊ လျှိုမြောင်များကို ဖြတ်ကျော်ကာ ခက်ခက်ခဲခဲ ရှာဖွေလာခဲ့ကြသည်၊

"အဖေ - ဟိုက ကညင်ပင်ကြီးအများမှာ ခပ်မည်းမည်းကြီး လုံးတွေ့ရတယ် - အဖေ"

"မှန်း - ဘယ်မလဲကွ"

"ဟာ - အဲဒါ - ပျားအုံကြီးပေါ့ကွ၊ အောက်က ကြည့်တော့သာ ငယ်တယ်လို့ ထင်ရတာလေ၊ အနီးကပ်ကြည့်ရင် ဖျာနစ်ချပ်စာလောက် ကြီးတယ်ကွ"

"မာာ - အကြီးကြီးပဲနော်"



"ကြီးပြီလားကွာ၊ ရောမတွေ - ပျားကောင်တစ်ကောင်တစ်ကောင်ကလည်း လက်မလောက် ကြီးတယ်လေကွာ"

ကိုမြကြီးတို့ ပျားအုံရှာတွေ့ကြပြီဖြစ်၍ ညဘက်တွင် ပျားတက်ဖွပ်ကြရန်သာ ရှိတော့သည်၊ ထိုကညင်ပင်ကြီး၏ အောက်နားတွင် စခန်းချကြသည်၊

"ကဲ - သားက အဖေတို့ညစာအတွက် ဟိုအောက်က မြောင်းထဲက ရေနဲ့ဆန်ဆေးပြီး ထမင်းချက်ကွာ၊ ငါးခြောက်နစ်ပြားကိုလည်း မီးဖုတ်လိုက်ဟေ့"

ကိုမြကြီးက ညဘက်တွင် ပျားတက်ဖွပ်ရန် လိုအပ်သည်များ ကြိုတင်ပြင်ဆင်နေ၏၊ ကညင်ပင်ကြီးက လွှင့်နေအောင် မြင့်မားလှ၏၊ ပင်စည်ကြီးကလည်း လူနစ်ဖက်စာမျှ ကြီးမား၏၊ စို့ရိုက်၍ တက်ရမည်ပင် ဖြစ်သည်၊ တောထဲမှ နွယ်အခြောက်များကို ရှာဖွေပြီး ကျေအောင်ထုသည်၊ ပြီးလျှင် ကောက်ညှင်းထုပ် စည်းသလို နှီးဖြင့် တင်းတင်းစည်းသည်၊ ထိပ်နစ်ဖက်ညီအောင် ဓားနှင့် ခုတ်ဖြတ်၏၊

"ကဲ - သားရေ - ထမင်းကျက်ရင် အချိန်ရှိတုန်း စားကြရအောင်ကွ၊ မှောင်သွားရင် မီးထည့်လို့ မရဘူးဟေ့"

"မီးထည့်တော့ ဘာဖြုလို့လဲဗျ"

"အောက်က မီးထည့်ထားရင် ပျားတက်ဖွပ်တော့ ပျားတွေက လူကိုမြင်ပြီး ဆီးပြီးတုပ်မှာပေါ့ကွ"

စားသောက်ပြီးသည်နှင့် ပျားတက်ဖွပ်ယူရန် ပြင်ဆင်ကြသည်၊ ကိုမြကြီးက ထိုကညင်ပင်အရင်းတွင် ဝါးငုတ်ကလေးနစ်ချောင်းစိုက်ကာ ဝါးခြမ်းပြားသုံးလေးချောင်းခင်းကာ စင်ကလေး လုပ်သည်။ ပြီးလျှင် ထမင်းဦးကလေးချန်ထားသည်ကို ဖက်ကလေးနှင့် တင်သည်၊ ကွမ်းယာတစ်ယာလည်းရာပြီးတင်သည်၊ ပြီးလျှင် တောပိုင် တောင်ပိုင်နှင့် ကညင်ပင်တွင် စောင့်သော

www.burmeseclassic.com

အစောင့်အရှောက်တို့အား တင်မြှောက်ပသကာ ဘေးမသီ ရန်မခဘဲ များလွယ်လင့်တကူ ဖွပ်ယူရနိုင်ရန် ကူညီစောင့်ရှောက်ကြရန် တိုင်တည်ခဲ့လေသည်။ ပြီးလျှင် ကိုမြကြီးက အကျီအနက်၊ ဘောင်းဘီအနက်ဝတ်ကာ ခါးတွင်စိုးများ ထည့်ထားသော ပလိုင်းနှင့် လက်ရိုက်သစ်သားတုံးကို ချည်သည်။ ကြိုးခွေကိုလည်း ခါးတွင် ချည်သည်။

"ကဲ - သားရေ - အဖေအပင်ပေါ်ကိုတက်နေစဉ်မှာ သားကအပင်ရင်းမှာ ဓားကိုင်ပြီး သေချာစောင့်နော်၊ ဝက်ဝံတွေကလည်း များအုံရှိမှန်းသိကြတော့ အပင်ပေါ် တက်လာနိုင်တယ်ကွ၊ လာခဲ့ရင် ဓားနဲ့ ဆီးသာ ခုတ်ပေဟ့၊ အဖေ အပေါ်ရောက်လို့ ကြိုးချပေးရင် ပထမ နွယ်ခြောက်စည်းထိပ်ကို မီးရှို့လိုက်၊ မီးညီသွားရင် မီးတောက်ကို ငြိမ်းပြီး ကြိုးစမှာ ချည်ပြီး ကြိုးကို လွှပ်လိုက်၊ နောက်တစ်ခါ ကြိုးချပေးလာရင် လေးထောင့်ပုံးခွံကိုင်းမှာကြိုးချည်ပြီး အချက်ပြလိုက်နော်"

ကိုမြကြီးလည်း အပင်အောက် စောင့်နေမည့် သူ့သားအား အသေအချာ မှာကြားနေသည်၊ ညဘက်လည်းဖြစ်ပြန်၊ အပေါ်နှင့်အောက်က အမြင့်ကြီးဖြစ်၍ အော်ပြော၍ကြားနိုင်မည် မဟုတ်ပေ၊

"သား - အပင်ရင်းကနေပြီး ဓားကိုင်ထားပြီး သေချာစောင့်ကြည့်နော်၊ မကြည့်ခဲ့လို့ ဝက်ဝံတက်လာရင် အဖေက သစ်ပင်ပေါ်ရောက်နေတော့ ပြေးစရာ မရှိဘူးကွ၊ အပင်ပေါ်က ကျမှာပဲ"

သတိပေးမှာစရာရှိတာများကိုမှာကြားပြီးသောအခါ ကိုမြကြီးသစ်ပင်ကို ဦးသုံးကြိမ် ရှိခိုးကာ စတင်တက်ရန် ပြင်တော့သည်၊

ကညင်ပင်ကြီးက ကြီးမားလှသဖြင့် ဖက်တက်ရန် မဖြစ်ပေ၊ ကိုင်းတက်များက ဟိုးအပေါ်ဘက်နားတွင်သာ ရှိခြင်းကြောင့် ကိုင်းများပေါ်မှ ဆွဲကိုင်တက်ရန်လည်း မဖြစ်နိုင်ချေ၊ သို့သော်လည်း လူတို့ကြံဖန်လျှင် မဖြစ်နိုင်သည် မရှိပါချေ၊ တချို့က ခြေသလုံးခန့်ကြီးသော ကြလိုဝါးများကို လူ့ခြေတစ်လှမ်းစာတွင် ဓားဖြင့်အပေါက်ဖောက်၍ သစ်ပင်၏ပင်စည်တွင်ကပ်ကာ ထိုအပေါက်များထဲမှ စို့ရိုက်ထောင်ကြသည်၊ ဝါးတစ်လုံးဆုံးလျှင် နောက်ထပ် ဝါးတစ်လုံးဆက်ထောင်၍ စို့ရိုက်ကာ ပျားစွဲနေသော သစ်ကိုင်းသို့ ရောက်သည်အထိ ဝါးထောင်ကပ်၍ ထိုစို့များကို အားပြု၍ ပျားအုံရှိရာသို့ တက်ဖွပ်ကြလေသည်၊

"အို - ငါကတော့ ဒီလိုဝါးလုံးအပေါက်ဖောက်စို့ ထပ်ရိုက်ပြီး ထောင်တက်ရတာ အလုပ်ရှုပ်တယ်၊ စို့ငုတ်ရိုက်ပြီးတော့ပဲ နင်းတက်မယ်၊ ဒီလိုတက်တာက ငါတက်နေကျဖြစ်နေတော့ ကျွမ်းကျင်နေတာပဲလေ"

ဝါးလုံးအပေါက်ဖောက်စို့ရိုက်တက်သည့်နည်းက သတ္တိကြောင်သူတို့၏ အလုပ်ဟုလည်း အထင်ရှိသည်၊ ပြီးတော့ သစ်ပင်မြင့်သလောက်ကို ဝါးလုံးများအပေါက်ဖောက်ကာ ထောင်ရသဖြင့် သစ်ပင်မတက်မီတွင်ကြလိုဝါးတွေ တစ်ပုံကြီး ရှာခုတ်ကာ သယ်ယူရသည်၊ အလုပ်လည်း ရှုပ်ကာ ပင်ပန်းလှလေသည်၊

"ကဲ - သားရေ - မင်း အပင်ခြေရင်းက သေချာစောင့်ကြည့်နေပေတော့၊ အဖေတော့ မှောင်လာပြီမို့ အပင်ပေါ် စပြီးတက်တော့မယ်ဟေ့"

ကိုမြကြီးက မြေပြင်မှ ခြေတစ်လှမ်းခန့်တွင် ပလိုင်းထဲမှ ဝါးစို့တစ်ချောင်းကို နှိုက်ယူကာ သစ်ပင်၏ ပင်စည်အေးတွင် ထောင့်စိုက်လိုက်သည်၊ ပြီးမှ ခါးတွင် ကြိုးနှင့် ချည်ထားသော လက်ရိုက်သစ်သားတုံးဖြင့် ခပ်ဆတ်ဆတ် သုံးချက် ရိုက်သွင်းလိုက်သည်၊ ကိုမြကြီး ထိုစို့ငုတ်၏ပင်စည်ထဲ ဝင်နေသော နေရာနားမှ ခြေမနင့်ညှပ်ကာ ပင်စည်ကို အားပြု၍ ဆွဲတက်လိုက်သည်၊





www.burmeseclassic.com

www.burmeseclassic.com

ထိုသို့စို့ပေါ်တက်ရပ်သည့်အခါစို့၏သစ်ပင်ထဲ စိုက်ဝင်နေသောနေရာနားက ခြေမနှင့် ခြေခလယ်ညှပ်ကာ နင်းတက်ရသည်။ စို့၏ နောက်ဘက်နားကို နင်း၍မရပေ။ သစ်ပင်ထဲသို့ စို့အဝင်က လက်တစ်လုံးသာသာခန့်သာ ရှိသဖြင့် စို့က လူတစ်ကိုယ်လုံး၏အလေးချိန်ကို မခံနိုင်ပေ။ စို့ပေါ်နင်းတက်လေတိုင်း ထိုအချက်ကို သတိအမြဲထားပြီး တက်ရလေသည်။ သတိမေ့လျော့ပြီး စို့၏ နောက်မြီးပိုင်းကိုသာ နင်းမိလိုက်ပါက စို့ပြုတ်ကာ လူပါ သစ်ပင်အောက်သို့ ဖောက်ထိုးမိုးမျှော်ကျကာ ခပ်နိမ့်နိမ့်ဆိုလျှင် ကျိုးရုံ၊ ပွန်းပဲ့စုတ်ပြတ်ရုံ ရှိမည်။ အမြင့်မှသာ ကျခဲ့ပါက ပွဲချင်းပြီး သေမည်သာ ဖြစ်သည်။

ကိုမြကြီးလည်း ပလိုင်းထဲမှ စို့တစ်စို့ထုတ်လိုက်၊ လက်ရိုက်နှင့် သုံးချက် ရိုက်သွင်းလိုက်၊ သစ်ပင်အားပြုကာ ဆွဲတက်လိုက်ဖြင့် တစ်ထစ်ပြီးတစ်ထစ် တဖြည်းဖြည်း တက်လာနေလေသည်။ သူ စို့ကိုလက်ရိုက်နှင့် ရိုက်ရသည်က အားပါးတရ ရိုက်သွင်းရခြင်း မဟုတ်ပေ။ စို့ပေါ်၌ ခြေမနှင့် ညှပ်ကာ ခြေတစ်ဖက်က ရပ်ထားပြီး သစ်ပင်၏ပင်စည်ကို ရင်ဘတ်နှင့် ထိကပ်ထားသော ခါးမှ လက်ရိုက်နှင့် အသာအရာဆ၍ ခပ်ဆတ်ဆတ် ရိုက်သွင်းရခြင်း ဖြစ်သည်။ စို့များက ထိပ်အချွန်ကိုမီးသင်းထားပြီး ကျပ်ခိုးစင်တွင် တင်ထားခဲ့ခြင်းကြောင့် ခိုင်ခံ့လေသည်။ တစ်စို့ရိုက်လိုက်၊ နင်းတက်လိုက်ဖြင့် အချိန်တစ်နာရီခန့် အကြာတွင် သစ်ကိုင်းများရှိရာ ခွဆုံသို့ ရောက်ခဲ့တော့သည်။

"ဟာ – ပျားအုံစွဲနေတဲ့နေရာက ခွဆုံကနေ ဖြာထွက်နေတဲ့ သစ်ကိုင်းကြီး ရဲ့အဖျားဘက်မှာပါလား"

ထိုဖြာထွက်နေသော သစ်ကိုင်းကြီးက အလျားလိုက် ဖြစ်နေ၍ စို့ရိုက် စရာ မလိုပေ။ သို့သော် ထိုကိုင်းပေါ်မှနေ၍ ပျားအုံရှိရာသို့ သူ အရောက်သွား ရဦးမည်ဖြစ်သည်။ ဖြာထွက်နေသော သစ်ကိုင်းဆိုပေမယ့်ရေအိုးလုံးသာသာ ကြီး၏။ ညက မှောင်နေ၍ သစ်ကိုင်းကြီး ဘယ်လောက်ရှည်သည်ကို မမြင် ရပေ။ ကိုမြကြီးလည်း သစ်ကိုင်းငယ်တစ်ကိုင်းကို လှမ်းဆွဲချိုးယူကာ အရွက် များဖယ်၍ တောင်ဝှေးတစ်ချောင်းအဖြစ် လုပ်လိုက်သည်။ လေတိုက်၊ မတိုက် ကြည့်၍ လေငြိမ်နေသဖြင့် အမှောင်ထဲမှာပင် ထိုအလျားလိုက် သစ်ကိုင်းပေါ် သို့ တောင်ဝှေးသစ်ကိုင်းဖြင့် စမ်း၍ ထောက်ကာ မတ်တတ် အနေအထားဖြင့် လမ်းလျှောက်သွားရသည်။ လေတိုက်လျှင် ထိုင်နေ၍နားကာ လေငြိမ်အောင် စောင့်ဆိုင်းရသည်။ လေငြိမ်မှ ဆက်လျှောက်ရလေသည်။



"အင်း – ညမှောင်မှောင်ထဲမှာ သစ်ကိုင်းကြီးကို စမ်းထောင်ပြီး မတ်တတ်လျှောက်ရတာဟာ ငါ့အတွက် သက်စွန့်ဆံဖျားပါပဲလား။ မတော်တဆ ခြေသာ ချော်နင်းမိလို့ ဘုရားပါက အရိုးတခြား အသားတခြားနဲ့ ဘဝဆုံးရမှာပါလား။

www.burmeseclassic.com

"အင်း - ညမှောင်မှောင်ထဲမှာ သစ်ကိုင်းကြီးကို စမ်းထောင်ပြီး မတ်တတ်လျှောက်ရတာဟာ ငါ့အတွက် သက်စွန့်ဆံဖျားပါပဲလား။ မတော်တဆ ခြေသာ ချော်နင်းမိလို့ ကျပါက အရိုးတခြား၊ အသားတခြားနဲ့ ဘဝဆုံးရမှာပါလား"

ကိုမြကြီးကတော့ နေ့ကာလ ရောက်လာတိုင်း တောတောင်ထဲတွင် ပျားစွဲနေသော သစ်ပင်ကြီးများကို ရှာဖွေကာ တက်နေကျဖြစ်သောကြောင့် ထိုအခက်အခဲများကိုတော့ မမှုတော့ချေ။ သတ္တိလည်းကောင်းပြီး စိတ်လည်း တည်ငြိမ်မှု ရှိရလေသည်။ သူ တဖြည်းဖြည်းနှင့် အမှောင်ထဲအတိုင်း စမ်းထောက်၍ လျှောက်လာခဲ့သဖြင့် မကြာမီပျားစွဲနေသော ပျားအုံ၏အပေါ် သစ်ကိုင်းဖျားသို့ ရောက်လာခဲ့သည်၊ ထိုအခါ ခါးတွင် ခွေ၍ ချည်လာခဲ့သော ကြိုးကို ဖြေ၍ အောက်သို့ ချပေးလိုက်သည်၊

"ဟော - ကြိုးအပေါ်က ချပေးလာပြီပဲ၊ ဒါဆိုရင် ငါ နွယ်ခြောက်စည်းကို မီးညှိပြီး ချည်ပေးလိုက်ရတော့မှာပဲ"

သားဖြစ်သူက နွယ်ခြောက်စည်း၏ထိပ်ကိုမီးညီအောင် ရှို့၍မီးတောက်ကိုငြိမ်းကာ ကြိုးစတွင် ခိုင်စွာ ချည်ပြီး ကြိုးကို လှုပ်၍အချက်ပေးလိုက်သည်၊ ကြိုးစကို အပေါ်မှ ဆွဲတင်သဖြင့် နွယ်ခြောက်စည်း ပါသွားခဲ့သည်၊

"ဟာ - ပျားအုံဆီက မီးပွားတွေ ကျလာပါလား"

"ဟင် - ပျားကောင်တွေပါ တဝီဝီ တဖုတ်ဖုတ်နဲ့ ကျလာပါလား"

ကိုမြကြီးက မီးရဲနေသော နွယ်ခြောက်ထိပ်ဖြင့် ပျားအုံ၏ ဘေးတစ်ဖက်စီကို ထိုးပွတ်လိုက်၍ ပျားအုံတွင် စွဲနေသော ပျားကောင်များမှာ အတောင်များ မီးလောင်ပြီး အောက်သို့ကျသည့်ပျားများက ကျသည်၊ ပျားအုံမှ ပျံပြေးသည့်ပျားများကပျံပြေးခဲ့ကြသည်၊ ပျားအုံနှစ်ဖက်အနှံ့ကိုနွယ်ခြောက်မီးစဖြင့် ထိုးပွတ်ပြီး ပျားကောင်တွေမကျန်တော့မှ နွယ်ခြောက်စည်း ကျလာသည်နှင့်



လေးထောင့်သံပုံးကိုင်းကို ကြိုးခိုင်ခိုင်ချည်ကာ ကြိုးကို လှုပ်၍အချက်ပေးလိုက်ရာ မကြာမီ သံပုံးအပေါ်ဘက်သို့ တက်ပါသွားခဲ့တော့သည်။

သံပုံးအပေါ်သို့ရောက်လျှင် ကိုမြကြီးက ပျားအုံမှ ပျားသလက်များကို ဖဲ့ထည့်၍ ပျားသလက် ကုန်သောအခါ သံပုံးအား အပေါ်မှ ကြိုးနှင့် ထိန်း၍ တဖြည်းဖြည်း လျှောချပေးခဲ့လေသည်၊

မြေပြင်သို့ သံပုံးရောက်လာလျှင် သားက ကြိုးကိုလှုပ်၍ အချက်ပေးခဲ့သဖြင့် ကိုမြကြီးက ကြိုးကို မြေပြင်ပေါ်သို့ ပစ်ချခဲ့လေသည်၊

"ဟာ - ပျားသလက်တွေ လေးထောင့်သံပုံးနဲ့ အပြည့်ပါလား၊ ဒါဆိုရင် ပျားရည် ညှစ်ယူခဲ့ရင် ပုလင်းနှစ်ဆယ်လောက်တော့ ရမှာ သေချာတယ်"

ကိုမြကြီး ပျားဖွပ်သည့်အလုပ်ပြီးဆုံးခဲ့ပြီဖြစ်၍ သစ်ပင်ပေါ်မှပြန်ဆင်းလာရတော့သည်၊ အတက်က အတိုင်းပင် သစ်ကိုင်းပေါ်မှ တောင်ဝှေးတုတ်ဖြင့် စမ်းထောက်ကာ သစ်ပင်ခွဆုံသို့ မတ်တတ်လျှောက်ခဲ့သည်၊ ခွဆုံသို့ ရောက်လျှင် ဓားနားကာ စို့ငုတ်များကို နင်းဆင်းသည်၊ တစ်ငုတ်ကို နင်းဆင်းလိုက်၊ ထိုနင်းဆင်းပြီးသော စို့ငုတ်ကို ပြန်နှုတ်၍ ပလိုင်းထဲ ပြန်ထည့်လိုက်ဖြင့် တဖြည်းဖြည်း ဆင်းလာခဲ့တော့သည်၊

"အင်း - အခုမှပဲ စိတ်သက်သာရာရခဲ့တော့တယ် - သားရယ်"

မှန်ပေသည်။ ပျားတက်ဖွပ်ရန် သစ်ပင်ပေါ်စို့ငုတ်ရိုက်တက်လာသည်က ပျားရည်ဖွပ်ယူပြီး အောက်ပြန်ဆင်းလာသည်အထိ အောက်သို့ မရောက်ချင်းအချိန်မရွေးအန္တရာယ်တွေ့နိုင်လေသည်။ ခြေချော်ကျ၍လည်းကောင်း၊ စို့ငုတ်ပြုတ်ထွက်၍လည်းကောင်း၊ လက်ပန်းကျ၍လည်းကောင်း၊ လေတိုက်၍ သစ်ပင်မှ နောက်လန်ကျ၍လည်းကောင်း အောက်သို့ ပြုတ်ကျသေဆုံးနိုင်လေသည်၊

ယခုတော့ လူက အောက်ပြန်ရောက်လာခဲ့ပြီဖြစ်၍ အသက်အန္တရာယ်ကင်းနိုင်ခဲ့တော့ပေ၊



www.burmeseclassic.com

www.burmeseclassic.com

"သားရေ - မီးဖိုပြီး ရေနွေးတစ်လုံးတည်ကွာ၊ အမောပြေ သောက်ရအောင်၊ ပြီးမှပဲ ပျားရည်ပုံး ထမ်းပြီး ပြန်ကြတာပေါ့ကွာ"

မကြာမီအချိန်တွင် မိုးလင်းခဲ့ပြီဖြစ်၍ သားအဖနှစ်ယောက်လည်း ပျားရည်ပုံးကို ဦးပဲ့ထမ်းကာ ရွာဆီသို့ ပျော်ရွှင်စွာ ပြန်လာခဲ့ကြလေတော့သည်။

တင့်ထူး (ဓေယျဝတီ)


# စာမူရှင်များသို့

မရွေးချယ်သောစာမူများကိုပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း


# ငရဲသို့ဖြတ်လမ်း



www.burmeseclassic.com

ဂူကြီးအတွင်း တည်ရှိနေသော

ကျောက်ပန်းဆွဲ ဗုဒ္ဓဆင်းတုတော်များကို ဖြိုဖျက်လိုက်ရမှ

ဖြစ်ပေါ်လာသည့် ဖြစ်ရပ်ဆိုး ...။

**ဓမ္မသဂူ** ၀၀၀။ တရားစီရင်ရေးဆိုင်ရာ ကျင့်ထုံးဓမ္မသတ်နှင့် အခေါ်အဝေါ်ချင်း နီးစပ်သော်လည်း ဤဂူကြီးထဲ၌ လောလောဆယ် ဒူးတုပ်ထိုင်လျက် ရှိကြသည့် တရနာရွာသား အယောက် (၂၀)တို့ကမူ တရားမဲ့စွာသောအဆုံးအဖြတ်အား ခံယူရန်အတွက် အဆင်သင့်ရှိနေကြပေပြီ။

"မာစတာ ပြောတယ်။ တရနာရွာ ဘုန်းကြီးကျောင်းမှာထားတဲ့ စစ်လက်နက်ပစ္စည်းတွေ ဒီဂူကြီးထဲပြောင်းဖို့ နေရာလုပ်ပေးရမယ်တဲ့၊ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ၊ အမိုးပေါ်မှာရှိတဲ့ ကျောက်ပန်းဆွဲဆီက စိမ့်ရေတွေ တပေါက်ပေါက်ကျနေလို့ ကြမ်းပြင်မြေကြီးအားလုံး အစိုပြန် ဗွက်ထနေတာ။ အဲဒါကို တွဲလောင်းကျနေတဲ့ ကျောက်ပန်းဆွဲအားလုံး ဖြိုချပေးရမယ်။ ပြီးရင် ကြေမွတဲ့အထိ ထုရျေပြီး ဂူကြမ်းပြင်ကို ဒီနေ့ အပြီးခင်းရမယ်။ ဒီတာ၊ ကပ်တာတွေရှင်တော့ သေဖို့သာ ပြင်ကြတဲ့"

ဂျပန်စကားပြန်အဖြစ် အမိန့်ပေးသူက မျက်နှာကြောတင်းတင်း၊ လေသံပြင်းပြင်းနှင့် တားပြဗိုလ် ဘဆိုင်ဆိုသောလူ၊ သူ့အနား၌ရပ်နေသော ဂျပန်စစ်ဗိုလ်ကလည်း ကြောင်ခါးဖားဖင်သဏ္ဍာန်၊ ပိန်သွယ်သွယ်ခန္ဓာဖွဲ့စည်းပုံနှင့် ပျော့ပျောင်းသူဟု ထင်ရသော်လည်း ရက်စက်ကြမ်းကြုတ်ရာတွင် ကမ်းကုန်သူဖြစ်ကြောင်း ရွာသားများ သိထားကြပြီးသားပင်။ ဤဂျပန်စစ်ဗိုလ်၏ အသားအရေ နီစပ်စပ်ကိုကြည့်လျက် ရွာသားများက ဗိုလ်ငနီဆိုဟု နာမည်ပေးထားကြခြင်း ဖြစ်ပါသည်။

ဂူကြီး၏အမိုးပေါ်မှနေ၍ တွဲလောင်းကျလျက်ရှိသော အရွယ်အစားပုံသဏ္ဍာန်အမျိုးမျိုးနှင့် ဖြူဆွတ်ဆွတ် ကျောက်ပန်းဆွဲများစွာကို ဖြိုဖျက်ချရန်မှာ ကျောက်သားနဖြစ်သဖြင့် လွယ်ကူကြောင်း ရွာသားအားလုံး သိကြပါသည်။ သို့သော် ကျောက်ပန်းဆွဲတိုင်းတွင် မည်သည့်ခေတ်ကာလကပင် ထုဆစ်ထားခြင်းကို ခန့်မှန်းရန်မလွယ်သော ဗုဒ္ဓဘုရားရှင်၏ မုဒြာအမျိုးမျိုး ရုပ်တုတော်များအပြင် ရဟန္တာရုပ်တုများ၊ နတ်သိကြားပုံများကလည်း အများအပြားရှိနေကြခြင်းကြောင့် တားပြဗိုလ်ဘဆိုင်၏ အမိန့်ဖြင့် မည်သူမျှ စတင်လှုပ်ရှားဝံ့သည်ကို မတွေ့ရသေးဘဲ အားလုံးတွေဝေကြောက်ရွံ့နေကြဟန်ဖြင့် ငြိမ်သက်လျက် ရှိနေကြသည်။

ဓမ္မသဂူဆိုသည်မှာ ကရင်ပြည်နယ်မှ မြစ်ဖျားခံကာ မော်လမြိုင်မြို့ သံလွင်မြစ်ဝထိ စီးဆင်းလျက်ရှိသော ဂျိုင်းမြစ်ကမ်းတွင် ရှိပါသည်။ ကျွန်းဆိုးကော့ဘိန်း လွန်လာပြီးပါက မြစ်ကြောင်း၏တောင်ဘက်ကမ်းပါးကပ်လျက်တွင် ဓမ္မသဆိုသော မွန်ရွာကြီးရှိပြီး သုံးမိုင်ခန့် ဆက်လက်စုန်ဆင်းလိုက်ပါက တရနာရွာကြီးကိုပါ မြစ်ကမ်းပါးမှာပင် တွေ့ရပေမည်။ ဓမ္မသရွာအစွန်၌ရှိသော ထုံးကျောက်တောင်၏ အစသည် ဂျိုင်းမြစ်ဆီ သွယ်ဆင်းလျက် တသီးတခြားတောင်မတ်ကာ တောင်ထွတ်ပေါ်၌ သမိုင်းဝင်ဓမ္မသစေတီတော် စံပယ်လျက်ရှိသည်ကိုလည်း ဖူးမြင်နိုင်ပါသည်။ ၎င်းတောင်ထွတ်မှ စတင်၍ ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်၏ဆူးတောင်အလားတဖြည်းဖြည်းမြင့်တက်သွားသောတောင်တန်း၏အလယ်ဗဟိုအမြင့်ဆုံးဖြစ်သည့်အောက်တွင် တောင်ကို ကန့်လန့်ဖြတ်လျက် နှစ်ဖက်တိုးလျှိုပေါက်ဂူကြီးကို ဓမ္မသဂူဟု ခေါ်ကြခြင်းဖြစ်သည်။ ဂူကြီး၏အတွင်းပိုင်း အကျယ်အဝန်းသည် ဘောလုံးကွင်းနီးပါးဖြစ်ပြီး နွားလှည်းများ ဖြတ်သွားဖြတ်လာလမ်းအဖြစ် အသုံးဝင်လျက်ရှိသည်မှာ ယနေ့ထိတိုင်ပင်။

လုံ့စွပ်တပ်ရိုင်ဖယ်အသင့်ကိုင်ထားကြသော ဂျပန်စစ်သား(၅)ယောက်သည် ဂူဝနှစ်ဖက်ပေါက်၌ စောင့်နေကြသလို၊ ဂျပန်မိုလ်ငနီနှင့်အတူ မားပြဗိုလ် ဘဆိုင်အပြင် သူ့တပည့်(၄)ယောက်ကလည်း ရိုင်ဖယ်သေနတ်ကိုယ်စီကိုင်လျက် ရွာသားများအေးတွင် ဝိုင်းထားကြသည်။ ကျောက်ပန်းဆွဲများ ရိုက်ဖြိုရန်အရေးအတွက် တွေဝေငြိမ်သက်နေကြသော ရွာသားများကြောင့် ဂျပန်ဗိုလ်ငနီ ဒေါသထွက်လာဟန်တူသည်။ ဆာမူရိုင်းဓားတဆဆနှင့် ဘဆိုင်ကို ထပ်မံ၍ဟိန်းဟောက်နေသည်ကို တွေ့ရပြန်သည်။

"မာစတာ ပြောတယ်၊ ဘာဖြစ်လို့မလုပ်ကြသေးတာလဲတဲ့၊ ကဲ - ထကြကွာ - ထလေ၊ ဟာ - ဒီလူတွေတော့ကွာ - ကဲဟာ - ကဲဟာ"

သခင်အားရကျွန်ပါးဝစကားနှင့်အညီ ဘဆိုင်မှစတင်၍တန်းစီထိုင်နေကြသော ရွာသားများကို ဒူးနှင့်တိုက်၊ ခြေထောက်နှင့်ကန်၊ သေနတ်ဒင်နှင့်ဆောင့်ကာ ကြမ်းရမ်းပြလိုက်သည်ဆိုလျှင်ပင် သူ့လူလက်မရွံ့များကပါနီးစပ်ရာ ဝင်ကန်၊ ဝင်ရိုက်ကြရာ ငရဲပွက်သံအလား ညည်းသံ၊ အော်ဟစ်သံ၊ လဲပြိုသံများ ဆူညံလျက် အချို့ရွာသားများဆိုလျှင် သွေးစီးကြောင်းများမြင်မကောင်း၊ ရှုမကောင်းအောင် ဦးခေါင်းမှအစ တစ်ကိုယ်လုံး ရွှဲနစ်လျက်၊ သို့သော် အနေအထားပျက်ရုံလွဲ၍ မည်သူမျှ အလုပ်ထလုပ်မည့်ပုံမပေါ်သေးပေ။

"မလုပ်ရင်တော့ အားလုံးပစ်သတ်ဖို့ မာစတာ အမိန့်ပေးနေပြီနော်"

ပြောသည့်အတိုင်းလုပ်တော့မည့် ဂျပန်ဗိုလ်ငနီ၏အမူအယာကိုကြည့်ကာ အသက်အရွယ်အကြီးဆုံးဖြစ်သော ရွာသားနိုင်ဖျိုးကပင် စတင်လျက် ဆင်းတုရုပ်ပွားတော်များရှိရာ ကျောက်ပန်းဆွဲများဘက်သို့လှည့်ပြီး လက်အုပ်ချီ ကန်တော့လိုက်ချိန်တွင် မည်သို့သောအတွေးမျိုး ဝင်သွားသည်မသိ၊ ဂျပန်ဗိုလ်ငနီ၏လက်ထဲမှ ဆာမူရိုင်းဓားသည် ဖင်ယော်တစ်ကောင်ကဲ့သို့ လေထဲဝဲလျက် ဝင်းခနဲ လက်သွားချိန်နှင့်တစ်ပြိုင်တည်း နိုင်ဖျိုး၏ဦးခေါင်းပိုင်းသည် တိခနဲ ပြတ်သွားရာမှ မြေကြီးပေါ် လိမ့်သွားပုံမှာ အသည်းပျက်ဖွယ်ရာ တွေ့လိုက်ကြရသည်။ သွေးပေါက်တောက် ပန်းထွက်နေသော ကိုယ်လုံးပိုင်းကိုမူ ဓားပြဗိုလ် ဘဆိုင်ကိုယ်တိုင် ခြေထောက်နှင့် ကန်ချလိုက်မှ မြေကြီးပေါ် တုံးလုံးလဲကျသွားသည်မှာ ထိတ်လန့်စရာပင် ကောင်းနေပါသည်။

"ဒါ နမူနာစံပြပဲတဲ့ - မာစတာ ပြောနေတာနော်၊ အချိန်ထပ်ဆွဲနေရင်တော့လား တစ်ယောက်ပြီးတစ်ယောက် ဒီလူကြီးလိုပဲ ဇက်ဖြတ်ခံရမယ်တဲ့၊ ကဲ - လုပ်ကြလေဗျာ"

မည်သူမျှ တင်းခံ၍မနေရဲကြတော့ပေ၊ သွေးသံတရဲရဲနှင့် ချောက်ချားဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းက ရှေ့မှောက်၌ပင် သက်သေပြနေပြီဖြစ်ရာ ရွာသားအားလုံး ဝရုန်းသုန်းကားထကာ မျက်စိစုံမှိတ်လျက် ဆင်းတုရုပ်ပွားတော်များဖြင့် အတိပြီးသော ကျောက်ပန်းဆွဲများကို ရိုက်ချ၊ ဖြိုချ၊ ထုထောင်းကြနှင့် ဓမ္မသဂူအတွင်းပိုင်းတစ်ခုလုံး ဖုန်တထောင်းထောင်းထသည်အထိ ဆူညံလျက် ရှိပါတော့သည်။

— ✿ —

ဤဖြစ်ရပ်၏ အစနိဒါန်းကား ... ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးချိန်ဖြစ်သည်။ ဗမာ့ဖက်ဆစ်တော်လှန်ရေးတပ်များနှင့် မဟာမိတ်အင်္ဂလိပ်တို့ ပူးပေါင်းလျက် ပဲခူးရိုးမပေါ်မှဖြတ်၍ ဆုတ်ခွာလာသော ဂျပန်တပ်မကြီးအား ဝိုင်းဝန်းတိုက်ခိုက်ချေမှုန်းကြရာ နဂိုက ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် မိုးတွင်းပြတ်၍ အာဟာရချို့တဲ့သောဒဏ်အမျိုးမျိုးကို ခံစားနေရသည့် ဂျပန်တပ်မကြီးသည် ဖရိုဖရဲနှင့် စစ်တောင်းမြစ်အား တကွဲတပြားစီ ဖြတ်ကူး၍ ပြေးနေရသောအချိန်၊ စစ်တောင်းမြစ် ဖြတ်ကူးရာနေရာများတွင်လည်း ဂျပန်တပ်အစုအဖွဲ့များသည် တော်လှန်ရေးတပ်သားများ၏ ပစ်မှတ်အဖြစ် သေကြေကျဆုံးခဲ့ကြသည်မှာလည်း မနည်းမနောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့တကွဲတပြားစီနှင့်အသေအပျောက်များစွာဖြင့်သွေးရူးသွေးတန်း ဆုတ်ခွာပြေးလျက်ရှိသော ဂျပန်တပ်မကြီး၏ အစိတ်အပိုင်းတစ်ခုဟု ဆိုရမည့် အင်အား(၂၀၀)ခန့်ရှိသော အင်ဂျင်နီယာတပ်ဖွဲ့သည် ဝမ်းကိုက်ရောဂါကြောင့်မလှုပ်ရှားနိုင်သော ဗိုလ်မှူးကြီးအဆင့်ရှိအရာရှိတစ်ယောက်နှင့်အတူ ကာကီဖျော့ရောင်သဘော်ငယ် (၁၁)စီးဖြင့် မော်လမြိုင်မှနေ၍ ဂျိုင်းမြစ်အတိုင်း ဆန်တက်ကာ ညမှောင်ချိန်ရောက်မှ တရနာရွာသို့ရောက်ရှိလာကြခြင်းဖြစ်သည်။ ၎င်းတို့ရောက်ရှိချိန် ည(၁၀)နာရီခန့်မှာပင် ကမ်းနားဘုန်းတော်ကြီးကျောင်းဝင်းထဲ စခန်းချကြပြီး ရွာထဲက ဆန်နှင့်ကြက်ဝက်များ အတင်းအဓမ္မလုယက်ကာ ချက်ပြုတ်စားသောက်ကြရုံမက တပ်ပျက်လာသော ဖက်ဆစ်ပီပီ ဘီလူးသဘက်စီးသကဲ့သို့ ရွာသားများကို ရိုက်နှက်ဆဲဆိုစုရုံးလျက် ရွာထဲမှ ကွမ်းသီးပင်၊ အုန်းပင်များ လှဲချခိုင်း၍ ၎င်းအပင်လုံးများဖြင့် ဘုန်းတော်ကြီးကျောင်းလှေဆိပ်မှာပင် ရေဆင်းတံတား တည်ဆောက်ခိုင်းခဲ့ပါသေးသည်။ နောက်ထပ် ဆုတ်ခွာရောက်ရှိလာကြဦးမည့် ဂျပန်တပ်ပျက်များအတွက် သဘော်ဆိုက်ကပ်မှု လွယ်ကူစေရန်ဖြစ်ကြောင်း နောက်မှ ရွာသားများ သိကြရသည်။

ဂျပန်စစ်အင်ဂျင်နီယာတပ်ပျက်နှင့်အတူပါလာသော ပစ္စည်းများကို သိမ်နှင့်ဇရပ်များတွင်ထားပြီး အလွန်လေးလံသောသံသေတ္တာကြီး(၄)လုံးကိုမူ ရောဂါသည် ဂျပန်ဗိုလ်မှူးကြီး နေရာယူထားသော ကျောင်းပေါ်သို့ လူအင်အားနှင့် သယ်တင်ထားကြသည်။ ဖက်ဆစ်ဂျပန်တစ်ခေတ်လုံးစစ်ဘေးဒဏ်မှ လွတ်သလို နေထိုင်ခဲ့သော တရနာရွာသည် ယခုဂျပန်တပ်ပျက်ကြီး ရောက်ရှိလာချိန်မှစကာ ညနေဘက်တိုင်း မဟာမိတ်စစ်လေယာဉ်များ လာရောက်ပုံးကြသည်နှင့် ဆုံရပါတော့သည်။ သည်ကြားထဲ တောမီးလောင်တောကြောင်လက်ခမောင်းခတ်ဆိုသကဲ့သို့ ဒေသခံဓားပြဗိုလ်ဘဆိုင်နှင့် သူ့ငယ်သားများကပါ ရွာစဉ်လိုက်၍ ဓားပြတိုက် လုယက်လျက်ရှိသည်မှာ ပြောင်ပြောင်တင်းတင်းဟုပင် ဆိုရပေမည်။

ဘဆိုင်၏နောက်ကြောင်းရာဇဝင်ကိုပြန်ကြည့်လျှင် ကောင်းကွက်ဟူ၍ တစ်ခုမျှရှိမည်မဟုတ်ပေ။ မည်သည့်အလုပ်မျိုးကိုမှလက်ကြောတင်းအောင်



မလုပ်ဘဲ လစ်လျှင်လစ်သလို ရွာအစုံ ဓားပြတိုက်စားလာသူဖြစ်သည်။ တစ်ရွာတစ်ကျေးဆောက်စကားနှင့်ညီစွာ မယားကလည်း လေးငါးယောက် မကသေး။ နောက်ဆုံးဖြစ်သည့် ဇာသပြင်ရွာဓားပြမှုနှင့် ပုလိပ်များ ဖမ်းမိရာတွင် မော်လမြိုင်ထောင်သို့ ရောက်သွားရသည်။ တစ်ဖန် အင်္ဂလိပ်အပြေး ဂျပန်အဝင် ထောင်ဖောက်ပြေးကြရာတွင် ဘဆိုင်ပါ လွတ်မြောက်သွားပြီး ရွာသို့ပြန်လာစဉ်မှာ ချွေးတပ်ဆွဲသော ဂျပန်ကင်ပေတိုင်မှ ဖမ်းမိသဖြင့် သံဖြူဇရပ်ချွေးတပ်စခန်းသို့ ပို့ဆောင်ခြင်း ခံရပြန်သည်။ ပင်ကိုက လူရည်လည်သော ဘဆိုင်သည် သံဖြူဇရပ်ချွေးတပ်စခန်းတွင် ဂျပန်အရာရှိများ၏ လှုပ်ယှက်အဝယ်တော်ပမာ ရိက္ခာရှာဖွေရာတွင် လက်မရှိဘဲ ကျိုးနွံစွာ လုပ်ကိုင်ပေးရာက ဂျပန်စကားကိုပါ မှတ်နေအောင် ပြောဆိုတတ်သူ ဖြစ်လာပါသည်။ ဂျပန်တပ်များ အလဲအလှယ်လုပ်ရာတွင် လူလည်ဖြစ်သော ဘဆိုင်ပါ ဂျပန်စစ်ဗိုလ်နှင့်ပေါင်းကာ မော်လမြိုင်ရောက်လာပြီးမှ သူ့ဒေသ ဂျိုင်းမြစ်ကမ်းရွာသို့ ပြန်ပြီးမှလလက်ဟောင်းဓားပြတိုက်ခြင်းအလုပ်နှင့်ပင်အသက်ဆက်လျက်ရှိသည်မှာ ယနေ့ထိတိုင်ပင် ဖြစ်ပါသည်။

တိုင်းရက်သည့် ကပ္ပလာ၊ မိုးရွာသည်နှင့် အသင့်ဟု ဆိုရပေမည်။ ဂျပန်တပ်ပျက်ကြီး တရနာရွာသို့ရောက်ပြီး နောက်တစ်နေ့၌ပင် ဘဆိုင်ကိုယ်တိုင် ရိက္ခာအဖြစ် နွား(၃)ကောင် လာပို့ရင်း ဂျပန်စကားဖြင့် ရေလည်စွာ မိတ်ဆက်ရာက ဂျပန်စစ်ဗိုလ်ငနီ၏ ကမ်းလှမ်းမှုဖြင့် ဘဆိုင်နှင့် ငနီတို့ လက်တွဲဖြစ်ကြခြင်းသည် ဒေသခံတို့၏ အကုသိုလ်တစ်မျိုးဟုဆိုပါက မှားမည်မထင်ပေ။ ဗိုလ်ငနီကလည်း ရောဂါဝေဒနာ ခံစားနေရသော ဂျပန်ဗိုလ်မှူးကြီးမှ ယုံကြည်စွာ တပ်ကို အပ်နှံထားသူ၊ ဓားပြဗိုလ်ဘဆိုင်ကလည်း ငနီထံမှ လိုင်စင်ရထားသကဲ့သို့ ဓားပြတိုက်သည့်လုပ်ငန်းကို ကမ်းကုန်အောင်လုပ်ရင်း တိုက်ရာပါများကို ဗိုလ်ငနီနှင့် တစ်ဝက်စီ ဝေစုစားခြင်းဖြင့် သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ ပေါင်းဖက်မွေ့နေကြခြင်းဆိုပါက ပို၍မှန်ကန်လိမ့်မည် ထင်ပါသည်။

မည်သို့ပင်ဆိုစေ ... စစ်ရှုံး၍ ဖရိုဖရဲ ဆုတ်ခွာနေကြရသော ဂျပန်တပ်များ၏နောက်သို့ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်လျက်ရှိကြသော ဗမာ့ဖက်ဆစ်တော်လှန်ရေး ပဉ္စမံတပ်သားတို့၏ သတင်းပေးပို့ချက်ဖြင့် တရနာ

www.burmeseclassic.com

ဘုန်းတော်ကြီးကျောင်း၌ စခန်းချလျက်ရှိသော ဂျပန်အင်ဂျင်နီယာတပ်ဖျက်အား မဟာမိတ်အင်္ဂလိပ်တို့၏ စစ်လေယာဉ်များသည် ညနေတိုင်း လာရောက်ဗုံးကြဲနေခြင်းကြောင့် ဗိုလ်ငနီက တပ်နေရာ ပြောင်းရွှေ့ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ အရေးကြီးသော လက်နက်ခဲယမ်းများနှင့် ကျောင်းပေါ်၌ ထားရှိသော သံသေတ္တာကြီး (၄) လုံးကို လုံခြုံစွာထားရန် နေရာရှာရင်းမှ မြွေသဂူကြီးအား ရွေးချယ်ခဲ့ခြင်းသည်လည်း ဘဆိုင်၏အကြံဉာဏ်ဟု ဆိုနိုင်ပါသည်။

မှန်ပါသည်။ မြွေသဂူကြီးထဲ၌ရှိသော ကျောက်ပန်းဆွဲများ ဖြိုဖျက်ချရန် ခိုင်းစေရာတွင် ရွာသားများ ငြင်းဆန်သလို မလှုပ်မယှက်ဖြစ်ခဲ့ကြသည်မှာလည်း ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် ကျောက်ပန်းဆွဲများ၌ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကြောင့် လက်ရွံ့နေကြခြင်း ဖြစ်ပါသည်။ သို့သော် ဂျပန်ဗိုလ်ငနီ၏ ဆာမူရိုင်းဓားက အဘနိုင်ချိုင်း၏ဦးခေါင်းအား တိခနဲပြတ်သွားစေသည်အထိ ရက်စက်ကြမ်းကြုတ်ခြင်းကို မြင်ကြရမှ မည်သူမျှ တင်းခံမရဲကြတော့ဘဲ သွေးမျက်ရည်နှောကာ ကျောက်ပန်းဆွဲများကို ဖြိုချထုရေခင်းလိုက်ကြသည်မှာ ညမှောင်စမှာပင် ဂူကြမ်းခင်း ပြီးစီးသွားပါသည်။ ရွာသားများ နားချိန်မရသေးဘဲ တရနာဘုန်းကြီးကျောင်း၌ထားသော အလွန်လေးလံလှသည့် သံသေတ္တာကြီး(၄)လုံးနှင့် လက်နက်ခဲယမ်းတို့ကိုပါ (၃) မိုင်ခန့်ဝေးသော ဂူကြီးထိ သယ်ဆောင်ပေးခဲ့ကြရပါသေးသည်။

ထိုနေ့မှစကာ တရနာရွာတွင် ဂျပန်တပ်ပျက်ကြီး မနေတော့ဘဲ ရွာ၏ အရှေ့ဘက်ဝေးဝေး တောတွင်းကျွန်းကုန်းစခန်းသို့ ပြောင်းရွှေ့သွားကြသည်မှာ အလုံးအရင်းပင် ဖြစ်သည်။ မြွေသဂူထဲတွင်မူ ဗိုလ်ငနီနှင့် သူ့ရဲဘော် (၅) ယောက်တို့သာ လုံခြုံရေးယူ ခိုအောင်းနေကြပြီး အကြောင်းရှိပါက ဘဆိုင်ကိုပင် ဂူဆီသို့ အလာမခံဘဲ တစ်နေရာတွင် ဗိုလ်ငနီကိုယ်တိုင် သွားတွေ့ကာ အပေးအယူ လုပ်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေ၊ အလွန်လေးလံပြီး ဗိုလ်ငနီကိုယ်တိုင်အလေးပြုလျက်ရှိသော ဤသံသေတ္တာကြီး(၄)လုံးသည် အရပ်ရပ်မှ ဂျပန်တပ်များသိမ်းဆည်းလာသော တန်ဖိုးကြီးရွှေငွေလက်ဝတ်ရတနာများမှလွဲ၍ အခြားဘာမျှမဖြစ်နိုင်ကြောင်း ဓားပြဗိုလ် ဘဆိုင်က ရိပ်စားမိပြီးသားဖြစ်၏။



ဝင်၊ ဗိုလ်ငနီသည် အခွင့်သာသည်နှင့် ရရာလှေများ ဆွဲပြီး သံသေတ္တာကြီးများနှင့်အတူ ဂျိုင်းမြစ်ကိုဆန်၍ ကျူးဖိုးမှ တစ်ဆင့် တစ်ဖက်နိုင်ငံဘက် သယ်ဆောင်ထွက်ပြေးလိမ့်မည်ကိုပါ ဘဆိုင် ခန့်မှန်းထားပြီးသားဆိုလျှင်။

— —

ဖက်ဆစ်စနစ်၏ ဇာတ်သိမ်းခန်းဟု ဆိုရမည်ဖြစ်သော ဂျပန်များ လက်နက်ချသည့်နေ့သို့ ရောက်လာပေပြီ။

၁၉၄၅ – ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင် တိုကျိုပင်လယ်အော်ထဲရှိသော အမေရိကန်စစ်သင်္ဘော အက်(စ်)အက်(စ်)မစ်ဆူရီပေါ်၌ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး မက်အာသာ၏ရှေ့မှောက်တွင် ဂျပန်တို့ အကြွင်းမဲ့ လက်နက်ချ အညံ့ခံကြောင်း လက်မှတ်ရေးထိုးလိုက်ကြပြီးချိန် ဖြစ်သည်။

မြန်မာနိုင်ငံနေရာအနှံ့အပြားတို့၌ တကွဲတပြားစီ ရောက်ရှိနေကြသော ဂျပန်တပ်များသည် နီးရာမဟာမိတ်တပ်များသို့ ဆက်သွယ်သတင်းပို့လက်နက်အပ်နှံကြသကဲ့သို့ တရနာရွာ၊ ကျွန်းကုန်းတွင်ရှိသော ဂျပန်အင်ဂျင်နီယာတပ်ဖျက်သည်လည်း ဂျိုင်းမြစ်အား ဆန်၍ ဆုတ်ခွာရန် အစီအစဉ်ဖျက်ပြယ်ကာ အင်္ဂလိပ်တပ်မှ လာရောက်ခေါ်ဆောင်ရာနောက်သို့ စစ်သင်္ဘောများဖြင့် လိုက်ပါသွားကြရသည်။ ဂျပန်တို့သည် တရနာရွာသို့ ရောက်လာစဉ်က ကြမ်းတမ်းရက်စက်စွာ ဘီလူးအသွင် ဆောင်ခဲ့သလောက် လက်နက်ချပြီး ပြန်ထွက်ချိန်တွင်မူ အစွယ်ကျိုး မာန်ကျလျက် သင်္ဘောပေါ် ပါသွားသော ဂျပန်စစ်သားများကို မြင်လိုက်ကြသော ရွာသားအချို့မှာ လျှင်ကရုဏာသက်ကာ မျက်ရည်ဝဲကြပါသေးသည်။ သို့သော် သင်္ဘောများ ရေဆင်းတံတားမှ ထွက်ခွာသွားချိန် အစအဆုံး မြင်ခဲ့ရသော ဓားပြဗိုလ် ဘဆိုင်ကမူ ကြိတ်မနိုင်၊ ခဲမရနှင့် လက်သီးဆုပ် တောက်ခေါက်လျက် ရှိနေဆဲပင်။

"ထွီ – ငနီဆိုတဲ့ကောင်ကတော့ လူလည်ကျသွားပြီ ထင်တယ်ကွာ။ ဂျပန်စစ်သားအားလုံးကို အင်္ဂလိပ်တပ်က တစ်ယောက်ချင်း လူစစ်ပြီး သင်္ဘောပေါ်တင်တာ ငါ အကုန်မြင်ခဲ့ရတာပဲ။ အဲတာ – ငနီနဲ့ သူ့ရဲဘော်ငါးယောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သွားတာ လုံးဝမတွေ့ဘူးကွ၊ ဟိုမွေသဂူထဲထားတဲ့ သံသေတ္တာကြီးလေးလုံး တင်တာလည်းမတွေ့ဘူး၊ တောက် - ဒါ - ဒါ - ငနီဆိုတဲ့ကောင်လေးတွေဆွဲပြီး ဂျိုင်းမြစ်အတိုင်း ဆန်ပြေးပြီထင်တာပဲ၊ အချိန်ဆွဲနေလို့ မဖြစ်ဘူးဟော့၊ မွေသဂူ ပြန်ကြည့်လို့မှ မရှိတော့ရင် ငါတို့ ဖြတ်လမ်းက လိုက်ချရင် မီသေးတယ်၊ သံသေတ္တာတွေထဲမှာ သူတို့တပ်က စုလာတဲ့ အဖိုးတန် စိန်ရွှေရတနာ တွေပါလို့ ဒီကောင်တွေ သုတ်ပြေးတာ သေချာနေပြီကွာ၊ ငါတို့နယ်မြေ ငါတို့ ကျွမ်းကျင်ပြီးသားပဲဟာ၊ ဒီကောင်တွေ လွတ်ဖို့ ဘယ်လွယ်ပါ့မလဲ၊ ကဲ - သွားကြမယ်ဟေ့"

ဘဆိုင်၏တွက်ကိန်းသည် ကက်ကင်းရိုက်ရန်ပင် မလိုအောင် ကွက်တိ မှန်ကန်နေသည်ဟု ဆိုရမည်ပင်၊ သူတို့အဖွဲ့ မွေသဂူကြီးထဲ ရောက်သည်နှင့် အကြီအကြားရှာဖွေကြရာ ကျောက်မှန်ကြမ်းခင်းပေါ်၌ ရှပ်ယှက်ခတ်နေသော စစ်ဖိနပ်ရာများနှင့် သံသေတ္တာကြီးများအား ဒရွတ်တိုက်ဆွဲသွားသော စွတ်ကြောင်းများကလွဲ၍ ဘာမှမတွေ့ရတော့၊ ဘဆိုင်၏ အရက်ရှိန်ကြောင့် ထုအမ်းလျက်ရှိသော လိမ္မော်သီးပုပ်သဏ္ဌာန်မျက်နှာသည် မာကြောပြောင်လက်လာသည်မှာ သိသာလွန်းလှပေသည်၊

"နေ့တိုင်းပုံးကြဲနေတာ ဘယ်လေ့မှ မြစ်ထဲ မထွက်ကြတာ ကြာပြီကွာ၊ လောလောဆယ်မှာ သံသေတ္တာကြီးတွေကို ငနီတို့အဖွဲ့ ဒီတောင်ကြောတစ်နေရာရာ ပြောင်းပြီးဝှက်ထားကြမှာ သေချာတယ်၊ သယ်လို့မနိုင်တဲ့သေတ္တာတွေ ဆွဲသွားကြတဲ့ စွတ်ကြောင်းကြီးတွေ မြင်တယ်မဟုတ်လား၊ ဒီစွတ်ကြောင်းနဲ့ ခြေရာတွေ ဆုံးတဲ့နေရာထိ မိုးမချုပ်ခင် ဆက်လိုက်မှဖြစ်မယ်ဟေ့"

နေဝင်ချိန်ရောက်လုပြီးဖြစ်သည့်အပြင် မိုးဖွဲဖွဲပါ ကျနေသေးရာ မှောင်ရိပ်မသန်းမီအချိန်တွင် ငနီတို့၏အသိုက်ကို ခြေရာခံမိမှဖြစ်မည်ကို ဘဆိုင်သဘောပေါက်လိုက်ဟန်တူသည်၊ သူ့လူတွေကို ရိုင်ဖယ်သေနတ်အား အသင့်မောင်းတင်ထားစေပြီးမှ ခြေရာခံလုပ်ငန်းအားစတင်ကြပါတော့သည်၊ ဘဆိုင်၏ ခန့်မှန်းချက်က မမှားပေ၊ ခြေရာနှင့် စွတ်ကြောင်းများက လှေဆိပ်



ရှိရာဘက် ဦးမတည်ဘဲ တောင်ခြေလူသွားလမ်းပေါ်၌ပင် ပေါ်လိုက်၊ ပျောက်လိုက်၊ အချိုရှုံ့နယ်များဆိုလျှင် သံသေတ္တာကြီးများ မလွတ်သဖြင့် ကျိုးကြေ ကျန်ရစ်ခဲ့သည်မှာ လတ်လတ်ဆတ်ဆတ် တွေ့နေရပါသေးသည်၊ အမှောင်ကလည်း တဖြည်းဖြည်းရင့်လာရာ လက်နှိပ်ဓာတ်မီးမပါသော ဘဆိုင်တို့အဖွဲ့ အနေနှင့် ခြေရာခံရန် မလွယ်ကူတော့ခြင်းကြောင့် လက်လျှော့ရမလိုပင်ဖြစ်နေကြပါသည်၊

"ဆ - ဆရာ ဘဆိုင် - ဟို - ဟို - တောင်စောင်းနေရာ ကြည့်လိုက်စမ်း၊ မီးခိုးတွေ အူထွက်နေတာ တွေ့တယ်မဟုတ်လား၊ အဲဒီနေရာမှာ အရင်က ရသေ့တစ်ပါးတရားထိုင်တဲ့ဂူရှိတယ်ဗျာ၊ ဂျပန်တွေရောက်ပြီးမှ ရသေ့လည်း ပျောက်သွားတာ၊ ဘယ်သူမှနေတော့တာမဟုတ်ပဲနဲ့ မီးခိုးက ဘာဖြစ်လို့ ထွက်နေရတာလဲ၊ ကေနတော့ဗျာ ..."

အမှောင်ရိပ်ဖြင့် ပြာနက်နေသော တောင်စောင်းနောက်ခံဖြင့် အဖြူရောင်မီးခိုးငွေ့တန်းလေးကို အသေအချာ စူးစိုက်ကြည့်လိုက်ပြီးမှ သူ့တပည့်စကားကို အတည်ပြုလိုက်သော ဘဆိုင်၏စိတ်သည် ရုတ်တရက် တက်ကြွလာရုံမက မျက်လုံးများကပါ လောဘရောင် တောက်ပလျက်ရှိသည်မှာ ဝင်းဝင်းလက်လက်၊ မားပြသက်တမ်း ရှည်လျားလာသည်နှင့်အမျှ တိုက်ရည်ခိုက်ရည် မည့်လှသော ဘဆိုင်အနေနှင့် ပေ(၅၀၀) ခန့်မြင့်မည့် ရသေ့ဂူလေးရှိရာသို့ တစ်ဖွတ်ထိုးတက်တိုက်ရန်အထိ မိုက်ရူးရဲဆန် လိမ့်မည်မဟုတ်ပေ၊ တစ်ဖက်ရန်သူ ဗိုလ်ငနီတို့ထံတွင် စက်သေနတ်ကစပြီး လက်နက်ခဲယမ်း အပြည့်ရှိသည်ကိုလည်း၊ သူ သိထားပြီးသားပင်၊ တောင်တက်လမ်းတစ်လျှောက် ကျောက်လေကားထစ်များ၌ပါ မိုင်းထောင်ချင်ထောင်ထားကြဦးမည်၊ အမြင့်မှ နေရာယူထားမည့် စစ်ရည်ဝငနီတို့တပ်ဖွဲ့ကို တက်၍တိုက်မည့် မိမိအဖွဲ့ဝင်များကို ကြည့်လိုက်လျှင် မီးကျိုးမောင်းပျက် အင်္ဂလိပ်ရိုင်ဖယ်(၄) လက်နှင့် စတင်းဂန်းတစ်လက် ဝေါ်ရခါးမားကောက်(၂) လက်သာ ပါရှိသည့်အပြင် သူ့လူများကလည်း ရင်ဆိုင်တိုက်ပွဲ လုံးဝကြုံဖူးသူများ မဟုတ်ကြသဖြင့် တိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်မည့်အလုပ်မျိုး အထူးရှောင်ရှားရန် ဘဆိုင် စဉ်းစားပြီးသား ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဒီဂျပန်ကောင်တွေလေ့မရပဲနဲ့တော့ဘယ်ကိုမှထွက်ဖြစ်ကြမှာမဟုတ်ဘူး။ ကုန်းလမ်းက လစ်ဖို့ဆိုရင်တောင် လှည်းတွေရမှ သူတို့သေတ္တာကြီးတွေ သယ်လို့နိုင်မှာကွ။ ဘာဖြစ်ဖြစ်၊ ညအမှောင်စောင့်ပြီး လေ့ရှာ၊ လှည်းရှာဖို့ ဒီကောင်တွေ တောင်ပေါ်က ဆင်းပြီး ရွာနားကပ်ကြမှာပဲ။ ချုံနွယ်တွေနဲ့ သစ်ပင်ကြီးတွေ အကာအကွယ်ကောင်းတဲ့ တောင်ဆင်းလမ်းအဆုံးနေရာ ရောက်အောင်သွားပြီး ငါတို့ ကင်းပုန်းဝပ်စောင့်ကြမယ်ဟေ့။ ညဦးနက်ပိုင်း ဒီကောင်တွေ ဆင်းလာတာတွေ့ရင် သတ်ကွင်းထဲမှာပဲ အပြတ်ရှင်းလိုက်ရင် ကိစ္စပြီးပြီပေါ့ကွာ။ ကဲ – ဆင်းသွားကြမယ်။ အပေါ်က မမြင်အောင် တောင်ခြေတောကို လှူရဲ့ပြီးဖြတ်ကြ – ကြားလား"



ဂျပန်ကောင်တွေ ခါးမှာပတ်တွယ်လာတဲ့ ကိုင်လိုက်ချိန်နှင့်တစ်ပြိုင်တည်း ဘဆိုင်၏လက်ထဲ ရောက်နေပြီးဖြစ်သော ထက်မြလှသည့် ဓါးရှည်းမားတောက် မြောက်တက်သွားရာမှ ဂျပန်ကောင်၏ ဇက်ပိုးပေါ် ဆောက်တိုက်ခုတ်ချလိုက်ရာ ခေါင်းတခြား ကိုယ်တခြားနှင့် မြေကြီးပေါ် ဘုန်းခနဲ လဲကျသွားပါတော့သည်။ "



လောဘဇောတိုက်နေကြသူများပီပီ ဓားပြဗိုလ်ဘဆိုင်နှင့် သူ့အဖွဲ့သား (၄)ယောက်တို့သည် အမှောင်တောထဲ ကိုယ်ယောင်ဖျောက်လျက်မှ ရှေ့ဆက်၍ချီတက်သွားကြသည်မှာလေးမှလွှတ်လိုက်သောမြားတံများသဖွယ် မြန်ဆန်နေပါတော့သည်။

= ❀ =

မဟူရာကမ္ပလာခြုံလွှမ်းထားသလို အမှောင်ဖုံးထားသော ညဥ့်နက်ချိန်ဖြစ်သဖြင့် ပုစဉ်းရင်ကွဲအော်သံတစီစီနှင့် သစ်ရွက်ပေါ်သို့ မိုးပေါက်ကျသံတို့ ကလွဲ၍လောကတစ်ခွင်လုံး တိတ်ဆိတ်လျက်။ စစ်ကာလဖြစ်သောကြောင့် လယ်ကွင်းကျယ်ကြီးအား ကျော်၍ကြည့်လိုက်လျှင်လည်း တရနာရွာကြီး၏ ပုံရိပ်တွင် မီးရောင်ဆို၍ ပိုးစုန်းကြူးလက်သည်ကိုပင် မတွေ့ရပေ။ တစ်ချက်တလေ လျှပ်ပြက်လိုက်တိုင်း မှိုင်းသတောင်စောင်းတစ်လျှောက် ထုံးကျောက်သားဖြူဖြူအကွက်များ၊ တောရိပ် တောင်ရိပ်များကို ဖျတ်ခနဲ ဖျတ်ခနဲ တဒင်္ဂလောက်မျှတော့ မြင်နေရသေးသည်။

"ငါ နေရာချပေးထားတဲ့အတိုင်း သေနတ်တွေ အသင့်ချိန်ပြီး သတိနဲ့ စောင့်ကြည့်ကြနော်။ ခြင်ကိုက်ရင်တောင် မလှုပ်ပဲ ငြိမ်နေမှဖြစ်မယ်။ လှုပ်လိုက်လို့ ဟိုကောင်တွေ လှမ်းမြင်ရင်တော့လား ကျည်ဆန်မိုး သွန်ချလိုက်တာနဲ့ ငါတို့အားလုံး မာလကရောန်ကြွကုန်မှာ – သိလား"

ဘဆိုင်က သူ့လူတွေကို စိတ်ချပုံမရသေး။ ရသေ့ဂူအဆင်း လမ်းဆုံး နှစ်ဖက်ဘေး၌ လူခွဲ၍နေရာချပေးထားသော်လည်း အနည်းငယ်မျှ လှုပ်ရှားခြင်းမပြုရန် လိုက်လံသတိပေးနေဆဲဖြစ်သည်။ သူထင်ထားသကဲ့သို့တောင် စောင်းရှိ ရသေ့ဂူဟောင်းကလေးတွင် ဗိုလ်ငနီတို့ အမှန်တကယ်မရှိပါက ဝင်ပန်းအိပ်ပျက်ရုံကလွဲ၍ အခြားမည်သို့မျှ ဖြစ်စရာအကြောင်း မရှိသော်လည်း အကယ်၍ ဗိုလ်ငနီတို့ ရှိအောင်းနေခြင်း မှန်လျှင်မူ ကိုယ့်ဘက်က တစ်ချက်မှားရုံမျှနှင့် ဘဝတွေနှင့် ရင်းရတော့မည်မှာ သေချာနေသည် မဟုတ်ပါလား။ မည်သို့ပင်ဆိုစေ၊ စိန်ရွှေရတနာအပြည့်နှင့် သံသေတ္တာကြီး(၄)လုံး၏ ပုံရိပ်သဏ္ဍာန်သည် သူတို့၏လောဘစိတ်အား ပို၍မြင့်တက်



www.burmeseclassic.com

www.burmeseclassic.com

လျက် ရှိစေခြင်း ဖြစ်ပေလိမ့်မည်။ ရှေ့သတ်ကွင်းဆီ သေနတ်ပြောင်းများ ပြိုင်တူချိန်ထားကြရင်းမှ သစ်တုံးကဲ့သို့ အားလုံးငြိမ်သက်လျက်။

"ရှူး – ရှူး – ဂူဝကထွက်လာကြပြီထင်တယ် – ဆရာဘဆိုင်၊ သစ်ပင်ကြီးတွေကြားမှာ မည်းမည်းအရိပ်တစ်ခုပြီးတစ်ခု ဖြတ်ဆင်းလာတာ ကြည့်စမ်း။ ဟုတ်ပြီ – တစ်ယောက်၊ နှစ်ယောက် – အားလုံး ခြောက်ယောက်တိတိဗျ နော်"

မှန်ပါသည်၊ သူ့လူ သတိမပေးမီကပင် ဘဆိုင် မြင်နေရပြီးဖြစ်ပါသည်။ တောင်ခြေသို့ စမ်းတဝါးဝါး ဆင်းလာကြသည့် လူရိပ်များက ခြောက်ခုထက် မပိုခြင်းကြောင့် ဗိုလ်ငနီနှင့် သူ့ရဲဘော်များဖြစ်ကြောင်း အတည်ပြုပြီးသလို ဖြစ်နေပါသည်၊ လေ့ (သို့မဟုတ်) နွားလှည်းတစ်မျိုးမျိုး ရရှိရန် အရေးကြီးနေသော ဗိုလ်ငနီအနေနှင့် ယခုကဲ့သို့ သူတို့အား သတ်ကွင်းပြင်၍ ဘဆိုင်တို့ အဖွဲ့စောင့်နေကြမည်ကို စိုးစဉ်းမျှ တွေးမိပုံရမည်မထင်၊ တောင်ခြေလမ်းဆုံး ရောက်ခါနီးထိ ကွိကွိကွကွနှင့် စကားပြောသံများပါကြားနေရသည်။ တောင်ခြေသဲပြင်ကလေးဆီ ရောက်သည်နှင့် သူတို့အဖွဲ့ခေါင်းချင်းဆိုင်၍ တစ်ခုခု တိုင်ပင်ရန် စတင်ချိန်မှာပင်၊

"ဒိုင်း – ဒိုင်း – ဒိုင်း – ဝေါ – ဝေါ – ဒက် – ဒက် – ဒိုင်း"

ဘဆိုင်တို့အဖွဲ့ဆီမှ သေနတ်ပြောင်းဝအားလုံး လိမ္မော်ရောင်မီးတဖျတ်ဖျတ်၊ ပေါက်ကွဲသံ ဆူညံညံနှင့် ယမ်းခိုးယမ်းငွေ့များ မှောင်သွားသည်မှာ မြန်ဆန်လွန်းလှသည်။ သေနတ်သံများက ပဲ့တင်သံပြောင်းလဲကာ မမွှသတောင်တစ်ခွင်လုံး ပဲ့တင်ထပ်ဟိန်းလျက်ရှိသည်မှာ တော်ရုံနှင့်မစဲပေ၊ ဂျပန်တပ်ဖွဲ့တစ်ဖွဲ့လုံး လဲကျနေသည်မှာ အတုံးအရုံး၊ ဘဆိုင် ထရပ်လိုက်ချိန်တွင် သူနှင့် အနီးဆုံးဖြစ်သည့် ဂျပန်တစ်ကောင်၏ အရိပ်မည်းမည်းက လူးလွန့်ကုန်းထလာသည်ကို တွေ့လိုက်ရရာ လက်ထဲက စတင်းဂန်းနှင့် ထိုးပစ်သော်လည်း ကျည်ဆန်မထွက်ဘဲ ချောက်ခနဲ အသံမြည်ကာ ရပ်သွားသည်၊ ဂျပန်ကောင်က ခါးမှ ပစ္စတိုလ်ကို ကိုင်လိုက်ချိန်နှင့်တစ်ပြိုင်တည်း ဘဆိုင်၏လက်ထဲ ရောက်နေပြီးဖြစ်သော ထက်မြလှသည့် ဂေါ်ရခါးဓားကောက် ခြောက်တက်



သွားရာမှ ဂျပန်ကောင်၏ ဇက်ပိုးပေါ် ဆက်တိုက်ခုတ်ချလျက်ရှိရာ ခေါင်းတခြားကိုယ်တခြားနှင့် မြေကြီးပေါ်ဘုန်းခနဲ လဲကျသွားပါတော့သည်။ အသေအချာ အနားကပ်ကြည့်မှ ဂျပန်ဗိုလ်ငနီဖြစ်နေသည်ကို သိကြရခြင်း ဖြစ်သည်။

ဂျပန်တပ်ဖွဲ့ကို တစ်ယောက်မကျန် ရှင်းပြီးသည်နှင့် ဘဆိုင်တို့အဖွဲ့ ရသေ့ဂူဆီ ပြေးတက်သွားကြသည်၊ ဂူထဲ၌ ငွေ့ငွေ့သာ ကျန်တော့သည့် မီးဖိုမှလွဲ၍ မှောင်မည်းလျက်ရှိသဖြင့် သူ့လူတစ်ယောက် ထင်းစများ ထပ်ထည့်လိုက်ရာ မီးအလင်းရောင်ထဲတွင် ချက်ပြုတ်ရာတွင်သုံးသည့် သတ္တုဟန်းကောသုံးလုံး၊ ဆန်တစ်တင်းနီးပါးရှိမည့် ဂုန်နီအိတ်နှင့် အမဲခြောက် အနည်းအကျဉ်းသာ တွေ့ရသည်၊ အမိုးနိမ့်ပြီး ကျဉ်းမြောင်းသော ဂူကလေးသာဖြစ်ရာ ဘဆိုင်တို့ မျှော်လင့်ထားသော သံသေတ္တာကြီးများ၏ အရိပ်အယောင် ဆို၍မီးခြစ်ဖာပင်မရှိသည်မှာ သေချာနေပြီဟုသာ ပြောရပေတော့မည်၊ သို့ဆိုလျှင် ...။

"တောက် – မရှိဘူးကွာ၊ ဒီကောင်တွေ ဘယ်နေရာ ပြောင်းထားကြသလဲမှမသိတာ"

ခဲလေသမျှ သဲရေကျဖြစ်ခဲ့ခြင်းကြောင့် ဘဆိုင်တစ်ယောက် နေမထိ၊ ထိုင်မထိနှင့် တောက်တခေါက်ခေါက် မြည်တွန်လျက် ရှိနေပြန်သည်၊ သည်ကြားထဲ မီးဖိုထဲ ထင်းကုန်သွား၍ဖြစ်မည်။ အလင်းရောင်မှိန်သွားသည်ကို မဆီမဆိုင် ဒေါပွလာသောဘဆိုင်သည် ကိုယ်တိုင်ပင် ဂျပန်များအိပ်ရန် ခင်းထားသော ဝါးခြမ်းပြားများကို မီးထည့်ရန် ဆောင့်ဆွဲလိုက်သည်နှင့် ဝါးခြမ်းခင်းအောက်တွင် အလွန်ကျယ်သော အပေါက်တစ်ပေါက် ထင်းခနဲပေါ်လာသည်ကို တွေ့လိုက်ရပါသည်။

"ဟာ – ဒီ – ဒီမှာ – အောက်ဆင်းတဲ့အပေါက်ကြီးကွ၊ အောက်တစ်ထပ်ရှိသေးတဲ့ဂူဖြစ်မယ်၊ ဆင်းလမ်းမှာ လှေကားလို ထစ်ထားတာ တွေ့လား၊ ဟော့ကောင်တွေ – ဝါးခြမ်းတွေမီးရှို့ကိုင်လာကြကွာ၊ အောက်မှာတအားမှောင်နေတာ ဘာမှမတွေ့ရဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်ကား က (၅)ထစ်မျှသာရှိသဖြင့် ဘဆိုင်တို့အဖွဲ့ အောက်ထပ်ဂူထဲ ရောက်သည်ဆိုလျှင်ပင် မီးစွဲနေသော ဝါးခြမ်းများကို တစ်နေရာတည်းစုကာ မီးဖိုလိုက်ကြသည်၊ မီးအလင်းရောင်ထဲ၌ သံသေတ္တာကြီး (၄)လုံးသည် နစ်လုံးစီ ဆင့်လျက်ထားပြီး ကြေးသော့ခလောက်ကြီးများ ခတ်ထားသည်ကို အထင်အရှားပင် တွေ့ကြရပါတော့သည်၊ မီးအလင်းရောင် လျော့လာတိုင်း သူ့လူတစ်ယောက်က အပေါ်မှ ဝါးခြမ်းများ ဆွဲချလာပြီး ပုံထည့်ပြန်ရာ အလင်းရောင်သာမက အပူရှိန်ကပါ မြင့်တက်လာသည်ကို လောဘဇောတိုက်လျက်ရှိကြသောကြောင့် မည်သူမျှ သတိမပြုမိကြပေ၊

"အပေါ်ဆုံးသေတ္တာ ဖွင့်ကြည့်မယ်ကွာ၊ သေားဖယ်ကြဖော့"

မားပြအဆင့်သာဖြစ်သော ဘဆိုင်အနေနှင့် ဆင်ခြင်ဉာဏ် လုံးဝမရှိတော့သည်မှာ အထင်အရှားပင်၊ အခြားသေတ္တာများတွင် စိန်ရွှေရတနာများထည့်ထားနိုင်သည်ဆိုသော်လည်း အပေါ်ဆုံး သေတ္တာပေါ်၌မူ ဂျပန်ဘာသာဖြင့် ဒိုင်းနမိုက်ယမ်းပျော့ဆိုသော စာသားကိုလည်း သူ နားမလည်၊ သေနတ်ပြောင်းများဖြင့် ကြေးသော့ခလောက်အား တော့ပြီး ခလုတ်ဆွဲညှစ်ချလိုက်ခြင်းနှင့်အတူ နဂိုက အပူရှိန်ပြင်း၍ ပေါက်ကွဲတော့မည့် ဒိုင်းနမိုက်သေတ္တာကြီးသည် နားစည်ကွဲလောက်သော ပေါက်ကွဲသံကြီး ဝုန်းခနဲပေါ်လာကာ မီးတောက်မီးလျှံကြီးပါ ဂူကျဉ်းကျဉ်းထဲ ဖုံးလွှမ်းသွားချိန်နှင့် တစ်ချိန်တည်း ဂူအမိုးမှ စတင်ပြိုကျလာသည်မှာ ဝေါခနဲ၊ ဝုန်းခနဲ၊ စက္ကန့်ပိုင်းမျှပင် ကြာလိမ့်မည်မထင်၊ ပြိုဆင်းလာသော ကျောက်တုံးမြေကြီးတို့ကြောင့် ဂူပုံသဏ္ဌာန် လုံးဝပျောက်ကာ ဓမ္မသတောင်တန်းနှင့် တစ်သားတည်း ဖြစ်သွားပါတော့သည်၊

—⁂—

ဤဖြစ်ရပ်ဇာတ်လမ်းသည် တမင်အဆန်းထွင်၍ရေးသားခြင်း မဟုတ်ပေ၊ ဒေသခံများ၏ပုံပြင်ဒဏ္ဍာရီသဖွယ် ယနေ့ထိတိုင် ပြောဆိုနေကြခြင်းကို စာရေးသူကိုယ်တိုင် ဖြစ်ပွားရာဒေသသို့သွား၍ လေ့လာမေးမြန်းရေးသား ခဲ့ခြင်းသာ ဖြစ်ပါသည်၊ ဤဖြစ်ရပ်မှန်အား အနှစ်ထုတ်ကြည့်မည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ရာဖြစ်သော ဝိပါက်ကြမ္မာနှင့်ကံ၊ [illegible] တို့ကို မြင်ရလိမ့်မည်ဟု ထင်ပါသည်၊

အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော ကံကြီးထိုက်စေမည့် ပဉ္စာနန္တရိယကံငါးပါးထဲမှ တစ်ပါးအပါအဝင်ဖြစ်သော လောဟိတုပ္ပါဒကကံသည် ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုရုံမျှနှင့် ကမ္ဘာပေါ်မြေကြီးများ ဖွာတိုင်သည်အထိ အနက်ရှိုင်းဆုံးဖြစ်သော ငရဲ၌ ခံစားရမည်ဟု ဆိုထားပါသည်၊ ဤပဉ္စာနန္တရိယကံကို ကျူးလွန်ခဲ့သော ဒေဝဒတ်ပင်လျှင် ငရဲပြည်၌ ခံစားနေရတုန်းမှာ လက်တွေ့ပင်ဖြစ်သည်၊ ယခုဖြစ်ရပ်ကိုကြည့်လျှင် ဂျပန်ဗိုလ်ငနီနှင့် သူ့ရဲဘော်များအပြင် ဓားပြဗိုလ် ဘဆိုင်နှင့် သူ့လူများပါ ဘုရားရှင်အား သွေးစိမ်းတည်ရုံမျှပြုသည်မဟုတ်ပဲ ဓမ္မသဂူကြီးထဲ၌ရှိသော ကျောက်ပန်းဆွဲများမှ ဗုဒ္ဓရုပ်ပွားတော်များ တစ်ခုမကျန် ဖြိုချကြမ်းခင်းရန် အမိန့်ပေးစေနိုင်းခဲ့ခြင်းဖြစ်ရာ ငရဲသို့မရောက်မီမှာပင် ကြမ္မာဝင်လျက် ဥပစ္ဆေဒကကံဖြင့် အသေဆိုးနှင့် သေခဲ့ကြရသည်မှာ လက်တွေ့ဟုပင် ဆိုနိုင်လိမ့်မည် ထင်ပါသည်၊ ဂျပန်ဗိုလ်ငနီဆိုလျှင် ဓမ္မသဂူထဲတွင် သူ၏ဆာမူရိုင်းဓားဖြင့် အဘနိုင်ဖျိုး၏ဦးခေါင်းအား တိခနဲ ဖြတ်ပစ်ခဲ့သော ဝိပါက်နှင့်အလားတူ သူကိုယ်တိုင်သည်လည်း ဘဆိုင်၏ ဂေါ်ရခါးဓားကောက်ဖြင့် ဦးခေါင်းပြတ်ခဲ့သည်မှာ လက်တွေ့အကျိုးဟုဆိုပါက မှားမည်မထင်ပေ၊

ဤဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြောပြခဲ့ကြသော ကော့လမုရွာမှ ဆရာဦးရွှေခတ် (ခ) နိုင်ဟံသာ (ကွယ်လွန်) နှင့် ရန်ကုန်တွင် နေထိုင်သော တရုန်ရွာသား နိုင်ငွေထွန်းတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်သားတင်အပ်ပါသည်၊

မင်းရွှေသိန်း (ဇင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

# တောက်ထိန်

## ကျွန်တော် ငါးသလောက်လှေသမား



ရေလုပ်သားတို့၏ဘဝ၊
ဆန်းကြယ်သော ငါးဖမ်းနည်း၊ ငါး၏ ထူးခြားသော
အရသာချက်ပြုတ်နည်းမျိုးစုံတို့ကို စိတ်ဝင်စားစွာ
ဖတ်ရှုရမည့် ။

ယနေ့အိမ်မှာနေလယ်စာအဖြစ်ငါးသလောက်ဆီပြန်ဟင်းချက်သည်။ သရက်ချဉ်ကို ဇရုပ်သီးစိမ်းနိုင်နိုင်နှင့်သုတ်ပြီး ဘူးညွန့်ဟင်းချိုပူပူနှင့်မို့ ဟင်းအစပ်တည့်ပြီး ထမင်းစား မြိန်လိမ့်မည်ဟု ထင်ထားသော်လည်း ထမင်းပွဲမှာ ထင်ထားသလောက် စား၍မမြိန်လှပါ။ ထမင်းစားသည့်အချိန်ကခါတိုင်းထက် နည်းနည်းစောသလိုရှိသော်လည်း ကျွန်တော်ကိုယ်တိုင် "ကျက်ပြီလားဟေ့၊ ဆာပြီစားမယ်" လုပ်သဖြင့် ထမင်းပွဲပြင်ပေးခြင်းဖြစ်ရာ အချိန်စောသွားလို့စားမကောင်းတာ မဖြစ်နိုင်ပါ။

ထမင်းစားလျှင် ကျွန်တော်က ယခု အသက်ကြီးလာသည့်အပိုင်းတွင် "ဟင်း" ထက် ထမင်းကိုပိုဂရုစိုက်သည်။ စားနေကျ ဆန်ချောကို ဝယ်နေကျဖောက်သည်ဆိုင်မှ မပြတ်အောင် ဝယ်ထားသည်၊ ဆန်သစ်ဆန်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာမဝင်ရလေအောင် ဆန်ဟောင်းကုန်ခါနီးလျှင် ဆန်သစ်ပေါ်ချိန်ကို ဖြတ်သန်းနိုင်လိုက်သည့် ဆန်ဟောင်းလုံလုံလောက်လောက်ကို ကျွန်တော် ကိုယ်တိုင် သတိတရ ဝယ်ယူဖြည့်တင်းပေးသည်။ ယခုလည်းစားနေကျ ဆန်ဟောင်း ဆန်ချောဖြစ်၍ ဆန်ကြောင့် ထမင်းစားပျက်ရတာမျိုးလည်း မဟုတ်နိုင်ပါ။

သို့ဖြစ်လျှင် နေမကောင်းလို့ ခံတွင်းပျက်တာ ဖျားချင်လို့ ခံတွင်းပျက်တာမျိုးလားဆိုတော့ "နိုး" No။

ကျွန်တော့်ကိုလူထူးလူဆန်း ခေါ်ရမည်လားမသိ။ နေမကောင်းဖြစ်လျှင် ဖျားလျှင် ပို၍စားချင် သောက်ချင်၊ စားကောင်း သောက်ကောင်း ဖြစ်သည်။ "ဖျား" နေတော့ ဆရာဝန်က "ထမင်းမစားနှင့်" ဆိုလျှင် ကျွန်တော်က ငါးရံ့ ဆန်ပြုတ်၊ ကြက်ပေါင်း၊ ဘဲပေါင်းတစ်မျိုးမျိုး သောက်သုံးပြီး လူမမာစာ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီးတို့ကို အချိုတည်းပါသည်။ ညအိပ်ရာဝင်မှာ ကော်ဖီ၊ ကိုကိုး၊ မိုင်လိုကို ကိတ်မုန့်၊ ဘီစကစ် စသည်ဖြင့် အမျိုးမျိုးတောင်းဆိုကာ မြိန်မြိန်ယှက်ယှက်ပြောင်နေအောင်နှက်တတ်၍ အိမ်သူသက်ထားဟ ကျွန်တော်မို့ နေမကောင်း(ဖျား)မှာကို အလွန်စိုးရိမ်ပါသည်။ (သူ့ဘာတ်ရျက်ထိခိုက်တော့မှာကိုး) တစ်ခါတစ်ခါမျာ၊ ဆရာဝန်က "မစားရဘူး" ဆိုသော ထမင်းအစား နန်းကြီးသုတ်၊ ခေါက်ဆွဲသုတ် စသည်တို့ကို ဟင်းခါးပူပူဖြင့် တွယ်ပါသေးသည်။ "ထမင်းမဟုတ်ဘူးလေ" ဟု ဆင်ခြေပေး၏။ "အဲဒါတွေက ပိုဆိုးတာပေါ့" ဟု ဆေးကျောင်းတက်ရန် အိမ်မှာလာနေသူ တူမက သူ့အဒေါ်ကျွန်တော့်ဇနီးကို ပြောသည်။ သူ့အဒေါ်က ရွှံ့မဲ့ပြသည်။ ကျွန်တော်က မမြင်ချင်ယောင်၊ မကြားချင်ယောင်ဆောင်၍ ဖျားသည့်အခါတိုင်း စားကောင်းဆဲ၊ ဝါးကောင်းဆဲ။ ယနေ့အထိ ဒီလိုစားလို့ ဘာမှမဖြစ်ပါ။ "အင်းလေ – ဘာမှ မဖြစ်သေးပါ။

သို့ဆိုလျှင် ဒီနေ့ ထမင်းစားမမြိန်တာ ထူးဆန်းသည်။ ဟင်းမကောင်းဘူး ပြောမည်ဆိုပါက သရက်ချဉ်သုတ်နှင့် ဘူးညွန့်ဟင်းခါးကိုတော့ အပြစ်တင်ရန်မရှိ။ တန်တော့ – ငါးသလောက်ဟင်းက တရားခံဖြစ်နေသည်။ သေသေချာချာစဉ်းစားတော့ ငါးသလောက်ဟင်းက တစ်ခုခုလိုနေသလို ပေါ့ရွှတ်ရွှတ်ဖွယ်တယ်တယ်နေသလို ထင်မိသည်။ ရေခဲစိမ်ငါးသလောက်နှင့်တိုးခဲ့ပြီထင် ပါရဲ့။

— ➤ =

ထိုအခါ ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က ငါးသလောက်ပိုက်လှေပေါ် လိုက်ပါပြီး စားခဲ့ရသော ငါးသလောက်ဟင်းကို အမှတ်ရမိလာပါသည်။ ဒီထက်စောစော ကျွန်တော်ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတုန်းကမူ မြင်ပအဆောင်မှာနေပြီး ထမင်းလည်း ကိုယ်တိုင်ချက်စားခဲ့၍ ဟင်းလျာဝယ်သည့်အခါလည်း တန်းဈေး၊ ကြည့်မြင်တိုင်ညဈေးတို့မှာ ငါးသလောက်ရာသီ(ဆောင်းတွင်းကာလ)မှာ ထိုဈေးများတွင် ငါးသလောက်တွေ တောင်ပုံရာပုံ စားမကုန်၊ ရောင်းမကုန်ဖြစ်ရသည်။ ပိဿာရှိန်နှင့်ရောင်းတာမဟုတ်။ ကြိုက်ရာအကောင်ယူ တစ်ကောင် သုံးကျပ်အများဆုံးဖြစ်သည်။

နောက်တစ်ချက်က ကိုလှနီသည် လှေပေါ်မှနေ၍
ရေထဲက ငါး(အရှင်)ကို ဖျတ်ခနဲ လက်နှင့် ဆွဲဖမ်းနိုင်သည်။
သေးသေးမွှားမွှားငါးကလေးတွေကို မဟုတ်။ တစ်ထွာတံတောင်အရွယ်
ငါးကြင်းငါးခူကြီးများကိုဖြစ်သည်။ ကျွန်တော့်တစ်သက် ဘယ်မှာမှ
မတွေ့ဘူးပါ။ လူထူးလူဆန်းတစ်ယောက်ပင်။ ”







www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ရန်ကုန်မြို့သူတွေကြီးကျယ်လိုက်ပုံများ အကောင်ကြီးလျှင် အသားပွ၍ အရသာပေါ့သတဲ့၊ တောင်ဆုပ်ခန့်အကောင်ကြီးများကို မယူ၊ ခပ်သေးသေး ခပ်ကျစ်ကျစ်ကို ရွေးချယ်ဝယ်ယူကြသည်၊ နံနက်ပိုင်းမှာ တစ်ကောင်သုံးကျပ်နှင့် ရောင်း၍မကုန်သော ငါးသလောက်များကို ညနေဈေးမှာ တစ်ဝက်ဈေး၊ တစ်ကောင် (၁)ကျပ်ခွဲနှင့် ရောင်းတာကိုမှ ကျွန်တော်တို့က ဈေးပေါပေါနှင့်ဝယ်ယူပြီး ညတွင်းချင်း ခုတ်ပိုင်း၍ ကြော်ရသည်၊ ငါးသလောက်ကြော်တာ ဆီမကုန်ကြောင်း အိမ်ရှင်မများ သိကြပါ သည်၊ ချူဆီလေး နည်းနည်းထည့်ပြီးကြော်လျှင်ငါးကထွက်သည့်သူ့ဆီနှင့်သူအဆင်ပြေသွားသည်၊ ဆီကုန်တော့လည်း အရေးမကြီး၊ တစ်ပိဿာ (၆)ကျပ် ပေးဝယ်လျှင် ပဲဆီ အကောင်းစားရသည်၊ "စားအုန်းဆီ" ဆိုတာ အဲဒီအချိန်က မပေါ်သေးပါ၊ ထိုညနေဈေးမှာ တစ်ကောင်တစ်ကျပ်ခွဲနှင့်မှ ရောင်း၍မကုန်သေးလျှင် ငါးသလောက်ကို အူအသည်း၊ ကလီစာ နုတ်၍ ဆားသိပ်ပြီး ငါးဆားနယ်လုပ်ထားလျှင် ဆားတွေထဲမှာ ငါးသလောက်က မပုပ်မသိုး မာတောင့်၍နေသည်၊ ငါးသလောက်ကိုငါးပိကောင်တော့ လုပ်မရဘူးဆိုသည်။ ငါးဆားနယ်နှင့် ငါးပိကောင် မတူပါ၊ ထိုခေတ်က အိမ်ရှင်မများ သိမိကြပါသည်၊ ယခုခေတ်မှာတော့ ငါးသလောက်ဆားနယ်ဆိုတာကို ကျွန်တော်ဖြင့် မတွေးမိတော့ပါ၊

ကျွန်တော်က ငါးသလောက်ကြိုက်သူဖြစ်၍ ပေါင်းစား၊ ကြော်စား၊ ချက်စား၊ ဘယ်လိုစားစား ထမင်းမြိန်ခဲ့ဖူးလှပြီ၊ အိမ်ရှင်မတွေပြောသလို ရေခဲရိုက်မှီ့အချိုပေါ့သည်၊ ကဝက်ကင်းမှချိုသည်၊ ပင်လယ်ငါးသလောက်က အရသာလေးလေးပင်ပင်မရှိ ဆိုစကားတွေကို နားမလည်ခဲ့ပါ၊

ဝန်ထမ်းဘဝ ရောက်ခဲ့၍ ရန်ကုန်တစ်ဖက်ကမ်းမြို့ကလေးတစ်မြို့မှာ တာဝန်ထမ်းဆောင်တော့ အရာရာ စပ်စပ်စုစုရှိလှသူပီပီ ဒေသခံများနှင့် ရင်းနှီးခင်မင်ပြီး ပဲခူးမြစ်အတွင်း ငါးသလောက်ဖမ်းသည့် ပိုက်လှေတစ်စီးမှာ မကြောက်မရွံ့အတူလိုက်၍ တံငါငါးသလောက်ဟင်းကို တံငါလှေပေါ်မှာပင် မြိန်ရေယှက်ရေ စားခဲ့ဖူးပါသည်၊

ထိုအခါက သိကျွမ်းခင်မင်ခဲ့သူ ငါးသလောက်ပိုက်လှေသမားများနှင့် ပတ်သက်၍ ထူးထူးဆန်းဆန်းမို့ မှတ်မိနေတာကလေးတွေ ရှိသည်၊ လှေကို



သုံးဦးစပ်၍ပိုင်ဆိုင်ကြသည့်လူတစ်စုရှိခဲ့ဖူးသည်၊ (ပိုက်များလည်းပါသည်၊) တစ်ဦး၏အမည်က "ကိုလူနီ" ဖြစ်၍သူက နာမည်နှင့်လိုက်အောင်ပင် မျက်နှာရှေ့လက်၊ အသားအရောင်တစ်ကိုယ်လုံး နီရဲနေသည်၊ ကျန်နှစ်ဦးက သာမန်တံငါရေလုပ်သားများလိုပင် မဲမဲသဲသဲ၊ မွဲမွဲကြမ်းကြမ်းဖြစ်သည်၊ တစ်ဦး၏အမည်က ငြိမ်းမောင်၊ ကျန်တစ်ဦးက သိန်းမောင်ဖြစ်၍ နာမည်ဆင်တူညီအစ်ကိုလားဆိုတော့ ဘာမျှမတော်စပ်ဟု သိရသည်၊ သုံးယောက်လုံး ထိုစဉ်က အသက်သုံးဆယ်တစ်ဝိုက်တွေ ဖြစ်သည်၊ (လူပုံစံ၊ နာမည်တွေ ထူးဆန်း၍ ယခုတိုင် မှတ်မိနေခြင်း ဖြစ်သည်၊) တံငါလှေကိုလည်း စပ်တူပိုင်၍ သက်တူ၊ ရွယ်တူ၊ ဂုဏ်ရည်တူတွေဖြစ်သော်လည်း ကျန်နှစ်ယောက်က ကိုလူနီကို ဆရာတင်ထားသည်၊ လုပ်ငန်းမှာ ကိုလူနီ၏စကားကို လိုက်နာသည်၊ ကျွန်တော်က သူတို့လှေမှာ ဧပုသုတအဖြစ် လိုက်ပါဖို့ကိုပင် ကိုလူနီက သဘောတူတယ်ဆိုမှ လိုက်ခွင့်ရခြင်းဖြစ်သည်၊ ကိုလူနီ ကျေနပ်မှုရှိမှ အစစ အဆင်ပြေတတ်သည်ဟု ဆိုသည်၊

— ✦ —

ထိုကိုလူနီက တော်တော်ထူးထူးဆန်းဆန်းလူဖြစ်သည်၊ ပထမအချက်က တံငါဖြစ်သော်လည်း ရေမကူးတတ်၊ ကျန်နှစ်ယောက်က ငါးတမျှရေကူးကျင်လည်ကြသည်၊ (ကျွန်တော်ကလည်း တက္ကသိုလ်ကျောင်းသားဘဝက ဘွဲ့နှင်းသဘင်အဆောက်အအုံနောက်ဘက် အင်းလျားကန်စောင်းမှ တော်လှမ်းလှမ်းမှာရှိသည့်ကျွန်းသို့ အသွားအပြန် ရေကူးနိုင်သူဖြစ်သည်၊

နောက်တစ်ချက်က ကိုလူနီသည် လှေပေါ်မှနေ၍ရေထဲက ငါး(အရှင်) ကို ဖျတ်ခနဲ လက်နှင့် ဆွဲဖမ်းနိုင်သည်၊ သေးသေးမွှားမွှားငါးကလေးတွေကို မဟုတ်၊ တစ်ထွာတံတောင်အရွယ် ငါးကြင်းငါးရှူကြီးများကို ဖြစ်သည်၊ ကျွန်တော့်တစ်သက်ဘယ်မှာမှမတွေ့ဘူးပါ၊ လူထူးလူဆန်းတစ်ယောက်ပင်၊ နောက်တစ်ချက် ထူးဆန်းတာက ငါးဖမ်းလှေထွက်တော့မည်ဆိုလျှင် လှေဦးမှာ စလောင်းခွက်ထဲ ထမင်းနှင့် ငါးကင်(အကောင်လိုက်) ထည့်ပြီး ကိုလူနီက တင်မြှောက်ပသ,သည်၊ ခဏကြာမှ သူက "ချောင်းဖျားကို တက်မယ်" "အောက်ဘက်ကို စုန်မယ်" စသည်ဖြင့် သူပြောရာကို လှေထွက်ရသည်၊ တစ်ခါတစ်ရံ အားလုံးပြင်ဆင်တင်မြှောက်ပြီးမှ "လှေမထွက်တော့ဘူး" ဆို

www.burmeseclassic.com

တာမျိုးလည်းရှိသည်။ သူ့လှေ မထွက်ဘူးဆိုသည့်နေ့မှာ မြစ်ထဲတွင် တစ်ခုဖြစ်လေ့ရှိသည်၊ လူစီးသမ္ဗာန်မှောက်တာမျိုး၊ အခြားတံငါလှေနှင့် သင်္ဘောတိုက်မိတာမျိုးတွေ ဖြစ်သည်။ အကြားအမြင်ကဲ့သို့ ရုက္ခစိုးမှော်အောင်နေသူကဲ့သို့ ထူးဆန်းသော လူတစ်ယောက် ဖြစ်သည်။

တစ်ခါတော့ သူက လှေမထွက်တော့ဘူးဆိုကာ ပြန်လာသည့်နေ့မှာပဲ ပဲခူးမြစ်အတွင်း တော်တော်ကြီးကြီးကျယ်ကျယ် မတော်တဆမှုကြီးဖြစ်ခဲ့ဖူးတာကို ကျွန်တော်မှတ်မိနေသည်။ ကြုံကြိုက်သည့်အခါ ထိုဖြစ်ရပ်ကို စာတစ်ပုဒ် ရေးသားပါဦးမည်။ တစ်ခါတစ်ရံလည်း "လှေတော့ ထွက်မယ်။ အပျော်ပဲ။ ငါးတော့ ဟင်းစားပဲ ရမယ်" ဟု ဆိုသည့်အခါမျိုးမှာ တကယ်ပဲ ဟင်းစားငါးလောက်နဲ့ ပြန်ခဲ့ရတတ်သည်၊ သူပြောသည့်အတိုင်းဆိုသည့်အတိုင်း မှန်ဖြစ်ပျက်နေ၏။

ကိုလှုနီတို့၏ ငါးသလောက်ပိုက်လှေဆိုတာက ဦးမှုပဲ့သို့ ဆယ့်လေးငါးပေသာရှိသော လှေငယ်ကလေးဖြစ်၍ ပဲ့ဘက်မှာ နှားခိုစရာပေါင်းမိုးငယ်ကလေးပါသည်။ လှေပေါင်းမိုးအောက်မှာ မီးဖိုရှိ၍ ထမင်းဟင်းချက်ပြုတ်နိုင်သည်။ ရေခွေးတည်နိုင်သည့် ငါးသလောက်ပိုက်လှေဆိုတာက ညဘက်ထွက်ပြီးအလုပ်လုပ်တာဖြစ်၍ ညဉ့်ရေးညဉ့်တာ မီးထွန်းရန် ဘက်ထရီအိုးနှင့် မီးသီးမီးလုံးများ ဆောင်ထားရသည်၊ ကိုလှုနီတို့လှေထက်ကြီးပြီး လူများများလိုက်သော ငါးသလောက်ပိုက်လှေများလည်း ရှိသည်။ ကျွန်တော်ကတော့ ကိုယ်လှုနီတို့လှေနှင့်ပဲ အဖွဲ့ကျသည်၊

လှေထွက်၍ ငါးဖမ်းလုပ်ငန်းခွင်ထဲမှာတော့ ဘယ်သူဆရာ၊ ဘယ်သူတပည့်ဟုမရှိ၊ သုံးဦးသားကြုံရာကို မဆိုင်းမတွ လုပ်ကြရသည်။ လှော်သူကလှော်၍ပဲ့ကိုင်သူက ပဲ့ကိုင်နေစဉ် ငါးသလောက်ပိုက်ကို လှေပေါ်မှ ဖြန့်ချသူကချသည်၊ တစ်ခါတစ်ရံလှော်သူက တက်ကိုချ၍ ပိုက်မျှောနေတာကို ကူသည်၊ တစ်ခါတစ်ရံ ပဲ့ကိုင်သူက လှေကို မျှောချထားပြီး ပိုက်ဆွဲတင်ရာမှာ ကူသည်၊ တစ်ခါတစ်ရံတော့ ဓလုလမ်းကြောင်းမှာ သင်္ဘောကြီးများ စုန်ချလာ၍ သုံးယောက်လုံး တက်ကိုယ်စီကိုင်ပြီး လှိုင်းရေလွတ်ကင်းအောင် လှော်ထွက်ရသည့်အခါရှိသည်။ ကျွန်တော်က ဘာမျှလုပ်တတ်တာမဟုတ်၊ လှေကနံ့တစ်နေရာမှာ ထိုင်ပြီး ရေပက်ခွက်နှင့် ရေပက်ထုတ်သည့်အလုပ်ဖြင့် ကူညီသည်၊



ရေကအမြဲပက်နေရတာ မဟုတ်၍များသောအားဖြင့် သူတို့လုပ်ကာကိုင်တာ ထိုင်ကြည့်နေရုံသာ၊ လှေ့လာအကဲခတ်နေရုံသာ ဖြစ်သည်။

═ ➤ ═

ငါးသလောက်ပိုက်လှေက ငါးကို ဟိုတစ်ကောင်၊ ဒီတစ်ကောင် လိုက်ဖမ်းနေတာမျိုး မဟုတ်ပါ။ လှေပေါ်မှ ပိုက် တစ်ဖုံ၊ နှစ်ဖုံ (ဘယ်နှဖုံထိ ပါသလဲ ကျွန်တော် မမှတ်မိပါ) ကို ရေထဲ ဖြေချပြီး လှေကို ရေစီးမှာ အလိုက်သင့် မျှောချထားရုံသာဖြစ်၍ ငါးသလောက်များက သူတို့မြူးသည့်အချိန် ပေါ်သည့်နေသီမှာ အထိအမိများသည်၊ ကျွန်တော် မှတ်မိသလောက် ရေထရက် ရေတက်မှာ (မြစ်အောက်ကြမ်းပြင်က နုံးမြေတွေ လုန်ထပေါ်ချိန်မှာ ထိုနုံးကို အစာအဖြစ် စားရန် ငါးမြူး၍) အထိအမိများသည်၊ ငါးသလောက်က အုပ်စုလိုက်နေတာဖြစ်၍ မိပြီဆိုလျှင် အုပ်လိုက်ကြီး မိတော့သည်။ မရဘူး၊ မမိဘူးဆိုလျှင်တော့ အရှင်းသား၊ တစ်ကောင်မှမရ၊ မျက်စိလည်လမ်းမှား၍ပိုက်မှာလာတိုးသည့် ငါးသလောက်မဟုတ်သော ငါးတချို့နှင့် အလုပ်သိမ်းရတတ်သည်၊

ငါးသလောက်ထိပြီ (မိပြီ) ဆိုလျှင်တော့ ပိုက်ကြိုးနှင့်တွဲလျက် လွှတ်လိုက်သည့် ဘော့သီးတွေ သွက်သွက်ခါယမ်းနေသည်ကို ပဲခူးမြစ်ရေပြင်မှာ ညအရောင်၊ လအရောင်ဖြင့် ထင်ရှားစွာ တွေ့ရသည်။ ထိုအခါ မြစ်လယ်မှာဆိုလျှင် ပဲ့စရာ၊ လှော်စရာမလိုဘဲ လှေကို မျှောထား၍ သုံးယောက်သား ပိုက်ဖော်ကြပေတော့၊ သင်ယူထား၍ ကျွန်တော်က နည်းနည်းပါးပါး ပဲ့ကိုင်တတ်သူမို့ လိုအပ်လျှင် ပဲ့စင်ကိုင်ပေးသည်။ ငါးထိ၍ပိုက်ဖော်ပြီ (ပိုက်ဆွဲတင်ပြီ) ဆိုသောအခါ ငါးသလောက်တွေ လှေဝမ်းထဲမှာ ဖွေးဖွေးပုံနေတော့သည်၊ တစ်ခုထူးဆန်းတာက ကျွန်တော်တို့ ငါးမွေးကန်များမှ ငါးရံ့၊ ငါးခူ၊ ငါးကြင်းတို့ကို ဖမ်းမိ၍ လှေဝမ်းထဲချထားလျှင် ကိုယ်တော်များက ငြိမ်ငြိမ်နေသည်မဟုတ်၊ တဖျပ်ဖျပ် ခုန်နေကြသည်မှာ ငါးဒိုင်ရောက်၍ ချိန်ရောင်းပြီး ငါးစိမ်းသည်နောက် ပါသွားသည်အထိ အမြီးလှုပ်လှုပ်၊ ခေါင်းလှုပ်လှုပ်ဖြင့် အသက်ပြင်းလှသည်၊ ငါးသလောက်များက ထိုသို့မဟုတ်၊ ရေပေါ်ဆွဲတင်လိုက်လျှင်တော့ အလွန်အသက်ပြင်းသည့်အကောင်က ဘယ်တစ်ချက်လှန်၊ ညာတစ်ချက်လှန်ပြီး ငြိမ်ကျသွားတော့သည်၊ တံငါများကတော့ "လေမွန်းသေသည်" ဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောကြသည်။ ကျွန်တော်တို့လူများ ရေနစ်သည့်အခါ ရေမွန်းသေသလို ငါးသလောက်များက ရေရှူသောငါးဖြစ်၍ရေထဲက ဆယ်လိုက်တာနှင့်လေထဲမှာ လေမွန်းသေတာဟု ပြောကြတာဖြစ်သည်။ "ဪ - ဒါကြောင့် တစ်ယောက်အဖို့ အာဟာရသည် အခြားတစ်ယောက်အဖို့ အဆိပ်ဖြစ်တတ်သည်" ဟူသောဆိုစကား ပေါ်လာသည် ထင်၏။

စကားစပ်မိ၍ ကျွန်တော် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ် ထုံးစံအတိုင်း စပ်စပ်စုစု "ဦးစပ်စု" လုပ်၍ ပင်လယ်ငါးဖမ်းလှေများနှင့် လိုက်ပါဖူးသည်။ လှေဟု လွယ်လွယ်ခေါ်သော်လည်း ပင်လယ်ငါးဖမ်းလှေဆိုသည်မှာ စက်လှေကြီးများဖြစ်၍ ကုန်းပတ်တစ်ထပ်ခွဲနှင့် (အောက်ကုန်းပတ်က ရေမှုန်းတစ်ဝက်ပဲပါသည်။ နောက်ပိုင်းမှာငါးလှောင်ရန်အအေးခန်းပါသည်) လုပ်သား (၁၀) ယောက်ခန့် ပါသည်။ ထိုငါးဖမ်းလှေကြီးများမှာ တစ်ခါတစ်ရံ ပိုက်နှင့် ငြိပါလာသော ငါးမန်းကြီးများမှာ လှေကုန်းပတ်ပေါ်ရောက်သော်လည်း ခေါင်းတယမ်းယမ်းနှင့် သောင်းကျန်းနေသည့်အခါ (အစွယ်ပြူးပြူး ပါးစပ်ပြဲပြဲနှင့်မို့ ရာကိုလှမ်းအဟပ်ခံရလျှင် ဒဏ်ရာတော်တော်ကြီးနိုင်သည်။) လှေလုပ်သားများက ထိုငါးမန်းပါးစပ်အပြဲကို ရေပုံးနှင့်ခပ်၍ပက်ထည့်လိုက်လျှင် ထိုငါးမန်း ချက်ချင်းငြိမ်ကျသွားတော့သည်။ ပုံးထဲမှာပါတာက သောက်ရေ (ရေချို) ဖြစ်သည်။ ပင်လယ်ဆားငန်ရေရှာနေသော ငါးမန်းသည် လူတွေသောက်သောရေချိုက သူ့အတွက်အဆိပ်ဖြစ်သလားမသိ၊ တစ်ခုထူးတာက ပင်လယ်ငါးများ ရေထဲက ဆွဲဖော်လိုက်လျှင် မကြာမီ သူ့အလိုလို ဇီဝိန်ချုပ်သည်။ ရေချိုငါးကဲ့သို့ အလေးနှင့်ထု၊ လော်တက်နှင့် ရိုက်သတ်စရာမလိုပါ။

ထို့ကြောင့် ရန်ကုန်မှာဖြစ်စေ၊ မြစ်ဝကျွန်းပေါ်မှာဖြစ်စေ ဈေးထဲ ရောက်လာသည့် ငါးသလောက်မှန်သမျှ လှုပ်လှုပ်ရွရွမရှိ၊ အသက်ရှင်လျက် ပါလာတာ မရှိပါ။ ငါးသလောက်အရှင်ကို ရေလုပ်သား (တံငါ) သာ မြင်ဖူးမည်ဖြစ်ပါသည်။ ကျွန်တော်ကတော့ ကိုယ်နှင့် ဘာမျှမဆိုင်ဘဲ စပ်စပ်စုစု ရှိတာမို့ "ငါးသလောက်အရှင်ငါမြင်ဖူးတယ်" ဟုကြွားနိုင်သောအတွေ့အကြုံကို ရခဲ့ပါသည်။

═ ➤ ━

ငါးသလောက်ပိုက်လှေများမှာ ကျွန်တော်ပြောခဲ့သလို ညဘက်လုပ်ငန်းဆောင်ရွက်ကြသည်ဖြစ်၍ လှေသမားများ လှေပေါ်မှာပင် ညဉ့်လယ်စာ ချက်ပြုတ်စားလေ့ ရှိပါသည်။ ဟင်းချက်စရာက တခြားမဟုတ်၊ ဖမ်းမိသောငါးထဲမှ သူတို့သိထားသည့် စား၍အကောင်းဆုံး၊ အဆူဖြိုးဆုံးငါးကို ရွေးချယ်၍ ချက်ပါသည်။ လှေပေါ်မှာ ဟင်းချက်စရာ ဟင်းခတ်အမွှေးအကြိုင် စသည်ဖြင့် ထူးထူးထွေထွေ ပါသည်မဟုတ်၊ ဆား၊ မန်ကျည်းမှည့်၊ ဆီပါလေကာမျှပါသည်။ ဆီပုလင်းကလေးမျှပါလေ့ရှိသည်။ ဟင်းချက်ပြန်တော့ လှေပေါ်မှာ လေကတဝူးဝူးမို့မီးတောက်မညီသောမီးဖိုမှာရေဆူရုံချက်ထားသောငါးဟင်းဖြစ်သည်။ သို့သော် ဆီကလေးပါရုံ ဖြစ်ကတတ်ဆန်း ရေလုံပြုတ်သာသာချက်ထားသော ငါးသလောက်ဟင်းလောက် စားကောင်းတာကို အခြားမစားဖူးခဲ့သေးပါ။ အရသာ သိသိသာသာ ကောင်းလှပါသည်။ ဘယ်လိုကောင်းသည်ဟုတော့ ခွဲခြမ်းစိတ်ဖြာ မပြောတတ်ပါ။ ငါးသလောက်ကိုဟင်းချက်စားတာအပြင် စိတ်ကြိုက် ငါးသလောက်ဆူဆူအကောင်ကို ရွေးချယ်၍ တံငါသုံးဓားထက်ထက်နှင့် အသားပါးပါးလွှာယူပြီး ခရုလကာရည် (ပအုံးရည်) မှာစိမ်ပြီး အစိမ်းစားသည်။ ငါးသလောက်အသား ပါးပါးလွှာလွှာက လွှာယူစဉ်မှာ ငါးအသားစိမ်းအတိုင်း ကြည်လဲ့နေသော်လည်း ပအုန်းရည်မှာ နှစ်လိုက်တော့ အသားကျသည့်အရောင် ပြောင်းသွားသည်။ ဒါကို (လှေပေါ်မှာဆိုတော့) ဆားနှင့်တို့စားပြီး အရက်နှင့်မြည်းတာ ဖြစ်သည်။ ဟင်းချက်စားတာလောက် ကျွန်တော်က အရသာမတွေ့ပါ။ (အိမ်မှာဆိုလျှင်တော့ ငါးလွှာတို့ ဆီချက်၊ ပဲမှုန့်၊ အချဉ်၊ အငန်၊ ငရုတ်သီးစိမ်းတွေနှင့်များ သုပ်စားရလျှင် ပိုကောင်းမည် ထင်သည်။)

ထိုကဲ့သို့တံငါချက်ငါးသလောက်ဟင်းလတ်လတ်ဆတ်ဆတ်ကိုစားဖူးနေသည့် ကျွန်တော်က ထိုဟင်းအရသာကို စွဲလမ်းနေခဲ့ပါသည်။ တံငါငါးသလောက်ဟင်းက ဘယ်လိုကောင်းသည်ဟု ခွဲခြားမပြောတတ်၍ အကြောင်းသိ အရသာခံလိုပါမူ တံငါလှေတစ်စီးစီးနှင့် လိုက်သွားပြီး မိလျှင်မိချင်း ချက်စားသည့် ငါးသလောက်ဟင်းကိုသာ ကိုယ်ကိုယ်တိုင် စားကြည့်ကြပါတော့ဟု တိုက်တွန်းလိုက်ရပါသည်။

>> ဆောက်ထိန်



www.burmeseclassic.com

www.burmeseclassic.com

ရဲမြတ်ကောင်

# လောကသစ္စာ



အလုပ်လက်မဲ့ဖြင့် ရောက်လာသော
နွားကျောင်းသားတစ်ယောက် ...
အမှန်တော့ သူသည် လျှို့ဝှက်ရောက်လာသော
လူတစ်ယောက်ဖြစ်ကြောင်းကို ...

---

"ဟေ့ကောင် မိုးအောင် – လက်မြှောက်လိုက်စမ်း၊ နည်းနည်းမှ လှုပ်မယ်မကြံနဲ့၊ လှုပ်တာနဲ့ ပစ်ထည့်လိုက်မယ်"

လက်ထဲမှ ခြောက်လုံးပြူးဖြင့် ထိုးချိန်လိုက်ရင်း ရဲအုပ်စိုးမင်းက စပ်ထန်ထန် ပြောလိုက်သည်၊ မိုးအောင်က သရော်ပြုံးပြုံးရင်း တုံ့ပြန်လိုက်သည်၊

"သေနတ်ကြီးနဲ့တောင် ချိန်ထားတဲ့ဥစ္စာ၊ ကျုပ်က လက်မြှောက်ထားစရာ လိုသေးလား"

"စကားမများနဲ့ – မြှောက်ဆိုမြှောက်"

"ကိုင်း – ဒါဖြင့် – မြှောက်ပြီ၊ ဒါပေမဲ့ – ကျုပ်က မေးရဦးမယ်၊ ကျုပ်ကို ဘာအမှုနဲ့ဖမ်းတာတုံး"

"ဘာမှုနဲ့ရမလဲ – လူသတ်မှုပေါ့၊ ကျောက်သူဌေးဦးဘကောင်း၊ ပွဲစားကြီးဦးလှအောင်နဲ့ တရားသူကြီးဦးမောင်မောင်သန်းတို့ကို သတ်မှုနဲ့ ဖမ်းတာ၊ ရှင်းပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်သတ်တာက အသတ်ကောင်းပဲ။ သတ်သင့်လို့ သတ်တာပဲ။ ဒီလူသုံးယောက်လုံးက လူကောင်းတွေမှမဟုတ်တာ။ ကျောက်သူဌေးဦးဘကောင်းက ဘိန်းမှောင်ခိုတစ်ယောက်ပဲ။ ပွဲစား ဦးလှအောင်က မရိုးဆင်းရဲသား တောင်သူလယ်သမားတွေကို လည်ပင်းညှစ်နေတဲ့သူပဲ၊ သူများ သားပျို သမီးပျိုတွေကိုလည်း လစ်ရင်လစ်သလို ခြေတော်တင် ဖျက်ဆီးနေတဲ့သူပဲ၊ နောက်ပြီး - တရားသူကြီး ဦးမောင်မောင်သန်းကတော့ အထက်ဖား အောက်ဖိ၊ ငွေမျက်နှာလောက်သာ ကြည့်နေတတ်တဲ့သူပဲလေ။ လူယုတ်မာ၊ အကျင့်ပျက်ဝန်ထမ်းတစ်ယောက်ပဲလေ။ ဒါကြောင့် ဒီလိုဒုစရိုက်သမားတွေကို ရှင်းပစ်လိုက်တဲ့ ကျုပ်ကို ခင်ဗျားတို့က တကယ်ဆို ကျေးဇူးတောင် တင်ရဦးမှာ မဟုတ်လား"

"အောင်မာ - လာလာချေသေး - ဆင်ခြေဆင်လက်တွေပေးလို့၊ လူဆိုးကများ ..."

"ကျုပ်ကိုလူဆိုး - ဟုတ်စ၊ ဒီနယ်တစ်နယ်လုံးကတော့ ကျုပ်ကို ဝိုင်းပြီးချီးကျူးနေကြပါလား၊ သူတို့ရဲ့ဆင်းရဲဒုက္ခတွေ၊ သူတို့ရဲ့ပူပင်သောကတွေကို ငြိမ်းအေးပြေပျောက်စေသူဆိုပြီး ကျုပ်ကို သူရဲကောင်းကြီးတစ်ယောက်လို ဝိုင်းပြီး ဂုဏ်ပြုနေကြပါလား။ တကယ်တော့ - ကျုပ်ကလည်း လူစွမ်းကောင်းကြီး၊ ကယ်တင်ရှင်ကြီးဆိုပြီး အခေါ်ခံချင်လွန်းလို့ လုပ်ရတာ မဟုတ်ပါဘူး။ ကျုပ်သတ်ပစ်လိုက်တဲ့ ဒီလူသုံးယောက်လုံးဟာ ကျုပ်မိသားစုနဲ့ ကျုပ်ဆွေမျိုးသားချင်းတွေအပေါ်ကိုလည်း ယုတ်မာရက်စက်လွန်းတဲ့ ပြစ်ချက်တွေ ရှိထားခဲ့လို့ ကျုပ်က သတ်ပစ်ရတာပဲ၊ တစ်နည်းအားဖြင့် ခံရပါများလွန်းလို့ မခံနိုင်တော့ဘဲ သတ်ပစ်လိုက်ရတာပဲ"

"တော်တော့ - ဟော့ကောင်၊ လေပေါ်မနေနဲ့၊ ဒါ - လူသတ်မှုဟာ လူသတ်မှုပဲ"

"ဟုတ်ပါပြီ - လူသတ်မှုပါ။ ဒါပေမဲ့ - တစ်ခုတော့ မေးလိုက်ချင်ပါသေးတယ်၊ ရပ်ရွာအေးချမ်းသာယာဖို့ ခင်ဗျားတို့ကလည်း ခင်ဗျားတို့ဘာသာ လုပ်ကြတယ်၊ ကျုပ်ကလည်း ကျုပ်နည်းကျုပ်ဟန်နဲ့လုပ်တယ်၊ ဒါဟာ အတူတူပဲ မဟုတ်လား။ ဒီလို အတူတူချင်းဖြစ်ပါလျက်နဲ့ ကျုပ်ကို ခင်ဗျားတို့ နှိပ်ကွပ်ဦးမယ်ဆိုတော့ - ခင်ဗျားတို့ပြောပြောနေတဲ့ အမှန်တရားကို ဖြောင့်ရမယ်၊ လုပ်ရဲရမယ်၊ တိုက်ခိုက်ရဲရမယ်ဆိုတဲ့ ဆောင်ပုဒ်တွေကို ဘယ်သွားထားမလဲဗျာ"

"ဟော့ကောင် - မတူဘူးကွ - မတူဘူး။ ငါက အတွင်းကကွ၊ မင်းက အပြင်ဘက်က၊ ဒီတော့ - ပြစ်မှုမြောက်တာဟာ မြောက်တာပဲ၊ ဥပဒေအတိုင်း တိတိကျကျ အရေးယူကိုယူရမှာပဲ၊ ကိုင်း - ကြာတယ်၊ ဟိုဘက်လှည့် - ဟော့ကောင်၊ လက်ကို နောက်ပစ် - လက်ထိတ်ခတ်မယ်"

"ဒီလိုလား - အေးပေါ့ဗျာ၊ ခင်ဗျားက ကိုယ်တိုင်မခံရသေးတော့ ဘယ်ကိုယ်ချင်းစာတတ်ပါဦးမလဲ။ ကိုယ်တွေ့မခံရသေးလို့လည်း ဥပဒေစကား၊ ဘာတွေ ကြီးကြီးကျယ်ကျယ် ပြောနေနိုင်တာပေါ့၊ တစ်နေ့တွေ့ကြဦးမယ်လေ"

"ဟော့ကောင် - ဟိုဘက်လှည့်ဆို လှည့်ကွာ - လေရှည်မနေနဲ့"

"အံမာ - ခင်ဗျားက ကျုပ်ကိုသာ အလှည့်နိုင်းနေတာ၊ ခင်ဗျားလည်း ကိုယ့်နောက်ကိုယ် လှည့်ကြည့်လိုက်စမ်းပါဦး။ ခင်ဗျားနောက်မှ ဘယ်သူရောက်နေသလဲဆိုတာ - ဟဲ - ဟဲ"

ရဲအုပ်စိုးမင်းက မိုးအောင်စကားကြောင့် ထိတ်ခနဲဖြစ်သွားသည်၊ စိုးရိမ်သွားသည်၊ ထို့ကြောင့် မျက်နှာကို ခပ်စောင်းစောင်းပြု၍ နောက်ဘက်သို့ အသာငဲ့ကြည့်လိုက်မိသည်၊ ထိုအချက်ကပင် သူ့အမှား ဖြစ်တော့သည်၊

"ခွပ် - ဖြောင်း"

"ဒုတ်"

"အင့်"

— ✤ —

ဦးကျော်ဒင်က သူ့ရှေ့တွင် ရပ်နေသူအား စူးစူးရဲရဲစိုက်ကြည့်သည်၊ တစ်နည်းအားဖြင့် ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်၊ သမီးဖြစ်သူ ခင်ခင်မော်ကပါ ဖခင်နည်းတူ ထိုလူကို စေ့စေ့စပ်စပ် လေ့လာနေမိသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ဒင်အသံက ပေါ်လာသည်။

"မောင်ရင်က အလုပ်လုပ်ချင်လို့ဆိုတော့ ကျုပ်အိမ်မှာက ဒီပြင့်အလုပ်တော့မရှိဘူး။ နွားကျောင်းသားအလုပ်ပဲ ရှိတယ်။ မောင်ရင့်လို ကိုယ်လုံးကိုယ်ပေါက်နဲ့ နွားကျောင်းသားအလုပ်မျိုးက ဟန်မယ်မထင်ပါဘူးလေ ..."

"ရပါတယ် – ဦးလေး။ ကျွန်တော် လုပ်နိုင်ပါတယ်။ ကျောင်းရမယ့်နွားက ဘယ်နကောင်လောက်ရှိလဲ"

"အကောင်ရှစ်ဆယ်လောက် ရှိတယ်"

"ဟုတ်ကဲ့ – ကျွန်တော် ကျောင်းနိုင်ပါတယ်။ ဦးလေး – သဘောတူရင် ကျွန်တော် – ခုပဲ – အလုပ်ဝင်လိုက်မယ်လေ ..."

"ဒါဖြင့် – ပြီးတာပဲ။ နွားခြံအစွန်မှာ အခန်းကလေးမှာ နေပေတော့။ အရင်နွားကျောင်းသားလည်း အဲဒီမှာပဲ နေသွားတာပဲ။ ဒါထက် – မောင်ရင့်နာမည်က ..."

"ကျွန်တော့်နာမည်က မိုး – အဲလေ – တိုးအေးလို့ ခေါ်ပါတယ်"

အလုပ်တောင်းခြင်းနှင့် အလုပ်ပေးခြင်းက ထိုမျှနှင့်ပင် ပြီးဆုံးသွားပြီ၊ နွားကျောင်းသားအသစ်ရသဖြင့် ဦးကျော်ဒင်က ဝမ်းမြောက်သလို ဖြစ်မိသော်လည်း ထိုနွားကျောင်းသားအသစ်နှင့်ပတ်သက်၍ စိတ်ထဲမှာ ခပ်ထင့်ထင့်ဖြစ်နေမိသည်က အမှန်ပင်၊ အဘယ်ကြောင့်ဆိုသော် – သူက ဘယ်အရပ်၊ ဘယ်ဒေသကမှန်းလည်း မသိ၊ လူဆိုးလား၊ လူကောင်းလားဆိုတာ ဘယ်လိုရာဇဝင်ရှိခဲ့မှန်းလည်း မသိ၊ ဘာဆိုဘာမှ မသိခြင်းပင်တည်း။

သို့သော် မကြာမီမှာပင် သူ့အကြောင်းကို တစ်စတစ်စ သိလာရသည်၊ တစ်နည်းအားဖြင့် သူ၏အရည်အချင်းကို ပို၍ပို၍ သိသိလာရသည်၊ ဦးကျော်ဒင်၏ဇနီးက နဂိုကပင် ခပ်အေးအေးသမားမို့ သူ့ဘာသာ ဘာသိဘာသာနေသော်လည်း ဦးကျော်ဒင်တို့ သားအဖကမူ သူတို့လူသစ်နှင့်ပတ်သက်ပြီး သတိမပြုမိဘဲ မနေနိုင်၊ သို့နှင့်ပင် သူတို့သားအဖက နောက်တစ်လကျော်ကျော်လောက် ရှိလျှင်ပင် အောက်ပါအတိုင်း အချင်းချင်း ပြောဆိုနေမိကြလေပြီ၊



"ဖေဖေ – ကိုတိုးအေးက တော်တော်အားကိုးရတယ်နော်၊ နွားတွေလည်း သူ့လက်ထဲရောက်မှ ပိုဝလာသလိုပဲ"

"ဟုတ်တယ် – သမီး။ ဖေဖေ – သိတယ်၊ သူ နွားကျောင်းကောင်းတယ်။ အရင်လူတုန်းကဆိုရင် ညနေစောင်းတာနဲ့ နွားတွေကို ခြံထဲပြန်သွင်းချင်နေပြီ၊ မောင်တိုးအေးကတော့ မိုးချုပ်ပြီး မှောင်တော့မှပဲ နွားတွေကို သွင်းတယ်၊ နွားတွေ အစာပိုဝတာပေါ့၊ နွားတွေ – အစာဝလို့လည်း ဖေဖေ ခုတလော နွားနို့တွေ ပိုရနေတာပေါ့၊ ပြီးတော့ – အရင်လူတုန်းကဆို နွားခြံထဲမှာ နွားချေးတွေ၊ နွားသေးတွေနဲ့ အမြဲတမ်း ပေပွရှုပ်ပွနေတာပဲ၊ အခု – သူကျတော့ နွားခြံထဲမှာ အမြဲတမ်း သန့်သန့်ရှင်းရှင်း၊ ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေအောင် ဂရုစိုက်တယ်၊ အဲဒါလည်း တော်တော်ချီးမွမ်းဖို့ကောင်းတယ်"

"နွားကျောင်းကပြန်လာရင် သူက ထင်းတွေလည်း ခွေလာပေးသေးတယ် – ဖေဖေရဲ့၊ သူ့ထင်းတစ်ထမ်းစာကလည်း သမီးတို့သုံးယောက်ထမ်းစာလောက်ရှိတယ်၊ ရောမထင်းစည်းကြီး"

"အေးကွယ် – သူက စေတနာထားတော့လည်း တို့က ထိုက်သင့်သလို တုံ့ပြန်ရမှာပေါ့၊ သူ့ကိုကောင်းကောင်းမွန်မွန် ရက်ပြုတ်ကျွေးဖို့သမီးမေမေကို ဖေဖေပြောထားတယ်၊ သမီးကလည်း တတ်နိုင်သလောက် သူ့အဝတ်အစားလေးတွေကို လျှော်ဖွပ်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ – ဖေဖေ၊ ဒါပေမဲ့ – သူက လူတစ်မျိုး – ဖေဖေရဲ့၊ စကားလည်း ဟုတ်တိပတ်တိ မပြောဘူး၊ စားသောက်ပြီးတာနဲ့ သူ့နေရာသူပြန်သွားတော့တာပဲ၊ သမီးတို့အိမ်သားတွေနဲ့ ရယ်ရယ်မောမော၊ ဟက်ဟက်ပက်ပက်စကားပြောတယ်ရယ်လို့ တစ်ခါမှကို မရှိဘူး။ သူ့အကြောင်းမေးရင်လည်း တုံးတိပဲ ပြန်ဖြေတယ်၊ မေးတာကို ကြိုက်ဟန်မတူဘူး"

"အေးပေါ့ကွာ – ဒါက သူ့စရိုက်ပဲနေမှာပေါ့၊ တချို့က ကိုယ့်ဘဝ၊ ကိုယ့်ခံစားချက်အကြောင်း သူတစ်ပါးကို လွယ်လွယ်နဲ့ ထုတ်မပြောတတ်ကြဘူးလေ ..."



www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်စိုးမင်းထဲသို့ စာတစ်စောင် ရောက်ရှိလာလေသည်။ သူက စာအိတ်ပေါ်မှ လက်ရေးကို မြင်လျှင်ပင် ညီမဖြစ်သူထံဖြစ်ကြောင်းကို အတတ်သိလိုက်သည်။ ချက်ချင်းပင် စာကို ဖွင့်ဖတ်လိုက်သည်။

*သို့/*

*ကိုကိုစိုး*

*ညီမလေး - စာရေးလိုက်တယ်။ ကိုကိုစိုး - နေကောင်းရဲ့လား။ ညီမလေးတို့တစ်အိမ်သားလုံးတော့ နေကောင်းကြပါတယ်။*

*ကိုကိုစိုး - အိမ်ပြန်မရောက်တာလည်း ကြာလှပြီ။ ကြာဆို - ဒီနှစ်ထဲမှာ တစ်ခေါက်မှကို မရောက်ဘူး။ အရင်ကမှ ကြုံရင်ကြုံသလို အိမ်ကို လှည့်ဝင်လာဖော်ရသေးတယ်။ ပြီးတော့ - လူမလာနိုင်ရင်တောင် ကိုကိုစိုးက စာလေး။ ဘာလေး ရေးဦးမှပေါ့။ ခုတော့ - ကိုကိုစိုး - သင်တန်းမသွားခင်က စာတစ်စောင်ရယ်၊ သင်တန်းပြန်လာပြီးမှရေးတဲ့ စာတစ်စောင်ရယ်၊ ဒီနှစ်စောင်ပဲ အိမ်ကိုရောက်တယ်။ ဒီနောက် - တပါ အဆက်ပြတ်နေတယ်။ အဲဒါ - မေမေနဲ့ ဖေဖေက နင့်အစ်ကို - ဘာများဖြစ်နေသလဲ မသိဘူး။ နေမှကောင်းရဲ့လား။ ဘာညာနဲ့ပြောပြီး စာအတင်းရေးခိုင်းကြလို့ - ညီမလေး - ဒီစာကို ရေးလိုက်တာပဲ။*

*သိလား - ကိုကိုစိုး။ ဖြစ်နိုင်ရင် - ဒီရက်ပိုင်းအတွင်းမှာ ခွင့်ယူပြီး အိမ်ကို ပြန်လာခဲ့စေချင်တယ်။ အိမ်မှာ လေးငါးဆယ်ရက်လောက်ဖြစ်ဖြစ် ပြန်လာနေစေချင်တယ်။ ဘာကြောင့် - ညီမလေး - ဒီလိုပြောရသလဲဆိုတော့ အရေးကြီးလို့ - ကိုကိုစိုးရဲ့။*

*ရွာကို သူပုန်တွေက မကြာမကြာလာပြီး ဆက်ကြေးကောက်တာကို ကိုကိုစိုးလည်း သိတာပဲ။ အဲဒါ - အရင်ကဆို သုံးလမှ တစ်ခေါက်လောက်သာ လာကောက်ပေမယ့် ခုဆို တစ်လတစ်ခါလောက်နီးနီး လာလာကောက်နေတယ်။ ပြီးတော့ - ခုတလောမှာ ဓားပြမှုတွေကလည်း ရွာမှာ ခဏခဏဖြစ်နေတယ်။ အတိုက်ခံရတဲ့အိမ်တွေလည်း ရွာအပြင်က အိမ်တွေ၊ ရွာအစွန်က အိမ်တွေပဲ အဖြစ်များတယ်။*

*ရွာထဲကလူတွေက ညီမလေးတို့ကို သတိပေးကြတယ်။ ညီမလေးတို့ကို အထင်ကြီးပြီး ဓားပြလာတိုက်သွားဦးမယ်ဆိုပြီးတော့ပေါ့။ သူတို့ သတိပေးတာလည်း ပေးလောက်ပါတယ်။ ညီမလေးတို့နေတဲ့နေရာက ရွာနဲ့အဝေးကြီးမဟုတ်လား။ ပြီးတော့ - ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ အပ်စပ်တဲ့နေရာမှာပဲ နေကြရတာကို။ နွားမွေးတဲ့သူတွေဆိုတော့ ရွာနဲ့ဝေးပြီး တောကျက်နဲ့နီးတဲ့ နေရာမျိုးမှာပဲ နေကြရတာကို။ ဘယ်တတ်နိုင်ပါ့မလဲ။*

*ဓားပြသတင်းတွေကြားရတော့ သိပ်အားငယ်တာပဲ။ ညီမလေးတို့မှာက မိသားဖသား သုံးယောက်ပဲရှိတာ။ ပြီးတော့ - အိမ်နီးနားချင်းဆိုတာကလည်း တစ်အိမ်နဲ့တစ်အိမ် အဝေးကြီးရယ်။ သူလို၊ ကိုယ်လို နွားမွေးတဲ့သူတွေချည်းပဲဆိုတော့ နေရာကို တမင်စပ်ရွာရွာလုပ်ပြီး ယူထားကြရတာလေ။ ဒါကြောင့် အရေးအကြောင်းဆိုရင် သူ့အိမ်မှာ ဘာဖြစ်နေသလဲ ကိုယ်မသိ၊ ကိုယ့်အိမ်မှာ ဘာဖြစ်နေသလဲ သူမသိဆိုတဲ့ကိန်းမျိုး ဆိုက်နေတော့တာပေါ့။ ညီမလေးတို့အိမ်ဆိုရင် ပတ်ပတ်လည်မှာ သစ်ပင်ချုံတောတွေက ဝိုင်းနေတာမို့ နေ့ခင်းကြောင်တောင်ကြီး ဓားပြလာတိုက်ရင်တောင် ဘယ်သူမှ သိလိုက်ကြမှာ မဟုတ်ဘူး။ ပြောရင်နဲ့ ကြက်သီးတောင် ထ,မိပါရဲ့။*

*အားလုံးက သတိဝီရိယတော့ ရှိကြပါတယ်။ ညဆိုလည်း တော်တော်နဲ့ မအိပ်ကြဘူး။ ချိုးခနဲ၊ ချွတ်ခနဲ အသံကြားလိုက်တာနဲ့ ဘာပါလိမ့်ဆိုပြီး ခေါင်းထောင်ကြည့်နေကြရတာပေါ့။ တစ်ခုတော့ - ညီမလေးတို့အိမ်မှာ အားကိုးစရာ ရှိပါတယ်။ ခု - ညီမလေးတို့အိမ်မှာ အလုပ်သမားအသစ်တစ်ယောက်ရောက်နေတယ်။ သူ့နာမည်က ကိုတိုးအေးတဲ့။ လုပ်ငန်းနဲ့ပတ်သက်လို့ကတော့ ဘာမှလှည့်ကြည့်စရာ မလိုလောက်အောင်ကို စိတ်ချရတယ်။ အနေအထိုင်လည်တည်ကြည်မှုရှိတယ်။ ဒါကြောင့် - အရေးအကြောင်းဆိုရင် သူ့ပဲ အားကိုးရမယ့်ပုံ ရှိတယ်။ ကိုကိုစိုးလာရင် သူ့ကိုတွေ့လိမ့်မယ်။*

www.burmeseclassic.com

*ဒီတော့ - ညီမလေးပြောသလို ခွင့်ရသည်ဖြစ်စေ၊ ခွင့်မရသည်ဖြစ်စေ ဒီရက်ပိုင်းအတွင်းမှာတော့ ကိုကိုစိုး အိမ်ကို ရောက်အောင်လာခဲ့ဦး။ ဖေဖေရော၊ မေမေပါ နည်းနည်းဖြစ်ဖြစ် စိတ်ချမ်းသာတာပေါ့။ အားရှိတာပေါ့။ ဒီလောက်ပါပဲ။*

*ကိုကိုစိုး ရွှင်လန်းချမ်းမြေ့ပါစေ။*

*ညီမလေး ခင်ခင်မော်*

စာဆုံးသွားသည်နှင့် စာရွက်ကိုခေါက်ကာ စာအိတ်ထဲ ပြန်ထည့်ထားလိုက်သည်။ ထို့နောက် သူ မျက်မှောင်ကြုတ်၍ စဉ်းစားခန်း ဆက်ဝင်နေမိသည်။ မအေးချမ်းသောနယ်မြေအတွင်း၌ နေထိုင်နေကြရသော မိမိမိသားစုကို စိုးရိမ်ပူပန်မိခြင်းနှင့်အတူ သည်လိုအချိန်မျိုး၌ မိမိမိသားစုက မိမိအား အထူးမျှော်လင့်နေကြမည့်အဖြစ်ကိုပါ မြင်ယောင်လိုက်မိသည်။

ညီမဖြစ်သူ၏စာထဲမှအတိုင်း၊ ယခုတလော မိမိကလည်း အိမ်သို့ ပြန်မရောက်သည်မှာ ကြာချေပြီ။ ကြာဆို - သည်နှစ်အတွင်း တစ်ခေါက်မျှပင် ပြန်မရောက်ဖြစ်သေးချေ။ ထိုသို့ မရောက်ဖြစ်ရခြင်းမှာ မိမိသင်တန်းသွားတက်နေရခြင်းက အကြောင်းတစ်ခုဖြစ်သလို သင်တန်းမှပြန်လာပြီးနောက် ယာယီတာဝန်ဖြင့် တစ်ကြိမ်မျှ ခရီးမသွားရသေးခြင်းကလည်း အကြောင်းတစ်ခုဖြစ်သည်။ ယခင်က တာဝန်ဖြင့် ခရီးသွားရသည့်အခါတိုင်း မိသားစုကို ဝင်ရောက်တွေ့ဆုံခဲ့မြဲ ဖြစ်သည်။ မိဘများ၏နွားခြံမှာ အဝေးပြေးကားလမ်းမကြီး၏အနီးနားမှာပင် တည်ရှိလေရာ ခရီးထွက်ဖြစ်သည်ဆိုလျှင် လမ်းကမကြုံစရာမရှိတော့ပေ။

သည်တစ်ခါတော့ ခွင့်တင်ပြီး မဖြစ်ဖြစ်အောင် အိမ်ပြန်ရမည့်ကိန်းဆိုက်နေလေပြီဟု တွေးလိုက်ရင်း ရဲအုပ်စိုးမင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။ ထိုအချိန်မှာပင် တာဝန်ကျ ရဲဘော်လေးတစ်ယောက်က သူ့ရှေ့ကို လာရပ်လေသည်။

"ဆရာ - မြို့နယ်မှူး ခေါ်နေပါတယ်၊ အခု လာခဲ့ပါတဲ့"

"ဟုတ်လား - အေး - အေး - လာခဲ့မယ်"



ထိုင်ရာမှ ကပျာကယာ ထ,လိုက်သည်။ မြို့နယ်မှူးရုံးခန်းဆီသို့ လျှောက်သွားလိုက်သည်။ ရောက်လျှင် အလေးပြုကာ အတွင်းသို့ ဝင်သွားလိုက်သည်။

"ထိုင်ဟေ့ - စိုးမင်း။ အရေးပေါ်တာဝန် ပေးစရာရှိလို့ - မင်းကို ခေါ်ခိုင်းလိုက်တာ"

"ဟုတ်ကဲ့"

သူ ဝင်ထိုင်သည်။ မြို့နယ်မှူးက ဆက်ပြောသည်။

"တခြားမဟုတ်ဘူး။ ပြစ်ဒဏ်ကျ အကျဉ်းသားတွေကို ထောင်သွားပို့ရမယ့်တာဝန်ပဲ။ အရင်က ဒုရဲအုပ်တစ်ယောက်ကို ဦးစီးပြီး ပို့နိုင်းမလို့ပဲ၊ ဒါပေမဲ့ - နာမည်ကြီးအကျဉ်းသားတွေပါနေတဲ့အတွက် ပိုစိတ်ချရအောင် မင်းကို တာဝန်ပြောင်းပေးလိုက်တာပဲ"

"ဟုတ်ကဲ့"

ပါးစပ်က ဟုတ်ကဲ့ပြီးပြီးချင်းပင် စိတ်ထဲက လှိုက်ခနဲ ဝမ်းသာသွားရသည်။ ကြုံတောင့်ကြုံခဲ တိုက်ဆိုင်လွန်းလှသည်။ စောစောကပင် သူ အိမ်သို့ မည်သို့မည်ပုံပြန်ရမည်ကို စဉ်းစားနေခဲ့သေးသည်။ ယခု ပြန်ခွင့်ကြုံလေပြီ။ တာဝန်နှင့်အတူ မိသားစုအား သွားရောက်တွေ့ဆုံနိုင်မည့် အခွင့်အရေးအား အချိန်ကိုက်ဆိုသလို ရရှိလိုက်လေပြီ။

"ကဲ - စီစဉ်စရာရှိတာ သွားစီစဉ်ပေတော့။ သန်ဘက်ခါမနက် - ဒီက စ,ထွက်မယ်"

"ဟုတ်ကဲ့ ခင်ဗျ"

သူ ပြန်ထွက်လာခဲ့သည်။ သူ့ခြေလှမ်းများက ပေါ့ပါးသွက်လက်နေသည်။ လောလောဆယ် ခွင့်တင်၍ မဖြစ်သေး၊ ခွင့်ကိစ္စကို ရွှေ့ဆိုင်းထားရဦးမည်။ မည်သို့ဆိုစေ - မိမိရောက်လာသည်ဆိုလျှင်ပင် တစ်ခဏပင်ဖြစ်စေဦး၊ မိသားစုအတွက် အလွန်အားတက်စရာ၊ ဝမ်းသာစရာ ဖြစ်ပေလိမ့်မည်။ ထိုအတွေးနှင့်အတူ ရဲအုပ်စိုးမင်းက အတန်အသင့် စိတ်အေးသွားမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကိုတိုးအေး – နွားလွှတ်တော့မလို့လား"

"ဟုတ်တယ် – လွှတ်တော့မလို့"

"ကိုတိုးအေးအတွက် ထမင်းချိုင့်ကို နု – ထည့်မပေးလိုက်သေးဘူး။ ရွာထဲမှာ ဒီနေ့ ဟင်းပေါ်မယ်လို့ သတင်းကြားတယ်၊ ဖေဖေ – ခုနကပဲ ဟင်းဝယ်ဖို့ ရွာဘက်ထွက်သွားတယ်၊ အဲဒါ – ဟင်းကောင်းချက်ပြီးတော့မှပဲ ဖေဖေ့ကို ထမင်းလိုက်ပို့ခိုင်းတော့မယ်"

"ရပါတယ်ဗျာ"

"ရော့ – ဒီကန်စွန်းဥပြုတ်ကလေးတော့ ယူသွားလိုက်ဦး။ အဆာပြေစားချင်ရင် စားရတာပေါ့"

"နေပါစေ – မယူတော့ပါဘူး။ ကျွန်တော် မဆာတတ်ပါဘူး"

"ဟင့်အင်း – မယူလို့မရဘူး၊ ယူရမယ်၊ ဒီနေ့ ထမင်းက နည်းနည်းနောက်ကျချင် ကျမှာ ..."

ခင်ခင်မော်ကလက်ထဲမှကန်စွန်းဥပြုတ်အထုပ်ကလေးကိုနွားကျောင်းသား၏လွယ်အိတ်ထဲသို့ အတင်းတိုးထည့်ပေးလိုက်သည်၊ ထိုစဉ်၌ နှစ်ဦးသား အကြည့်ချင်း ဆုံကြသည်။ ခင်ခင်မော်က ကြည်စင်သော အပြုံးတစ်ပွင့်ကို လှစ်ခနဲ ခွေပြလိုက်သော်လည်း တိုးအေးကမူ မျက်နှာကို ချက်ချင်းပင် လွှဲလိုက်ကာ နွားခြံဘက်သို့ လျှောက်သွားလိုက်သည်။ ထို့နောက် ခြံတံခါးကို ဖွင့်ကာ နွားများကို ထုတ်လွှတ်လိုက်သည်။ ခြံတံခါးပွင့်သွားသည်နှင့်အတွင်းမှ နွားအုပ်ကြီးက အပေါက်ဝ စုပြုံတိုးဝှေ့ကာ အပြင်သို့ ထွက်လာကြသည်၊ ပြီးလျှင် – သူတို့သွားနေကျလမ်းအတိုင်း ရှေ့နောက် အစဉ်တန်းလျက် ထွက်ခွာသွားကြသည်၊

ရှည်လျားလှသော နွားအုပ်ကြီး၏နောက်မှ တိုးအေးက လိုက်ပါသွားလိုက်သည်၊ ဘောင်းဘီရှည်ကို ဝတ်ထားပြီး စစ်သုံးတောဆောင်းဦးထုပ်ကို ဆောင်းထားသည့် တိုးအေး၏ကျောပြင်ကို ငေးကြည့်ရင်း ခင်ခင်မော်က ကျန်ရစ်ခဲ့လေ၏။

— ❦ —



နေကားမြင့်လှချေပြီ၊

အချိန်မှာ မွန်းလွဲပိုင်းသို့ပင် ရောက်နေလေပြီ၊ နေလုံးကြီးက ကောင်းကင်၌ ဝင်းဝင်းကြီးတောက်ပလျက် ရှိသည်၊ အပူရှိန်ကလည်း အပြင်းထန်ဆုံးအဆင့်သို့ ရောက်ရှိ၍နေသည်၊

အပြင်ဘက်တွင် အပူရှိန်ပြင်းလျက်ရှိသလို တိုးအေး၏ဝမ်းဗိုက်အတွင်း၌လည်း ဝုန်းဒိုင်းကြဲကာ သောင်းကျန်းဆာလောင်လျက် ရှိလေပြီ၊ သူ အလွန်အမင်း ဆာလောင်လျက်ရှိသည်၊

သူ ကွင်းဘက်ဆီသို့ထပ်မံ၍မျှော်ကြည့်လိုက်မိသည်၊ ထမင်းလာပို့သူ၏အရိပ်အယောင်ကို အစအနမျှပင် မမြင်ရသေးချေ၊ နွားခြံနှင့် စားကျက်မှာ သိပ်အဝေးကြီးမဟုတ်လှ၊ အလွန်ဆုံး တစ်မိုင်သာသာခန့်သာ ဝေးသည်၊ ဝေးသည့်အတွက် ထမင်းလာမပို့ကြသည်ကို သူ စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်၊

နွားအုပ်ရှိရာသို့ တစ်ချက်လှမ်းကြည့်မိပြန်သည်၊ နွားအုပ်က ငြိမ်ချက်အားကောင်းလျက်ရှိသည်၊ အချို့နွားများက သစ်ပင်အောက်တွင် အရိပ်ခိုနေကြသလို၊ အချို့နွားများက အေးအေးလူလူပင် အစာစားနေကြသည်၊ သူ ဆုံးဖြတ်ချက် ချလိုက်သည်။ ထိုင်ရာမှလည်း ဆတ်ခနဲ ထ.ရပ်လိုက်သည်၊ ထို့နောက် အိမ်ဘက်ဆီသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့တော့သည်၊

ခြေလှမ်းကို ကြဲကြဲလှမ်းလာခဲ့ရာ မကြာမီပင် ကွင်းစပ်မှ တောအုပ်ဆီသို့ရောက်သွားသည်၊ တောလမ်းအတိုင်း ဆက်၍လျှောက်လာခဲ့ရာတဖြည်းဖြည်းနှင့် နွားခြံအနီးသို့ ရောက်လာခဲ့လေသည်၊ ဤတွင် သူ့စိတ်ထဲ၌ တစ်စုံတစ်ခု ထူးဆန်းနေသကဲ့သို့ ခံစားလိုက်ရသည်၊ ယခင်ကဆိုလျှင် ဤနေရာသို့ရောက်သည်နှင့် ဦးကျော်ဒင်တို့အိမ်ဘက်မှ အသံဗလံများကို ကြားခဲ့ရမြဲဖြစ်သည်၊ နွားခြံနှင့်ဦးကျော်ဒင်တို့အိမ်မှာ ကိုက် (၁၀၀) ခန့်ခွာပြီး မျက်နှာချင်းဆိုင်ဆောက်လုပ်ထားခြင်းဖြစ်ရာ သူ နွားအသွင်းအထုတ် လုပ်သည့်အခါတိုင်းပင် ယခုနေရာလောက်ရောက်သည်နှင့်ဦးကျော်ဒင်တို့အိမ်ဆီမှ သူတို့အချင်းချင်း စကားပြောသံကိုသော်လည်းကောင်း၊ သို့မဟုတ် ရေဒီယိုသီချင်းသံကိုသော်

www.burmeseclassic.com



"သူ သေနတ်ကို ကောက်ယူကာ အိမ်ဘေးသို့ အမြန်ပြေးကပ်သွားလိုက်သည်။ ပြီးလျှင် ထရံပေါက်မှတစ်ဆင့် အတွင်းသို့ ချောင်းကြည့်လိုက်သည်။ သူမြင်ရပုံက ဦးကျော်ဒင်တို့ သားအမိသားအဖ အားလုံးပင် တစ်ဖက်နံရံကိုကပ်၍ တန်းစီထိုင်နေကြသည်။ မျက်နှာများကို အောက်ငုံ့ထားကြသည်။ ကြောက်ရွံ့သဖြင့်လည်း တဆတ်ဆတ် တုန်နေကြသည်။ လူဆိုးနှစ်ယောက်က သူတို့ကို သေနတ်များဖြင့် ချိန်ရွယ်ထားကြသည်။ "

လည်းကောင်း ကြားရမြဲ ဖြစ်သည်၊ ယခုမူ မည်သည့်အသံကိုမျှမကြားရဘဲ ပကတိ တိတ်ဆိတ်နေသည်၊ ငြိမ်သက်နေသည်၊

ဆက်၍လျှောက်လာရင်း နွားခြံအစပ်နားသို့ ရောက်လာခဲ့သည်၊ ဤ... တွင် သူ့စိတ်ထဲမှ သံသယကို ပို၍ကြီးထွားစေလိုက်သောမြင်ကွင်းတစ်ခုက... သူ့မျက်စေ့ရှေ့မှောက်သို့ ဘွားခနဲ ပေါ်လာတော့သည်၊ အကြောင်းမှာ ခြံစည်း... ရိုးဘေး၌ သွေးသံရဲရဲဖြင့် လဲကျသေဆုံးနေသော ခွေးကြီးမိုးဟိန်းကို သူ လှမ်း... မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်၊

တစ်စုံတစ်ခုသော အရေးအခင်းနှင့် ကြုံနေရလေပြီဟု သူ့စိတ်ထဲမှ တ... အပ်သိလိုက်သည်၊ ထို့ကြောင့် လမ်းအတိုင်း လျှောက်မသွားတော့ဘဲ လမ်း...



ဘေးတစ်ဖက်သို့ ဖျတ်ခနဲ ပြေးကပ်လိုက်သည်။ နွားခြံဘေးသို့လည်း ခြေသံ လုံလုံဖြင့် ချဉ်းကပ်သွားလိုက်သည်။ နွားခြံမှာ တန်းလျားရှည်ကြီးဖြစ်သည်။ နွားခြံ၏ညာဘက်အစွန်ဆုံးတွင် သူနေသော အခန်းကလေး ရှိသည်၊ သူက သူ့အခန်းကလေးကို အကာအကွယ်ယူကာ ဦးကျော်ဒင်တို့အိမ်ဘက်သို့ အသာခေါင်းပြူ၍လှမ်းကြည့်လိုက်သည်၊ ထိုအခါသူ့မျက်လုံးပြူးသွားရတော့သည်၊

ဦးကျော်ဒင်တို့အိမ်တွင်းမှ ယောကျ်ားသံများကို သူကြားလိုက်ရသည်၊ ထိုယောကျ်ားသံများမှာ အလွန်ပင် မာရေး ကြောရေရှိသော ဟိန်းဟောက် ပြောဆိုနေသံများဖြစ်သည်၊ အိမ်ပြင်ဘက်တွင်မူ လူတစ်ယောက်က သရက် ပင်အောက်တွင် ရပ်လျက်ရှိသည်၊ သူ့လက်ထဲတွင် သေနတ်အတိုတစ်လက် ကိုင်ထားပြီး အပြင်ဘက်ထွက်သောလမ်းဆီသို့ မျှော်ကြည့်နေသည်ကို တွေ့ ရသည်၊ ကင်းသမားပင်ဖြစ်သည်၊ သေချာလေပြီ၊ ဦးကျော်ဒင်တို့မိသားစုကို နှေ့ခင်းကြောင်တောင် အနကြမ်း ဓားပြဝင်စီးနေလေပြီ၊

သူ နောက်ပိုင်းကို အသာပြန်ဆုတ်လာခဲ့သည်၊ ခြေလှမ်းဆယ်လှမ်းခန့် ပြန်ဆုတ်လာပြီးနောက် လမ်းတစ်ဝက်တောစပ်ထဲသို့ ဖျတ်ခနဲ လှမ်းကူး လိုက်သည်၊ ထိုချုံတောထဲမှပင် ခြေထောက်ကို အသာဖွနင်းကာ ရှေ့သို့ တရွေ့ရွေ့တိုးလာခဲ့သည်၊ လမ်း၌တွေ့ရသော တံတောင်သာသာခန့် ရှည် မျောမျော အင်ကြင်းကျောက်တစ်ခုကို အသာကောက်ယူလာခဲ့သည်၊ သို့ နှင့် ကင်းသမားလူဆိုး၏အနီးသို့ တဖြည်းဖြည်း ရောက်လာတော့သည်၊

လူဆိုးက ကားလမ်းဘက်သို့သာ မျက်နှာမူထားသည်။ ညာဘက်လက် တွင် သေနတ်ကိုင်ထားပြီး ဘယ်ဘက်လက်ဖြင့် ဆေးလိပ်ဖွာနေသည်ကိုပါ တွေ့ရသည်။ လူဆိုးနှင့်လက်တစ်ကမ်းအကွာသို့ရောက်သည်နှင့်တိုးအေးက အင်ကြင်းကျောက်ကို အသင့်ကိုင်ထားရင်း ချုံတောထဲမှ လှစ်ခနဲ ခုန်ထွက် လိုက်သည်၊ လူဆိုးက ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်၊ သို့သော် နောက် ကျသွားလေပြီ၊

"ဒုတ်"

www.burmeseclassic.com

အင်ကြင်းကျောက်နှင့် ဦးခေါင်းခွံတို့၏ ပြင်းထန်စွာ ထိတွေ့လိုက်သံ ထွက်ပေါ်လာပြီးနောက် လူဆိုးက ခွေယိုင်လဲကျကာ မြေကြီးပေါ်တွင် ငြိမ်သက်သွားလေပြီ။

သူ့သေနတ်ကိုကောက်ယူကာ အိမ်ဘေးသို့အမြန်ပြေးကပ်သွားလိုက်သည်။ ပြီးလျှင် ထရံပေါက်မှတစ်ဆင့် အတွင်းသို့ ချောင်းကြည့်လိုက်သည်။ သူမြင်ရပုံက ဦးကျော်ဒင်တို့ သားအမိသားအဖအားလုံးပင် တစ်ဖက်နံရံကို ကပ်၍ တန်းစီထိုင်နေကြသည်။ မျက်နှာများကို အောက်ငုံ့ထားကြသည်။ ကြောက်လွန်းသဖြင့်လည်း တဆတ်ဆတ်တုန်နေကြသည်။ လူဆိုးနှစ်ယောက်က သူတို့ကို သေနတ်များဖြင့် ချိန်ရွယ်ထားကြသည်။

ထိုအချိန်မှာပင် လူဆိုးတစ်ယောက်ထံမှ စကားသံ ပေါ်လာသည်။

"ဟေ့ - လူကြီး - ရှိတာ အကုန်ထုတ်လို့ ပြောနေတာ မကြားဘူးလား။ ကျန်တာတွေ ဘယ်မှာဝှက်ထားသလဲ"

"ဒါ - ဒါ - ရှိသမျှ အကုန်ပါပဲဗျာ။ ဘယ်မှာမှ ဝှက်မထားပါဘူး"

"မဖြစ်နိုင်ဘူး - နွားတွေလည်း အကောင်တစ်ရာလောက်ရှိတယ်။ လယ်တွေလည်း ကေနစ်ဆယ်လောက်ရှိသေးတယ်။ အတွင်းပစ္စည်း ဒါပဲရှိတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ မသေချင်ရင် မြန်မြန်ထုတ်ပေးစမ်း။ အချိန်မရှိဘူး"

"တကယ်ပြောတာပါဗျာ။ ဒါ အကုန်ပါ။ ခင်ဗျားတို့ ရှာချင်သလို ရှာ[illegible]ပါ"

တိုးအေးက အခြေအနေကို အကဲခတ်လိုက်ပြီးနောက် အိမ်နောက်[illegible]ဆီသို့ ပြေးထွက်သွားလိုက်သည်။ ရောက်လျှင် မီးဖိုချောင်တံခါးကို ဝုန်း[illegible]ဆွဲဖွင့်လိုက်သည်။ တံခါးပွင့်ပွင့်ချင်းပင် သူ၏နှုတ်မှ "ဟိတ်" ခနဲ တစ်ချ[illegible] လှမ်းအော်လိုက်သည်။ သူ့အော်သံကြောင့် ဓားပြများက သူ့ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ ထိုစဉ်မှာပင် တိုးအေး သေနတ်ပြောင်းဝမှ မီးပွင့်ထွ[illegible] သွားခဲ့လေပြီ။



"ဒိုင်း - ဒိုင်း - ဒိုင်း"

ပေါက်ကွဲသံများနှင့်အတူ ယမ်းခိုးယမ်းငွေ့များက ဝေမှောင်သွားသည်။ တိုးအေးလက်ချက်ကြောင့် လူဆိုးတစ်ယောက်က ကြမ်းပြင်ပေါ်သို့ လဲပြိုကျသွားသည်။ ကျန်တစ်ယောက်ကမူ လက်ထဲမှ သေနတ်ဖြင့် တိုးအေးကို လှမ်းပစ်သည်။ ကျည်တစ်တောင့် တိုးအေးပေါင်ကို ထိမှန်သွားသည်။ ထိမှန်သောနေရာတွင် ပူခနဲ ခံစားလိုက်ရသော်လည်း ကျန်လူကို မျက်ခြည်ပြတ်မခံဘဲ တိုးအေးက သေနတ်ဖြင့် ဆက်ပစ်သည်။ ထိုလူဆိုးကလည်း တိုးအေးကို ပစ်သည်။ သို့သော် လူဆိုးလက်ထဲမှသေနတ်က ရုတ်တရက် ကျည်အသွားလေသည်မို့ ဆက်ပစ်၍မရတော့ပေ။ သို့နှင့် လူဆိုးက နောက်လှည့်ကာ အိမ်ရှေ့တံခါးမှပင် တစ်ချိုးတည်း ထွက်ပြေးလေတော့သည်။ လူဆိုးထွက်ပြေးတော့မှပင် တိုးအေးက ခွေခနဲ လဲကျသွားသည်။

ခင်ခင်မော်က တိုးအေးထံသို့ အရင်ဆုံးပြေးလာသည်။ လဲကျသွားသည့် တိုးအေးကို ထူမပေးလိုက်သည်။ ဦးကျော်ဒင်ကား ဇနီးဖြစ်သူကို ပွေ့ဖက်ထားရင်း စိုးရိမ်တကြီး ဖြစ်နေလေသည်။ ဦးကျော်ဒင်၏ဇနီးမှာ အကြောက်လွန်ပြီး သတိမေ့သွားခြင်း ဖြစ်သည်။

တိုးအေးက ခပ်မြန်မြန်ပြောလိုက်သည်။

"ဒီလိုလုပ် - မခင်မော်၊ ကျွန်တော့်ဒဏ်ရာက သိပ်အရေးမကြီးဘူး။ ဒေါ်ဒေါ်က အရေးကြီးတယ်။ ဒီတော့ - မခင်မော် - ရွာထဲကို အမြန်သွားပြီး ကျန်းမာရေးမှူးကို ခေါ်ချေပါလား။ ရွာထဲက လူကြီးတွေကိုပါ သတင်းပို့ပြီး ခေါ်ခဲ့ပေါ့"

"ဟုတ် - ဟုတ်ကဲ့"

တိုးအေးဆိုသည့်အတိုင်း ခင်ခင်မော်က ရွာဘက်သို့ အမြန်ဆုံး ပြေးထွက်သွားလိုက်သည်။ တိုးအေးက တွေ့ရာ အဝတ်စ တစ်ခုဖြင့် သွေးတိတ်စေရန် ဒဏ်ရာနေရာကို စည်းနှောင်ထားလိုက်သည်။ ထို့နောက် ခြေတစ်ဖက်တရွတ်ဆွဲလျက်ပင် သူနေသော အခန်းလေးဆီသို့ ပြန်လာခဲ့သည်။ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လျှင် အခန်းထဲ မဝင်တော့ဘဲ နွားခြံဘေးမှ သစ်ပင်တစ်ပင်အောက်တွင် ထိုင်ချလိုက်သည်။ သစ်ပင်ကိုမှီကာ မျက်လုံးကိုမှိတ်ပြီး အသာမှိန်းနေလိုက်လေသည်။

═══

အကျဉ်းသား အပ်နှံခြင်းကိစ္စ ပြီးဆုံးသည်နှင့် ရဲအုပ်စိုးမင်းက မိတ်ဆွေဖြစ်သူ ထောင်မှူးသောင်းကျော်ကို နှုတ်ဆက်ကာ အပြင်သို့ ထွက်လာခဲ့သည်။ တာဝန်တစ်ခုပြီးဆုံးသွားခြင်းနှင့်အတူ လူတစ်ကိုယ်လုံး ပေါ့ပေါ့ပါးပါး ဖြစ်သွားသည်။ ပြောရလျှင် လမ်းတစ်လျှောက်လုံးပင် သူ စိတ်တထင်ဘင်နှင့် ရှိနေခဲ့ရသည်။ ထောင်ပို့ရမည့် အကျဉ်းသားတွေက အရေးအတွက်များလှသလို နာမည်ကြီး ရာဇဝင်လူဆိုးတွေကလည်း ပါလိုက်သေးသည်။ ထို့ကြောင့် ခရီးဆုံးအထိ ချောချောမောမော ဖြစ်နိုင်ပါမည့်အရေး သူ စိတ်လေးနေခဲ့ရခြင်း ဖြစ်သည်။

သိကြသည့်အတိုင်းပင်၊ တရားခံမှန်သမျှမည်သူ့ကိုမျှမယုံရ၊ အခွင့်သာသည်နှင့် ထွက်ပြေးဖို့ကိုသာ အလစ်ချောင်းနေတတ်သူက များသည်၊ သည်လိုအတွေ့အကြုံမျိုးက သူ့တွင် ရှိထားပြီးသားဖြစ်သည်။ ဟိုတလောကပင် နာမည်ကြီး မိုးအောင်ဆိုသူကို လက်ရဖမ်းဆီးမိပြီးဖြစ်ပါလျက် တစ်ချက်အငိုက်မိသွားရာမှ လွတ်ဖြစ်အောင် လွတ်ထွက်သွားခဲ့ရသေးသည်။ မိုးအောင်၏ ဒူး၊ တံတောင်နှင့် လက်သီးချက်များဒဏ်ကိုပင် သူ့မှာ လှလှကြီး ခံလိုက်ရပြန်သေးသည်၊ ထို့ကြောင့် အကျဉ်းသားကိစ္စ၊ တရားခံကိစ္စများနှင့် ပတ်သက်လာလျှင် သူ တစ်ချက်ကလေးမျှပင် အလစ်မပေးရဲလောက်အောင် သတိကြီးကြီး ထားနေရခြင်း ဖြစ်သည်။

သူ ရုံးထဲမှ ပြန်ထွက်လာသည်ကို မြင်ရသည်နှင့် ရဲကြပ်ကြီး လှမြင့်က သူ့အပါးသို့ ရောက်ရှိလာသည်၊ သူက အစီအစဉ်ကို တစ်ခါတည်း ညွှန်ကြားလိုက်သည်။

“ဒီလိုလုပ်မယ် - ဆရာလှမြင့်၊ ဆရာလှမြင့်နဲ့ ရဲဘော်တွေက ဒီမှာပဲ ညအိပ်လိုက်ကြ၊ မနက်ကျမှပဲ ပြန်လာကြပေါ့၊ ကျွန်တော်ကတော့ ကျွန်တော့်



မိဘအိမ် ခဏပြန်လိုက်ဦးမယ်၊ မရောက်တာလည်း ကြာပြီလေ၊ ကျွန်တော့် မိဘအိမ်က ဒီကနေ သိပ်မဝေးဘူး၊ မိုင်(၅၀)လောက်ပဲရှိတယ်၊ ဟိုပြန်ရောက်ရင် ကျွန်တော် အိမ်ခဏဝင်နေတဲ့အကြောင်း၊ နောက်ကလိုက်လာမယ့် အကြောင်း မြို့နယ်မှူးကို ဆရာလှမြင့် သတင်းပို့ထားလိုက်ပေါ့”

“ဟုတ်ကဲ့ - ဆရာ”

“ဒါဖြင့် - ကျွန်တော် သွားပြီ”

ပြောပြီး ရဲအုပ်စိုးမင်းက လှည့်ထွက်လာခဲ့သည်။ ကားဂိတ်ရှိရာသို့ လျှောက်လာခဲ့သည်။ ကားဂိတ်တွင် ထွက်ခါနီး မှန်လုံကားတစ်စီးကို အဆင်သင့်ပင် တွေ့ရသည်။ သူ ကားပေါ်တက်ကာ လိုက်ပါလာခဲ့သည်။

═══

ကားစပယ်ယာ၏ အချက်ပေးသံနှင့်အတူ ကားက ထိုးရပ်လိုက်သည်၊ ကားရပ်သည်နှင့် ရဲအုပ်စိုးမင်းက ကားပေါ်မှ ခုန်ဆင်းလိုက်သည်၊ သူဆင်းပြီးသော် ကားက ဆက်လက်ထွက်ခွာသွားသည်။ ထို့နောက် လမ်းအတိုင်းပင် သူ ခပ်မှန်မှန် လျှောက်လာခဲ့သည်၊ လမ်းတစ်ဖက်တစ်ချက်စီတွင် ဗိုးစပ်ပင်များက အပြိုင်းအရိုင်း တောထ,နေကြသည်။ မကြာမီပင် အပေါ်သို့ ထိုးထွက်နေသော အိမ်ခေါင်မိုးကို သူ လှမ်းမြင်လိုက်ရလေပြီ။

ဆက်လက်၍ လျှောက်လာရင်း အိမ်အနီးသို့ ရောက်လာခဲ့သည်၊ ဤတွင် အိမ်တစ်အိမ်လုံး ထူးခြားစွာ တိတ်ဆိတ်နေခြင်းကို သတိပြုလိုက်မိခြင်းနှင့်အတူ မမျှော်လင့်သော မြင်ကွင်းကိုပါ သူ လှမ်းတွေ့လိုက်ရသည်၊ လမ်းဘေးက သရက်ပင်အောက်တွင် လူတစ်ယောက် လဲကျလျက်ရှိသည်။ လဲကျနေပုံကလည်း ကိုးရိုးကားရားနှင့် မှောက်ခုံကြီး ဖြစ်သည်၊

သူ ထိတ်ခနဲ ဖြစ်သည်၊ သေနတ်ကိုပါ ဆတ်ခနဲ ဆွဲထုတ်ပြီးသား ဖြစ်သွားသည်၊ ထို့နောက် ထိုနေရာသို့ လျင်မြန်စွာ ချဉ်းကပ်သွားလိုက်သည်၊ လဲနေသူကို တစ်ချက်ငုံ့ကြည့်လိုက်သည်၊ ထိုသူမှာ ဦးခေါင်းကွဲနေလေပြီ၊ သွေးများက မျက်နှာပေါ်သို့ မြင်မကောင်းအောင်ပင် ဖြာဆင်းလျက်ရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်စိုးမင်းက ရှေ့တူရူသို့ တစ်ချက်လှမ်းကြည့်လိုက်မိပြန်သည်။ ထိုအခါ နွားခြံဘေးက သစ်ပင်အောက်တွင် လူတစ်ယောက်ထိုင်နေသည်ကို ထပ်မံ၍ တွေ့လိုက်ရပြန်သည်။ ထိုသို့ သစ်ပင်အောက်မှလူကို တွေ့လိုက်ရသည့်ခဏ သူ အံ့အားသင့်သွားသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပြီးတော့ - ထိုသူကိုလည်း သေနတ်ဖြင့် အလိုလို ထိုးချိန်ပြီးသား ဖြစ်သွားသည်။

"ဟော့ကောင် - မင်း - မင်း - မိုးအောင် မဟုတ်လား"

ပါးစပ်မှပြောရင်း ရှေ့သို့ပါ တစ်လှမ်းချင်း တိုးသွားလိုက်သည်။ သစ်ပင်အောက်မှလူက သူ့ကို မှင်သေသေဖြင့် ပြန်ကြည့်နေသည်။ ပြီးလျှင် - အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"သိပ်ဟုတ်တာပေါ့ - ကျုပ် - မိုးအောင်ပဲ"

"မင်းက - မင်း - လူသတ်သမား။ ငါ့မိသားစုကိုလည်း ဘာတွေလာပြီး ဒုက္ခပေးပြန်တာလဲ - ပြောစမ်း။ ဟော့ကောင် - ပြောစမ်း"

ရဲအုပ်စိုးမင်းက မျက်လုံးများ မီးဝင်းဝင်းတောက်လျက်ရှိသည်။ အံကိုကြိတ်ကာ မေးကြောကြီးများထောင်ထလာအောင်ကိုက်ထားလျက်ရှိသည်။ မိုးအောင်ကမူ ခပ်မှန်မှန်ပင် ပြန်ပြောလိုက်သည်။

"ခုတော့ - ခင်ဗျားလက်ခုပ်ထဲက ရေပဲလေ၊ ကြိုက်သလိုသာ လုပ်ပေတော့ ..."

"သတ်မယ်ကွ - သတ်မယ်၊ မင်းလိုကောင်မျိုးကို သတ်ပစ်လို့ ဘာမှ မဖြစ်ဘူးကွ"

ပြောပြောဆိုဆို မိုးအောင်၏ရင်ဝကို သေနတ်ဖြင့် ထိုးချိန်လိုက်သည်။ မောင်းခလုတ်ကိုပါ ဆွဲညှစ်ရန် ပြင်လိုက်သည်။ သို့သော် -

"ကိုကိုစိုး - မလုပ်နဲ့ - မလုပ်နဲ့"

ခင်ခင်မော်၏လှမ်းအော်သံက စူးစူးဝါးဝါးပင် ထွက်ပေါ်လာသည်။ သူ့ဘေးသို့ပါ အပြေးတစ်ပိုင်း ရောက်လာပြီး သေနတ်ကိုင်ထားသောလက်ကို အတင်းဆွဲဖယ်လိုက်သည်။



"မှားမယ် - ကိုကိုစိုး - မှားမယ်၊ ညီမလေး - ရှင်းပြမယ်၊ အိမ်ထဲကို လိုက်ခဲ့ဦး။ မေမေ့ကို အရင်ကြည့်ဦး"

ခင်ခင်မော်က အစ်ကိုဖြစ်သူကို အတင်းပင် ဆွဲခေါ်နေလေသည်။ ရဲအုပ်စိုးမင်းက ညီမဖြစ်သူနှင့်တကွ အိမ်တွင်းသို့လိုက်ပါသွားလိုက်သည်။ ဤတွင် ကြမ်းပြင်ပေါ်လဲကျနေသော ဓားပြတစ်ယောက်၏အလောင်းတစ်လောင်းကို တွေ့ရသည်နှင့် သူ အံ့အားသင့်သွားသည်။ သတိလစ်နေသောမိခင်ဖြစ်သူကိုပါ လှမ်းမြင်လိုက်ရသောကြောင့် စိုးရိမ်စိတ် ဝင်သွားရသည်။ မိခင်အနီးသို့ ပြေးကပ်သွားလိုက်သည်။

"မေမေ - မေမေ"

ပခုံးကို ကိုင်လှုပ်ရင်း နှုတ်မှ တတွတ်တွတ် ခေါ်နေမိသည်။ ထိုအချိန်မှာပင် မိခင်ဖြစ်သူက "အင်း" ခနဲ ညည်းသံပြုရင်း သတိပြန်လည်လာသည်။ ခန္ဓာကိုယ်ကပါ လှုပ်ရှားလာသည်။ ဦးကျော်ဒင်က သားဖြစ်သူကို ပြောလိုက်သည်။

"ငါ့သား - ဟိုဟာကြီးကို အိမ်ပေါ်က အရင်ရှင်းလိုက်ဦး။ မင်းအမေ မြင်သွားဦးမယ်"

ကြမ်းပြင်ပေါ်မှ အလောင်းကောင်ကြီးကို ဆိုလိုခြင်း ဖြစ်သည်။ ထိုအချိန်တွင် ခင်ခင်မော် ခေါ်လာသော ရွာထဲမှ ကျန်းမာရေးမှူးနှင့် ရွာသားတချို့ကပါ ရောက်ရှိလာကြလေသည်။ လှည်းတစ်စီးပါ ပါလာသည်ကို တွေ့ရသည်။ ရဲအုပ်စိုးမင်းက ခပ်မြန်မြန်ပင် လှုပ်ရှားလိုက်သည်။ အိမ်ထဲမှ အလောင်းကို ရွာသားများနှင့်အတူ အိမ်အပြင်ဘက်သို့ မ,ထုတ်သွားလိုက်သည်။ ပြီးလျှင် အိမ်အတွင်းသို့ပြန်ဝင်လာကာ ညီမဖြစ်သူ ခင်ခင်မော်ကို ဖြစ်ပျက်ပုံအလုံးစုံအား မေးမြန်းလိုက်သည်။ ခင်ခင်မော်က အစအဆုံးပင် စေ့စေ့စပ်စပ် ရှင်းပြလိုက်သည်။ စိုးမင်းကညီမဖြစ်သူ၏စကားကိုဂရုတစိုက်နားထောင်နေသည်။ ခင်ခင်မော် စကားဆုံးသွားလေသော် စိုးမင်းက သစ်ပင်အောက်မှ မိုးအောင်ဆီသို့ တစ်ချက်အကြည့်ရောက်သွားမိသည်။ မိုးအောင်ကို ကြည့်နေမိသော သူ့မျက်နှာအမူအရာကလည်း ခပ်တွေတွေ၊ ခပ်ငေးငေး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ မိခင်အပါးသို့ပြန်သွားကာ မိခင်၏လက်များကို ဆုတ်ညှစ်ရင်း တတ်အားသလောက် နှစ်သိမ့်ပေးနေမိသည်။

"မေမေ - နေသာရဲ့လားဟင်၊ သက်သာရဲ့လား"

မိခင်က ခေါင်းကို အသာညိတ်ပြသည်။ မျက်ရည်ဖြင့် ပြည့်လျှမ်းသော မျက်ဝန်းအစုံဖြင့်လည်း သားဖြစ်သူကို စိုက်ကြည့်နေသည်။ ထိုအချိန်မှာပင် ကျေးရွာလူကြီးများနှင့် ရဲများက ရောက်ရှိလာကြသည်။ ခင်ခင်မော်၏ သတင်းပို့ချက်အရ ကျေးရွာလူကြီးများက နီးရာရဲကင်းစခန်းသို့ သွားရောက် အကြောင်းကြားလိုက်ကြခြင်း ဖြစ်သည်။

စိုးမင်းက ထိုင်ရာမှထ,ကာ ရောက်ရှိလာသော ရဲများအား ရှင်းပြလိုက်သည်။ တစ်ပါတည်းဆိုသလိုပင် မိုးအောင်ကိုပါ ညွှန်ပြလိုက်သည်။ ထိုအချိန်တွင် ကျန်းမာရေးမှူးက မိုးအောင်ကို သူ့အခန်းကလေးထဲသို့ နေရာရွှေ့ကာ လိုအပ်သလိုပြုစုကုသပေးနေလေသည်။ စိုးမင်းက ရဲများကိုပြောပြနေသော စကားများတွင် မိုးအောင်လက်ချက်ကြောင့် မားပြများ သေဆုံးကုန်သည့် အကြောင်းကိုသာ ပြောပြပြီး မိုးအောင်နှင့်ပတ်သက်သော နောက်ကြောင်း ကိစ္စများကိုမူ တစ်လုံးတစ်ပါဒမျှ ပြောကြားခြင်း မရှိပေ။

သို့နှင့် ရဲများက လိုအပ်သလို စစ်ချက်ယူကြလေသည်။ ထို့နောက် အလောင်းနှစ်လောင်းကို လှည်းပေါ် တင်နိုင်းလိုက်ကာ ရွာသားများကိုပင် ထိုအလောင်းများအား နီးရာတိုက်နယ်ဆေးရုံသို့ အပို့နိုင်းလိုက်သည်။ ပြီးလျှင် - ရဲများက ပြန်လည်ထွက်ခွာသွားကြသည်။ ကျန်းမာရေးမှူးနှင့် ရွာလူကြီးများကလည်း ရွာသို့ပြန်သွားလိုက်ကြသည်။ လူနာဖြစ်သူ တိုးအေးကို နောက်ဒနေ့များတွင် ဆက်လက်ပြီး ကြည့်ရှုပေးမည့်အကြောင်း ကျန်းမာရေး မှူးက ပြောသွားသည်။

ကြောက်မက်တုန်လှုပ်ဖွယ် အရေးအခင်းကား ပြီးဆုံးသွားလေပြီ။ ထိုနေ့က မိုးချုပ်လေသော် စားကျက်မှနွားများကို ဦးကျော်ဒင်ကိုယ်တိုင် သွားသိမ်းလိုက်ရလေသည်။

—❦—

အိမ်တွင် တစ်ညအိပ်ပြီးသည်နှင့် ရဲအုပ်စိုးမင်းက ပြန်ရင်ပြင်လေသည်။ အခြေအနေအားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီဖြစ်သလို မိခင်၏ကျန်းမာ ရေးမှာလည်း ကောင်းမွန်လျက်ရှိလေပြီ။ မိုးအောင်အားလည်း ကျန်းမာရေး မှူးက နံနက်စောစောမှာပင် လာကြည့်ပေးသွားသည်။

ယူနီဖောင်းကို ဝတ်ပြီးသည်နှင့် စိုးမင်းက မိသားစုအားလုံးကို နှုတ်ဆက် လိုက်သည်။ ထို့နောက် အိမ်တွင်းမှ ထွက်လာခဲ့သည်။ သူ့ခြေလှမ်းများက မိုးအောင်ရှိရာသို့ဦးတည်နေသည်။ မိုးအောင်လဲလျောင်းနေသောအခန်းဝသို့ ရောက်သည်နှင့် ခြေစုံရပ်လိုက်သည်။ မိုးအောင်ကိုလည်း စူးစူးရဲရဲပင် တစ် ချက်စိုက်ကြည့်လိုက်သည်။

မိုးအောင်ကမူ ပက်လက်အိပ်နေရာမှ စိုးမင်းကို မြင်လိုက်ရသည်နှင့် ငုတ်တုတ်ထ,ထိုင်လိုက်သည်။ သူ့မျက်လုံးများက စိုးမင်း၏ခါးတွင် ချိတ်ထား သော လက်ထိတ်ဖြူဖြူဆီသို့ အကြည့်ရောက်သွားသည်။ သူက မျက်နှာ ခပ်တည်တည်ဖြင့်သာလျှင် သူ့လက်နှစ်ဖက်ကို ထိုးပေးလိုက်သည်။

သို့သော် သူထင်သလို စိုးမင်းက ရှေ့တိုးမလာပေ။ မလာသည့်အပြင် ရပ်နေရာမှ ရာခနဲလှည့်ကာ သူ့ကိုကျောခိုင်းလျက်ထွက်ခွာသွားတော့သည်။ မိုးအောင်က လက်နှစ်ဖက်ကို ဆန့်တန်းထားလျက်ကပင် အံ့အားသင့်ပြီး ကျန်ရစ်ခဲ့သည်။ ။

ရဲမြတ်ဘင်



www.burmeseclassic.com

www.burmeseclassic.com



ပေပေတေတေ
အလုပ်လက်ကြောတင်းအောင် မလုပ်၊
မိဘကို ကူညီမှုမပေးဘဲ ရှောင်ခိုနေခဲ့သည့်
လူတစ်ယောက်အကြောင်း ..

**နံနက်**မိုးလင်းသည်နှင့် အလုပ်တာဝန်က စိတ်ကိုရော၊ လူ့ခန္ဓာကိုယ်ကို ပါ ဆွဲငင်နေသည်။ (၆)နာရီထိုးသည်ဆိုရင်ပဲ ဘူးဝထောင်၏အဝင်အထွက်ပေါက်ကို ရောက်ရမည်လို့ စိတ်က သိပြီးသလို ခန္ဓာကိုယ်ရဲ့ယန္တရားဖြစ်တဲ့ ခြေနစ်ချောင်းက လှည့်ပြီးသား။ ထောင်တံခါးဝကလည်း ဝင်ပြီးမှ ထွက်ရသလို၊ ထွက်ပြီးမှလည်း ပြန်ဝင်ရသည်၊ အဲဒီထောင် အဝမှာပဲ ရှုန်းစုရှုန်းစုနှင့် ဖြစ်နေကြသည်။ မိမိတာဝန်ကျရာကိုသွားရန် သည်ကပဲ ဝင်ရမည်၊ တာဝန်ချိန်ပြီးလျှင်လည်း သည်ကပဲ ထွက်ရသည်၊ အဲဒါကြောင့်လည်း အဝင်အထွက်ပေါက်လို့ခေါ်တာနဲ့ တူပါရဲ့။

အထဲမှာမိန်းဂျေး၊ အထွေထွေလုပ်ငန်း(အပြင်ဘက်)တောင်ယာ၊ အတွင်း၌ အလုပ်ကြီး (လုပ်ငန်းစုံ) မွေးမြူ



www.burmeseclassic.com

www.burmeseclassic.com

ဈေး၊ တောင်ယာများ၊ စစ်ချွေး၊ တိုက်နှင့်ထောင်ကျရုံး၊ အချုပ်ရုံး၊ ဆေးရုံ၊ ဖိုကြီး စတို(ဂိုဒေါင်) သန့်ရှင်းရေး၊ မီလ္လာ၊ ထောင်ဝင်စာ၊ ရုံးထွက်၊ လွတ်လှူ စသည် လုပ်ငန်းများ ခွဲလိုက်လျှင် အပြင်ရုံးဌာန၊ အလုပ်ရုံတို့ထက်ပင် ပိုဍ်များပြား သည်။ အိပ်ဆောင်ဆိုသည်ကလည်း ရှိသေးသည်။ ဒါကြောင့် ကျွန်တော်တို့ တာဝန်ကျဝန်ထမ်းတွေက တစ်ထောင်လုံးကို လှည့်ပတ်သွားလာ လုပ်ကိုင် ရခြင်း ဖြစ်သည်။

ဒါတောင်မှ ကျွန်တော်မမီလိုက်သော ခေတ်စနစ်၏ အကျဉ်းထောင် ဖွဲ့စည်းပုံက ပို၍ဆိုးဝါးသည်ဟု မီလိုက်သူများ၏ပြောစကားကို နောက်ဆင့် ကဲဆင့်ကဲ ပြောဆိုအသိပေးခဲ့ကြသည်များရှိ၍သာ ကြားဖူးခြင်း ဖြစ်သည်။

အကျဉ်းဦးစီး၊ အကျဉ်းထောင်သည်ပြောရသည့်စကားလုံးအရေးအတွက် က နည်းပါးပေမယ့် လုပ်ငန်းက ကြီးမားကျယ်ပြန့်သည်။ အပြစ်ဒဏ်ကျ (ထောင်ကျ) အမျိုးသား၊ အမျိုးသမီး၊ အချုပ်သား(အပြစ်ဒဏ် အမိန့်မကျခံ ရသေးသူ၊ တရားရုံးထွက်နေရသူ)အမျိုးသား၊ အမျိုးသမီး၊ ပြင်ပအလုပ်စခန်း များက ရှိနေသေးသည်။ ဒါကလည်းပြည်နယ်တိုင်းအလိုက် ဒေသကြီးမြို့နယ် အသီးသီး ခွဲခြားရှိနေ၍ တော်ပေသေးသည်။ အမှန်ကတော့လူတွေကြောင့် ဖြစ်လာရသည့်ဌာနကြီးပဲဖြစ်သည်။ လူတွေဟာ လူအတိုင်းပဲနေလျှင် ထိုကဲ့ သို့သောဌာနမျိုးပေါ်ပေါက်စရာမရှိသလို ကျွန်တော်သည်လည်း ဝန်ထမ်းဖြစ် လာမှာ မဟုတ်သလို၊ ဘာကိုလုပ်ဖြစ်မည်တော့မသိပါ။ လူတွေမှာ စိတ်ဆို တာရှိ၍ ထိုကဲ့သို့ဖြစ်သည်ဟုပြောလျှင် ရယ်စရာများဖြစ်လေမလားမသိပါ။ ဒါကလည်း ကျွန်တော်တစ်ယောက်တည်းရဲ့အတွေးပါ။ အကျဉ်းထောင်က မကောင်းဘူး။ ရဲစခန်းက မကောင်းဘူးလို့ ပုံပုံချကြတယ်။ အဲဒါက ခမ္မဝိဌာန် ကျကျ ပြန်ပြီး တွေးခေါ်ကြည့်မည်ဆိုလျှင် လူတွေရဲ့စိတ်ကြောင့် ဖြစ်တာကြီး ပါပဲ။ ဒါပေမဲ့ - ကျွန်တော် ဒီနေ့ ထောင်ဝင်စာ ထောင်မှူး (ဂျူတီ) တာဝန်ကျ တယ်။ အသံတွေကြားရဦးမည်။ ငိုသံ၊ ညည်းတွားသံ၊ စိတ်ပျက်အားလျှော့သံ၊ ဒေါသဖြစ်သံ၊ မကျေနပ်သံ၊ ငါကောင်းသံ၊ ကယ်ပါယူပါအသံ၊ ကျေးဇူးတင်



ခြင်းအသံ၊ ကျေးဇူးဆပ်ချင်တဲ့အသံ၊ စိတ်မချသံ၊ ကြိမ်းမောင်းသတိပေးသံ တောင်းပန်သံ၊ နှစ်သိမ့်သံ၊ ကြိတ်ငိုသံ၊ ကရုဏာသံ၊ ဆုတောင်းသံတွေကို ကြားခဲ့ဖူးပေမယ့် ထပ်မံကြားရဦးမည်။

အလှည့်ကျဝင်လာသော ပြင်ပမှ မိသားစု၊ ဆွေမျိုးသားချင်းများ၊ အသိ မိတ်ဆွေများ၊ လုပ်ငန်းနှင့်ပတ်သက်သူများ၊ တိုးတိုးသံများပေါင်းစုလိုက်သည့် ကျယ်လောင်ဆူညံသောအသံများ၊ ကျွန်တော်နှင့် တာဝန်ကျဝန်ထမ်းများက အပြင်မှ ထိုင်လိုက်သူများ နေရာကျသည်အထိ လိုက်လံကြည့်ပြီး အဝင် ပေါက်နားတွင် ကုလားထိုင်နှင့်ထိုင်၍ ခပ်ဝေးဝေးနှင့်ပင် ကြည့်နေလိုက်မိ သည်။

အပြင်မှထောင်ဝင်စာလာတွေ့သူများက ပါလာတာ၊ ယူလာတာများကို ပြောကြသည်။ တချို့က ဘယ်လိုလာရသည်၊ ဖြစ်သလိုလုပ်လာရသည်၊ မှာ တာမပါပေမဲ့ ဘာကို ပိုထည့်လာသည်ဆိုသည့်အပြောများ၊ နှစ်သိမ့်သံများ၊ တချို့ကျပြန်တော့ အပြင်က လာတွေ့သူများကပင် ပြန်၍တောင်းပန်နေသံ များ၊ နေကောင်းအောင်နေ၊ ပုတီးစိပ်၊ ဂုဏ်တော်ရွတ်၊ ဘယ်ဂါထာက ကောင်း သည်၊ ဗေဒင်သွားမေးတာ ဘယ်လိုဟောလိုက်သည်၊ နတ်ကတော်က မှန် သည်ဆိုတာများကိုလည်း ကြားရသေးသည်။ တွေ့ချိန်၊ ပြောချိန်ပြည့်၍ထွက် ရသည်ပင်၊ နောက်ကိုလည်ပြန်၍ခြေထောက်က ဆွဲနေသေးသည်။ သံဆန် ကာထဲမှ မှာ၍မဆုံး၊ ကြည့်၍မပြီး။

“အမေ့ကျေးဇူး ဆပ်မယ်”

အသံကျယ်ကျယ်က ထွက်ပေါ်လာသည်။ အသက်(၅၀)အရွယ် အမျိုး သမီးကြီးက မျက်ရည်သုတ်၍ ခပ်လေးလေးနှင့် နေးနေးပင် ထွက်လာသည်။ နောက်ဆုံးအသုတ်ဖြစ်၍ လူတော့ ရှင်းသွားသည်။

တာဝန်ချိန်ပြီးတော့ အပြန်လမ်းတွင် “အမေ့ကျေးဇူး ဆပ်မယ်” ဟု ပြော လိုက်သောအသံကျယ်ကျယ်နှင့် မျက်ရည်ကို လက်ခုံနှင့်သုတ်ပြီး လျှောက် လာသော အဒေါ်ကြီးကိုပါ မျက်လုံးထဲတွင် မြင်၍ လျှောက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်မှာသည့် နံနက်မိုးလင်းစ,ကပင် လူတွေရဲ့အကြောင်းကိုပဲ စဉ်းစားနေမိသည်။ လူတစ်ယောက်မှာ ဘဝတစ်ခုဆိုတာက ရှိပြီးသားအမှန်ပါ။ အဲဒီတစ်ခုတည်းသောဘဝကို ခွဲခြမ်းစိပ်ဖြာမှုပြုကြရာတွင် ဘဝချင်းတူ၊ လူချင်းတူပေမယ့် ဘဝဆိုတာ ဘာလဲလို့ တွေးတောဝေဖန် ပိုင်းခြားပြီး ဘဝကို တန်ဖိုးရှိရှိ အသုံးချသူ နည်းပါးပါသည်။ ဘဝပိုင်ရှင်ရဲ့ မူလဗီဇ၊ စိတ်နေအမူအကျင့်၊ အသိလေ့လာတတ်မှု၊ ဖေးကူညွှန်ပြ လမ်းကောင်းတင်ပေးသူ ဝန်းကျင်ကောင်းနှင့် ဖြောင့်တန်းသောလမ်းကောင်းတို့သည်အလွန်မှ ရှားပါးလာပြီ ဖြစ်သည်။

ဘဝကို ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျဆိုသူများကသာ ယနေ့၏ အဖြစ်ကာလတွင် ပေါ်များသည်။ တချို့ကတော့ ပြောသည်။ မျိုးရိုးကြောင့်ဟု ပြောကြသည်။ ယခုပင်ကြည့်၊ အင်းစိန်လို အကျဉ်းထောင်ထဲတွင်းမှာပင် မိဘက အရာရှိ အရာခံ၊ ပညာတတ်၊ စီးပွားရေးသမား၊ လူချွန်လူကောင်းများဖြစ်ပေမယ့် သားသမီးက ဥပဒေချိုးဖောက်လို့ အပြစ်ဒဏ်ကျခံနေရသူတွေကို ကျွန်တော် မြင်တွေ့သိရှိနေရသည်။

BURMESE CLASSIC

— ❀ —

မနေ့ကပြီးသွားသော ယနေ့သည်လည်းအလုပ်တာဝန်ကျရာကို သွားရောက်ရမည်ပင်။ ရုံးထဲကိုဝင်ပြီး ကျွန်တော့် အထက်အရာရှိက ရုံထဲတွင် ခဏနေဦးဆို၍ ထိုင်စောင့်နေလိုက်သည်။

"ဟေ့ - ရာမင်း"

"ဗျာ - ဟုတ်ကဲ့"

အရာရှိကို အလေးပြုပြီး စားပွဲနားတွင် မတ်တတ်ရပ်နေလိုက်သည်။ အရာရှိက စာအုပ်တွေ ရေးမှတ်ပြီး ကျွန်တော့်ကိုကြည့်၍ -

"ရာမင်း - အဆောင်(၄)ကို အဆောင်မှူး ဝင်ပေးလိုက်ပါ။ မြလွင်ကို တောင်ငူကို ဦးစောဝင်းတို့နဲ့ ထည့်ပေးလိုက်မလို့ကွာ - ခဏပါ"



"ဟုတ်ကဲ့"

အရာရှိက ကျွန်တော်၏ဦးလေး၊ ဒုထောင်ပိုင်ကြီး ဦးထွန်းရီနှင့်က ငယ်သူငယ်ချင်း။ အလွန်မှလည်း ရင်းနှီးပြီး ထောင်မှူးမြလွင်ကလည်း ကျွန်တော်နှင့် အပတ်စဉ်တူ ရင်းနှီးသည် မြလွင်ကို ကျွန်တော်တို့က "ပေါက်ကျိုင်း"ဟု ခေါ်သည်။ အရာရှိကိုအလေးပြုပြီး ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ မိန်းဂျေးကို ဝင်ပြီးမှ အဆောင်(၄)ကို ထွက်လာသည်။ အလုပ်ဘုတ်များ ထုတ်နေသဖြင့် ရုံးခန်းကို တန်း၍ဝင်လိုက်သည်။ အဆောင်သန့်ရှင်းရေးသမားများက သန့်ရှင်းရေးလုပ်နေသည်။

"ဗိုလ်ကြီး - အခန်းသန့်ရှင်းရေး လုပ်ထားပါတယ်၊ နိုင်းစရာရှိရင် နိုင်းပါ၊ ကျွန်တော် အောင်ကြည်ဝင်းပါ - ဗိုလ်ကြီး"

"အေး - မင်း ဘယ်အခန်းကလဲ"

"အခန်းသုံးကပါ၊ အခန်းလူကြီးက ဦးသန်းလင်းပါ"

"အေး - အေး"

အောင်ကြည်ဝင်းက ထောင်မှူးမြလွင် (အဆောင်မှူး)၏လက်စွဲ၊ ကျွန်တော်နှင့်ပါ အဆင်ပြေသည်။ ရေနွေး၊ ကော်ဖီမှအစ ပြောမနေရအောင် စေ့စေ့စပ်စပ် လုပ်ပေးသည်။

တစ်နေ့မနက်ပိုင်း ရုံထဲကိုရောက်ပြီး အောင်ကြည်ဝင်းက ကျွန်တော့်အတွက် ရေနွေး၊ ကော်ဖီနှင့် မုန့်တို့ကို ပြင်ပေးနေစဉ် -

"မင်းလည်း ကော်ဖီသောက် - မုန့်ယူစား"

"ဟုတ်ကဲ့ - ဗိုလ်ကြီး။ ဟော့ - ငဒေါင်း - ဘာဖြစ်လို့လဲ"

"ငါ - ဗိုလ်ကြီးနဲ့ တိုင်မလို့"

"အေး - ငါပြောပေးမယ်။ မင်းက ဘယ်သူနဲ့ ရန်ဖြစ်တာလဲ"

"ဟိုကွာ - ကစားသမားအုပ်စုနဲ့ပေါ့"

ငဒေါင်းပြောလိုက်သည့်ကစားသမားအုပ်စုဆိုသည်မှာ ဖျေးထိပ်လိုမျိုး၊ ကားဂိတ်လိုမျိုးနှင့် လူစည်ရာအရပ်တို့တွင် ဖဲသုံးချပ်၊ အပြောင်းအလဲနှင့် လိမ်နေကြသူများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်ကြီး – ငဒေါင်းက တိုင်ချင်လို့တဲ့"

"ဟေ – ငဒေါင်း – ဟုတ်လား။ အေး – ခေါ်လိုက်ကွာ"

"ဟော့ – ငဒေါင်း – လာ"

စားပွဲစွန်းတွင် ရပ်လာသည့် ခပ်နွမ်းနွမ်း၊ အသားဖြူဖြူလူငယ်ကို ကျွန်တော်က ကြည့်ပြီး –

"မင်းက ဘယ်သူလဲ – ဘာဖြစ်တာလဲ"

"ကျွန်တော် ငဒေါင်းပါ။ လောင်းကစားအုပ်စု လိုက်လိုက်စ,နေလို့ ရန်ဖြစ်ရင် မကောင်းဘူး။ သူတို့က သုံးယောက်ဆိုတော့ အုပ်စုနဲ့ အနိုင်ကျင့်ပါတယ် – ဗိုလ်ကြီး"

"ဘယ်သူတွေလဲ – အောင်ကြည်ဝင်း။ အခန်းလူကြီးကိုပြောပြီး ခေါ်လာခဲ့"

"ဟုတ်ကဲ့ – ဗိုလ်ကြီး"

အောင်ကြည်ဝင်းက အခန်းထဲမှ ထွက်သွားသည်။ မတ်တတ်ရပ်နေသော ငဒေါင်းကို ကြည့်ပြီး –

"မင်းက အကျလား – ဘာမှုလဲ"

"ဟုတ်ကဲ့ – အကျပါ – ဗိုလ်ကြီး၊ လွတ်တော့မှာပါ၊ ခိုးမှုပါ"

"မင်းက အလုပ်မလုပ်ပဲ ဘာလို့ ခိုးစားတာလဲ၊ ပစ္စည်းများလား"

"အလုပ်လုပ်ပါတယ် – ဗိုလ်ကြီး၊ ပစ္စည်းက ဆိုင်ကယ်ပါ၊ သူငယ်ချင်းနဲ့ နှစ်ယောက်ခိုးတာပါ၊ ပိုင်ရှင်က ကျွန်တော့်အဒေါ်ပါ"

"အေး – မင်းအမှုတွဲကရော"

"သူက ကျောက်အလုပ်စခန်းကို ပါသွားပါတယ်"

အောင်ကြည်ဝင်းနှင့်အခန်းလူကြီးပါပါလာပြီး လူငယ်သုံးယောက်တို့ပါ နောက်မှ လိုက်ဝင်လာသည်၊ အခန်းလူကြီးက –

"ဗိုလ်ကြီး – ဒီကောင်သုံးယောက်က ငဒေါင်းကို အမြဲစစ,နေတယ်။ ကျွန်တော်လည်း ပြောပါတယ်။ နစ်နစ်နာနာနဲ့ လက်ထိကိုယ်ရောက်လုပ်တာတော့ မဟုတ်ပါဘူး"



"မင်းတို့က ဘာမှုလဲ – နာမည်ပြော"

"ကျွန်တော်က ကျော်လှိုင်ပါ။ သူက ငပွား၊ ဟိုကောင်က စံပွင့်ပါ – ဗိုလ်ကြီး။ အမှုက လောင်းကစားမှုပါ"

"မင်းတို့က ဘာလို့ ဝိုင်းဗိုင်းစ,တာလဲ။ အပြင်မှာ ရန်ငြိုးရှိလို့လား။ အရင်ကရော ရန်ဖြစ်ဖူးလို့လား"

ကျော်လှိုင်နှင့် ငပွားရော၊ စံပွင့်တို့က မျက်နှာပိုး မသေကြပဲ စပ်ဖြဲဖြဲနှင့် ကျွန်တော့်အမေးကို သုံးယောက်က ဖြေသည်မှာ –

"အပြင်မှာလည်း ရန်စ မရှိပါဘူး။ အငြိုးလည်း မထားပါဘူး၊ ရန်လည်း မဖြစ်ဖူးပါဘူး။ ကျွန်တော်တို့က သီချင်းဆိုတာပါ – ဗိုလ်ကြီး"

အင်း – ပိုပြီးထွက်သွားတာ
မင်းအာမေလား။ ပြောစမ်းပါဦး။ ဒီကလွတ်ရင်
အမေ့ကျေးဇူး ဆပ်မယ်ဆိုတော့
အရင်ကရော မင်းလုပ်ကိုင်ကျွေးမွေးလို့ရတာကို
မင်းအာမေကို ပေးဖူး၊ ကျွေးဖူးလား။
မြွေဆုပ်လက်နှယ် ပြုစုဖူးလား။
ကျောင်း ကန် ဘုရား လိုက်ပို့ဖူးလား။
ထမင်းအင်္ကျီ လျှော်ပေးဖူးလား။
မင်း – ပုံကို တစ်ခုချင်းပြော အမေ့
အားကုလိုပြစ်ပြစ် မွေးမေ့ကျေးဇူးပြစ်ပြစ်
မင်း ဘယ်လို နားလည်လဲ။
" မင်း – ကျောင်းနေဖူးခဲ့လား



www.burmeseclassic.com

"ဟေ - သီချင်းဆိုတာ - ဟုတ်လား"

အခန်းလူကြီးနှင့် အောင်ကြည်ဝင်းကပါ ပြုံးနေကြသည်။ ဒေါင်းက ကျော်လှိုင်တို့သုံးယောက်ကိုမကျေနပ်ကြည့်ကြည့်နေသည်။ ထောင်ထဲတွင် ရန်ဖြစ်လျှင် နှစ်ဦးနှစ်ဖက် အပြစ်ပေးရသည်။ ဆူပူမှုမဖြစ်အောင် ထိန်းရသည့်သဘော၊ ထောင်ထဲရောက်သူများက ညစ်တွန်းတွန်းတတ်ကြသည်၊ တချို့ကလည်း အပြင်မှ ရန်ငြိုးရန်စကို အစထုတ်စာရင်းရှင်းတတ်ကြသည်။ အပြင်မှာဖြစ်လာသောအကြောင်းကြောင့်ထောင်ထဲကိုရောက်နေရသည်၊ အစွယ်ထုတ်ချင်ကြသည်၊ ဘွဲ့တတ်ချင်ကြသည်။

"ဟုတ်ပါတယ် - ဗိုလ်ကြီး"

"ဘာသီချင်းဆိုတာလဲ၊ မင်းတို့က ဒီမှာနေရတာပျော်လို့ သီချင်းဆိုတာလား၊ ပြောစမ်းပါဦး"

"မဟုတ်ပါဘူး - ဗိုလ်ကြီး၊ ကျွန်တော်တို့က မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်ဆိုတဲ့သီချင်းကို ဆိုတာပါ"

ကျော်လှိုင်ရဲ့အဖြေကြောင့် ကျွန်တော်က တစ်နေ့က ထောင်ဝင်စာထောင်မှူးတာဝန်ကျစဉ် ငို၍ထွက်လာသော အဒေါ်ကြီးနှင့် "အမေ့ကျေးဇူးဆပ်မယ်"ဟု ကျယ်ကျယ်ပြောလိုက်သည်ကို သတိရမိသွားသည်၊ ဒေါင်းကိုလည်း သေချာကြည့်လိုက်မိပြီး ကျော်လှိုင်၊ ငမွားနှင့် စံပွင့်တို့ကို -

"မင်းတို့ကလည်း နောက်ကိုသူများမခံချင်အောင် မစနဲ့၊ ရန်ဖြစ်တာကိုတော့ ငါ လက်မခံဘူး၊ မင်းတို့မကြိုက်တာကို တစ်ဖက်သားက ပြောရင် လုပ်ရင်လည်း မင်းတို့လည်း ခံချင်မှာ မဟုတ်ဘူး၊ ကဲ - အခန်းလူကြီး - သူတို့သုံးယောက်ကို အပြင်မှာ ထိုင်ထ (၁၅၀) စီ လုပ်ခိုင်းပါ၊ အောင်ကြည်ဝင်းလည်း လိုက်ကြည့်၊ ကဲ - သွား"

အခန်းလူကြီးနှင့် အောင်ကြည်ဝင်းပါ ထွက်သွားသည်၊ ကျွန်တော်က ဒေါင်းကို -

"မင်း - ဟိုတစ်ပတ်က ထောင်ဝင်စာမှာ အမေ့ကျေးဇူးဆပ်မယ်လို့အော်ပြောလိုက်တာမို့လား"



"ဗျာ - ဟုတ် - ဟုတ်ပါတယ် - ဗိုလ်ကြီး"

"အင်း - ငိုပြီးထွက်သွားတာ မင်းအမေလား၊ ပြောစမ်းပါဦး၊ ဒီကလွတ်ရင် အမေ့ကျေးဇူးဆပ်မယ်ဆိုတော့ အရင်ကရော မင်းလုပ်ကိုင်ရှာဖွေလို့ရတာကို မင်းအမေကို ပေးဖူး၊ ကျွေးဖူးလား၊ ခြေဆုပ်လက်နယ်ပြုစုဖူးလား၊ ကျောင်းကန်၊ ဘုရား လိုက်ပို့ဖူးလား၊ ထမိအကျီ လျှော်ပေးဖူးလား၊ မင်း - ငါ့ကို တစ်ခုချင်းဖြေ၊ အဖေ့ကျေးဇူးပဲဖြစ်ဖြစ်၊ မွေးမေ့ကျေးဇူးပဲဖြစ်ဖြစ် မင်း ဘယ်လိုနားလည်လဲ၊ မင်း - ကျောင်းနေဖူးခဲ့လား"

ကျွန်တော့်ရဲ့အမေးစကားများကို နားထောင်ပြီး ဒေါင်းမှာ ခပ်ငိုင်ငိုင်ဖြစ်သွားပြီး ခေါင်းပါ ငုံ့သွားသည်၊ ဒေါင်းရဲ့အသက်က (၂၀)ကျော်ကျော်ပင် ရှိမည်၊ ခေါင်းငုံ့နေရာမှ ခဏအကြာတွင် -

"ဟုတ်ကဲ့ပါ - ဗိုလ်ကြီး၊ ကျွန်တော် ကျောင်းစာ ကိုးတန်းမအောင်ပါဘူး၊ အဖေရော၊ အမေပါ ရှိပါတယ်၊ ဗိုလ်ကြီးမေးတာတွေကို ကျွန်တော် မလိမ္မာခဲ့လို့ ...ကျွန်တော့်အဖြစ်တွေက ဗိုလ်ကြီးမေးတာတွေကို ဘယ်လိုဖြေရမှန်းမသိဘူးဖြစ်နေတယ်"

ကျွန်တော်မေးလိုက်တဲ့မေးခွန်းကို အဖြေရကြပ်နေသည့် ဒေါင်းကို သွေးသားတော်ရင် ထ.ပြီး ထုရိုက်မိမှာ အမှန်ပင်၊ ယခုတော့ သူက အပြစ်ဒဏ်ကျ၊ ကျွန်တော်က ဝန်ထမ်းဖြစ်နေ၍သာ တော်သေးသည်ဟု ပြောရမည်။

"မင်းစိတ်ထဲရှိတာနဲ့ ဖြစ်ခဲ့တာကိုပဲ ပြောကွာ"

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

— ✿ —

ဦးထွန်းလူနှင့် ဒေါ်စမ်းစမ်းမြင့်တို့က ရောဝတီတိုင်းဒေသကြီး မြို့တစ်မြို့တွင် ဈေးသည်၊ ဈေးသည်များဆိုပေမယ့် အရင်းအနှီး ပြည့်ပြည့်စုံစုံနှင့်မဟုတ်ပါပဲ နေ့ပြန်တိုးခေါက်ပြန်ပေးယူ၍ရင်းကြရသော ဈေးသည်မျိုးဖြစ်ပြီး

www.burmeseclassic.com

လင်တစ်ထမ်း၊ မယ်တစ်ရွက် လုပ်ကိုင်ရှာဖွေကြရသူများဖြစ်သည်။ သားတစ်ယောက်မွေးဖွားလာတော့ သားအတွက် ရှေ့ရေးကို တွေးတောတိုင်ပင်၍ ရှိသမျှလေးတွေကိုထုခွဲငွေဖော်ပြီး ရန်ကုန်မြို့မှ ဆွေမျိုးများရှိရာကိုပြောင်းရွှေ့လာကြသည်။ နေရေး အခက်အခဲရှိသော မြို့ကြီးပြကြီးတွင် ကုတ်ကုတ်ကတ်ကတ်နှင့်နေရေးကိုဖန်တီးပြီး ကွမ်းယာဆေးလိပ်အစုံ (ကွမ်းယာဗန်း) ရောင်းကြသည်။ သားဖြစ်သူ မောင်ဒေါင်းကို မြို့လယ်ကောင်မှ ကျောင်းတွင် အဖေနှင့်အမေတို့က တစ်လှည့်စီ အပို့အကြို လုပ်ကြသည်။

စားရေး၊ ဝတ်ရေးကိုခြိုးခြံချွေတာပြီး သားကိုသာ အပြည့်အဝ ပံ့ပိုးသည်။ မောင်ဒေါင်းက နှစ်စဉ် တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သည်။ အဖေဦးထွန်းလူက မျှော်လင့်ချက်ကြီးနှင့် အပြင်တွင် ရရာအလုပ်ကို လုပ်ပြီး လိုတာကိုဖြည့်ခဲ့သည်။ အမေ ဒေါ်စမ်းစမ်းမြင့်က ကွမ်းယာဆိုင်တစ်ဖက် အိမ်မှုကိစ္စကို မပျက်ဘဲ ဂရုတစိုက်နှင့် မိသားစုလေးသုံးယောက်ဘဝက စိုစိုပြေပြေ ဖြစ်နေသည်။

မောင်ဒေါင်းနေရသည့်ကျောင်းက မြို့လယ်၊ အလွှာမြင့်မြင့်မားမားရှိသူတို့၏ သားသမီးများ အများစုတက်သည့်ကျောင်း၊ အတန်းကြီးလာသည်နှင့် အမျှအသုံးစရိတ်ကြီးလာသည်။ ငယ်စဉ်ကလိုလည်း အဖေတစ်လှည့်၊ အမေတစ်လှည့်လည်းကျောင်းပို့ကျောင်းကြိုရသည့်အရွယ်လည်းမဟုတ်တော့၍ မောင်ဒေါင်းက ကျောင်းနှင့် အိမ်၏ကြားတွင် နေရာတိုးလာသည်။ ဟဲလ်ပီး ဝေါ၊ တီရှပ်ဘွာန်ဥယျာဉ်၊ တီဗွီဂိမ်း၊ လက်ဖက်ရည်ဆိုင်တို့ကို အချိန်ပေးများလာသည်။ (၈) တန်းဖြေပြီးနှစ်တွင်ပို၍တိုးတက်လာသည်က အဝတ်အစား၊ နားပေါက်၊ လက်ကောက်ကွင်းများကို ကျောင်းပိတ်ရက်များ၊ ကျောင်းကပြန်သည့်အချိန်များ ဝတ်စားပြုလုပ်လာသည်။ ဖခင်ကြီးနှင့် မိခင်တို့က အမျိုးမျိုး ပြောဆို ဆုံးမကြသည်။ ခေါင်းညိတ် နားထောင်လိုက်သည်က မောင်ဒေါင်းပင်ဖြစ်သည်။



မိဘကွယ်ရာ၊ အိမ်နှင့်လမ်းခြားသွားလျှင်တော့ မောင်ဒေါင်းဆိုသည်ကို သွေးမတော်၊ သားမစပ်သူတို့ဆိုလျှင် လုံးဝမမှတ်မိနိုင်ပါ။ မွေးထုတ်လိုက်သည့် အမေနှင့် ကျွေးမွေးသည့် အမေ၊ အဖေများပင် မျက်လုံးကို ပွတ်၍ အတော်ပင် ကြည့်ယူရမည်။

စိတ်ဆင်းရဲမှုနှင့် မျှော်လင့်ရည်မှန်းချက် ပြိုလဲပျက်စီးသွားရသည်က ဦးထွန်းလူ။ စိတ်မကျန်းမာတော့ အိပ်ရာထဲ လဲရသည့်ဘဝ။ မိသားစုဝင်ငွေ လျော့နည်းသွားသည်။ ဒေါ်စမ်းစမ်းမြင့်၏ တစ်ဖက်တည်းသော ဝင်ငွေက အိမ်အတွက် စားရေး။ ဦးထွန်းလူအတွက် ဆေးဖိုး၊ မောင်ဒေါင်းရဲ့ကျောင်း အသွားအပြန်စရိတ်၊ အဖြုန်းစရိတ်၊ တော်တော်လေး စစ်သွားသည်။ မောင်ဒေါင်းက မရှိမှန့်ကို စားချင်သည်ဆိုတာမျိုးလို၊ ဟိုက ပါရမီရှင်ဆရာကြီးပန်၊ မောင်ဒေါင်းက ဖွတ်၊ အမြီးတို၊ လက်တို၊ ခြေတို ဖွတ်။ သည်တော့ အိမ်မှာရှိသည့်အတိုအစကလေးများ၊ အိမ်တွင် သုံးစွဲသည့် လွှတူ၊ ပေါက်ဆိန်၊ သံတူရွင်း မားမကြီးတို့က အရည်ပျော်သွားသည်။ ဦးထွန်းလူ ဖတ်သောစာအုပ်များက ပျော့ဖတ်ဖြစ်သွားသည်။ ဒေါ်စမ်းစမ်းမြင့်၏ ကွမ်းယာဗန်းထဲမှ အရွက်သေးသေးက စပြီး အရွက်ကြီးကြီးအထိ မောင်ဒေါင်းဘာသုံးသလဲလို့မမေးနဲ့။ အရက်မသောက်ဘူး၊ မူးယစ်ဆေး မလုပ်ဘူး၊ ဖဲမရိုက်ဘူး။ ဒါပေမဲ့ ဆေးလိပ်၊ ကွမ်း၊ လက်ဖက်ရည်ဆိုင်ပါပဲ။

ရှစ်တန်းအောင်ပြီး ကိုးတန်းတက်သည့်နှစ်၊ ကျောပိုးအိတ်၊ ဖိနပ်တို့က ကောင်းကျော်တန်မှ ကျောင်းအတွက် ထမင်းဘူး မယူတော့။ ပိုက်ဆံသာ ကောင်းသည်။ ထိုနှစ်က (၉) တန်းကို လှလှပပ ကျလိုက်သည်။

မောင်ဒေါင်းက ဘာမှမဖြစ်၊ ကျောင်းထွက်လိုက်ပြီး ပန်းရန်နှင့် ကုန်ထမ်း အလုပ်ကလွဲလျှင် ကျန်သည့်အလုပ်များဖြစ်သည့် ဆိုက်ကားနင်း၊ ဈေးကူ ရောင်း၊ ပစ္စည်းကြော်ငြာ စသည်များကို လုပ်သည်။ ဒါပေမဲ့ - ဖင်တစ်ချေး များဆုံးငါးရက်၊ တစ်ပတ်၊ အလွန်ဆုံးအကျွံ ဆယ်ငါးရက်ပါပဲ။ အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com

လို့ရသည်သာဆိုသည်။ လမ်းစရိတ်၊ မုန့်ဖိုး၊ ထမင်းချိုင့်တို့က မိခင်ကြီးအကု အလုပ်က ပြန်လာလျှင်လည်း ထမင်းချိုင့်ချပြီး အပေါင်းအသင်းများရှိရာ လက်ဖက်ရည်ဆိုင်၊ တီဗွီဂိမ်းဆိုင်ကို အရအမိ မာရသွန်၊ အချိန်လွန်(၁၂) နာရီ၊ (၁)နာရီမှမှ ပြန်၊ ထမင်းစားအိပ်၊ ဖခင်ကြီး နေမကောင်းဖြစ်နေသည် ကို -

"အဖေ - သက်သာလား"

မိခင်ကြီး ဈေးထိုင်ရောင်းလို့ ညောင်းညာနေသည်ကို -

"အမေ ညောင်းနေလား၊ နှိပ်ပေးရမလား"

လို့ တစ်ခွန်းမမေးဘူးပေါ့လေ။ လပြည့်၊ လကွယ်၊ ဥပုသ်နေ့များတွင် -

"သားရယ် - အမေ ဥပုသ်စောင့်ချင်လို့၊ ဆိုင်ထ,ဝင်ပါလား"

"ဟာ - အမေကလည်း တစ်နေလုံးကြီး ငုတ်တုတ်ဆွေးရမှာ၊ ခြေတွေ လက်တွေတောင် ဆန့်လို့ရပါ့မလား။ သားသူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ။ သီလယူပြီး ဆိုင်ထွက်ရင်း ပုတီးစိပ်ပေါ့ - နော် - အမေ - နော်"

မိချောင်းမင်း ဇရကင်းမြူ၊ အမေ့ထက် သားတစ်လကြီးပြလိုက်သည်။ ဦးထူးလူနှင့် ဒေါ်စမ်းစမ်းမြင့်တို့က တမလွန်ဘဝတွင် အပါယ်တံခါးပိတ်ရန် ရော၊ မောင်ဒေါင်း၏စိတ်ဓာတ်ကလေးပါပြုပြင်ပြောင်းလဲသွားစေရန်အတွက် ပါ ရည်စူး၍ ရှင်ပြုပေးရန် ပြုကြပြီး "သား - ကိုရင်ဝတ်ရမယ်၊ အနေ အသွား အလာ၊ အနေအထိုင် သတိထား" လို့ ပြောကြသည်။ မောင်ဒေါင်း စိတ်ညစ် တာမှ ထိုင်မရ၊ ထ,မရပင် ဖြစ်ရသည်။ ရည်းစားရှိနေလို့ မဟုတ်ပေမဲ့ သူငယ် ချင်းအပေါင်းအသင်းကြောင့်ထိုင်နေကျ လက်ဖက်ရည်ဆိုင်၊ စနေ၊ တနင်္ဂနွေ နေ့ညပိုင်းတွင်လာသော ဘောလုံးပွဲတို့ကြောင့်က အဓိက။ ရှင်ပြုတာနှင့် ကိုရင်ဝတ်ရမှာကို စိတ်မဝင်စား။ သည်တော့ - ဦးထွန်းလူက ဥပဒေထုတ် လိုက်သည်။ အလုပ်လုပ်ရတဲ့ငွေကို ကိုယ့်ဟာကိုယ်သုံး(အရင်ကပင် ရတာ မပေးသူ) ည(၁၀း၃၀)နာရီတွင် အိမ်ပြန်ရမည်ဟု ဆုံးဖြတ်ချက်လိုက် နာရ



ည်ဟု ပြောလိုက်သည်။ မောင်ဒေါင်းအလုပ်က ရှိမှလုပ်ရသည်။ အလုပ်က လည်း မမြဲ။ မောင်ဒေါင်းမှာ ညထွက် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းနှင့် နေ့စဉ် တွမ်းဖိုး၊ ဆေးလိပ်ဖိုးက လိုလာသည်။

ဦးထွန်းလူ၏ နမ (ညီမအငယ်ဆုံး)၏မိသားစု ဆိုင်ကယ်ပြင်ဆိုင်တွင် ငိုင်းကူလုပ်ပေးသည်။ အသုံးစရိတ်ပေးသည်။ အဒေါ်ဖြစ်သူကလည်း တူတော်သူက ဝိုင်းလုပ်ပေးသဖြင့် ပီတိဖြစ်သည်။ သူတစ်မ်းကို ခေါ်နိုင်းလျှင် လည်း ပိုက်ဆံနေ့တွက်ပေးရတာပင်ဟု တွေးမိ၍ဖြစ်သည်။ ဒါပေမဲ့ - အပေါင်း အသင်းခင်မင်သော မောင်ဒေါင်းတစ်ယောက် -

"ဟေ့ကောင် - ငဒေါင်း - ဟိုရွာကလူတစ်ယောက်လာအပ်တဲ့ဆိုင်ကယ် က အတော်ကောင်းတယ်။ လှလည်း လှတယ်။ အဲ ..." "ဖြစ်မလား။ တို့ပြန် ရောင်းရင်တောင် တစ်ယောက်ကို နှစ်သိန်းလောက်တော့ သုံးရမယ်"

ဇနင့် လက်စရှိသော ငါးခုံးမအပေါင်းအသင်းရဲ့ဆွယ်တရားကို နာလိုက် မိသည်။ မောင်ဒေါင်းတစ်ယောက် နိဗ္ဗာန်တောရအင်းစိန်ကို ရောက်ရတော့ သည်။

"အဲဒါပါပဲ - ဗိုလ်ကြီးမေးတာကို တစ်ခုချင်း မဖြေနိုင်လို့။ အဖြစ်ကို အစ အဆုံးပြောပြတာပါ - ဗိုလ်ကြီး"

"အင်း - မင်းအဖြစ်က မဆန်းပေမဲ့ မရိုးတဲ့ဇာတ်လမ်းမျိုးပါပဲ။ ဒါပေမဲ့ "အမေ့ကျေးဇူးဆပ်မယ်" လို့ ပြောလိုက်တဲ့စကားက ငါ့နားထဲကို ကန့်လန့် ဝင်သွားတယ်ကွ။ အဲဒီလိုတွေထားတော့ အခု မင်းအမေက မင်းအတွက်နဲ့ ကျရတဲ့ မျက်ရည်၊ မင်းအဖေ ခံစားနေရတဲ့ ရောဂါဝေဒနာအတွက် မင်းဘာ လုပ်ပေးမလဲ။ လုပ်ပေးတာ ကောင်းရင် ကျေးဇူးဆပ်တဲ့သဘောပဲ။ အဲဒါ တစ်ခုပဲ မင်းစဉ်းစားကြည့်"

"ဟုတ်ကဲ့ပါ - ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ငဒေါင်း - မောင်ဒေါင်းလို့ နာမည်ပေးတာ ငါ့အသိကိုပဲ ပြော မယ်ဆိုရင် ဒေါင်းဆိုတာ အကောင်ပေါက်ဘဝက အမွေးအတောင် မစုံသေး တော့ ကြည့်မကောင်းဘူး၊ မလှဘူးပေါ့။ အကောင်ကြီးလာလို့ အမွေးတောင် စုံရင် ငှက်ထဲမှာ အလှဆုံး၊ ကြည့်အကောင်းဆုံးပေါ့ကွာ။ အေး - အဲဒီလို ငယ် ငယ်တုန်းက အသိစိတ်နည်းလို့ ဆိုးချင်ဆိုးမယ်၊ ကြီးလာတဲ့အခါကျတော့ ကြီးစိတ်နဲ့ ပညာသင်ကြားရမှု၊ မသင်ကြားရမှုအပါပေါ့ကွာ၊ ခွဲခြားနားလည် အတွက် သက်ရှိသတ္တဝါထဲမှာ လူလို့ခေါ်နိုင်အောင် လုပလာတယ်။ ဒေါင်းငှက် လိုပေါ့။ အေး - ငါ့ကို စကားရှည်တယ်၊ တရားဟောတယ်လို့တော့ မထင်နဲ့ "အမေ့ကျေးဇူးဆပ်မယ်" လို့မင်းပြောလိုက်တာ ငါခဏခဏရယ်ဖူးတဲ့သီချင်း လိုပေါ့။ မွေးမေကျေးဇူး ဆပ်ဖူးချင်တယ်ဆိုတဲ့ သီချင်း။ အနုပညာသမားတ တော့ ဖန်တီးတာရယ်၊ စေတနာရယ်ပေါ့ကွာ။

ဒါပေမဲ့ - လိုက်ဆိုတဲ့သူတွေ နားထောင်တဲ့သူတွေမှာ ကျေးဇူးဆပ်ရို နေနေသာသာ၊ အဖေအမေရဲ့ဓာတ်ပုံလေးတောင်ညှော်ခန်းထဲမှာခေါင်းရင်းမှာ ချိတ်ထားသလား။ အေး - ချိတ်ထားတာကတော့ မလုံမလဲ အရုက်နည်းတဲ့ မင်းသမီးပုံတွေ၊ မော်ဒယ်လ်ပုံတွေပဲ၊ အဲဒါများ မင်းအပါအဝင်ပေါ့ကွာ။ ကြီးကြီးကျယ်ကျယ်နဲ့ မိဘကျေးဇူး ဆပ်ချင်တယ်တို့၊ မွေးမေကျေးဇူး ဆပ် ဖူးချင်တယ်တို့အော်နေကြတာ၊ ငါက ရယ်မိတဲ့အဖြစ်မျိုး၊ ရယ်စရာပဲ ကောင်း တာပေါ့ကွာ။ ဟုတ်လား"

ကျွန်တော့်စကားကို ငဒေါင်းက ငြိမ်၍နားထောင်နေတာပဲလား။ နားလျှ နေလို့ ငြိမ်နေတာလားကိုဖြင့် မသိပါ။ ငြိမ်တော့နေသည်။ ကျွန်တော်ကဆဲ ဆက်၍ -

"ကဲ - ငဒေါင်းရေ - မွေးကျေးဇူး၊ ကျွေးကျေးဇူးကို မဆပ်ရင်လည်း နေ ကွာ။ မင်းအဖေနဲ့မင်းအမေကိုရုံးပြင်ကနားနဲ့ဂတ်(ရဲစခန်း)အကျဉ်းထောင်တို့ မျက်ရည်ကျပြီး မလိုက်ရရင် မင်းတို့လိုသားသမီးတွေကို မွေးရကျိုးနပ်ကြ မှာပါ - ဟုတ်လား - ငဒေါင်း"

ငဒေါင်းကို ပြန်လွှတ်လိုက်သည်။ ကျွန်တော်က ငဒေါင်းကို မဆူမဆူ၊ မကြိမ်းမမောင်းပဲ မိဘစကား၊ ရင်တွင်းဖြစ်ကိုယ်စား ပြောလိုက်လို့ ငဒေါင်းရဲ့ ရင်ထဲမှာ ထိထိရှရှလေးဖြစ်သွားရင် စားပွဲပေါ်မှ လက်နှင့် တိုက်မိ၍ မှောက် သွားသည်၊ ကော်ဖီခွက်ထက် ပို၍တန်ဖိုးကြီးမားပြီး အသိနည်းလို့ ရင်ထဲကို မထိရှလျှင်တော့ မှောက်သွားသည့်ကော်ဖီခွက်လောက်ပင် တန်ဖိုးရှိမှာ မဟုတ်ဘူးလို့ ဖိတ်စဉ်နေသည့်ကော်ဖီရည်များကိုကြည့်၍ တွေးနေမိလိုက် သည်။

နီးယဉ်ထွန်း

**စာရှုသူများသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်းစသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com






**ညီ**၏ဘဝသည် မျက်ရည်နှင့်ပင် စခဲ့ရ၏။
ညီလူဖြစ်စ ကလေးဘဝတွင် မုဆိုးမသားမို့ မျက်နှာငယ်ခဲ့ရ၏။
ညီ့အမေသည် ညီ့အဖေ ဆုံးစကပင် ဈေးသည်မဘဝဖြင့် ညီ့အား
ကြီးပြင်းအောင် မွေးခဲ့ရသည်။ ညီ လူလားမြောက်သော် သူရင်းငှားလုပ်ရ၏။
ညီ့အမေသည် သားကလေးကို အားထား၍ နောက်အိမ်ထောင်မပြုသည့်အား
ညီ့သားလိမ္မာသည် အမေ့အား လုပ်ကျွေးခဲ့ရှာသည်။ ကံဆိုးသော ညီသည်
အမေ့အား လုပ်ကျွေး၍မှအားမရမီ အမေဆုံး ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

မိဘမဲ့သော ညိုအဖို့ ဆွေမျိုးဟူ၍လည်း အားကိုးအားထားရာ မရှိ၊ တွယ်ရာမဲ့တစ်ကောင်ကြွက်ဘဝနှင့် ရွာမှာလည်းမနေလိုတော့သဖြင့် ခြေဦးတည့်ရာ ရွာမှ ထွက်လာခဲ့သည်။

ကိုဘိုးခနှင့် မမယ်မတို့ လင်မယားသည် ညိုတို့ရွာမှဖြစ်ကြသည်။ ရွာမှာ စီးပွားရေးကျပ်တည်းသည်ဆိုကာ မြို့တက်၍ ကျပန်းလုပ်စားရန် ရွာမှ ခေါ်ခဲ့ကြသည်မှာ နှစ်နှစ်နီးပါးကျော်ခဲ့ပြီ။

ကိုဘိုးခမှာ ရွာတွင်နေစဉ်ကလည်း လယ်ကူလီတစ်ဦးဖြစ်၍ ခွန်အားကို အားကိုးသောအလုပ်သမားဖြစ်သည့်အားလျော်စွာ အလုပ်ပေါ်သောရန်ကုန်သို့ ရဲရဲဝံ့ဝံ့ ထွက်လာခဲ့သည်။

ကံအားလျော်စွာ ရွာခံလူတစ်စုနှင့် ဆက်သွယ်မိ၍ ဆန်စက်အလုပ်သမားတစ်နေရာ ရခဲ့လေသည်။

ကိုဘိုးခသည် ဆန်စက်နှင့် မနီးမဝေး အလုပ်သမားရပ်ကွက်တွင် တဲကလေးတစ်လုံးထိုး၍ လင်ကိုယ်မယား အခြေချခဲ့ကြသည်။

ကိုဘိုးခ ဆန်စက်အလုပ်သမားဖြစ်သည်နှင့် မမယ်မကလည်း အအားမနေ။ တတ်ကျွမ်းသည့်ပညာဖြင့် မုန့်ပျားသလက်လုပ်၍ ရပ်ကွက်တွင်းရောင်းချရင်း တစ်ဖက်တစ်လမ်းက ဟင်းဖိုးရှာခဲ့သည်။

ခြစ်ခြစ်ကုတ်ကုတ်နေတတ်၊ စားတတ်သော ကိုဘိုးခတို့ လင်မယားသည် အလုပ်သမားရပ်ကွက်တွင် စာင့်တင့်တယ်တယ် နေနိုင်ခဲ့ကြသည်။

တစ်ကောင်ကြွက် ညိုသည် ခြေဦးတည့်ရာ ခရီးမှ ကိုဘိုးခကို ရိပ်ခနဲ သတိရမိသည်။

ရွာမှလူများစုဝေးရာ ကိုဘိုးခတို့ လင်မယားနေထိုင်သောအလုပ်သမားရပ်ကွက်ကို မေးမြန်းစုံစမ်းရင်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သည်။

"ဟာ – ညိုပါလား။ လာဟေ့ – လာဟေ့"

"မင်းအမေ မလှဆုံးကြောင်း တစ်နေ့ကမှ မတုတ်တို့ အလှူပစ္စည်းလာဝယ်ရင်း ပြောသွားလို့ သိရသကွာ ..."



"ဟုတ်တယ် – ဦးဘိုးခရေ။ ကျုပ်လည်း အမေဆုံးပြီး ရွာမှာ မနေချင်တာနဲ့ စိတ်ပြေလက်ပျောက် ထွက်လာခဲ့တယ်ဗျ။ အလုပ်ကလေး၊ ဘာလေးတာရန်သင့်ရင်လည်း ရွာကို မပြန်ချင်ပါဘူးဗျာ ..."

"အေး – ငါလည်း စက်ထဲမှာလူလေး၊ ဘာလေးလိုသလားလို့ စုံစမ်းဦးမယ်ကွာ။ စိတ်အေးလက်အေး နားနားနေနေပေါ့"

═ ☠ ═

ဦးဘိုးခအိမ်သို့ ညိုရောက်ခဲ့သည်မှာ တစ်လနီးပါး ရှိခဲ့ပြီ၊ အလုပ်အကိုင်မှာ အစမပေါ်ခဲ့သေးပေ။

သို့သော် ညိုသည် အအားမနေတတ်သူပီပီ မမယ်မအား ကူညီလုပ်ကိုင်ပေးရင်း အားလပ်ချိန်များတွင် ရပ်ကွက်အတွင်းမှ အိမ်နီးချင်းများအားလည်း ကူညီသင့်သည်မှန်လျှင် ကူညီလိုက်သေးသည်။ ရွာခံ အိမ်ထောင်စုများနှင့် ဆက်သွယ်၍ တစ်စတစ်စ ညိုအား လူသိများပြီး ခင်မင်သူလည်းများခဲ့သည်။

ဒါတွင်မက မနေတတ်သော ညိုသည် အားလပ်ချိန်တွင် လမ်းထိပ်ထွက်၍ ဆိုက်ကားသမားများနှင့် အပေါင်းဆန့်ခဲ့သည်။

ဆိုက်ကားဂိတ်မှ ဆိုက်ကားသမားမှန်သမျှ ညိုကို မသိသူ မရှိကြပေ။ ညိုသည် တစ်စတစ်စ ရင်းနှီးလာခဲ့ကြသော ဆိုက်ကားသမားများ ကျေးဇူးဖြင့် ဆိုက်ကားပေါ်တက်ခွ၍ ကစားခဲ့ရာမှ ဆိုက်ကား နင်းတတ်စ ပြုခဲ့၏။

ဆိုက်ကား နင်းတတ်ရုံသာမက ဆိုက်ကားသမားတို့ တတ်အပ်သော အလုပ်မှန်သမျှ နားလည်ခဲ့ရ၏။

သို့ဖြင့် ဆိုက်ကားပိုင်းတော်သားတို့၏ကျေးဇူးဖြင့် ညိုတစ်ယောက် ဆိုက်ကားသမားဘဝသို့ ရောက်ရှိခဲ့ရသည်။



www.burmeseclassic.com

“ ညိုသည် အသက် (၂၀)ကျော်သာ ရှိသေးသော
လုပ်ကိုင်ကလေးဖြစ်ရကား ညိမ်းမေတည်းဟူသော တွေ့ဖူးကြုံဖူးသူ
အိမ်ထောင်သည်နှင့် ကြာကြာလက်ပွန်းတတီးနေသောအခါ
အိုးချင်းထား၍ အိုးချင်းထိကြလေ၏။



ကိုဘိုးခသည် ဆန်စက်မှာ အလုပ်ဟန်မကျ၍ ညိုအတွက် ရတတ်မအေးရှိစဉ် ညိုတစ်ယောက် ဆိုက်ကားပေါ် ရောက်သွားသောအခါ ဝမ်းသာရရှာ၏။

ဆိုက်ကားသမား ညိုသည် ယခင်ကလို စုတ်စုတ်နပ်နပ် ကပ်ရပ်စားနေရသူမဟုတ်။ ငွေစကလေးရွှင်လာသဖြင့် ကိုဘိုးခတို့အိမ်တွင် ထမင်းစားသည်က နည်း၍ လမ်းဘေးဆိုင် စားတတ်လာပြီး ဆိုက်ကားအပ်၍ ဘိုင်စကုတ်လည်း ကြည့်တတ်ခဲ့၏။



လက်ဖက်ရည်ချိုသောက်ပြီး စီးကရက်ကိုလည်း ခဲတတ်လာပြန်သည်။ နောမှပါလာသော ဖျဉ်အင်္ကျီ ဖျဉ်လုံချည်အစား ပေါ်ပလင်ရှပ်နှင့် မာစရိုက်လုံချည် ထည်လဲဖြစ်လာ၏။

“ ဟော့ - မောင်ညို - မင်းက တို့အိမ်များ အလည်မလာတာ ကြာပြီ”

ဆိုက်ကားနှင့်ထွက်သွားသော ညိုအား လမ်းထိပ်နှင့် မလှမ်းမကမ်းအိမ်မှ မညိမ်းမေက လှမ်း၍ နှုတ်ဆက်လိုက်သည်။

“ ဟာ - မမညိမ်းကလဲ - မအားလို့ပါဗျာ - လာပါ့မယ် ”

“အမယ် - မင်းကအားလည်း တို့ဆီ မလာပါဘူးလေ။ မင်းအဆက်တွေဆီသာ သွားမှာပါ”

“ ဟာ - မဟုတ်ပါဘူး - မမညိမ်းရယ် ”

“ မဟုတ်ရင် - အခုလာလေ။ လက်ဖက်ရည်ကလေး၊ ဘာလေးသောက်သွားဦးပေါ့”

မညိမ်းမေ ခေါ်လွန်းလှသဖြင့် ညိုက မနေသာတော့ဘဲ အိမ်ရှေ့ ဆိုက်ကားထိုးပြီး ဝင်လာခဲ့သည်။

“တကတဲ ခေါ်လိုက်ရတာ။ လူကိုက ဟန်ကြီးပန်ကြီးနဲ့ ...”

မညိမ်းမေက ညိုအိမ်ပေါ်တက်သွားလျှင် မျက်စကလေးရှိ၍ ငေါ့လိုက်သည်။

ညိုသည်အသက်ရှူတစ်ချက်မှားသွားပြီး - “မအားလို့ပါဗျာ - အခုရက်ဆိုက်ကားက နားမနေရဘူး။ နေ့ရော၊ ညရောပဲဗျာ”

“ဒါကြောင့်လည်း မင်းကရှိုးကျနေတာကိုးကွ။ တို့များတော့ ရုပ်ရှင်လေး၊ ဘာလေးတောင် ပြဖော်မရဘူး”

မညိမ်းမေ၏မျက်လုံးသည် ညိုအား တစ်ချက်စိုက်ကြည့်လိုက်ရာ အကြည့်ချင်းဆုံသွားသော ညိုအဖို့ ရင်ဖို၍ သွားခဲ့သည်။

www.burmeseclassic.com

"ကိုင်း – ပြပါမယ်ဗျာ။ မမညီမ်း – ကြည့်ချင်တဲ့နေ့ ပြပါမယ်"

"တကယ်နော် – မောင်ညို" မညီမ်းမေက မျက်လုံးထောင့်ကပ်၍ လက်ညှိုးကလေးထောင်ပြီး မေးနေစဉ် ညိုသည် ကရားထဲမှ လက်ဖက်ရည်ကြမ်းကို ပန်းကန်ထဲငှဲ့ထည့်ရင်း ခေါင်းညိတ်လိုက်လေ၏။

မညီမ်းမေသည် ကိုဘိုးခနှင့် ဆန်စက်တွင် အလုပ်အတူလုပ်သော ဆန်စက်သမား ဦးဘမောင်၏မိန်းမ ဖြစ်၏။

ဦးဘမောင်သည် မညီမ်းမေထက် အသက် (၁၀) နှစ်ခန့်ကြီး၍ ရိုးရိုးသားသား အေးအေးနေတတ်သော အလုပ်သမားကြီးတစ်ဦးဖြစ်သည်။

မညီမ်းမေသည် ရုပ်ရည်က မလှသော်လည်း သနားကမား ဖြစ်သည့် ပြင် အသက်ငယ်၍လည်း လည်ပတ်၏။

ရန်ကုန်တွင် အနေကြာ၍ ရွာက ရောက်စနှင့်မတူ။ ရုပ်ရှင် ပြဇာတ်ပွဲလမ်းသဘင်မကျန် သွားလာလည်ပတ် သုံးစွဲတတ်ချေပြီ။

တစ်ကိုယ်လုံးမှာလည်း ခေါင်းကဆံပင်မှအစ ခြေထောက်ဖျား သနပ်ခါး လိမ်းထားသည်ထိ တစ်မူထူးအောင် ပြုပြင်ခြယ်သတတ်သည်။

ဦးဘမောင်နှင့်စာလျှင် အဖေနှင့်သမီးပမာ ရှေ့သွားနောက်လိုက် မညီသည့်အတိုင်း ဘယ်အခါမှ အတူသွားလေ့မရှိ။ မညီမ်းမေသွားသမျှခရီးသည် တစ်ကိုယ်တည်းသာ ဖြစ်၏။

လူရိုးကြီးဦးဘမောင်မှာ မယားကလေးငယ်ငယ် ချစ်စဖွယ်မို့ အရာရာကို လိုက်ပြီး အကြိုက်မှန်သမျှ လိုက်လျောခဲ့ရရှာ၏။

တစ်နေ့လုပ်မှ တစ်နေ့စားရသော အလုပ်သမားဘဝနှင့်ပင် ရသမျှကလေး မစားရက်၊ မသောက်ရက် မယားအား အလုပြင်ရှာ၏။ သို့သော် ညီမ်းမေတစ်ယောက်က ဒါလောက်နှင့် အားမရနိုင်သေးပါ။

ညိုသည် ညီမ်းမေနှင့် တစ်စတစ်စ ဝင်ထွက်ရင်းနီးလာခဲ့ရာ ယခုသော် ရုပ်ရှင်ကို အတူသွား၍ ပျော်ပွဲရှင်ပွဲဆိုလျှင် စုံတွဲခုတ်ကြ၏။



" မမညီမ်း ... "

"မောင်ညို ... " ဆိုသောအသံသည် အခန်းနီးချင်းများ နားမဆန့်ခဲ့ပေ။ ညိုသည် နံနက်ပိုင်း ဆိုက်ကားထွက်၍ ရလာသမျှကို စားစရာသောက်စရာမှအစ ညီမ်းမေဖို့ နိုင်လွန်စ၊ ထမီ၊ ပေါင်ဒါဘူးထိအောင် တစ်နေ့တစ်မျိုး ဝယ်လာတတ်၏။

နေ့လယ်နားချိန်တွင် ဆိုက်ကားကို အိမ်ရှေ့ထိုး၍ ညီမ်းမေနှင့် စားရင်းသောက်ရင်း ပျော်မဆုံး ရှိချေ၏။

ညိုသည် အသက် (၂၀) ကျော်သာ ရှိသေးသော လူပျိုကလေး ဖြစ်ရကား ညီမ်းမေတည်းဟူသော တွေ့ဖူးကြုံဖူးသူ အိမ်ထောင်သည်နှင့် ကြာကြာ လက်ပွန်းတတီးနေသောအခါ အိုးချင်းထား၍ အိုးချင်းထိကြလေ၏။

ကိုဘိုးခသည် ညိုအား တိုးတိုးခေါ်၍ ဆုံးမရှာ၏။ ညိုက "ဟုတ်ကဲ့" ဟု ခေါင်းသာ ညိတ်ခဲ့၏။ စိတ်က မပါပေ။ ပိုးဖလံမျိုး ညိုသည် နားမထောင်ခဲ့ပေ။ တဏှာမီးခွက်ရှိရာသို့ ရဲရဲကြီးပင် ဆက်၍တိုး။ မနေသာသော အိမ်နီးချင်းများက ညီမ်းမေ၏ယောကျ်ား ဦးဘမောင်ကြီးအား ဖြစ်ကြောင်းကုန်စင် တိုင်ကြားသောအခါ ဦးဘမောင်သည် ဇနီးသည် ညီမ်းမေအား ချော့၍တစ်ဖုံ၊ ခြောက်လှန့်၍တစ်မျိုး ဆုံးမရှာ၏။ သို့သော် ညီမ်းမေကတော့ ကျွဲပါးစောင်းတီး အရေးမကြီးသလို အေးစက်စက်ဖြင့် အိမ်နီးချင်းများကိုပင် စောင်း၍ ဆဲဆိုလိုက်သေးသည်။

လူပျိုပေါက်စ ညိုသည် ရှာရသမျှ ငွေစကလေးများကို မညီမ်းမေအား လိုသလောက် ပေးနေရုံမက မညီမ်းမေ၏မျက်နှာကို မမြင်ရလျှင်ပင် မနေနိုင်လောက်အောင် စွဲလမ်းနေတော့သည်။

ညီမ်းမေအဖို့ အတွေ့မှာ ထူးသော်လည်း ညိုလောက် မရှူးပေ။

တစ်နေ့တခြား လူသိများသော ညိုတို့ဇာတ်လမ်းသည် ရပ်ကွက်ရှိသိ ဖြစ်လာသောအခါ ဦးဘမောင်သည် ချစ်သောမယားကလေးအား မပြောရက်



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း မနေသာတော့ဘဲ အကြမ်းဖက်၍ ရိုက်နှက်စစ်ဆေးလေတော့၏။

ထိုအခါမှ ညိမ်းမေသည် သူ့အမှားကို ဝန်ခံပြီး ဦးဘမောင်အား - " နောက်နောင်တွင် မောင်ညိုနှင့် မဆက်သွယ်တော့ပါ" ဟုကတိပေးလေတော့သည်။

ဦးဘမောင်သည် ငယ်ရွယ်သူ ဇနီးအား ကတိပေးရုံနှင့် စိတ်မချနိုင်ဘဲ နံနက်စာထမင်းကို ချိုင့်နှင့် လာပို့ရန် အစီအစဉ်ပါ ပြုလုပ်လေ၏။

ထိုနေ့မှစ၍ညိမ်းမေသည် ဦးဘမောင်နံနက်စောစောအလုပ်သွားလျှင် ချက်ပြုတ်လုပ်ကိုင်ပြီး နံနက်စာထမင်းကို စက်ထဲ လိုက်ပို့ရ၏။

ရင်းနောက် ဦးဘမောင် ထမင်းစားသည်ကိုစောင့်ပြီး ထမင်းချိုင့်ကို သိမ်းဆည်း၍ ပြန်လာခဲ့ပြီး ညနေစာ ဆက်လက်စီမံရသဖြင့် ယခင်ကလို အိမ်မှာ ညိုနှင့်ပလူးရန် အချိန်မရတော့ပေ။

ဒါတွင်မက ဦးဘမောင်က အိမ်နီးချင်းများအား သူ့ဇနီးနှင့် မောင်ညိုတို့ အခြေအနေ၊ သူမရှိခိုက် ညိုအိမ်သို့ လာ,မလာကို စောင့်၍ ကြည့်ရှုပါရန် မှာကြားထားသည့်ပြင် ညိမ်းမေအားလည်း " နောက်တစ်ခါ ညိုလာသည် ကြားလျှင် နင့်ကို သတ်ပစ်မည်" ဟု လူသိနုတ်ကြား ကြိမ်းဝါးထားလေ၏။

ညိမ်းမေသည် ဦးဘမောင်အား ကြောက်ရွံ့ရသည်ကတစ်ကြောင်း၊ မိမိအမှားကိုမိမိသိရှိ၍ ဆင်ခြင်နေတော့မည်ဟု ဆုံးဖြတ်ကာ မောင်ညိုအား မသိမသာ အဆက်ဖြတ်လေ၏။

ဦးဘိုးခလည်း မောင်ညိုနှင့်ညိမ်းမေအကြောင်း ထပ်ကြားသိရ၍ စိတ်လက်မကောင်းစွာနှင့် မောင်ညိုအား ဤကဲ့သို့မလွှတ်လပ်သောလင်ရှိမယားကို မပြစ်မှားအပ်ကြောင်း၊ ဤကိစ္စမှာ ယခုဘဝလည်း မကောင်း၊ နောင်ဘဝလည်း မကောင်းကြောင်း လူကြီးပီပီ တရားသံနှင့် ပြောဆိုဆုံးမ နာချလေ၏။



ညိုသည်ဦးဘိုးခပြောသမျှကိုခေါင်းညိတ်၍သာ နာခံနေရသော်လည်း နှလုံးသားတွင် စွဲလမ်းငြိတွယ်နေသော ညိမ်းမေ၏အညိုမှတ်နှင့် အတွေ့အာရုံသည် ဖြေဖျောက်၍မရနိုင်အောင် ရှိခဲ့သည်။

ညိမ်းမေက ညိုအားနောက်ထပ် သူ့အိမ်သို့မလာရန်နှင့်ဦးဘမောင်က သူ့အားရိုက်နှက်ဆုံးမထားကြောင်းကိုလာရောက်ပြောပြသွားသည့်နေ့မှစ၍ ညိုသည် ဆိုက်ကားကို ခေါင်းရင်းထိုး၍ အိပ်ရာထဲတွင်သာ အချိန်ကုန်ခဲ့လေ၏။

မီးနှင့်တူသော တဏှာရမ္မက်သည် ညို၏ရင်တွင်း နှလုံးသားဝယ် မျိုသိပ်မနိုင်စွမ်းအောင် လျှံတက်ထကြွလာသောအခါ ညိုသည် ခွေ၍ အိပ်နေရာမှ ရုတ်ခနဲထ၍ ညိမ်းမေတို့ အိမ်ဘက်သို့ ထွက်ခဲ့သည်။

ဦးဘမောင်ထံသို့ ထမင်းအချိန်မီပို့ရန် ချက်ပြုတ်ပြီးစီး၍ ထမင်းချိုင့်ကို ဆေးကြောသုတ်သင်နေသော ညိမ်းမေသည် ချိုင့်ကိုကိုင်ရင်း တွေတွေကြီးစိုက် ၍ ငေးလိုက်သည်။ မိမိအပေါ် ချစ်ခင်ကြင်နာသော ဦးဘမောင်ကြီးအား ကြင်နာ၏။ သနား၏။ သို့သော် တစ်ခါတစ်ခါ ငယ်ရွယ်သူမိန်းမတို့၏ ဓလေ့အတိုင်း မိမိလင်သားနှင့် အတူတွဲ၍ ပွဲသွားပွဲပြန် ကြော့ကြော့မော့မော့နေချင်ရှာ၏။

သို့သော် ညိမ်းမေဆန္ဒကား မပြည့်ခဲ့။ တကယ်တွေးပြန်လျှင်လည်း ဤတစ်သက်တွင် ဦးဘမောင်လိုလင်မျိုးကား ရရန်မလွယ်တော့ပေ။

တစ်နေကုန် တစ်နေခန်း စက်ထဲတွင် ခါးချိုး၍ နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်ရှာဖွေရရှာသော အလုပ်သမားကြီး ဦးဘမောင်သည် ရသမျှငွေကို တစ်ပြားမကျန် ဇနီးချောကလေးအား ပေးအပ်ရှာ၏။

ဒါတွင်မက တစ်အိမ်လုံး ညိမ်းမေအကြိုက် ခြယ်လှယ်နိုင်သည့်ပြင် ဦးဘမောင်မှာ ချည်ချောလုံချည်၊ စွပ်ကျယ်အင်္ကျီနှင့် တဘက် ခေါင်းပေါင်း၍ ဇနီးချော ညိမ်းမေကိုသာ လှစေ၊ ပစေ၊ ဝတ်စားခြယ်လှယ်စေခဲ့သည်။ ရုပ်ရှင်ပွဲလမ်းသဘင်ဆိုလျှင် လုံးဝမကြည့်ဘူး၊ မကြည့်တတ်သော ဦးဘမောင်က ညိမ်းမေ သွားလိုသည့်အခါတိုင်း အဖော်ကောင်းနှင့် သွားခွင့်ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သည်မျှပင် မပူရ၊ မပင်ရ အလိုလိုက်ရှာသည့်အထဲမှပင် မိုက်မှားရှာလေသော ညိမ်းမေတစ်ယောက်သည် ငယ်ရွယ်သူ ဆိုက်ကားသမား မောင်ညိုနှင့် အမှောင်တစ်ကွေ့ဝယ် နှစ်ကိုယ်အတွေ့ကို မေ့မြောသာယာခဲ့မိသည်။ တစ်နည်းသော် ဦးဘမောင် အပေါ် သစ္စာမဲ့ခဲ့မိသည်။

"ဟင်း ..."

ညိမ်းမေသည် သုတ်လက်စ ထမင်းချိုင့်ကို အသာမ,၍ သက်ပြင်းတစ်ချက် ချလိုက်သည်။

"မမညိမ်း ..."

ဖြုန်းခနဲ အိမ်ပေါက်ဝမှ တက်လာသောညို့အား မြင်လိုက်လျှင် ညိမ်းမေသည် မျက်နှာပျက်သွားသည်။

"ဟဲ့ – ညို – အိမ်ကို မလာပါနဲ့ဆို။ မောင်ညိုကလည်း ဟိုဘက်အိမ်က မလှမေတို့မြင်သွားရင် တိုင်တော့မှာပဲ"

"အိုဗျာ – ဂရုစိုက်လို့။ ကျွန်တော်ပြောစရာရှိလို့ လာခဲ့တာ"

"ကိုင်း – ပြောစရာရှိရင် အိမ်ရှေ့နားက ပြောပါ"

ညိမ်းမေက စိတ်တိုသံဖြင့် ခပ်ညည်းညည်း ပြောလိုက်၏။

"ဒီမှာ – မမညိမ်း – ကျွန်တော်တော့ အသည်းတွေ ကွဲတော့မယ်ဗျာ။ ခင်ဗျားမျက်နှာကို မမြင်ရ မနေနိုင်တော့ဘူး"

"အို – မဟုတ်တာ – မောင်ညိုရယ်။ ငါက လွတ်လွတ်လပ်လပ်မှမဟုတ်တာ"

"ဟာဗျာ – ဒါတွေ ကျုပ်နားမလည်ဘူး။ ကျုပ်တော့ ခင်ဗျားနဲ့အတူ နေရမှပဲ"

ညိမ်းမေသည် ရုတ်ခြည်းပင် ဉာဏ်တစ်ကွက် လက်ခနဲ ပေါ်လာ၍ မျက်နှာကို ချက်ချင်း ပြင်ပြုံးလိုက်သည်။

"ကိုင်းပါ – မောင်ညိုရယ်။ မင်းပြောတာ ငါနားလည်ပါပြီ။ ဒါပေမဲ့ – ချက်ချင်းလက်ငင်းတော့ မဖြစ်ဘူးပေါ့။ ငါ စဉ်းစားဦးမယ်။ မင်းပြန်ပါတော့ မောင်ညို။ ငါ – ထမင်းပို့ သွားရဦးမယ်"



"ကျွန်တော် – ဆိုက်ကားနဲ့ လိုက်ပို့မယ်လေ"

"အမယ်လေး – နေပါ – မောင်ညိုရယ်။ ဘေးကလူတွေ မြင်တုန်းရှင် အဖိုးကြီးနားရောက်ပြီး ဒုက္ခရောက်ကုန်ပါဦးမယ်"

"ဒါဖြင့်နေဗျာ – ခင်ဗျားကတိသာ ခင်ဗျားတည်ပေ့စေနော်"

ညိုသည် အိမ်ပေါ်မှ ဆောင့်ကြီးအောင့်ကြီး ဆင်းသွားလေ၏။

"ဟင် ..."

ညိမ်းမေသည် သက်ပြင်းတစ်ချက် မှုတ်လိုက်ပြီး ထမင်းပို့ရန် ထွက်ခဲ့၏။

"ဟဲ့ – ညိမ်းမေ"

ညနေစာ စားသောက်ပြီးစီး၍ ပန်းကန်များကို သိမ်းဆည်းနေသော ညိမ်းမေအား နောက်မှခါးထောက်၍ စိမ်းစိမ်းဝါးဝါးကြည့်ရင်း ခေါ်လိုက်သော ဦးဘမောင်၏အသံသည် ညိမ်းမေအား တုန်လှုပ်သွားစေသည်။

"ရှင် ..."

ညိမ်းမေ လှမ်းကြည့်လိုက်သောအခါ မြင်လိုက်ရသော ဦးဘမောင်၏ ခက်ထန်မာကျောသောမျက်နှာသည် ညိမ်းမေလက်ထဲမှ ကိုင်ထားသော ဟင်းပန်းကန်ကိုပင် လန့်၍လွတ်ကျပြီး ကွဲသွားစေလေ၏။

"ဟင် – အကိုကြီး"

"ဘာ – အကိုကြီးလဲ။ နေ့လယ်က ဟိုကောင်လာတယ်ဆို"

"ရှင် ..."

ညိမ်းမေသည် ပါးစပ်မှ ဘာမျှမထွက်လာဘဲ ကြောင်သွားပြီး မျက်ရည်ပေါက်တို့သာ မျက်လုံးအိမ်မှ စီးကျလာတော့သည်။

"ပြောစမ်းပါ – နင့်လင်ငယ်ညို – ငါ့အိမ်ကို လာသေးတယ်ဆို"

"ဟုတ် – ဟုတ်ကဲ့ – သူ – ရှာပြန်တော့မှာမို့ လာနှုတ်ဆက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

" ဘာ - ဘာ - ကိုင်း - အဲဒါလား - ဘာလာနှုတ်ဆက်တာလဲ၊ နင့်ကို ခေါ်မလို့လာတာ မဟုတ်လား"

"ဖြန်း" ခနဲ ဦးဘမောင်၏ ညာဘက်ဝါးသည် ညိမ်းမေ၏နားထင်စပ်သို့ ရိုက်လိုက်ရာ -

" အမယ်လေးတော့် - သေပါပြီ "

ဆိုသော အသံနှင့်အတူ ညိမ်းမေသည် ဝါးကြမ်းပြင်ပေါ်သို့ "ဝုန်း" ခနဲ လဲကျသွားလေ၏။

" ဟင်း - ငါ့အပေါ်သစ္စာဒါလောက်မဲ့တဲ့ကောင်မ - နင့်ကိုငါအသေသတ် ပစ်မယ်၊ အသေသတ်မယ် "

ဦးဘမောင်သည် လက်သီးနှစ်ခုကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အံကို ကြိတ်ထားရာ နားထင်နှင့် ပါးရိုးကြောတို့သည် ထောင်၍ ထလာလေ၏။

တစ်ချိန်တည်းမှာ အိမ်နီးနားချင်းအလုပ်သမား လေးငါးဦးသည် အိမ် ပေါ်သို့ အပြေးတက်လာပြီး ဦးဘမောင်အား ဝိုင်းဝန်းဆွဲ၍ ခေါ်သွားကြရာ ဦးဘမောင်တစ်ယောက် အံကြိတ်ရင်းပါသွားလေ၏။

တကျာရမ္မက်ဟူသည်မီးနှင့်တူသည်ကိုညိမ်းမေ သိပါ၏။ မီးကိုကစား၍ အပူလောင်သောဒဏ်ထက် အချစ်နှင့်တကျာရမ္မက်ကို ကစားမိသော ညိမ်းမေအဖို့ မီးထက် အပြန်တစ်ရာမက ပူလောင်သောတကျာမီးသည် ညိမ်းမေတစ်ကိုယ်လုံး ဟုန်းဟုန်းတောက်ချေပြီတကား ...။

ပါးစပ်မှစီးကျနေသောသွေးစကိုလက်နှင့် အသာသုတ်ရင်းလဲနေရာမှ အားယူ၍ ထရာသော ညိမ်းမေသည် ပြင်းထန်လှသော ဦးဘမောင်၏ ညာ လက်ဖဝါးဒဏ်ကြောင့် မိုက်ခနဲဖြစ်ကာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပြန်ကျလေ ၏။

ဝါးကြမ်းပြင်ကြားမှ တပေါက်ပေါက်ကျနေသော မျက်ရည်တို့သည် မြေကြီးပေါ်တွင် အိုင်ထွန်းခဲ့ချေပြီ။



အမှားကိုမြင်သော်အမှန်ရ၏။ သစ္စာမဲ့ခြင်း၏ဒဏ်ကိုလှလှကြီးခံရသော ညိမ်းမေသည်မိုက်မှားခြင်း၏နောင်တကိုတသသတွေးရင်းဆုံးဖြတ်ချက်တို့ ချလိုက်သည်။

ဘယ်အချိန်က ပြန်ရောက်နေမှန်းမသိသော ဦးဘမောင်သည် ဘုရား ကျောင်းဆောင်ခြေရင်းတွင် အိပ်ပျော်နေ၏။ ညိမ်းမေသည် အိပ်ပျော်နေ သော ဦးဘမောင်၏နံဘေးတွင် ဒူးတုပ်၍ကန်တော့ရင်း... " မိမိအပေါ်ချစ်ခင် ကြင်နာစွာ ဆုံးမရှာသောဦးဘမောင်၏သစ္စာကို စောင့်သိရိုသေ၍ အမှားကို မြင်ပါတော့မည် " ဟု တိုးတိုးရွတ်ဆိုလိုက်လေသည်။

ညိမ်းမေတစ်ယောက်ဦးဘမောင်၏ဘေးတွင်ရှိုက်၍ရှိုက်၍မိမိအမှားကို နောင်တရကာအမှန်ကိုဦးစားပေးရန် ဆုံးဖြတ်နေသောအချိန်တွင် ညြိုတစ် ယောက်သည် အိပ်ရာပေါ်၌ တွေးရင်းတွေးရင်း ရမ္မက်မီးကို မွေးတုန်းမွေးဆဲ ဖြစ်၏။

ညြို၏နှလုံးသားဝယ် စွဲကပ်ငြိတွယ်ခဲ့သော ညိမ်းမေ၏အတွေ့ရမ္မက် သည် တက်၍တက်၍သာ လာခဲ့၏။

ဒီရေနှင့်တူသော တကျာရမ္မက်သည်တက်၍နေသောအချိန်တွင် တား ဆီးရပ်၍ မရပါချေတကား။

= =

အချိန်မှာ ညနေ (၃) နာရီသာသာ ရှိသေးသည်။

"အမယ်လေး - လာကြပါဦးတော်၊ ညိမ်းမေတစ်ယောက် အိပ်ရာပေါ်မှာ မားဒဏ်ရာကြီးနဲ့ သေနေပါပြီ"

"လာကြပါဦး - လာကြပါဦး "

အိမ်နီးချင်းမလှမေသည် ညိမ်းမေတို့အိမ်အပေါ်မှ အပြေးဆင်း၍ အော် လိုက်ရာ ရပ်ကွက်တစ်ခုလုံး ပွဲတင်ထပ်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ အိမ်နီးနားချင်းမိန်းမများ၊ ကလေးများနှင့် အလုပ်မသွားဘဲ ကျန်နေသောယောကျ်ားအချို့မှာ အိမ်ရှေ့တွင် စုရုံးသွားကြလေ၏။

အိမ်နီးချင်း ယောကျ်ားတစ်ဦးက ရဲဌာနသို့ပြေး၍အကြောင်းကြားနေစဉ် ကလေးတစ်ယောက်က ဦးဘမောင် အလုပ်လုပ်ရာစက်ထဲသို့ သွား၍ ခေါ်လေ၏။

မကြာမီ ရဲဌာနမှ ရဲဌာနအုပ်နှင့် ရဲကြပ်ကြီးတစ်ဦး၊ ရဲသားနှစ်ယောက်တို့ အခင်းဖြစ်ပွားရာသို့ ရောက်ရှိလာကြသည်။

ညိမ်းမေတို့အိမ်ရှေ့တွင် စုဝေးကြည့်ရှုနေကြသော လူစုကြီးသည် ရဲအဖွဲ့ဝင်များ ရောက်ရှိလာသောအခါ ဘေးသို့ ဖယ်ရှားပေးကြသည်။

အိမ်ကလေးမှာ အမြင့် (၄) ပေသာသာ ဝါးကြမ်းခင်းဝါးထရံကာ ဓနိမိုး၍ ခပ်ကုပ်ကုပ်ရှိ၏။

ရဲဌာနအုပ်သည် အိမ်ထဲသို့ ခေါင်းအနည်းငယ်ငုံ့၍ ဝင်သွားပြီး အိမ်ခန်းဆီသို့ လှမ်း၍ကြည့်လိုက်ရာ ကြမ်းပြင်ပေါ်တွင် ခေါင်းအုံးပေါ်ခေါင်းတင်လျက် ပက်လက်အိပ်နေသော မိန်းမတစ်ယောက်ကို တွေ့ရ၏။

"ဟာ - သေတာကလည်း ခုတင်ပေါ်မှာစမတ်ကျကျပါလား"

ရဲဌာနအုပ်သည် ညိမ်းမေအနားသို့ ချဉ်းကပ်၍ အသေအချာကပ်ကြည့်သောအခါ လည်ပင်းတွင် ဖိ၍ လှီးထားသော ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရ၏။

ခေါင်းအုံးအိပ်ရာခင်းစသည်တို့တွင် သွေးများ ပေကျံနေသည့်ပြင် ညာဘက်လက်တွင် သင်တုန်းဓားကြီးတစ်ချောင်းကို ကိုင်လျက်သား တွေ့ရလေ၏။

ရဲဌာနအုပ်သည် ညိမ်းမေ၏အလောင်းကို စေ့စပ်သေချာစွာ လိုက်လံကြည့်ရှုနေသည်။

အလောင်းသဏ္ဌာန်မှာ သေဆုံးသူမိန်းမသည် အကြောင်းတစ်ခုခုကြောင့် စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ထားသည်ဟု မချတွေးတောနိုင်သော အခြေအနေဖြစ်သည်။



ထို့ကြောင့် သာမန်ကြည့်ရှု အရေးယူမည်ဆိုပါက ကိုယ့်ကိုယ့်ကိုယ် သတ်သေမှုဖြင့် အရေးယူရန်သာ ရှိတော့သည်။

သို့သော် အမှုစစ်ဆေးသူ ရဲဌာနအုပ်၏အတွေ့အကြုံကျင်လည်ပါးနပ်မှုကြောင့် သေသေချာချာ ကြည့်ရှုစစ်ဆေး တွေးခေါ်ဆက်စပ် ယူလိုက်သောအခါ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း လုံးဝမဟုတ်နိုင်သော အခြေအနေကို တွေ့ရပေသည်။

ညိမ်းမေ၏ညာဘက်လက်တွင် ကိုင်ထားသော သင်တုန်းဓားမှာ ပြောင်းပြန်ဖြစ်၍ ဓားသွားသည် လည်ပင်းဘက်မလှည့်ပဲ အောက်ဘက်သို့ လှည့်နေသည်။ ဓားကိုင်သောညာဘက်လက်တွင် သွေးပေခြင်း လုံးဝမရှိ။

ရင်းပြင် (Incised wound ) ခေါ်သော ချွန်ထက်သော လက်နက်ဖြင့် လှီးဖြတ်ထားသော ဒဏ်ရာကို တွေ့လင့်ကစား (Wound tail ) ခေါ်သော ဒဏ်ရာ၏အမြီးသည် ဓားကိုင်ထားသော လက်ျာဘက်တွင်မရှိဘဲ လက်ဝဲဘက်တွင် ရှိနေသည်။

ဤဒဏ်ရာပုံစံနှင့် အနေအထားမှာ ဘယ်နည်းနှင့်မျှ ကိုယ့်ကိုယ်ကိုယ် လှီး၍သတ်သေသောဒဏ်ရာ မဟုတ်နိုင်ကြောင်း ထင်ရှားစွာ တွေ့မြင်ရသည်။

ထို့ကြောင့် ဤသေဆုံးသူ ညိမ်းမေဆိုသောမိန်းမအား တစ်စုံတစ်ယောက်က သတ်ဖြတ်၍ သူ့ကိုယ်သူ သတ်သေသယောင် အကွက်ဆင်ထားခဲ့သော လူသတ်သမား၏ဉာဏ်ပင် ဖြစ်ပေမည်။

ရဲဌာနာအုပ်သည် မှတ်စုစာအုပ်တွင် လိုအပ်သည်တို့ကို ရေးသားပြီး အမှုကို လူသတ်မှုဟု မှတ်ချက်ချလိုက်သည်။

ရဲဌာနအုပ်သည် အလောင်းကိုကြည့်၍ အနည်းငယ်ပြုံးကာ လူသတ်သမားသည် အဆင်အခြင် အတွေးတောကင်းမဲ့သော တစ်ဗွတ်ထိုးသမားဖြစ်လိမ့်မည်ဟု တွေးမိသည်။

www.burmeseclassic.com

အနည်းငယ်ကြားဖူးနားဝနှင့် အကွက်ဆင်ထားခဲ့ပြီး သူဆင်ထားသော အကွက်ကိုသာ ရဲအဖွဲ့က ဆက်၍နင်းခဲ့သော် ဤအမှုမှာ လူသေမှုနှင့် ပိတ်ရပြီး သူ့အဖို့ လုံးဝလွတ်ကင်းနိုင်သည်ဟု ထင်ပေလိမ့်မည်။

တရားဥပဒေ၏ နက်နဲကျယ်ဝန်းပုံလည်းကောင်း၊ ရဲအဖွဲ့ဝင်တို့ကို မည်သည့်လူသတ်သမားလူဆိုးများထက်ပင်ကျင်လည်ပါးနပ်၍သိပ္ပံနည်းများဖြင့်လည်းကောင်း၊ ဥပဒေရေးရာအရလည်းကောင်း ကျွမ်းကျင်လိမ္မာကြသည် ဆိုသောအချက်ကို မေ့လျော့ခဲ့ဟန်တူပေသည်။

သင်တုန်းဓားပေါ်တွင် တင်ကျန်ရစ်မည့်လက်ပုံစံကို လုံးဝစဉ်းစားမိဟန်မတူပေ၊

ညိမ်းမေ၏အလောင်းမှာ တောင့်တင်းစ ပြုပေပြီ။ ကုပ်၊ မေးရိုးနှင့် လက်တို့ အေးနေပြီဖြစ်၏။

ပေါင်နှင့်ခြေထောက်တို့မှာမူ အေးသော်လည်း မတောင့်တင်းသေးပေ။


ဆက်လက်၍စစ်ဆေးသောအခါ သေပြီးနောက် ကိုယ်ခန္ဓာတွင် ထွက်ပေါ်လေ့ရှိသော သွေးစုသွေးကွက် ( Post Mortem Staining) များလည်း မပေါ်သေး။

ရဲဌာနအုပ်သည် ခန္ဓာကိုယ်စစ်ဆေးပြီး အလောင်းပုံစံရေး၍ သက်သေတို့ကို စစ်ဆေးရ၏။

အိမ်နီးချင်းဖြစ်သူ မလှမေအား ခေါ်ယူစစ်ဆေးရာ မလှမေက သေသူ မညိမ်းမေမှာ အလုပ်သမား ဦးဘမောင်၏ဇနီးဖြစ်၍ ဦးဘမောင်မှာ နေ့စဉ် နံနက် (၇) နာရီခန့်တွင် ဆန်စက်သို့ အလုပ်သွားပါသည်၊

ညနေ (၅) နာရီလောက်ပြန်လာတတ်ပါသည်။ နေ့စဉ် (၁၂) နာရီခန့်တွင် မညိမ်းမေက ဦးဘမောင်ထံ ထမင်းပို့သွားလေ့ရှိပါသည်၊





❝ ရဲဌာနအုပ်သည် ဦးဘမောင်အား
သုပ်မှုး၍တစ်ချက်ကြည့်လိုက်လျှင် ဦးဘမောင်သည်
မျက်နှာပျက်သွားသည်ကို ရဲဌာနအုပ်က
အကဲခတ်လိုက်မိသည်။

ကနေ့သွားတာ မမြင်ပါ။ ဦးဘမောင်လည်း ခါတိုင်းထက် နေမြင့်မှ အလုပ်သွားသည်ကို တွေ့ရပါသည်။

သူတို့လင်မယားသည် မောင်ညိုဆိုသူ လူငယ်တစ်ယောက်အတွက် မကြာခဏ စကားများတတ်ပြီး ဦးဘမောင်က မောင်ညိုအိမ်လာတာ မကြိုက်ပါ။ မနေ့က မောင်ညိုလာသည်ကို ညိမ်းမေက လက်ခံ၍ အကြီးအကျယ် ရန်ဖြစ်ပြီး ဦးဘမောင်က ညိမ်းမေကို ရိုက်ပါသည်။ ဆက်လက်၍ သတ်မည် တကဲကဲလုပ်နေ၍ အိမ်နီးချင်းများက ဝိုင်းဆွဲရပါသည်၊

ဦးဘမောင်သည် သူ့မိန်းမကို ကျေနပ်ပုံ မရပါ။ မနက်က ဦးဘမောင် အလုပ်သွားပြီး ညိမ်းမေတစ်ယောက် အပြင်ထွက်တာ မမြင်ပါ။ ဒါကြောင့် (၃) နာရီလောက်က မသင်္ကာ၍ ကျွန်မ အိမ်ပေါ်သို့ တက်ကြည့်သောအခါ အိပ်ရာပေါ်တွင် သေဆုံးနေသောညိမ်းမေကို တွေ့ရပါသည် စသည်ဖြင့် အစစ်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ဦးဘမောင်သည် အခြားအလုပ်သမား သုံးလေးယောက်နှင့် ပြန်လာလေ၏။

ရဲဌာနအုပ်သည် ဦးဘမောင်အား လှမ်း၍တစ်ချက်ကြည့်လိုက်လျှင် ဦးဘမောင်သည် မျက်နှာပျက်သွားသည်ကို ရဲဌာနအုပ်က အကဲခတ်လိုက်မိသည်။

" ဘယ်နှယ်လည်း – ဦးဘမောင် – ပြန်လာပြီလား"

ရဲဌာနအုပ်သည် ဦးဘမောင်အား လှမ်း၍မေးလိုက်သည်။

"ဟုတ် – ဟုတ်ကဲ့ – ပြန်လာပါပြီ"

"အခေါ်လွှတ်တာ အတော်ကြာပြီ။ အခုမှ လာသကိုးဗျ"

"ဟုတ်ကဲ့ – ဆန်အိတ်တွေကို လက်စဖြတ်နေလို့ပါ"

"ကိုင်း – ခင်ဗျားမိန်းမကို ကြည့်ပါဦး"

"ဟုတ်ကဲ့ – ကျွန်တော် ကြည့်ပြီးပါပြီ"

ဦးဘမောင်၏မျက်နှာမှာ ဇနီးတစ်ယောက်လုံး သေဆုံးခြင်းအတွက် ဝမ်းနည်းခြင်း၊ အံ့ဩခြင်း လုံးဝရှိပုံမရပေ။

" ခင်ဗျား – မနက်က အလုပ်သွားတာ နောက်ကျတယ်ဆို"

"ဟုတ်ပါတယ် – ညက အိပ်ရာဝင် နောက်ကျသွားလို့ပါ"

"ခင်ဗျား – နေ့လယ်က အိမ်ကို ခဏပြန်လာသေးတယ်နော်"

"မလာပါဘူး ခင်ဗျား"

"နို့ – ခင်ဗျားမိန်းမ – ခါတိုင်းလို ထမင်းမှ လာမပို့ဘဲ။ ထမင်းပြန် မစားဘူးလား"

"အိမ်ပြန် မစားပါဘူး – ခင်ဗျား။ မနက်ကတည်းက သူနေမကောင်းဘူးဆိုလို့ စက်ထဲမှာပဲ မုန့်ဟင်းခါး ဝယ်စားရပါတယ်"

" ခင်ဗျား – အိမ်ကို တကယ်မပြန်ဘူးနော် "



"မပြန်ပါဘူး၊ ခင်ဗျား မယုံရင် ကျွန်တော်တို့စက်က မန်နေဂျာကို သွားမေးပါ။ တစ်နေ့လုံး သူ့အနားမှာ ဆန်အိတ်တွေ ချုပ်နေရပါတယ်"

ရဲဌာနာအုပ်သည် အမျိုးမျိုးအစစ်၍မေးကြည့်သည်။ ဦးဘမောင်ပြောပုံမှာ မှန်သား၍ အစဉ်းစားရခက်သည်။

ဖြစ်နိုင်သည်မှာ ဦးဘမောင်သည် နေ့လယ်ထမင်းစားပြန်လာစဉ် အိမ်၌ သူ့မိန်းမနှင့်မောင်ညို ဖောက်ပြားနေသည်ကိုတွေ့၍ ဒေါသမထိန်းနိုင်ပဲ လက်လွန်ခြေလွန်ဖြစ်သွားရန် တစ်လမ်းသာ ရှိပေသည်။

ရဲဌာနာအုပ်သည် ဦးဘမောင်ထံမှ စစ်ချက်ကို ယူပြီး ညိမ်းမေ၏ အလောင်းကို ဆေးရုံသို့ပို့ရန် ရဲသားမောင်လှအား ဆေးတာနှင့်တကွ လွှတ်လိုက်၏။

မောင်လှသည် အလောင်းကို ကားပေါ်သို့မတင်မီ သူ့ဆရာ ရဲဌာနအုပ် အနီးသို့ကပ်၍ " ဆရာ – ဦးဘမောင်ကို မဖမ်းသေးဘူးလား" ဟု မေးလေ၏။

"အေးပါကွ – သည်းခံပြီး စစ်ဆေးပါဦးမယ်။ မင်း ဆေးရုံပို့ပြီး စက်မန်နေဂျာကို ဦးဘမောင် ဘယ်အချိန် ဘယ်အထိ စက်ထဲမှာရှိကြောင်း ဝင်ပြီးမေးခဲ့ကွာ။ မကြာခင် တရားခံအစစ် ပေါ်ပါလိမ့်မယ်ကွာ"

မောင်လှသည် "ဟုတ်ကဲ့ – ဆရာ" ဟုပြောပြီး အလောင်းပို့ရန် ထွက်သွားလေ၏။

ရဲဌာနာအုပ်သည် သက်သေခံ သင်တုန်းဓားနှင့် သွေးစွန်းသော အဝတ်များကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး မျက်နှာချင်းဆိုင်အိမ်မှ ကိုသာအေး တို့လင်မယားအား ဝင်ရောက်စစ်ဆေးပြီး ချက်ချင်းပင် ဦးဘိုးခ ဒေါ်အေးမယ် တို့အိမ်သို့ ဝင်ရောက်၍ မောင်ညိုအား ဖမ်းဆီးခဲ့လေ၏။

ရဲသားမောင်လှသည် အလောင်းကိုဆေးရုံပို့ပြီး ဆန်စက်သို့ဝင်ရောက် မေးမြန်းပြီး ရဲဌာနသို့ အမောတကြီး ရောက်လာ၍ –



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ - ဆန်စက်မန်နေဂျာက - ဦးဘမောင် - မနက် (၇) နာရီခွဲခန့် ညနေ (၃) နာရီ (၄၅) မိနစ်ထိစက်ထဲက ဘယ်မှမသွားဘူးလို့ပြောလိုက်တယ်။ မနက်ကတည်းက သတ်သွားတာနေမှာပါ - ဆရာ။ ဦးဘမောင်ကိုသာ ဖမ်းပါ။ သူသတ်တာနေမှာပဲ .."

ရဲဌာနအုပ်သည် သူ့တပည့်အားကြည့်၍ ပြုံးလိုက်သည်။ ပြီးမှ .. "အဲဒီမှာလေကွာ - လူသတ်မှုတရားခံ" ဟု အချုပ်ခန်းထဲမှ မောင်ညိုအား ညွှန်ပြလိုက်လေ၏။

— ☠ —

"ဟာ - ဘယ်လိုလဲ - ဆရာ။ ကျွန်တော်ဖြင့် မျက်စိလည်နေပြီ - ဆရာ။ ပြောပါဦး" ဟု မေးမြန်းနေပြန်သဖြင့် ရဲဌာနအုပ်က ရှင်းပြရလေ၏။

"ညိမ်းမေရဲ့ယောက်ျား ဦးဘမောင်ကြီးကို မင်းက မသင်္ကာပေမဲ့ ငါကတော့ မသင်္ကာမဖြစ်ဘူးကွ။ မင်းကို စက်ထဲက မန်နေဂျာကို လိုလိုမည်မည်သာအမေးခိုင်းတာပဲကွ။ သူနဲ့ အတူပြန်လာတဲ့အလုပ်သမားနှစ်ယောက်ကို မေးပြီးပြီကွ။ သူတို့ပြောစကားအရ ဦးဘမောင်ဟာ တစ်နေ့လုံး စက်ထဲမှာ သူတို့နဲ့ အတူရှိနေတယ်ဆိုတဲ့အကြောင်း ပြောပြတယ်။ ဒါကြောင့် ငါ့ရဲ့ သံသယဟာ ညိမ်းမေနဲ့ရှုပ်နေတဲ့မောင်ညိုကို ပိုမသင်္ကာဖြစ်မိတယ်၊

ဒါတွင် မကသေးဘူး၊ ညနေပိုင်း - တို့ရောက်လာတော့ (၃) နာရီသာသာရှိပြီး သေသူမညိမ်းမေရဲ့အလောင်းကို ကိုင်ကြည့်တော့ အထက်ပိုင်းနေရာတချို့တောင့်တင်းပြီးတော့ အောက်ပိုင်းပေါင်နဲ့ ခြေထောက်တို့ဟာ အေးသာ အေးတယ် - မတောင့်တင်းသေးဘူးကွ။

ရှောင်တခင် သေဆုံးသူများရဲ့ခန္ဓာကိုယ်ဟာ (၈) နာရီအချိန်ကြာရင် တစ်ကိုယ်လုံး တောင့်တင်းတယ်ကွ။ ဦးဘမောင်ဟာ နေ့လယ်ပိုင်း အိမ်ကို ပြန်မလာဘူးဆိုတော့ သူသတ်ရင် မနက်မသွားခင်က သတ်သွားရမယ်၊



မနက် (၇) နာရီက သတ်သွားခဲ့တာဆိုရင် ညနေသုံးနာရီမှာ သေဆုံးချိန် (၈) နာရီကျော်နေတော့ တစ်ကိုယ်လုံး တောင့်နေရမယ်ကွ၊

နောက်ပြီးတော့ - သေဆုံးသူရဲ့ခန္ဓာကိုယ် အနိမ့်အပြားမှာ ( Post Mortar Staining) ခေါ်တဲ့ သွေးစုသွေးကွက်တွေဟာ သေပြီး (၆) နာရီကျော်ရင် ပေါ်လာရတယ်၊ ဒဏ်ရာက ယိုစီးပြီးကျလာတဲ့ လူ့သွေးဟာလည်း (၆) နာရီကကျော်ရင် ခြောက်သွေ့သွားတယ်၊

ဒါကြောင့်မို့ - ညိမ်းမေကိုဦးဘမောင်သတ်တာမဟုတ်နိုင်ဘူး၊ နေ့လယ် (၁၁) နာရီနဲ့ (၁၂) နာရီကြားမှာ တစုံတစ်ယောက်က သတ်သွားတာ ဖြစ်ရမယ်လို့ ငါထင်တယ်။

အဲဒါကြောင့် - ငါလည်း ဆက်ပြီး သူတို့နဲ့ မျက်စောင်းထိုးအိမ်မှာနေတဲ့ ကိုသာအေးတို့လင်မယားကို ခေါ်ပြီးစစ်ဆေးတော့ ကိုသာအေးရဲ့ မိန်းမ မမြမေက အိမ်မှာ တစ်နေ့လုံးရှိနေတော့ ညိမ်းမေတို့အိမ်မှာ ဘာဖြစ်တယ်ဆိုတာ အသံမကြားရပေမဲ့ မြင်ရတယ်၊

မမြမေပြောပြချက်ကကနေ့နေ့လယ် (၁၂) နာရီလောက်မှာညိမ်းမေတို့ အိမ်ပေါ်ကို မောင်ညိုတစ်ယောက် တက်သွားတာကို မြင်ရတယ်၊

ညိမ်းမေကိုတော့ မမြင်ရဘူး၊ မောင်ညိုဟာ အဲဒီအိမ်ရာပေါ်မှာ နာရီဝက်လောက်ကြာပြီး အိမ်ပေါ်ကနေ တောင်ကြည့်မြောက်ကြည့် ကသုတ်ကရက် ဆင်းပြေးလာတာ မြင်လိုက်တယ်။

သူတို့က "အင်း - ဦးဘမောင်အိမ်တော့ မောင်ညိုလာပြန်ပြီ။ ညိမ်းမေတော့ ညကျရင် အရိုက်ခံရဦးတော့မှာပဲ" လို့ တွေးမိတယ်ဆိုပဲ။

အဲဒီမမြမေဆီက မောင်ညိုသတင်းလည်းကြားရော ငါလည်း ချက်ချင်း မောင်ညိုကို ပြေးပြီးဖမ်းလိုက်တာပဲကွ။

ငါထင်မြင်ယူဆတဲ့အတိုင်းလည်း မလွဲပါဘူးကွာ၊ မောင်ညိုဟာ ဌာနရောက်ပြီး ခဏပဲ မာဆတ်ဆတ်လုပ်နေတယ်၊ နောက်ပိုင်းကျတော့ ဖြောင့်ချက် ပေးတော့တာပါပဲ"

www.burmeseclassic.com

"ဟာ - ဒီကောင်က - ဘယ်လိုသတ်လိုက်တာလဲ - ဆရာ"

"ကိုင်း - မင်း - ဒါလောက်သိချင်ရင် ဟောဒီဖြောင့်ချက်ကို ဖတ်ကြည့်ပေတော့"

— ☠ —

ကျွန်တော်နဲ့မညိမ်းမေဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကစပြီး သိကျွမ်းခင်မင်ခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ (၆)လလောက်ကစပြီး ခင်မင်ရာက မေတ္တာရှိကြပြီး ရင်းရင်းနှီးနှီး ဖြစ်ခဲ့ကြပါတယ်။ ကျွန်တော်လည်း မညိမ်းမေကို မလွတ်လပ်သူဖြစ်ပေမယ့်အင်မတန်ပဲစွဲလမ်းချစ်ခင်ခဲ့မိလို့ကျွန်တော် ဆိုက်ကားနင်းလို့ရသမျှကို မညိမ်းမေအတွက်လို့ပဲ ရည်ရွယ်ပြီး သူ့အတွက် ငွေလိုငွေ၊ ရွှေလိုရွှေဝယ်ပေးခဲ့ပါတယ်။

မညိမ်းမေဟာလည်း ကျွန်တော့်ကို အစစလိုက်လျောပြီး ဦးဘမောင်ကွယ်ရာမှာ ယုယကြင်နာမှုတွေဟာ ကျွန်တော့်အတွက် အမှားအမှန်ကို မမြင်နိုင်လောက်အောင် ရမ္မက်အမှောင် ဖုံးခဲ့ပါတယ်။

တစ်နေ့တော့ မညိမ်းမေနဲ့ ကျွန်တော်တို့အကြောင်း အရပ်အိမ်နီးချင်းများကတစ်ဆင့်ဦးဘမောင်နားကိုပေါက်ကြားသွားပြီးမညိမ်းမေကိုအမျိုးမျိုးဆုံးမ နှိပ်ကွပ်တော့တာပါပဲ။

ဒါကြောင့် မညိမ်းမေဟာ သူ့အမှားကို သူနောင်တရပြီး တဖြည်းဖြည်းနောက်ဆုတ်သွားပါတယ်။

သူကနောက်ဆုတ်ပြီးမသိမသာအဆက်ဖြတ်လေကျွန်တော့်ရင်ထဲကစွဲလမ်းမှုရမ္မက်မီးဟာ ပိုတောက်လေဖြစ်ပြီး အချစ်နဲ့ဖြတ်မရတော့တဲ့ ကျွန်တော့်ကို မညိမ်းမေဟာ အမုန်းနဲ့ဖြတ်ပါတော့တယ်ခင်ဗျား။



ကျွန်တော်ဟာ တစ်ခါမှ အချစ်နယ်ကို မဝင်ဖူးသေးတဲ့ လူပျိုရိုင်းတစ်ယောက်အနေနဲ့ မညိမ်းမေရဲ့မျက်နှာကို တစ်နေ့မမြင်ရမနေနိုင်ဖြစ်ပြီး ကနေ့တော့ မညိမ်းမေတစ်ယောက် အိမ်မှာရှိနေမယ့်အချိန် ကျွန်တော့်ရင်မှာ ခံစားနေရတဲ့ဒုက္ခကို ပြောပြပြီး ကျွန်တော်နဲ့လိုက်ခဲ့ဖို့ ခေါ်မယ်ဆိုပြီး မညိမ်းမေအိမ်ပေါ်ကို တက်အသွားမှာ -

မညိမ်းမေဟာ အခန်းထဲက သူ့အိပ်ရာခုတင်ပေါ်မှာအိပ်လျက်သား တွေ့ရပါတယ်။

ကျွန်တော် အိမ်ပေါ်ရောက်လို့ ကျွန်တော့်မျက်နှာ မြင်သွားတယ်ဆိုရင် ညိမ်းမေဟာ တစ်ဖက်ကို စောင်းပြီး -

"သွား - သွား - မလာနဲ့" လို့အော်လွှတ်ပါတယ်၊ ကျွန်တော်လည်း ရင်ထဲမှာ တစ်မျိုးပဲခံစားရပြီး ကျွန်တော် အလွန်စွဲလမ်းချစ်ခင်နေတဲ့ မညိမ်းဟာ ဘယ်လိုများ စိတ်ပြောင်းသွားပါလိမ့်မလဲလို့ အောက်မေ့မိတယ်။

"မညိမ်းရယ် - ကျွန်တော့်ကို မုန်းသွားပြီးလားဗျာ၊ ကျွန်တော်ကဖြင့် မညိမ်းကို မမြင်ရမနေနိုင်လို့ အရဲစွန့်ပြီးလာခဲ့ရတာ၊ ကျွန်တော့်ကို ဒီဘက်လှည့်ပြီး စကားလေးတော့ ပြန်ပြောပါဦး" လို့ အသနားခံတဲ့အခါ -

"သွားဆို သွားနော် - ညီ။ နင်နဲ့ငါနဲ့ ဘာမှမဆိုင်ဘူး။ ငါ့မှာ လင်ကြီးနဲ့" လို့ ပြန်ပြောလိုက်တဲ့အချိန်မှာ ကျွန်တော့်အသားတွေ ဆတ်ဆတ်တုန်လာပါတယ်။

"အောင်မယ် - ခင်ဗျားကျေနပ်တုန်းကတော့ ဒီစကားမပြောဘူး၊ အခုမှ ကျွပ်ဆီက အဆီအသားယူပြီး အားရမှ ဒီလိုပြောသလား" ဆိုပြီး ကျွန်တော်က ရှေ့တိုးသွားတဲ့အခါ မမညိမ်းဟာ ကျွန်တော့်ဘက်လှည့်ပြီး -

"ငါက နင့်အဆီအသားယူတာ မဟုတ်ဘူး၊ နင်သာ သူများမယားကြာခိုတဲ့ကောင် - မယားခိုး - သွား - သွား" လို့ကျွန်တော့်ကိုနှင်ချနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ကျွန်တော့်မျက်စိတွေဟာ ပြာပြီး ဘာကိုမှလည်း မမြင်ရတော့ပါဘူး။

ရှေ့ကိုသာ ဖွတ်တိုးပြီး သူ့အနားကို ကပ်သွားမိပါတယ်။

"နင် – သွားနော်။ ငါ – အော်လိုက်မယ်။ ဟင် – နင်က ငါ့ကို မုဒိမ်းကျင့်မယ်လို့အော်လိုက်မယ် – ဆုတ်နော်" နဲ့ သူပြောနေတဲ့အချိန် ကျွန်တော်ဟာ သူ့ရှေ့တင်ဘောမှာ မတ်တတ်ရပ်၊ သူ့ခေါင်းကိုဖိပြီး ပါးစပ်ကို လက်နဲ့ပိတ်ထားပါတယ်။

သူကလည်း ရုန်းကန်ပြီး အော်ဖို့ ကြိုးစား ကျွန်တော်ကလည်း ပါးစပ်ပိတ်ထားတဲ့လက်ကို မလွှတ်ဝံ့ဘူး။ လွှတ်လိုက်ရင်လည်း သူတကယ် အော်မှာပဲ။ သူအော်လို့ လူတွေ ဝိုင်းလာရင် အရပ်ကလည်း ကျွန်တော့်ကို သူ့အတွက်နဲ့ မုန်းနေကြတော့ ဝိုင်းဖမ်းကြရင် ကျွန်တော် ထောင်ကျမှာ သေချာတယ် ခင်ဗျ။

အဲဒီလို စက္ကန့်ပိုင်းအတွင်း ကျွန်တော်လည်း ဘယ်လိုလုပ်ရမလဲလို့ တွေးနေဆဲ ကျွန်တော် လက်လှမ်းမီတဲ့တန်းပေါ်မှာ ဦးဘမောင်ကြီး ခေါင်းတုံးရိပ်တဲ့သင်တုန်းဓားကို လှမ်းမြင်လိုက်တာနဲ့ မထူးဘူးဆိုပြီး ညာလက်နဲ့ ပါးစပ်ကိုပိတ်၊ ဘယ်လက်နဲ့ သင်တုန်းဓားကို ဆွဲယူပြီး လည်ပင်းကို တစ်ချက်ထဲ လှီးလိုက်တာပဲ ခင်ဗျာ။

မညိမ်းမေလည်း ရုန်းရင်း ကန်ရင်းနဲ့ ငြိမ်ကျသွားတာပဲ။ ကျွန်တော့်ရင်ဘတ် ရုပ်အင်္ကျီမှာလည်း သူ့လည်ပင်းက ပန်းထွက်လာတဲ့သွေးတွေဟာ အစင်းလိုက်ကြီး ထင်သွားတယ်။

ကျွန်တော်လည်း ချက်ချင်း ဉာဏ်ရပြီး သူစိတ်ညစ်ပြီး သတ်သေတဲ့ဟန်ဖြစ်အောင် သူ့ညာလက်ထဲကို သင်တုန်းဓားထည့်ပြီး အိမ်ပေါ်က ဆင်းပြေးခဲ့ပါတယ်။ အိမ်ပေါ်ကအဆင်းမှာ ဘယ်သူများမြင်မလဲလို့ ဟိုဟိုဒီဒီလှမ်းကြည့်ပြီး အိမ်ဘက်ကို သုတ်ခြေတင်ပြီး အိပ်ရာပေါ်မှာ စောင်ခြုံအိပ်နေခဲ့ပါတယ်။

အခု – ညနေစောင်းမှာ ရဲအဖွဲ့က ကျွန်တော့်ကို လာဖမ်းတာပါပဲ ခင်ဗျာ။

— ☠ —

ရဲသားမောင်လှသည် ဖြောင့်ချက်ကို ဆုံးအောင်ဖတ်ပြီး ဟင်းခနဲ သက်ပြင်းတစ်ချက်မှုတ်၍ "တော်တော်မိုက်ရူးရဲလုပ်တဲ့ကောင်ပဲ" ဟု ပါးစပ်မှ ပြောရင်း လက်ထဲမှစာအုပ်ကို ပိတ်လိုက်လေ၏။

"အေး – နောက်ဆုံးတော့ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ဘူး မဟုတ်လား – တပည့်ရဲ့။ ချစ်လို့ပဲသတ်သတ်၊ မုန်းလို့ပဲသတ်သတ်၊ မိမိကျူးလွန်ခဲ့တဲ့ ရာဇဝတ်ပြစ်မှုရဲ့ အကျယ်အဝန်းအတိုင်း အပြစ်ဒဏ်ဆိုတာ ခံရမှာပေါ့ကွာ။ တရားရုံးနဲ့ဥပဒေဆိုတာ လှည့်စားလို့ရတာမျိုး မဟုတ်သလို ရဲလုပ်ငန်းနဲ့ အမှုစစ်ဆေးနည်းတွေဟာလည်း လိမ်လို့မရပါဘူးကွာ"

ရဲဌာနအုပ်သည် စီးကရက်ကို မီးညှိဖွာ၍ရှိုက်ရင်း ပြောလိုက်လေ၏။

"ငညိုဟာ – ဘယ်လိုပဲ ဉာဏ်ကစားပြီး သူ့ကိုယ်သူ အလွတ်ရုန်းပေမယ့် သူ့ကို ဝင်ဖမ်းတဲ့အချိန်က တိုင်မှာချိတ်ထားတဲ့အင်္ကျီမှာသွေးနီစက်တွေ အစ်တန်းကြီး စွန်းနေတာကို သတိမရဘူး ထင်ပါရဲ့။ အဲဒီအင်္ကျီဟာ သူ့ကို ကြိုးစင်တင်ပို့နိုင်တဲ့ အဓိကသက်သေခံအဖြစ် တစ်ခါတည်း သိမ်းယူခဲ့ရတာပေါ့ – တပည့်ရယ်"

ရဲဌာနအုပ်စကားဆုံးသွားသည်နှင့် မောင်လှသည် အလေးပြု၍ အပါးမှ ထွက်သွားလေ၏။

— ☠ —



www.burmeseclassic.com

www.burmeseclassic.com

ညီုအားရဲ့ဌာနမှုရာဇသတ်ကြီးပုဒ်မ (၃၀၂)အရလူသတ်မှုဖြင့်တရား စွဲဆိုတင်ပို့၍ သက်သေခံပစ္စည်းများ၊ သင်တုန်းဓားမှ လက်ပုံစံများ၊ သတ် သေထွက်ချက်များဖြင့် ရုံးတော်မှ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြ သေစားသေစေရန် အမိန့်ချမှတ်လိုက်သည်။

ညီုသည် သေမိန့်ကျကြိုးသမားဘဝနှင့် အင်းစိန်ဗဟိုစံပြထောင်ကြီ အတွင်းရှိ ကြိုးတိုက်အတွင်းမှ သေရမည့်ရက်ကို စောင့်မျှော်ရင်း အယူ တင်ခဲ့ပေသည်။

ကံအားလျော်စွာ ဟိုက်ကုတ်အယူခံတွင် ညီုအား သေစားသေစေ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်သက်(အနှစ် ၂၀)သို့ ပြောင်းလဲသတ်မှ လိုက်လေသည်။

မင်းသုမြို

**စာမူများ**
**ပေးပို့လိုပါက**



www.burmeseclassic.com

ဝဋ်ကြွေးကံကြွေးမှာဟူသည်
တစ်ပတ်ပြန်လည် လည်ပတ်တတ်ပုံကို
သံဝေဂရဖွယ် ဖတ်ရှုရမည် ...

**ကျွန်တော်**ကျွန်တော်က ရေပြည့်နေသော ချောင်းကလေးကို စိတ်ဝင်တစား ငေးကြည့်နေမိသည်၊ ချောင်းကလေးထဲတွင် ပေါက်နေသည့် ရေမျက်နှာပြင်ပေါ်တွင် တစ်ထွာခန့်မျှပေါ်နေသော ကနဖော့ပင်သည် ဆန့်ကျင်ဖက်အရပ်သို့ တအိအိလဲပြိုကျနေ၏။

"မောင်ကျော်ရ - အဲဒါ ငါးရှဥ့်ကွ၊ ငါးရှဥ့်ဟာ အပင်ရဲ့ ရေညှိကို စားတဲ့အခါ အဲဒီအပင်ကိုမှီတွယ်ပြီး စားလေ့ရှိတယ်၊ ဒါကြောင့် - အပင်ဟာ တအိအိနဲ့ တစ်ဖက်ကို လဲကျလာတာပဲကွ၊ မှန်းကြည့်စမ်း - အပင်ဟာ အရှေ့ဘက်ကို ကိုင်းကျလာတဲ့အတွက် အပင်ရဲ့အနောက်ဘက်မှာ ဒီကောင်မှီတွယ်နေတာ အသေချာပဲ၊ ဒီကောင့်ကို ဓားနဲ့ ခုတ်ရင် အပေါ်တနေ မိုးခုတ်လို့မရဘူး၊ ဓားကို ဝိုက်ပြီး ခုတ်မှရမယ် - ကြည့်နေ"



စွပ်ခနဲ မြည်သံနှင့်အတူ ကနဖော့ပင်၏ ရေအောက်ပိုင်းအား ဦးတင်အောင်က ဓားဖြင့်ပိုင်းခုတ်လိုက်ပြီး လက်နှင့်လိုက်စမ်းသည်၊ ခဏအကြာတွင် တွန့်လိမ်နေသော ခေါင်းပြတ်လုဆဲဆဲ ငါးရှဥ့်တစ်ကောင် သူ့လက်တွင် ပါလာသည်၊

သူက ကျွန်တော့်ကိုကြည့်သည်၊ ထို့အတူ ကျွန်တော်ကလည်း သူ့ကို လှမ်း၍ကြည့်လိုက်သည်၊ သူ့အကြည့်က ငါပြောတာမဟုတ်ဘူးလားအသွင်ကိုဆောင်နေပြီး ကျွန်တော်ကြည့်သောအကြည့်က တော်လှချည်းလားဗျာဟူသော အဓိပ္ပာယ်များကို ဖော်ဆောင်နေပါသည်၊

ကျွန်တော်တို့နှစ်ယောက် ချောင်းရိုးအတိုင်း လျှောက်လာရာ ခဏအကြာတွင် ဦးတင်အောင်က လက်ပြသဖြင့် လျှောက်လက်စခြေလှမ်းကို ရပ်တန့်လိုက်မိသည်၊ သူက ချောင်းကလေးအတွင်း လက်ညှိုးထိုးပြသည်၊ မြက်ပင်တစ်ပင် အရှေ့အနောက် ခပ်လေးလေး၊ ခပ်မှန်မှန် ယိမ်းထိုးလှုပ်ရှားနေပေသည်၊ တီးတိုးလေသံဖြင့် ဦးတင်အောင်က ရှင်းပြသည်၊

"အဲဒီမြက်ပင်ကရေညှိကို ကိုက်နေတာ ငါးရံ့ကွ၊ ငါးရံ့ဟာ အပင်မှာကပ်နေတဲ့ရေညှိကို ကိုက်တဲ့အခါ ဘယ်တော့မှ စိတ်ချလက်ချ ကိုက်လေ့မရှိဘူး၊ ရှေ့တိုးနောက်ဆုတ်ပဲ ချိန်ဆပြီးကိုက်လေ့ရှိတယ်၊ သူကျတော့ ခုန ငါးရှဥ့်ကိုခုတ်သလိုဝိုက်ခုတ်လို့မရဘူး၊ ဓားနဲ့မိုးခုတ်ပြီး ဓားကိုဖိထားရတယ်၊ မင်း - အသာကြည့်နေ"

ဦးတင်အောင်က ပြောပြောဆိုဆို ဓားဖြင့်မိုးခုတ်ပြီး ဓားကို ချောင်းအောက်ခံ မြေသားထိ ဖိချထားပြီး လက်တစ်ဖက်ဖြင့် ရေထဲသို့နှိုက်၍ စမ်းနေသည်၊ သူ့လက်ထဲတွင် ဖက်ပြတ်လုလု ငါးရံ့ကြီးတစ်ကောင် ပါလာသည်၊

ကျွန်တော် ငါးရှာခြင်းဗဟုသုတများကို ရရှိလိုက်၍ အလွန်ပျော်ရွှင်မိပါသည်၊ ဦးတင်အောင်ကလည်း ကျွန်တော်၏သိချင်၊ တတ်ချင်၊ စူးစမ်းချင်သော စိတ်နှင့် မျက်စိကောင်းခြင်း၊ အရာရာကို စူးစူးစမ်းစမ်းကြည့်တတ်ခြင်းတို့ကြောင့် မိုးဦးကျ ငါးခုတ်၊ ဖားရိုက်ထွက်သည့်အခါတိုင်း ကျွန်တော့်ကိုသာ ခေါ်လေ့ရှိပါသည်၊

www.burmeseclassic.com



"အဲဒီမြက်ပင်တရော်ကို ကိုက်နေတာ ငါးရံ့ကွ။ ငါးရံ့ဟာ အဝင်မှာ ကပ်နေတဲ့ရေညှိကို ကိုက်တဲ့အခါ ဘယ်တော့မှ စိတ်ချလက်ချ ကိုက်လေ့ မရှိဘူး။ ရှေ့တိုးနောက်ဆုတ်နဲ့ ချိန်ဆပြီး ကိုက်လေ့ရှိတယ်။ သူကျတော့ ခုန ငါးရှဥ့်ကို ခုတ်သလို ဝိုက်ခုတ်လို့မရဘူး။ မားနဲ့မှိုးခုတ်ပြီး ဓားကို ဖိထားရတယ်။ မင်း – အသာကြည့်နေ။

သူ့ခေါ်တိုင်းလည်း ကျွန်တော် ဝမ်းသာအားရ လိုက်သွားလေ့ရှိပါသည်။ ထိုအခါက ကျွန်တော်တို့ ဖားရိုက်၊ ငါးခုတ် လုပ်နိုင်သောနေရာ နှစ်နေရာရှိပါသည်။ တစ်ခုမှာ ကျွန်တော်တို့ လှိုင်မြို့နယ် (၁၄) ရပ်ကွက်၊ အနောက်ဘက်နှင့် အုတ်ကျင်းဂုန်နီစက်ရုံကြားရှိ လယ်ကွင်းများဖြစ်သည်။ ယခုတော့ ထိုနေရာတွင်လယ်ကွင်းမရှိတော့ပါ။ နောက်တစ်ခုမှာလှိုင်မြို့နယ် (၁၃) ရပ်ကွက်၌ရှိပြီး ဘီစကွတ်စက်ရုံနှင့် ရထားလမ်းအကြားတွင် ရှိချေသည်။

ဦးတင်အောင်နှင့်ကျွန်တော် နှစ်ယောက်တွဲ၍ငါးခုတ်၊ ဖားရှာထွက်လျှင် ငါး(သို့)ဖားကို အလွန်ရတတ်သောကြောင့် ရင်းနှီးသူများက အကုသိုလ်ဆရာတပည့်ဟူ၍ပင် ကင်ပွန်းတပ်ကြလေသည်။

အမှန်မှာ ဦးတင်အောင်က ငါး(သို့)ဖားတို့၏သဘာဝကို သိသည်။ ကျွန်တော်က လယ်ကွင်းတွေထဲသွားလျှင် မြွေအန္တရာယ်ကိုကြောက်သည်။ ထို့ကြောင့် လယ်ကွင်းထဲရောက်သော် မျက်စိလျှင်လျှင်ထား၍ လယ်ကွက်



များကို ဂရုတစိုက်ကြည့်ခြင်းကြောင့် မြွေအန္တရာယ်ကင်းရုံမျှမက ဖား ငါး များလည်း အရများခြင်း ဖြစ်လေသည်။

— ❀ —

ယနေ့လည်းမိုးက တဖွဲဖွဲရွာနေသည်။ ညနေစာ စားပြီးကတည်းက ကျွန်တော်သည် ဦးတင်အောင်၏သားမက် ကိုညာက်လှိုင်၏အိမ်သို့ရောက်နေပေသည်။ ခဏအကြာတွင် ဦးတင်အောင် ရောက်လာ၏။

"ဟော့ကောင် – မောင်ကျော် – ဖားရိုက်သွားကြစို့"

"ဦးတင်အောင် – မီးခွက်တွေ၊ အုပ်ဆောင်းတွေ အသင့်လုပ်ထားလို့လား"

"အေး – လုပ်ထားတယ်။ ပလိုင်းယူပြီး သွားရုံပဲကွ"

"ဒါဆိုလည်း သွားကြတာပေါ့ဗျာ"

"နေဦးလေကွာ – ခမောက်တစ်ယောက်တစ်လုံးတော့ဆောင်းသွားဦးမှပေါ့။ ငါ့အိမ်မှာ ခမောက်မရှိလို့ ဒီအိမ်မှာ ခမောက်လာဆွဲတာကွ"

ပြောပြောဆိုဆို ဦးတင်အောင်က အိမ်ရှေ့ကပြင်တွင် ချိတ်ထားသော ခမောက်တစ်လုံးကို ဖြုတ်၍ဆောင်းသည်။ ထို့နောက် ကျွန်တော့်ကို ပြောသည်။

"မောင်ကျော် – မင်းလည်း ခမောက်တစ်လုံးဆောင်ပြီး ဒီအိမ်ကပဲစောင့်နေ။ မီးအုပ်ဆောင်းရယ်၊ ပလိုင်းရယ်၊ တုတ်ရယ် – ငါ – သွားယူလိုက်ဦးမယ်ကွာ"

ကျွန်တော်လည်း အိမ်ကိုပြန်၍ လူကြီးများမသိအောင် ခမောက်ယူပြီး ကိုညာက်လှိုင်အိမ်မှ စောင့်နေလိုက်သည်။ ခဏအကြာတွင် ဦးတင်အောင် ရောက်လာပြီး ဖားရိုက်ထွက်ကြသည်။ ပထမဦးဆုံး မီးရထားလမ်း၏ အရှေ့ဘက်လယ်ကွင်းများဆီသို့ ထွက်လာခဲ့သည်။ ထိုလယ်ကွက်မှာ သိမ်မကျယ်သောကြောင့် ဖားရိုက်ရသည်မှာ အဆင်မပြေလှ။ ကျော်စံကွေးဘေးဘားငယ်

www.burmeseclassic.com

လေး လေးငါးကောင်သာရသောကြောင့် ရပ်ကွက်အနောက်ဘက်ရှိ ဂုန်နီစက်ရုံရှေ့ဘက် လယ်ကွက်များဆီသို့ ပြန်လှည့်လာခဲ့ကြသည်။

လယ်ကွက်အစပ်နားသို့ ရောက်သည်နှင့် မိုးက အနည်းငယ်သည်းလာသည်။ လယ်ကွက်လေးငါးကွက်ကိုဖြတ်ပြီးသောအခါ ဦးတင်အောင်က ခဏရပ်လိုက်သည်။

"မောင်ကျော် - ကြားလား"

"ဘာသံလဲ - ဦးတင်အောင်"

"နားထောင်ကြည့်လေ - မင်း သေသေချာချာ နားထောင်ကြည့်လေ"

"ဪ - ဖားအကောင်ကြီးတွေ အော်နေတာပဲ"

"အေး - ဟုတ်ပြီ၊ အဲဒီအသံ ဘယ်ဘက်ကလာသလဲ၊ မင်း သေသေချာချာ နားထောင်ပြီး ငါ့ကိုပြောစမ်းကွာ"

ကျွန်တော် သေသေချာချာ နားထောင်ကြည့်သည်။ ဖားအော်သံက ကျွန်တော်တို့ ရောက်နေသောနေရာ၏ ညာဘက်မှဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ညာဘက်ကပဲ - ဦးတင်အောင်"

"အေး - ဟုတ်ပြီ၊ ဒီဖားဟာ မိုးရေစုံရင်၊ ကန်သင်းရိုးပေါ်တက်ပြီး အော်နေတာကွ၊ သူ့ကို အရှင်ရအောင် ဖမ်းရမယ်"

"ဘယ်လိုဖမ်းမလဲ - ဦးတင်အောင်ရဲ့"

"သူအော်နေတဲ့နေရာရောက်အောင် ခြေသံလုံလုံနဲ့ မီးမပါဘဲ သွားရမယ်၊ အနားရောက်မှ မီးထွန်းလိုက်ရင် ဒီကောင် လယ်ကွက်ထဲကို ခုန်ချလိမ့်မယ်၊ သူခုန်ချတဲ့နေရာမှာပဲ ဝပ်နေမှာကွ၊ လွယ်လွယ်လေး ဖမ်းလို့ရပါတယ်"

ပြောပြောဆိုဆိုနှင့် ဖားရိုက်မီးအုပ်ဆောင်းအတွင်းမှ ရေနံဆီမီးခွက်ကို မှုတ်လိုက်သည်။ (ထိုကာလများက ယခုခေတ်ကဲ့သို့ လက်နှိပ်ဓာတ်မီး မပေါ်သေးခြင်း၊ ဓာတ်ခဲကိုလည်း သမဝါယမဆိုင်များမှ ခွဲတမ်းချမဲဖောက်ပေးခြင်းတို့ကြောင့် လူတိုင်း လက်နှိပ်ဓာတ်မီး မကိုင်နိုင်ကြပါ။ ) ထို့နောက် ကျွန်တော့်ကို မေးသည်။



"မောင်ကျော် - မင်း - ဒီလယ်ကန်သင်းရိုးပေါ်မှာ တစ်ယောက်တည်း နေရဲသလား"

"ဟုတ်ကဲ့ - နေရဲပါတယ် - ဦးတင်အောင်"

"ဒါဆို - မင်း - ဒီနေရာက ခဏစောင့်ကွာ၊ ငါ - ဖားကြီးလိုက်မယ်၊ အဆင်ပြေရင် - တို့နှစ်ယောက် ခဏကြာရင် ပြန်လို့ရပါပြီ"

သူက ပြောပြောဆိုဆို ခြေသံလုံလုံဖြင့် ထွက်သွားချေတော့၏။ ငါးမိနစ်ခန့်အကြာတွင် သူ ပြန်ရောက်လာ၏။

"ကဲ - မောင်ကျော်ရေ - ဟန်ကျပြီကွ၊ တို့ - ခု - ပြန်လို့ရပြီကွ"

"ခု - ငါဖမ်းလို့ရလိုက်တဲ့ဖားက ဖားမကွ၊ အဲဒီတော့ - သူ့ကို ဟောဒီ ပလိုင်းထဲမှာထည့်ပြီး မိုးရေထဲ ကန်သင်းရိုးတစ်ခုခုဘေးမှာ ပစ်ထားခဲ့ရုံပဲကွ၊ ဒါပေမဲ့ - မနက်စောစောတော့ ပလိုင်းလာယူရမယ်၊ အဲဒီနောက် ဟောဒီ ပလိုင်းထဲမှာ အနည်းဆုံး ဖားလေးငါးဆယ်လောက် ထပ်ပြီးဝင်နေတာကို သက်သက်သာသာ ရလိမ့်မယ်ကွယ်"

သူ့ပလိုင်းသည် အတော်သင့်ကြီးမားပြီး အခင်ကို အရှင်တပ်ထားသည့် ပလိုင်းဖြစ်သည်၊ အခင်ကို ယခုည ဖားရိုက်စထွက်ကတည်းက တပ်ထားခဲ့ခြင်းဖြစ်သည်၊ ထို့နောက် ပလိုင်းတွင်းသို့ ဖားမသွင်းမီ အခင်မြဲ မမြဲစစ်ဆေးပြီး ဖားကို ပလိုင်းတွင်းထည့်ပြီး နှစ်ယောက်သား လှည့်ပြန်လာခဲ့လေတော့သည်။

— ❀ —

နောက်တစ်နေ့မနက်ခင်း ဦးတင်အောင်အိမ်သို့ ကျွန်တော် ရောက်သွားသည့်အခါ ဖားအကောင်ကြီးများကို ရင်ခွဲ၊ ခြေလက်ဖြတ်၊ ပါးစပ်ဖြတ်၊ ထုတ်သင့်သည်များထုတ်ပြီး သားရေခေါ်မှုမဆုတ်ဘဲ ဖားတစ်ကောင်လျှင် နှစ်ပိုင်းပိုင်း၍ ဖေတာချက် ချက်ပြုတ်နေခိုက်နှင့် ဆုံလေသည်။

"ဦးတင်အောင် - မနက်အစောကြီး ထသွားလား"

www.burmeseclassic.com

"ငါ – မနက်လေးနာရီခွဲလောက်ထသွားတာကွ၊ တောက် – တို့ပလိုင်းထဲ ထည့်ထောင်ထားတဲ့အကောင်ပါ၊ ဆယ့်ငါးကောင်ရတယ်ကွ"

"ဟာ – အများကြီးပဲနော်"

"အေးပေါ့ကွာ – ဘယ်ကိစ္စဖြစ်ဖြစ် လုပ်တတ်ရင် လွယ်ပါတယ်ကွ"

"ဒါနဲ့ – အခု – ဦးလေး – ဖားသားချက်နေတာ ဖားသားရေလည်း မချွတ်ဘဲနဲ့ နောက်ပြီး ဖားတစ်ကောင်ကို နစ်ပိုင်းပဲပိုင်းပြီးချက်တာ မလွန်ဘူးလား၊ စားလို့ ကောင်းပါ့မလားဗျ"

"မစားဘူးသေးဘဲနဲ့တော့ အရမ်းအပြစ်တင်မစောလေနဲ့ – ကောင်လေးရ၊ ဟင်းအိုးကျက်တဲ့အခါ စားကြည့်ဦး၊ ပြီးမှ – မင်း – ငါ့ကိုကန်တော့ပြီး အမြဲတမ်း ဖားရှာချက်ခိုင်းနေဦးမှာ ငါမြင်နေမိသေးသကွာ"

ဦးတင်အောင်၏စကားမှာ အမှန်ဖြစ်လေသည်၊ ဖားသားဟင်းကျက်သည့်အခါ အရည်ခပ်စပ်စပ်နှင့် ဆီကျန်ရေကျန် မဆလာနံ့သင်းနေသော ဖားသားဟင်းက အစာအိမ်ကို တကျုတ်ကျုတ်မြည်သံပေး၍ နှုးဆွကာ အစာတောင်းခံစေလေသည်၊ အစောပိုင်းက ထိုးကွင်းအထင်းသားနှင့် ဖားသားဟင်းက စားဖို့ရန် လက်တွန့်နေစေသော်လည်း တစ်လုတ်စားပြီးသည့်အခါ စားဖူးသမျှဖားသားများထဲတွင်အရသာအထူးကဲဆုံးဖားသားဟင်းဖြစ်ကြောင်း သိရှိလိုက်ပြီး ကျွန်တော် ခေါင်းမဖော်တမ်း လွေးလိုက်မိသည်။

"ဦးတင်အောင်က ဟင်းချက်လည်း အလွန်ကောင်းပဲ"

"အေး – နင်တို့ဆရာတပည့်ပဲ တစ်ယောက်တစ်ယောက် မြှောက်ပင့်ပြီး အကုသိုလ်အလုပ်တွေကြပ်ကြပ်လုပ်ကြ၊ တစ်နေ့နေ့နာခေါင်းကျည်ပွေ့တွေ့မှ နောင်တရမဆုံး မဖြစ်ကြလေနဲ့"

ဦးတင်အောင်လုပ်သမျှ မကျေနပ်နေသော သူ၏ဇနီး ဒေါ်ညိမ်းက ဆေးလိပ်ဖွာရင်း အပြစ်ပြောသည်၊ ကျွန်တော်ကတော့ အရွယ်မရောက်သေးသော ကလေးတစ်ယောက်၏အမြင်မျိုးဖြင့် ရိုးရှင်းစွာမြင်မိသည်၊

ဦးတင်အောင် ငါးရှာ၊ ဖားရိုက်သောကြောင့် ဟင်းစားမပူပင်ရသောကြောင့် ဈေးဖိုးမကုန်တော့ပါ၊ ထို့ပြင် ဦးတင်အောင်သည် အရပ်ထဲမှာ ဝက်ပေါ်မည့်သူရှိလျှင်လည်း လိုက်၍ပေါ်ပေးတတ်သေးသည်၊ ဝက်တစ်ကောင်အား အသံမထွက်အောင်သတ်ပြီး အသားတွဲများဖြစ်သွားသည့်အထိ လုပ်ကိုင်ပေးတတ်သေးသည်။ ထိုအချက်ကလည်း စားသောက်ရန် ဝက်သားသာမက ဈေးဖိုးလည်းရတတ်ပေသေးသည်၊ ထို့ကြောင့် ပိုက်ဆံရသော၊ စားရသော အလုပ်များကို လုပ်ကိုင်ပေးနေသည့် ဦးတင်အောင်အား ဆူပူနေသည့်ဒေါ်ညိမ်းသည်အလွန်ဆိုးရွားလွန်းလှသည်ဟုလည်းထင်မိသေးသည်၊ ငယ်စဉ်က နနယ်သောနလုံးသား၏ မသိနားမလည်မှုပင် ဆိုရမည်။

ဦးတင်အောင်တွင် ထိုအရည်အချင်းများအပြင် ကောက်ညှင်း၊ ထန်းလျက်တို့ဖြင့် ရောဖောက်ထားသည့် စိမ်ရည်ဖြင့်ချက်လုပ်သည့် အလွန်မွှေးသည့် ချက်အရက်ချက်တတ်ခြင်း၊ ကြောင်များအား အသံမထွက်အောင် လက်စတုံး၍ အရသာရှိအောင် ချက်ပြုတ်တတ်ခြင်း စသည်တို့ ဖြစ်လေသည်၊

ဦးတင်အောင်ကလည်း အရက်ခိုးချက်သည့်အချိန်မှတစ်ပါး ဘာလုပ်လုပ် ကျွန်တော့်အား လက်တို့လေ့ရှိပေသည်၊ ယနေ့လည်း ကျွန်တော့်ကို တီးတိုးမှာကြားသည်၊

"မောင်ကျော် – ဒီနေ့ – ကိုသိန်းလွင်တို့အိမ်မှာ ဝက်ပေါ်မယ်ကွ၊ ည (၆) နာရီလောက် မင်း ရေနွေးအိုး သွားတည်ထားနှင့်နော်"

"ဟုတ်ကဲ့"

ကျွန်တော်၏စိတ်အတွေးထဲတွင် ဝက်ပေါ်ပြီးလျှင် ဝက်အူ၊ အသည်းများ၊ နံနရိုးများ၊ ဝက်သွေးများ စသည်တို့ကို ရောချက်ထားသည့် အလွန်ချိုပြီး အလွန်အရသာရှိလှသော ဦးတင်အောင်လက်ရာ ဝက်သားဟင်းကို ထင်မြင်လာမိပြီး သွားရေများပင် ကျလာမိပေသည်၊

— ✽ —

ထိုကဲ့သို့နေထိုင်ခဲ့ရင်းမထင်မှတ်သောကံကြမ္မာအပြောင်းအလဲကြောင့် ၁၉၇၇ – ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် ကျွန်တော်တို့မိသားစုသည်

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ အနောက်အုတ်ကျင်းမှကျွန်တော့်ဖခင်၏ဇာတိရွာဖြစ်သော မော်လမြိုင်တစ်ဖက်ကမ်း၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်သို့ ပြောင်းရွှေ့ခဲ့ရပေတော့သည်။

ချောင်းဆုံသို့ရောက်သည့်အခါ အဖေ၏ဦးလေးတော်သည့်အဘိုးလေးဘုန်းကြီးက ဘာသာတရားနှင့် အလှမ်းဝေးလွန်းသည်ဟုဆိုကာ ကျွန်တော်တို့ညီအစ်ကိုသုံးယောက်ကို သူ့ကျောင်းတွင် ခေါ်ယူထားလိုက်ပေတော့၏။ ဘာသာတရားကို ပျော်မွေ့ကိုင်းရှိုင်းစေသည်။

ထိုအချိန်မှစ၍ကျွန်တော့်ဘဝလမ်းကြောင်းလည်းပြောင်းလဲသွားသည်ဟု ဆိုရပေတော့မည်။ နဂိုက ကုသိုလ်၊ အကုသိုလ်ကို နားမလည်သော အကောင်းအဆိုးကို နားမလည် မသိတတ်သောအဖြစ်မှ ကုသိုလ်၊ အကုသိုလ်လုပ်ရပ်များကို ခွဲခြားနားလည်လာသည်။ ကြိုးစားခြင်းနှင့် လုံ့လဝီရိယအကြောင်း မျက်ဝါးထင်ထင် တွေ့မြင်လာခဲ့ပေသည်။

ဤသို့ဖြင့် ဘဝအခြေအနေ အဆင့်ဆင့်ပြောင်းလဲပြီး ချောင်းဆုံမှာပင် ဆယ်တန်းအောင်၊ ဘွဲ့ရ၊ ဌာနတစ်ခုတွင် အမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်နေလေတော့သည်။

ကျွန်တော်တို့တိုင်းပြည်တွင် သမိုင်းရေစီးလှိုင်းကြီး၊ လေထန်ကာလများဟု သတ်မှတ်ခေါ်ဝေါ်သည့် ၁၉၈၈ - ခုနှစ်၊ ဒီဇင်ဘာလထဲတွင် ရွာတစ်ရွာသို့ အလုပ်တာဝန်နှင့် ကျွန်တော် ရောက်ရှိသွားပါသည်။ ထိုရွာမှ တာဝန်ရှိသူတို့က ကျွန်တော့်အား လက်ဖက်ရည်ဆိုင်ခေါ်သွားပြီး ဧည့်ဝတ်ပြုကြသည်။

"ကဲ - ကိုကျော်ရေ - ကျွန်တော်တို့ရွာမှာတော့ ခင်ဗျားတို့ မြို့ပေါ်မှာလို လက်ဖက်ရည်ဆိုင်ကောင်းကောင်း မရှိဘူးဗျ။ သည်းခံပြီး သောက်ပေါ့ဗျာ"

"ဟာ - ရပါတယ်ဗျာ။ လက်ဖက်ခြောက်ရည်ရယ်၊ နို့ဆီရယ်၊ သကြားရယ်ပါရင် လက်ဖက်ရည်ဖြစ်ပြီပေါ့။ ရပါပြီ - လက်ဖက်ရည်ရဲ့ အရသာနဲ့ ပတ်သက်ရင် ကျွန်တော့်အတွက်က ချိုနေရင် ပြီးပြီဗျာ"

ကျွန်တော့်စကားကြောင့် ရွာခံများက ဝိုင်း၍ရယ်မောကြသည်။ တစ်ဦးက ပြော၏။

"ခင်ဗျားက ကျွန်တော်တို့စိတ်ချမ်းသာအောင် အတော်ပြောတတ်တဲ့ လူပဲ"

"မဟုတ်ဘူး - ကိုဘသန်းရဲ့ - ကျွန်တော့်လျှာက လက်ဖက်ရည်နဲ့ သိပ်မနီးစပ်တော့ ဘယ်လိုလက်ဖက်ရည်မျိုးပဲဖြစ်ဖြစ် ကျွန်တော့်အတွက် အဆင်ပြေနေလို့ပါဗျာ"

ပြောပြောဆိုဆိုဖြင့် စားပွဲပေါ်မှ သတင်းစာတစ်စောင်ကို ကောက်ယူဖတ်ရှုလိုက်သည်။ ထိုသို့ဖတ်နေရင်း လှိုင်းကြီးလေထန်ကာလအတွင်း ကျွန်တော်တို့ငယ်စဉ်က နေထိုင်ခဲ့ကြသည့်အရပ်ဒေသမှ မှုခင်းတရားစီရင်မှု သတင်းက ကျွန်တော့်အား အတွေးပွားစေခဲ့လေသည်။

ထိုသတင်းထဲတွင် လူ (၅)ဦးအား စွဲချက်အမျိုးမျိုးတင်၍ (၄)ဦးအား ခေါင်းဖြတ်သတ်လိုက်သည့်သတင်းဖြစ်သည်။ ထိုခေါင်းဖြတ်ခံရသူ (၄)ဦးတွင် သုံးဦးက ကျွန်တော့်၏ငယ်သူငယ်ချင်း ကစားဖော်များ၊ ထိုသုံးဦးထဲတွင် နှစ်ဦးက ညီအစ်ကိုအရင်း ဖြစ်ရေသည်။ တိတိကျကျ ဆိုရပါလျှင် ထိုညီအစ်ကိုနှစ်ဦးသည် ကျွန်တော့်အား ငါးခုတ်၊ ဖားရိုက်သင်ပေးသည့် ဦးတင်အောင်၏ သားနှစ်ယောက် ဖြစ်နေလေသည်။

ထိုနှစ်ယောက်သည် ဖခင်၏အကုသိုလ်ကို ကိုယ်စားခံရခြင်းလော၊ သူတို့ကိုယ်တိုင် အကုသိုလ်ဖိစီးနေခြင်းလော၊ ကျွန်တော် စဉ်းစားမရပါ။ သို့သော် ကျွန်တော်ငယ်စဉ်က ဦးတင်အောင်အား သူ၏ဇနီးက မကြာခဏ ဆူပူသောစကားများကိုကား ပြန်လည်ကြားယောင်မိပါသည်။

"အကုသိုလ်အလုပ်တွေကြိုက်ကြိုက်လုပ်၊ တစ်နေ့ နာခေါင်းကျည်ပွေ့တွေ့မှ နောင်တရမဆုံး မဖြစ်ကြနဲ့"


ထို့အတူ အကုသိုလ်တရား၊ ဝဋ်နှင့်ကြွေးသည် အခါမဆိုင်းဘဲ ဆိုးကျိုးပေးတတ်ပုံကိုများကို သေသေချာချာ နားလည်လိုက်ရပါချေတော့သည်။

*(အဖြစ်မှန်ဇာတ်လမ်းအား အမည်များပြောင်းလဲ ရေးဖွဲ့ထားပါသည်။)*

မြဝင်းသက်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဦးစီး၏ ရက်စက်မှုကို
ခံစားခဲ့ရသည့် တောဆင်ရိုင်းတစ်ကောင်၏
ဘဝတစ်စိတ်တစ်ဒေသကို စိတ်ဝင်စားဖွယ်
ဖတ်ရှုရမည့် ...

**ကိုးတွင်းရွာ**၏ တစ်မနက်ခင်း၊ ပင်လယ်ပိုင်းဒေသအရပ်တွင်ရှိသော ရွာမှ တိုက်ခတ်လာသောလေပြည်လေညင်းထဲ၌ဆားငန်နံ့သင်းသော ပင်လယ်ပြင်၏ အငွေ့အသက်များ ပါရှိနေသည်။ နံနက်ခင်းငှက်ကလေးတွေ၏တီတီတာတာ အသံစာစာများက အုံ့အုံ့ဆိုင်းဆိုင်း တောတန်းညိုညိုများဆီက ထွက်ပေါ်၍လာနေပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ တည်ပင်ဆိပ်အပိုင်ကျေးရွာအုပ်စုထဲတွင်ပါဝင်သော ကိုးတွင်းဆိုသည့်ရွာကလေးမှာ ပင်လယ်ပိုင်း ရေငန်ထိစပ်သော ဒီရေတောများရှိ၍ ဘိုကလေးမြို့နယ်အောက်ပိုင်း(ပင်လယ်ပိုင်း)အရပ်များနှင့်လည်း နယ်မြေချင်း ထိစပ်လျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာသူရွာသားများမှာ တောတက်၊ ထင်းခုတ်၊ ပုဇွန်မြုံးထောင် ပင်လယ်ပိုက်တန်းချ၊ ဆားချက်ခြင်း စသည့်အလုပ်များနှင့် အသက်မွေးမှုပြုကြသလို စပါးစိုက် တောင်သူအချို့လည်း ရှိသည်။

လူဦးရေ(၉၀)ကျော် (၁၀၀)ခန့် ရှိသည်။ တည်ပင်ဆိပ်က အုပ်ချုပ်ရသည့် မူလတန်းကျောင်းကလေးတစ်ကျောင်း ကျောင်းဆရာမ(၃)ယောက်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာလိုသေးသည်မှ ပီနန်အိတ်ခင်းစာသင်နေရသည့် ကလေးများ၏အနာဂတ်၊ ထိုင်ခုံအလှူရှင်များစွာ ပေါ်ပေါက်လာလျှင် အတိုင်းထက်အလွန် ကောင်းပေစွ။

သွားလာဆက်သွယ်ရေး ခက်ခဲပြီး ခေါင်သောအရပ်မို့ ဖွံ့ဖြိုးဖို့ လိုသေးသည်မှာ မဆန်းပေ။

ဒေသဖွံ့ဖြိုးလူမှုရေးလုပ်ရသည့်ကို ဝါသနာထုံသော မောင်အောင်ဇော်သည် သူ၏မိတ်ဆွေ ကိုရန်နောင်၊ နယ်မြေခံ အပျော်တမ်းအမဲပစ်မုဆိုး ငွေသောင်တို့နှင့် သူ၏ဇာတိ ခန္တီးချောင်းမှ ကိုးတွင်းရွာကလေးသို့ စက်လှေကလေးဖြင့် ထွက်လာခဲ့ပါသည်။

ခန္တီးရွာသည် ရွာပေါင်း(၁၂)ရွာအုပ်စုတွင် ပါဝင်ပါသည်။ ဘိုကလေးမြို့နယ်တွင်ရှိပြီး ခန္တီးချောင်း၊ ကျွန်းညိုရွာ၊ကြက်တောင်ချောင်း၊ ရွာသာယာ၊ ကိုးအိမ်တန်း၊ ပျဉ်းမကုန်း၊ ကွမ်းသီးချောင်း၊ ငါးခူချောင်း၊ အလယ်ချောင်း၊ ထိပ်ချောင်း၊ ကျားချောင်း၊ တုံးလုံချောင်း ရွာဟူ၍ ဖြစ်ပါသည်။

*(ကျွန်းညိုကြီးနှင့်တည့်တည့် ဖောင်ဝင်မြစ်ဆုံရာတွင် ထိပ်ချောင်းရွာဖြစ်ပြီး ရွာထိပ်သောင်ပြင်တွင် လှေဝမ်းဗိုက်ရာဟု ထင်ရသည့် ချိုင့်ခွက်ကြီးတစ်ခုရှိပါသည်။ ထိုလှေဝမ်းဗိုက်ရာသည် ရေနံပိုင်ဦးရှင်ကြီး ဘဝမပြောင်းမီ အရှင်လတ်လတ် ရေစာချကျွေးသည့်နေရာဖြစ်သည်ဟု ယုံကြည်ပြီး ထိုနေရာမှာပင် (၈)တောင်ခန့်ရှိသည့် သံကြိုးကြီးတစ်ချောင်းကို တွေ့ခဲ့ရသည်။*

*"ဘုရားသုံးဆူ အဆူဆူ၊ အလယ်ဘုရား၊ သောကြာသား" ဆိုသည့် တဘောင်အရ အရပ်လူကြီးများသည် ထိုသံကြိုးကြီးကို ကမ်းထိပ်ရှိ ဘုရားနှစ်ဆူကြားတွင် ဌာပနာ၍ တည်ထားခဲ့ကြ၏။ သက်ကြီးစကား သက်ငယ်ကြားအရ မောင်ရှင်အား ရေစာချရာ၌ တုပ်နှောင်သည့်ကြိုးဟု ယူဆကြပါသည်။)*

ဆတ်ကျွန်းမှဖြတ်အပြန်တွင် လူ(၅၀)ခန့် လှေများနှင့် တွေ့ရပြီး ချောင်းထဲတွင် လှေ၊ စက်လှေတချို့နှင့် ရွာသားများကို တွေ့ရှိရပြီး စက်လှေ၊ လှေများတွင် ဓား၊ လှံ၊ ဒူးလေး၊ သနတ်များ ကိုင်ထားသောကြောင့် စုံစမ်းကြည့်ရာ မနက်ခင်းက ကိုရင်လေးတစ်ပါးအား မိကျောင်းပုတ်၍ဆွဲချသွားသောကြောင့် ရွာသားများ လိုက်လံ၍ မိကျောင်းကို ရှာဖွေရာ ကိုရင်ငယ်လေး၏အလောင်းကို ပြန်လည်ရရှိသော်လည်း မိချောင်းကိုတော့ မတွေ့သေး၍ နိုအောင်းတတ်သည့် သရွတ်များ ငုက်ကြီးတောင်တောများတွင် ရှာဖွေနေကြခြင်းဖြစ်သည်ဟု သိရပါသည်။

—

အပျော်တမ်းအမဲပစ်အဖွဲ့သားများပါသော ငွေသောင်တို့ကို အကူအညီတောင်းသောကြောင့် ရွာခံလူထုနှင့် မိကျောင်းနောက်ကို လိုက်ရှာကြရာ လတာပြင်သောင်စပ်နေရာတွင် ညှိစို့စို့ အပုပ်နံ့များနှင့် နွံစပ်စပ်တွင် ခေါင်းတင်နေသော မိကျောင်းတစ်ကောင်တွေ့၍ ပစ်ခတ်ဖမ်းဆီးပေးခဲ့ပြီး ရွာသားများလက်အပ်၍ ဆက်ထွက်ခွာခဲ့ပါသည်။

"အခုသွားမယ့် ကိုးတွင်းရွာရဲ့ရာဇဝင်ကိုရော - သိလား"

"သိပါတယ် - ဆရာလေး။ ကျွန်တော်သိတာထက် မုဆိုး ကိုငွေသောင်ကိုမေးကြည့်တာက ပိုကောင်းလိမ့်မယ်။ သူက ဒီနယ်တစ်ကြောမှာ မုဆိုးကြီးဦးမာဒင်နဲ့ ရေမုဆိုး စောလှထွန်းတို့ရဲ့ညာလက်ရုံးလေ - ဆရာလေး"

ငွေသောင်က ပြုံးတေ့တေ့နှင့် ချောင်းနံဘေးဖြတ်ပြေးသွားသော ဖျံငမွဲ (၃)ကောင်ကို ကြည့်ရင်းက -

"ကိုးတွင်းဆိုတဲ့အမည်က ဒီပင်လယ်ပိုင်းမှာ ခပ်ဆန်းဆန်း - ဆရာလေးရယ်။ ဘယ်လိုဆန်းနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတုန်းက ဒီရေတောတွေနဲ့ တောကြီးမျက်မည်းဖြစ်ခဲ့တဲ့ ဒီပင်လယ်ပိုင်းကျွန်းတွေမှာ သစ်တောတွေနဲ့ တိရစ္ဆာန်တွေ ရှိခဲ့ဖူးတဲ့တောတွေပေါ့။ ကျားနဲ့ဆင်တွေတောင် ရှိခဲ့တယ်၊ ကျွန်တော် လူပျိုပေါက်အရွယ်မှာ ကိုးတွင်းဖြစ်လာမယ့်ရွာကလေးကိုမျက်စိလည်လမ်းမှားလာတဲ့ ဆင်တစ်အုပ် ရောက်ရှိလာတယ်။ စုစုပေါင်း ကိုးကောင်ပေါ့။ အဲဒီဆင်ကိုးကောင်ဟာ သူတို့နှာမောင်း ခြေလက်တွေနဲ့ တွင်းကိုးတွင်း တူးခဲ့တယ်၊ အဲဒီတွင်းကိုးတွင်းက ရေထွက်လာတော့ ပင်လယ်ပိုင်းဖြစ်လျက်နဲ့ ရေချိုတွေ ထွက်ခဲ့တယ်၊ တခြားနေရာမှာတော့ ရေငန်တွေ့ရတယ်။ အဲဒီရေနဲ့ သောက်သုံးနေရတယ်၊ ကန်က (၉)ကန်ရှိတယ်၊ သိပ်မကြီးလှပါဘူး။ ရေချိုနေတဲ့ အနီးအနားက ရွာကလူတွေ ဘယ်လောက်ခပ်ခပ် မကုန်တာကတော့ ထူးဆန်းတယ်၊ အဲဒါကြောင့် "ကိုးတွင်း" လို့ တွင်ခဲ့တာ။ ခုချိန်ထိ ရှိသေးတယ်၊ ဆင်တွေနဲ့ပတ်သက်တဲ့ကိုးတွင်းရွာရဲ့ ရာဇဝင်က ခပ်ဆန်းဆန်းပဲ"

ဟု မောင်ရန်နောင်က မှတ်ချက်ချလိုက်ပါသည်။

"ကိုးတွင်းရွာသာမဟုတ်ဘူး။ ကျွန်တော်တို့အရပ်မှာ ကိုးတွင်းဗိုလ်ဆိုတဲ့ ဟိုင်းဆင်ကြီးတစ်ကောင် ကျင်လည်ကျက်စားဖူးတယ်၊ ဒီဆင်ကြီးဟာ တစ်မျိုးတော့ ထူးခြားတယ် - ဆရာလေး"

ဘယ်လိုထူးခြားတာလဲ။ သူ့ကိုဖမ်းပြီးရက်စက်တဲ့ဆင်ဦးစီးတစ်ယောက်ကိုလက်စားချေပြီး တောဝင်သွားရာက ဟိုင်းဆင်ကြီးအဖြစ်နဲ့ မြစ်တွေချောင်းတွေဖြတ်သွားရင်း ဒီရွာဘက်ကိုရောက်လာပြီး တောထဲမှာကျက်စား၊ လူခြေတိတ်ချိန် ရွာထဲဝင်လာပြီး ရေသောက် အစာစားပြီး တောထဲ ပြန်ဝင်သွားတာပဲ"

"လူတွေကို အန္တရာယ်မပြုဘူးပေါ့ - မောင်အောင်ဖော်"

"အဲဒီ့အကြောင်းကိုပြောရရင် - ဒီလို - ဆရာလေးရယ်။ ဇာတ်လမ်းအစက ..."

အမာမြို့နယ်ခွဲသည် ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်ထဲတွင် ပါဝင်သည် ဧရာဝတီတိုင်းဒေသကြီး (၂၆)မြို့နယ်မှ နောက်ဆုံးတိုးလာသော (၂၇)မြို့နယ်မြောက်အဖြစ် သတ်မှတ်ခံရပြီး ပင်လယ်ပိုင်းဒေသတွင် ဆေးရုံ၊ စစ်တပ်၊ မိုဃ်းလေဝသ(မိုဃ္ဂရိုဝေ့စခန်း)၊ အထက်တန်းကျောင်း၊ ရဲစခန်းများ ရှိပါသည်။

အမာမြို့နယ်ခွဲသည် နောက်မီး၊ ဆိပ္ပ(ဆိတ်မ)၊ ထော်ညီ(ဒေါ်ညိမ်း)၊ ကုလားထိပ်၊ ဘုန်းကြီးသောင်၊ အမြတ်(ခါးပြတ်)၊ ရွှေထီး၊ မြို့ကုန်း၊ အောင်လှိုင်၊ ရွှေထီး၊ မြို့ကုန် စသည့် ပင်လယ်ပိုင်းရွာကြီးများနှင့် ထိစပ်လျက် ရှိသည်။

မမွေးကုန်းကျေးရွာသည်တညင်ကုန်းကျေးရွာနှင့်နှစ်မိုင်ခန့် ကွာဝေးပြီး ရွာနှစ်ရွာကြား အုန်းတော၊ ဓနိတော၊ လမု၊ သမည့်တောများရှိသည်။ သရွတ်ဖျားဟုခေါ်သော ချောင်းလုံးမကောင်းသည့် ဖျိုက်တောများ၊ ငှက်ကြီးတောင်တောများတွင် မိကျောင်းများ ခိုအောင်းတတ်ပါသည်။ ထိုဒေသတွင် ကရင်လူမျိုးအချို့တို့ နေထိုင်ကြသော ကျွန်းပတ်တောကြီးက သဘာဝပေးထားသော လက်ဆောင်အဖြစ် အနီးအနားမှ ရွာများကို အထောက်အကူများစွာပြုလေသည်။

ပင်လယ်ပိုင်းရွာများသည် တစ်ရွာနှင့်တစ်ရွာ ဆက်စပ်မှုအဖြစ် မြင်းများ၊ ခြေကျင်တောလမ်း၊ ရေလမ်းများဖြင့် ကူးလူးဆက်ဆံကြရသည်။

ထိုဒေသတွင် နာဂစ်မုန်တိုင်း ခံရပြီး ပြန်လည်ထူထောင်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးအဖွဲ့များ မကြာခဏ လာရောက်ကြသလို ...။

အပျော်တမ်းအမဲပစ်မုဆိုး ငှက်ကြည့်ပညာရှင်၊ ရေမုဆိုးများလည်း ထိုကျွန်းပတ်တောအတွင်း အနံ့သွားလာလှုပ်ရှားလျက် ရှိကြသည့်အတွက် တစ်ခါတစ်ရံ တောအတွင်းမှ ထူးခြားသောဖြစ်ရပ်များ တောတွင်းတိရစ္ဆာန်များ၏အလေ့အထနှင့် သဘာဝဆိုင်သောအဖြစ်များလည်း မကြာခဏ သိရှိနေသည်မှာ မဆန်းလှပေ။

ယခုတလော ဘဝသစ်ကျေးရွာအုပ်စု၊ မမွေးကုန်းကျေးရွာနှင့် နောက်မီး၊ ဆိပ္ပ၊ အောင်လှိုင်၊ ကျေးရွာ၊ ကျွန်းပတ်တောနှင့် (ဒီရေတော)အုန်းတော၊ ဓနိတော၊ ဖျိုက်တောအတွင်း လှည့်လည်သွားလာလျက်ရှိသော အစွယ်တစ်





www.burmeseclassic.com

www.burmeseclassic.com

ချောင်းနှင့် ဟိုင်းဆင်တစ်ကောင်၏သတင်းက လူပြောသူပြော များလာခဲ့သည်။

တချို့အပြောက သစ်တောကြီးပိုင်းအတွင်း သစ်ဆွဲနေသောဆင်ဖြစ်ပြီး မုန်ယို၍ဆင်ဦးစီးကို နင်းသတ်၍တောဝင်သွားရာမှ မြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်ပိုင်းသို့ရောက်ရှိလာသည့်ဆင်တစ်ကောင်ဖြစ်သည်ဟုလည်းပြောကြသလို၊ တောဆင်ရိုင်းတစ်ကောင် တောမှောက်၍ နယ်ကျွံရောက်ရှိလာသလို တောသဘာဝအတိုင်း ပြောဆိုနေကြသည်။



တောက် – မနုတ်ကတင်
ရာဝင်အိုးထဲ ရေအပြည့်ထည့်ထားခဲ့တာ။
ခု – တစ်စက်မှ မရှိတော့ဘူးတော်။
ဟို – ဆင်စုတ်ပဲ လာသောက်သွားမှာ။
အုန်းပင်တွေ လဲပြိုနေတာလည်း
သင်းလက်ချက်နေမှာ ...



ထိုအထဲတွင် ဆင်ဆိုသည်မှာ မြန်မာရတနာတစ်ပါးဟု မသတ်မှတ်ဘဲ ဗဟုသုတခေါင်းပါးစွာ ရလျှင်ရသလို အမြတ်ထုတ်မည့်သူတချို့လည်း ရှိလာသည်။ အစွယ်ကို ဈေးကောင်းပေးဝယ်နေသော ဝိသမလောဘသမားသား တရုတ်လူမျိုးတချို့ဟိုင်းဆင်ကြီးသတင်း ကြားပြီးပင်လယ်ပိုင်းသို့ရောက်ရှိလာကြကာ တောတက်မုဆိုးတချို့ ပျားဖွပ်မုဆိုး၊ သားသတ်သမားများနှင့် ပူးပေါင်းနေသည်ကိုလည်းငှက်ကြည့်သမားများကတစ်ဆင့်ဝမ်းနည်းစွာကြားလာရသည်။

ဝမ်မင်းချိန် – တရုတ်လူမျိုး စီးပွားရေးသမား။ မူဆယ်၊ ကိုးကန့်ဘက်မှ ထော်ညီတွင် စီးပွားရေးလုပ်ငန်းမျိုးစုံလုပ် ကြီးပွားနေသူက အဆိုးဆုံး။ ဟိုင်းဆင် သတင်းကြားကတည်းက သူ့တပည့်ပျားဖွပ်မုဆိုး ဖိုးရင်ကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်ရန် အလွတ်မပေးဖို့ အမိန့်ပေးထားသည်။

ဖိုးရင်ကြီးကလည်း၊ ဟိုင်းဆင်ကြီးရှိသည့်နေရာ တောမှန်သမျှ ဝင်ရောက်ပြီး လေ့လာ၍ခြေရာခံလိုက်နေသည်။

ထူးခြားသည်က ဟိုင်းဆင်ကြီးသည် လူစကား နည်းလည်ဘိအလား။ သူ့ကို ကြမ်းတမ်းစွာ ပြုမူပြောဆိုသူများကိုသာ အန္တရာယ်ပြု ဖျက်ဆီးတတ်ပေမယ့် သူ့ကို ကောင်းစွာအစာကျွေး ရေတိုက်သူများကို ဒုက္ခမပေးတတ်ပါ။ ရေတစ်ခါသောက်လျှင် ရာဝင်အိုးတစ်အိုးခန့် ကုန်သည်။ အုန်းသီးကိုကြိုက်တတ်သည်။

တစ်နေ့ – မမွေးကုန်းကျေးရွာမှ ကိုသံချောင်းနှင့် မဝင်းတို့လင်မယား တညင်တောထဲတွင် ကဏန်းထောင်ပြီး ပြန်လာကြသည်။ အဖော်များနှင့် လမ်းခွဲပြီး မမွေးကုန်းရွာဇရာတစ်ပ်အနီးတဲအိမ်သို့ပြန်ရောက်သောအခါ မောမောနှင့် တဲပေါ်တက်နားမည်ကြံ၍ ရာဝင်အိုးထဲကြည့်ရာ ရေတစ်စက်မှ မရှိသလို အနီးရှိ အုန်းပင်မှာလည်း ပြိုလဲပြီး တစ်စုံတစ်ရာက နင်းခြေမွကာ ထားသလို မွစာကြနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တောက် - မနက်ကတင် ရာဝင်အိုးထဲ ရေအပြည့်ထည့်ထားခဲ့တာ။ ခု - တစ်စက်မှ မရှိတော့ဘူးတော်။ ဟို - ဆင်စုတ်ပဲ လာသောက်သွားမှာ။ အုန်းပင်တွေ လဲပြိုနေတာလည်း သင်းလက်ချက်နေမှာ ..."

မိန်းမပီပီ မိဝင်းက ရစရာမရှိအောင် ဗျစ်တောက် ဗျစ်တောက် ပြောဆိုနေ၏။

"ဟော့ - မိဝင်း - ရေမရှိလည်း ပြန်ခပ်ရတာပဲ၊ ဒီပင်လယ်ပိုင်းအရပ်တွေက တခြားအရပ်တွေနဲ့ မတူဘူး - နော်။ အပြောအဆို ဆင်ခြင်ပဟာ။ ဒီဆင်က ဘယ်ကရောက်လာမှန်းလည်း၊ ဘာဆင်မှန်းလည်း မသိ။ အရမ်းကျိန်စာတိုက်မနေနဲ့။ တော်ကြာ - ကြားသွားပြီး အန္တရာယ်လာပြုနေဦးမယ်"

"အို - တော် - တိရစ္ဆာန်ပဲ၊ လူစကား၊ နားလည်တာ မဟုတ်ဘူး။ ကျိန်စာတိုက်သင့်ရင် တိုက်မှာပဲ"

"ပြောလေ - ကဲလေပါလား။ ဒီမိန်းမ အပေါက်အစနဲ့တော့ ရွာပြင်ထွက်နေရတာ နည်းသေးတယ်"

ထိုစဉ် -

"ကျည် - ဝူး - ကျည်"

အုန်းတောအတွင်းမှ ဆင်တစ်ကောင် ထွက်လာပြီး တဲကို တစ်ချက်ဝင်ဆောင့်လိုက်ရာ တဲမှာပြိုလဲကျသွားပြီး ဆင်အရှေ့သို့ သံချောင်းတို့လင်မယားလွင့်စဉ်ကျလာရာ မိဝင်းကို စူးရဲသောမျက်လုံးကြီးနဲ့ကြည့်၍ တစ်ခါတည်းနင်းခြေလိုက်ရာ မိဝင်းမှာ အသံတောင် မထွက်နိုင်အား စီစီညက်ညက်ကြေသွားလေတော့သည်၊

ကိုသံချောင်းလည်း ကြောက်ကြောက်နဲ့ ဆင်ကို ထိုင်ရှိခိုး၍ ပါးစပ်မှ တတွတ်တွတ် တောင်းပန်ပြီးပိုင်ရာဆိုင်ရာ အဘိုး၊ ကွင်းပိုင်များကိုတိုင်တည်အကူအညီတောင်းသောအခါ သံချောင်း၏ခေါင်းပေါ်တွင် မိုးထားသောခြေတစ်ဖက် အသာရုတ်လျက် - "ကျီ - ကျည်" ဟု အော်၍ တောအတွင်းသို့ဝင်သွားပါတော့သည်၊



ဆင်ကြီးမရှိတော့သောအခါ ရွာထဲသို့ ကိုသံချောင်း ထွက်ပြေး၍ အကြောင်းကြားသော် ရွာလူကြီးနှင့်အဖွဲ့ရောက်သော် မိဝင်း၏ ရုပ်ပျက်ဆင်းပျက်အလောင်းကိုသာ တွေ့ရ၍ ကောင်းစွာသင်္ဂြိုဟ်လိုက်လေတော့သည်။

ထိုအချိန်မှစ၍ ကိုးတွင်းမိုလ်ဟု ဟိုင်းဆင်ကြီးမှာ နာမည်တွင်သွားလေသည်။ ကိုးတွင်းမိုလ်ဆိုသည့် ဆင်ကြီးသည် ပင်လယ်ပိုင်းတောများတွင် လှည့်လည်၍ကျက်စားနေသည်၊ ထိုအတောအတွင်း မမွေးကုန်းရွာသူ မိဝင်းကိုနင်းသတ်သည်ဆိုသောကြောင့် ကိုးတွင်းမိုလ်ဟု နာမည်သတင်းကြီးလာသလို၊ သူ နင်းသတ်ခဲ့သည့် ဆင်ဦးဟောင်းက မကျွတ်မလွတ်ဘဲ စီးနေပြီး ဆင်ကြီးကို အမှောင့်ပယောဂပူးကပ်နေသယောင် လူပြောသူပြော များလာခဲ့သဖြင့် ဟိုင်းဆင်ကြီး ကိုးတွင်းမိုလ် လာရောက်ဖျက်ဆီးပြီး ရွာပျက်မှာ စိုးရိမ်ထိတ်လန့်နေကြသည်ကို အခွင့်ကောင်းယူလျက် လောဘသားကောင် ဝမ်မင်းရှိန်က လက်မရွံ့ဖိုးရင်ကြီးနှင့် အပေးအယူလုပ်၍ သဘောတူညီမှုရယူနေသည်၊

"ဖိုးရင်ကြီး - စ,ပြောထားတဲ့အတိုင်း ဒီအချိန်က အခွင့်ကောင်းပဲလေ။ ကိုးတွင်းမိုလ် လောလောလတ်လတ် မိန်းမတစ်ယောက်ကို နင်းသတ်ထားတာကို အကြောင်းပြပြီး လက်ဦးမှုယူလိုက်၊ ဖိုးရင် - အဆင်ပြေစေရမယ်"

"ဝမ်မင်းရှိန် - ငါတို့က ကတိတည်ရင် အသက်တောင် ပေးတဲ့လူစား။ ဟင် - ဆိုရင်တော့ - ဖိုးရင်က လှည့်မကြည့်ဘူး - ဝေ့"

"ဟုတ်ပါတယ် - အဲဒါကြောင့် ဝ,က နင့်ကို အားကိုးတာပေါ့၊ လိုတာပြောနော်"

ထိုသို့ဖြင့် ဖိုးရင်တို့ အဖွဲ့သားများ ကိုးတွင်းမိုလ်နောက်ခြေရာခံလိုက်ရင်း တညင်တော၊ အုန်းတောအတွင်း ရောက်ရှိလာ၏။

သူတို့ ရောက်ရှိလာချိန်တွင် ထူးထူးခြားခြား တောကြီးက တိတ်ဆိတ်မှုကြီးစိုးနေ၏။ စစ်ဆွယ်တာနှင့် ရှမ်းဘောင်းဘီအနက်၊ တူးမီးသေနတ်၊ ခါးတွင်စစ်သုံးဓားမြှောင်၊ ရဲတင်းကိုရိုက်ဆွဲလျက် ချွန်မြသောလှံကိုစွဲကိုင်ထားသော ဖိုးရင်တို့အဖွဲ့ ထောင်ချောက်ဆင်မြေကျင်းများကို ပိရိသေသပ်စွာ ပြုလုပ်၍



www.burmeseclassic.com

www.burmeseclassic.com

ကိုးတွင်းဗိုလ်ကို ကြုံးသွင်းရန် ခြေရာခံထွက်လာကြသည်။ အုန်းတောနှင့် လမုပင်အနီးတွင် ဆင်ချေးလတ်လတ်ဆတ်ဆတ်များကိုတွေ့၍ဖိုးရင် အုန်းတောအတွင်း ကိုးတွင်းဗိုလ် ရှိနေမည်ဟု ခန့်မှန်း၍ လူခွဲ၍မနေရန် စုစုစည်းစည်း တောတိုးရင်း တစ်ကြိမ်တွင် ဖိုးရင် စိတ်လောကြီး၍ တောကျွံသွားရာ သူ့ရှေ့နွယ်လိမ်ကွင်းထိုးကြီးရှေ့တွင် မည်းမည်းနှင့် မားမားရပ်နေသော သတ္တဝါကြီးကိုကြည့်လိုက်ရာ သူအလွန်တွေ့ချင်သောကိုးတွင်းဗိုလ်အနောက်ပြန်လှည့်ကြည့်တော့ သူ့အဖွဲ့သားတွေ ဘယ်ရောက်ကုန်လည်းမသိ၊ ကြက်ပျောက် ငှက်ပျောက်၊ စိုးရိမ်မှုအထွတ်အထိပ်နှင့် လှည့်ထွက်မည်အပြု -

"ကျိ - ကျည် - ဝူး - ဝူး"

ဦးကင်းက မည်းမည်းကြီး၊ ကိုယ်လုံးကြီးနှင့်မလိုက်အောင် လျင်မြန်စွာ လှုပ်ရှားလျက် နားရွက်က တဖျတ်ဖျတ်နှင့် တောတိုးလာသော ကိုးတွင်းဗိုလ်၏ ရှေ့က အသက်လုပြေးနေသော မုဆိုးမှ သားကောင်ဖြစ်သွားသည့်ဖိုးရင်၊

"ကျိ - ကျည်"

တစ်ကြိမ်တွင် အုန်းတောစပ် ဖြတ်အပြေး -

"ကယ်တော်မူပါ"

"ကယ်ကြပါဦး" အသံနှင့်အတူ ဖိုးရင်မှာ ကိုးတွင်းဗိုလ်၏နှာမောင်းနှင့် ရစ်ပတ်ခံရပြီး မြေပြင်တွင် တစ်ချက်နင်းခံလိုက်ရသည်၊

"ဝုန်း - ဝုန်း"

သစ်ပင်များပြိုလဲသံနှင့်အတူ ကိုးတွင်းဗိုလ်သည် အုန်းတောစပ်မှ တောအတွင်းသို့ "ကျိ" ခနဲ အသံစူးစူးတစ်ချက်ပေးလျက် ဝင်ရောက်သွားလေတော့သည်။

မုဆိုးမှ သားကောင်ဖြစ်သွားသော ဖိုးရင်တစ်ယောက်အော်သံကြောင့် အဖော်များ ရောက်လာသောအခါ သွေးသံရဲရဲနှင့် တွေ့၍ ရွာသို့ အမြန်ခေါ်လာရာ လမ်းတွင် ဘဝနိဂုံးချုပ်၍သွားလေသည်။

— ✦ —

ကိုးတွင်းဗိုလ်၏ ဟိုင်းဆင်စွယ်ကို မက်မောသော ဖိုးရင်မှာ သူ့အရာဝမ်မင်းချိန်ထဲ ဘယ်တော့မှ ပြန်ရောက်နိုင်တော့မည် မဟုတ်၍ နောက်တစ်ကြိမ် လူတစ်ယောက်အသက်ကိုဇီဝိန်ခြွေလိုက်သဖြင့် ကိုးတွင်းဗိုလ်ဆိုသည့် ဆင်ဆိုးကြီး၏သတင်းက ထိုနယ်တစ်ဝိုက်တွင် လူသိများလာသည်။ ဖမ်း၍လည်းမရ၊ ပစ်လို့လည်း မရသည့် ကိုးတွင်းဗိုလ် ဟိုင်းဆင်ကြီးက ပင်လယ်ကျွန်းပတ်တော တစ်တောပြီးတစ်တောတွင် လှည့်လည်ကျက်စားနေလေသည်၊

တစ်ခါတစ်ရံ လသာသာတွင် တောစပ်၌ဦးကင်းမည်းမည်း နားရွက်ကြီးဖားဖားနှင့် ကိုးတွင်းဗိုလ် ဆင်ကြီးကို တွေ့ရတတ်ကြောင်း၊ သို့သော် ကိုးတွင်းဗိုလ်သည် သူ့အားကြွင်နာစွာ ရေတိုက်အစာကျွေးသောသူများကိုအန္တရာယ်မပြု၊ သူ့အား ကျိန်စာတိုက် ဒုက္ခပေးမည့်သူများကိုတော့ အသက်သေကြေသည့်အထိ တိုက်ခိုက်တတ်ကြောင်း၊ ထူးခြားသော ဟိုင်းဆင်တစ်ကောင်၏ အလေ့အထရှိကြောင်း မှတ်သားရပေသည်၊

"ဩော် - ကိုးတွင်းဗိုလ်ဆိုတဲ့ ဟိုင်းဆင်ကြီးကြီးရဲ့အဖြစ်က တစ်မျိုးစိတ်ဝင်စားစရာကောင်းတာပဲ"

ဟု မှတ်ချက်ချလိုက်ပါသည်၊ ထိုညက ကိုးတွင်းရွာ မူလတန်းကျောင်းတွင် ဖမောင်ရန်နောင်အဖွဲ့စခန်းချကြရာ ထူးဆန်းသော အိပ်မက်တစ်ခု မက်လေသည်၊

မောင်ရန်နောင်၏အိပ်မက်တွင် ဆင်မကြီးတစ်ကောင်နှင့် ဆင်ပေါက်လေးတစ်ကောင်အား ဆင်မုဆိုးများက ဖမ်းပြီး ဆင်မကြီးကို သတ်ပစ်ပြီး ဆင်ကလေးကို ဆင်ဦးစီးတစ်ယောက်လက်ထဲ အပ်ခဲ့သည်၊ ရက်စက်သောဆင်ဦးစီးက ဟိုင်းဆင်ပေါက်ကလေးကို မညှာမတာ ချွန်းနှင့် ပေါက်ထိန်းချုပ်ခဲ့ရာ ဆင်ပေါက်ကလေးသည် ကြီးလာသောအခါ ရက်စက်သော ဆင်ဦးစီးနှင့် သူ့မိခင်ကိုသတ်သွားသော ဆင်မုဆိုးကိုကလဲ့စားချေပြီး တောထဲဝင်ရောက်ပျောက်ကွယ်ပြီး ...၊

www.burmeseclassic.com

ကျည်...ဟု အော်လိုက်သံကို ကြားရသလို၊ မောင်ရန်နောင် လန့်နိုးလာခဲ့ပြီး ရေထ,သောက်ရင်း ကျောင်းပြတင်းပေါက်မှ လေဝင်၍ ပြင်ပသို့ကြည့်လိုက်သော် တည်ပင်ဆိပ်တောစပ်တစ်နေရာတွင် လရောင်နှင့် ဆင်ကြီးတစ်ကောင်ကို တွေ့လိုက်ရလေတော့သည်။

ကိုးတွင်းဗိုလ်ရေ – မင်းကို အန္တရာယ်မပြုပါဘူး။ လွတ်ရာ၊ ကျွတ်ရာ အမြန်သွားတော့ ဟု စိတ်မှန်း၍ မေတ္တာပို့လိုက်သည်ကို ရရှိသည့်အလား၊ တောထဲသို့ တရွေ့ရွေ့ထွက်ခွာသွားပါလေတော့သည်။

(ရောဝတီတိုင်း ပင်လယ်ပိုင်းဒေသမှ ကိုးတွင်းဗိုလ်၊ ဟိုင်းဆင်ကြီး၏ ဖြစ်ရပ်မှန်ကို ရေးဖွဲ့ပါသည်။)

✍ မင်းနန္ဒီရှိန်

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း



www.burmeseclassic.com

လျှင်သူ့စားစကာမ်း

အကွက်ရိုက်ကာ ကားချင်းတိုက်၍

ငွေအလစ်သုတ်လိုက်သောအခါ ..

## “ဒုန်း”

“ဟာ - တိုက်ပြီ”

ဦးမောင်မောင်သည် “ဒုန်း” ခနဲ အသံနှင့်အတူ လှုပ်ယမ်းသွားသောကား၏ တုန်ခါမှုကြောင့် ဘရိတ်ကိုနင်းရင်းလန့်အော်မိသည်၊ ကားသစ်လေးကဝယ်ထားသည်မှ မကြာသေး။ စနစ်ရက်ပင် မပြည့်သေးသည်မို့စိုးရိမ်တကြီးဖြစ်သွားသည်၊ ကားတံခါးဖွင့်ပြီး တိုက်မိသည့်နေရာကို အလျင်အမြန်ကြည့် သည်၊ ဝဲဘက် ရှေ့ဘီးအကာမှာ အနည်းငယ်ချိုင့်သွားသည်မှ လွဲ၍ ဆိုးဆိုးဝါးဝါး မဖြစ်ချေ။ “တော်သေးရဲ့” ဟုတွေးပြီး တစ်ဖက်ကားကိုကြည့်သည်၊

တိုက်သည့်ကားပိုင်ရှင်က အေးအေးဆေးဆေးပင်၊ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး လူရည်သန့်သည်၊ စတစ်ကော်လာအဖြူဝတ်ထားပြီး နေကာမျက်မှန်ပင် မချွတ် ချေ၊ သေးတံခါး ဖွင့်ဆင်းလာပြီး ဦးမောင်မောင်နှင့် ရင်ဆိုင်လိုက်သည်၊

“ကွေ့မယ်ဆိုရင်လည်း အချက်ပြပေါ့ဗျာ”

“ပြတာပဲဗျ - မမြင်ဘူးလား”

ဦးမောင်မောင်က စိတ်တိုစွာပြောရင်း သူ့၏အချက်ပြမီးကိုညွှန်ပြသည်၊ မီးမတွေ့ရတော့မှ သတိရသည်၊ တိုက်မိသည်နှင့်တစ်ပြိုင်နက် သော့ပိတ်စက်ရပ်ပြီး အချက်ပြခလုတ်ကို ပုံမှန်ပြန်ထားမိလိုက်ခြင်း ဖြစ်ပေလိမ့်မည်၊ ဦးမောင်မောင်က ပူလောင်စွာဖြင့် ယာဉ်မောင်းထိုင်ခုံဘေးမှ ထိုင်ခုံပေါ်သို့ ကြည့်လိုက်သည်၊

“ဟာ - သွားပြီ - မရှိတော့ဘူး”

ဦးမောင်မောင်က သွေးရူးသွေးတန်းဖြင့်ပြောရင်း သူ့၏ကားကို ပတ်ချာလှည့်ကြည့်နေသည်၊ ရပ်ကြည့်သူများနှင့် တိုက်မိသူတို့က တအံ့တဩ ငေးနေကြသည်၊

“ဘာဖြစ်တာလဲ”

“ထိုင်ခုံပေါ် တင်ထားတဲ့ သိန်းရှစ်ရာ မရှိတော့ဘူး။ အခုပဲ - ဘဏ်က ထုတ်လာတာ”

ထိုစဉ် ကားဟွန်းသံပေး၍ ကျော်တက်လာသော တက်စီတစ်စီးကြောင့် လမ်းရှင်းရသည်၊ တက်စီပေါ်မှ အတွဲတစ်တွဲက သူတို့ကို ဘုကြည့်ကြည့်ပြီး ကျော်ဖြတ်သွားသည်၊ ဦးမောင်မောင်က ပျောက်ဆုံးသည့်ငွေနောက်လိုက်ရန် စီစဉ်ရန်း၊ ယာဉ်တိုက်မှုကို ဖြေရှင်းရန်းဖြင့် ဟိုလိုလို၊ သည်လိုလို ဖြစ်နေသည်၊ ထိုစဉ် ယာဉ်ထိန်းတစ်ဦးက ကားလမ်းကိုဖြတ်၍ လျှောက်လာသည်ကို တွေ့လိုက်ရသည်၊

— ☯ —

www.burmeseclassic.com

"ငါ – မနက်လေးနာရီခွဲလောက်ထသွားတာကွ၊ တောက် – တို့ပလိုင်းထဲ ထည့်ထောင်ထားတဲ့အကောင်ပါ၊ ဆယ့်ငါးကောင်ရတယ်ကွ"

"ဟာ – အများကြီးပဲနော်"

"အေးပေ့ါကွာ – ဘယ်ကိစ္စဖြစ်ဖြစ် လုပ်တတ်ရင် လွယ်ပါတယ်ကွ"

"ဒါနဲ့ – အခု – ဦးလေး – ဖားသားချက်နေတာ ဖားသားရေလည်း မချွတ် ဘဲနဲ့ နောက်ပြီး ဖားတစ်ကောင်ကို နှစ်ပိုင်းပဲပိုင်းပြီးချက်တာ မလွန်ဘူးလား၊ စားလို့ ကောင်းပါ့မလားဗျ"

"မစားဘူးသေးဘဲနဲ့တော့ အရမ်းအပြစ်တင်မစောလေနဲ့ – ကောင်လေးရ၊ ဟင်းအိုးကျက်တဲ့အခါ စားကြည့်ဦး၊ ပြီးမှ – မင်း – ငါ့ကိုကန်တော့ပြီး အမြဲတမ်း ဖားရှာချက်ခိုင်းနေဦးမှာ ငါ မြင်နေမိသေးသကွာ"

ဦးတင်အောင်၏စကားမှာ အမှန်ဖြစ်လေသည်၊ ဖားသားဟင်းကျက် သည့်အခါ အရည်စပ်စပ်စပ်နှင့် ဆီကျန်ရေကျန် မဆလာနံ့သင်းနေသော ဖားသားဟင်းက အစာအိမ်ကို တကျုတ်ကျုတ်မြည်သံပေး၍ နှိုးဆွကာ အစာ တောင်းစံစေလေသည်။ အစောပိုင်းက ထိုးကွင်းအထင်းသားနှင့် ဖားသား ဟင်းက စားဖို့ရန် လက်တွန့်နေစေသော်လည်း တစ်လုတ်စားပြီးသည့်အခါ စားဖူးသမျှဖားသားများထဲတွင်အရသာအထူးကဲဆုံးဖားသားဟင်းဖြစ်ကြောင်း သိရှိလိုက်ပြီး ကျွန်တော် ခေါင်းမဖော်တမ်း လွေးလိုက်မိသည်၊

"ဦးတင်အောင်က ဟင်းချက်လည်း အလွန်ကောင်းပဲ"

"အေး – နင်တို့ဆရာတပည့်ပဲ တစ်ယောက်တစ်ယောက် မြှောက်ပင့်ပြီး အကုသိုလ်အလုပ်တွေကြုပ်ကြုပ်လုပ်ကြ၊ တစ်နေ့နေ့နာခေါင်းကျည်ပွေ့တွေ မှ နောင်တရမဆုံး မဖြစ်ကြလေနဲ့"

ဦးတင်အောင်လုပ်သမျှ မကျေနပ်နေသော သူ၏ဇနီး ဒေါ်ညိမ်းက ဆေးလိပ်ဖွာရင်း အပြစ်ပြောသည်။ ကျွန်တော်ကတော့ အရွယ်မရောက် သေးသော ကလေးတစ်ယောက်၏အမြင်မျိုးဖြင့် ရိုးရှင်းစွာမြင်မိသည်၊

ဦးတင်အောင် ငါးရှာ၊ ဖားရိုက်သောကြောင့် ဟင်းစားမပူပင်ရသော ကြောင့် ဈေးဖိုးမကုန်တော့ပါ။ ထို့ပြင် ဦးတင်အောင်သည် အရပ်ထဲမှာ ဝက်



ပေါ်မည့်သူရှိလျှင်လည်း လိုက်၍ပေါ်ပေးတတ်သေးသည်။ ဝက်တစ်ကောင် အား အသံမထွက်အောင်သတ်ပြီး အသားတွဲများဖြစ်သွားသည်အထိ လုပ် ကိုင်ပေးတတ်သေးသည်။ ထိုအချက်ကလည်း စားသောက်ရန် ဝက်သား သာမက ဈေးဖိုးလည်းရတတ်ပေသေးသည်၊ ထို့ကြောင့် ပိုက်ဆံရသော၊ စားရသော အလုပ်များကို လုပ်ကိုင်ပေးနေသည့် ဦးတင်အောင်အား ဆူပူနေ သည့် ဒေါ်ညိမ်းသည်အလွန်ဆိုးရွားလွန်းလှသည်ဟုလည်းထင်မိသေးသည်၊ ငယ်စဉ်က နနယ်သောနလုံးသား၏ မသိနားမလည်မှုပင် ဆိုရမည်၊

ဦးတင်အောင်တွင် ထိုအရည်အချင်းများအပြင် ကောက်ညှင်း၊ ထန်း လျက်တို့ဖြင့် ရောဖောက်ထားသည့် စိမ်ရည်ဖြင့်ချက်လုပ်သည့် အလွန်မွှေး သည့် ချက်အရက်ချက်တတ်ခြင်း၊ ကြောင်များအား အသံမထွက်အောင် လက်စတုံး၍ အရသာရှိအောင် ချက်ပြုတ်တတ်ခြင်း စသည်တို့ ဖြစ်လေ သည်၊

ဦးတင်အောင်ကလည်း အရက်မိုးချက်သည့်အချိန်မှတစ်ပါး ဘာလုပ် လုပ် ကျွန်တော့်အား လက်တို့လေ့ရှိပေသည်၊ ယနေ့လည်း ကျွန်တော့်ကို တီးတိုးမှာကြားသည်၊

"မောင်ကျော် – ဒီနေ့ – ကိုသိန်းလွင်တို့အိမ်မှာ ဝက်ပေါ်မယ်ကွ၊ ည (၆) နာရီလောက် မင်း ရေနွေးအိုး သွားတည်ထားနှင့်နော်"

"ဟုတ်ကဲ့"

ကျွန်တော်၏စိတ်အတွေးထဲတွင်ဝက်ပေါ်ပြီးလျှင်ဝက်အူ၊အသည်းများ၊ နံနရိုးများ၊ ဝက်သွေးများ စသည်တို့ကို ရောချက်ထားသည့် အလွန်ချိုပြီး အလွန်အရသာရှိလှသော ဦးတင်အောင်လက်ရာ ဝက်သားဟင်းကို ထင်မြင် လာမိပြီး သွားရေများပင် ကျလာမိပေသည်၊

— ✽ —

ထိုကဲ့သို့နေထိုင်ခဲ့ရင်းမထင်မှတ်သောကံကြမ္မာအပြောင်းအလဲကြောင့် ၁၉၇၇ – ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ကျွန်တော်တို့မိသားစုသည်

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ"

ထိုလူက သူ့ကို ထပ်ဆင့်မေးသည်။ သူ၏လက်တွင်းမှ ပလတ်စတစ်လောင်းထားသော ဓာတ်ပုံနှင့်ကတ်ပြားတစ်ခုကိုလည်း မသိမသာပြသည်။ ထောက်လှမ်းရေးလား၊ ရဲလားဟု လန့်ပြီး တက်စီသမားက ပြောလိုက်သည်။

"ဟုတ်ပါတယ် - ဆရာ။ သူတို့ထိုးထည့်ခဲ့တာ ဖြစ်မှာပါ။ ကျွန်တော်နဲ့ မဆိုင်ပါဘူး"

"အိုကေ - ဘယ်မှာဆင်းသွားလဲ"

တက်စီကားဆရာက ကြောက်လန့်တကြားဖြင့် အမှတ်အရသိသမျှ ပြော၊ မေးသမျှ ဖြေလိုက်ရသည်။ စီးသွားသော ကားနံပါတ်နှင့် ကားအမျိုးအစားကိုပါ တင်ပြမိသည်။ ထိုလူက ကျေနပ်ဟန်ဖြင့်ပြောသည်။

"လိုရင်ခေါ်မယ်၊ ခင်ဗျားကားနံပါတ်နဲ့ နာမည်၊ ဆက်သွယ်ရမယ့်အိမ်လိပ်စာ"

တက်စီကားဆရာက သူ့အကြောင်းကို တိတိကျကျ အစီရင်ခံလိုက်သည်။ ထိုလူက မည်သည့်စာအုပ်တွင်မျှ မမှတ်ချေ။ ကားတံခါးဖွင့်ပြီး ဆင်းသွားသည်။

— ☯ —

သွင်မောင်မောင်က ကိုလူသန့်နှင့် တယ်လီဖုန်းအဆက်အသွယ်တော့ နေ့စဉ်ရသည်။ လူကတော့ ရောက်မလာသေးချေ။ ကိုလူသန့်က သတ်မှတ်ပေးသောမြို့၌ အေးအေးလူလူနေရသည်မှာ ငါးရက်ပြည့်တော့မည်။ မလာလေကောင်းလေ၊ ဖိမ်တွေ့လေဖြစ်သော်လည်း စိတ်မအေးချေ။ မင်္ဂလာဂါးဒင်းဟော်တယ်တွင် နေထိုင်စားသောက်မှု အဆင်ပြေသော်လည်း အရာခပ်သိမ်းစိတ်ချရန်၊ ကိုလူသန့် အမြန်လာရန် လိုသည်ဟု ယူဆသည်။ ထိုစဉ် တယ်လီဖုန်း ဝင်လာသည်။

"ညီလေးလား"

"ဟုတ်တယ် - မလာသေးဘူးလား"

"လာပြီ - အခုမှ ကိစ္စပြတ်တယ်၊ ကိုယ့်ကိစ္စကိုယ်ရှင်းတဲ့စရိတ်တော့ နည်းနည်းကုန်တယ်။ ညရှစ်နာရီလောက် ရောက်မယ်မှတ်တယ်။ မင်္ဂလာဂါးဒင်းမှာပဲလား"

"ဟုတ်တယ် - ကျွန်တော် သီးသန့်ဆောင်မှာ ဒိုင်းဟွန်းနဲ့စီစဉ်ပြီး စောင့်ကြိုနေမယ်"

တစ်ဖက်မှ "အိုကေ" ဟုပြောပြီး ဖုန်းချသွားသည်။ သွင်မောင်မောင်က ကျေနပ်စွာဖြင့် ပြုံးလိုက်သည်။ သွင်မောင်မောင်က ဟော်တယ်တွင်းမှ တယ်လီဖုန်းဖြင့် ကောင်တာသို့ ဘွတ်ကင်လုပ်လိုက်သည်။ သီးသန့်ဆောင်တစ်ခုကို စိတ်ကြိုက်ရွေးချယ်ပြီး ညရှစ်နာရီတွင် အသင့်ပြင်ရန် လိုအပ်သည်



မစိုးရိမ်ပါနဲ့ - ဒီလူက မကျော်ကြားတဲ့ ပွဲရုံပိုင်ရှင် ဆန်စက်သူဌေးပါ။ သိပ်ပြီး အကောင်းစားတော့ မဟုတ်ပါဘူး။ သူ့ဆိုရင် ကြိုက်တယ်။ ခင်ဗျားတို့နဲ့ တွေ့တော့ ထိသွားတယ်။ ခင်ဗျားအရေက ပိုပြီးသိပါတယ်။ ဒီငွေတွေ ပြန်ရရင် ကျုပ်ကို သိန်းရှစ်ဆယ် ဆုချမယ်လို့ပြောတယ်။ ဆယ်ရာခိုင်နှုန်းပေါ့ဗျာ။

"ကျုပ် ပေါ်လာတာပါ။





www.burmeseclassic.com

www.burmeseclassic.com

များကို ပြောသည်။ သူဇာတင်ကိုလည်း ညခုနစ်နာရီခန့်တွင် အဆင့်သင့်ဖြစ်ရန် ပြောရပြန်သည်။

ညခုနစ်နာရီသာသာခန့်တွင်မှု သွင်မောင်မောင်က သူဇာတင်နှင့်အတူ သီးသန့်ဆောင်သို့ ရောက်လာသည်။ ကိုလှသန့်ကို လိုလေသေးမရှိအောင် ကြိုဆိုပြုစုနိုင်ရန် လာရခြင်းဖြစ်သည်။ ကိုလှသန့် ဝမ်းမြောက်ရွှင်လန်းစေရန် ငွေအိတ်ကို တစ်ပါတည်း ယူလာခဲ့သည်။

သွင်မောင်မောင်က စားပွဲထိုးကိုခေါ်ယူပြီး စီစဉ်ထားမှုအခြေအနေကို ပြန်လည်စီစစ်သည်။ ဒိုင်းမွန်းလေဘယ်ကို အသာစောင်းငဲ့ကြည့်ပြီး စားဖွယ်ဟင်းလျာများကို စူးစမ်းသည်။ လိုအပ်သည်များကို ဖြည့်စွက်မှာယူသည်။ သူဇာတင်ကမူ သီးသန့်ဆောင်ဘေးမှ ရေကန်ကြီးကိုကြည့်ပြီး မွေးမြူထားသောငါးများ ပျော်မြူးနေပုံကိုကြည့်လျက် ကျေနပ်နေသည်။ ညအမှောင်လရောင်အောက်တွင် ရေကန်ပတ်လည်ရှိ မီးရောင်စုံတို့က ပသာဒ ရှိလှသည်။

အချိန်အနည်းငယ်စောသေးသဖြင့် သွင်မောင်မောင်က ဝိုင်တစ်ခွက်နှင့် သူဇာတင်အတွက် အချိုရည်တစ်ဘူး မှာလိုက်သည်။ သွင်မောင်မောင်က ဝိုင်ကို တစ်ကျိုက်ငုံလိုက်စဉ် လူတစ်ဦး ရောက်လာသည်။ သွယ်လျလျခန္ဓာကိုယ် ကျစ်လျစ်မာကြောဟန်ရှိသည်။ အသက်သုံးဆယ်ခန့်ရှိမည်ဟု မှန်းရသည်။ မီးရောင်လဲ့လဲ့အောက်တွင် သူ၏ရုပ်ရည်မှာ ကြမ်းတမ်းသည်လား၊ ပြေပြစ်သည်လား တိတိကျကျ မပြောနိုင်၊ သို့သော် ထိုလူရွယ်က တိတိကျကျပြောသည်။

"ရန်ကုန်အတွက်ကိုတော်တော်စုံစမ်းရှာဖွေရတယ်ဗျ၊ ကိုယ့်ညီကဒီမှာ တွင်းအောင်းနေတော့ အစပျောက်နေတယ်၊ ကံကောင်းချင်တော့ ညီလေး ပြန်လွှတ်တဲ့ကားနဲ့ ပော်တယ်အထွက်မှာဆုံလို့ သေချာသွားတယ်"

ထိုလူက တရင်းတနှီးပြောသော်လည်း သွင်မောင်မောင် မသိချေ။ အန္တရာယ်ရှိသလို ခံစားလိုက်ရသည်။ ထိုလူက ဒိုင်းမွန်းတစ်ခွက်နှင့် အမြည်းချရန် ပြောလိုက်သည်။ သွင်မောင်မောင်က တစ်စုံတစ်ခု ဟန့်တားရန်ကြံစဉ်



ထိုလူက ကတ်ပြားတစ်ခုကိုပြပြီး အေးဆေးစွာနေရန် အချက်ပြသည်။

မှာယူသောစားဖွယ်နှင့် ယမကာရောက်ရှိသောအခါ စားပွဲထိုးကို ယဉ်ကျေးစွာ နှင်ထုတ်လိုက်သည်။ သီးသန့်ဆောင်တွင် သွင်မောင်မောင်၊ သူဇာတင်နှင့် ထိုလူတို့သာ ကျန်တော့သည်။ ထိုလူက ဒိုင်းမွန်းလေဘယ်ကို တစ်ငုံတော့အရသာခံပြီး သောက်လိုက်သည်။ ထို့နောက် ဘောင်းဘီအိတ်မှ တစ်စုံတစ်ခုကို ဆွဲထုတ်ပြီး သွင်မောင်မောင်ကို ပေးလိုက်သည်။

"တက်စီပေါ်ထားခဲ့တဲ့အိတ်လေးပါ"

သွင်မောင်မောင်က ယူပြီးဖြန့်ကြည့်လိုက်သည်။ "ကမ္ဘောဇသာက်လီမိတက်" ဟူသော ပလတ်စတစ်အိတ်လေး ဖြစ်သည်။ သူဇာတင်နှင့် သူတို့နှစ်ဦးက ငွေကို သားရေအိတ်ထဲထည့်ပြီး ငွေထုတ်ပလတ်စတစ်အိတ်ကို ထိုင်ခုံကြားတွင် အမှတ်တမဲ့ ထိုးထည့်ခဲ့ခြင်းဖြစ်သည်။ သွင်မောင်မောင်က ချွေးပြန်လာသည်။

"ခင်ဗျား - ဘယ်သူလဲ"

"အသာထားပါဦး၊ ခင်ဗျားနေရာက နစ်ဆောင်ကျော်ကို လှမ်းကြည့်လိုက်၊ မီးရောင်အောက်ကလူကို သိသလား"

သွင်မောင်မောင်၏မျက်နှာထူအမ်းအမ်းနှင့် ခေါင်းက ပတ်လောက်ကြီးသွားသည်ဟု ထင်လိုက်မိသည်။ ထိုလူကား ရန်ကုန်တွင် ကားတိုက်မှုဖြစ်စဉ် အတိုက်ခံရသော ကားပိုင်ရှင် ဖြစ်လေသည်။

"မစိုးရိမ်ပါနဲ့ - ဒီလူက မကွေးကဗျ။ ပွဲရုံပိုင်ရှင် ဆန်စက်သူဌေးပါ၊ သိပ်ပြီး အကောင်းစားတော့ မဟုတ်ပါဘူး၊ သူပိုင်ရင် ကြိတ်တယ်၊ ခင်ဗျားတို့နဲ့ တွေ့တော့ ထိသွားတယ်၊ ခင်ဗျားဆရာက ပိုပြီးသိပါတယ်၊ ဒီငွေတွေ ပြန်ရရင် ကျူပ်ကို သိန်းရှစ်ဆယ် ဆုချမယ်လို့ပြောတယ်၊ ဆယ်ရာခိုင်နှုန်းပေါ့ဗျာ၊ ကျုပ်ခေါ်ထားတာပါ"

ထိုလူက သွင်မောင်မောင်ကို အကဲခတ်သလိုကြည့်သည်။ အခြေအနေ မဟန်ပြီကိုသိသဖြင့် သွင်မောင်မောင်က ကျီးကြည့်ကြောင်ကြည့်ဖြစ်လာသည်။ သူဇာတင်ကမူ ကိုယ်လွတ်ရုန်းလိုဟန်ဖြင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ သွားတော့မယ်။ ကျွန်မနဲ့ ဘာမှမဆိုင်ဘူးနော်"

သူဇာတင်က သူမ၏လက်ပွေ့အိတ်လေးကို ကောက်ကိုင်လိုက်သည်။ သွင်မောင်မောင်က ဘာမျှပြန်မပြောနိုင်မီ သူဇာတင်က ထရပ်သည်။ ထိုလူက ပြုံးကြည့်ပြီးပြောသည်။

"သိက္ခာရှိရှိ၊ ဣန္ဒြေရရ ထိုင်နေပါ - မိန်းကလေး။ မြန်မြန်သွားချင်ရင် မြန်မြန်ပို့ပေးမယ် - ဘယ်လိုလဲ"

ထိုလူက သူ၏လက်ကိုင်ဖုန်းကိုထုတ်ပြီး ခလုတ်ဖွင့်လိုက်သည်။ သူဇာတင်ကို အကဲခတ်ကြည့်လိုက်သည်။ သူဇာတင်က အခြေအနေကို သိဟန်ဖြင့် သွင်မောင်မောင်၏ဘေးတွင် ဣန္ဒြေရရထိုင်လိုက်ရသည်။ ထိုလူက ကျေနပ်ဟန်ဖြင့် ဆက်ပြောသည်။

"ပေါက်တယ်နဲ့ လမ်းဝက အတော်လှမ်းတယ်ဗျ။ ကိုယ့်ညီ သိမှာပါ။ ဒါပေမဲ့ - ဒီပတ်ဝန်းကျင်အကြောင်း ခင်ဗျားမသိပါဘူး။ ခင်ဗျားကျော်နိုင်းထိုင်နေတဲ့ရေကန်ထဲ ခုန်ချပြေးမယ် မကြံနဲ့နော်။ အရိုင်းတွေက ခင်ဗျားလောက်နီးနီးရှိတယ်။ အခုတော့ - ငါးစာပဲ စားတယ်။ ခင်ဗျားခုန်ချမှ လူ့သားစား,မစား ကြည့်နေရဦးမယ်"

သူဇာတင် ငြိမ်သွားသည်။ သွင်မောင်မောင်နှင့် သူဇာတင်တို့မှာ မလှုပ်နိုင်၊ ကိုလှုသန့် ရောက်လာခြင်းမရှိသေးသဖြင့် စိုးရိမ်ပူပန်မိသည်။ ကိုလှုသန့် ရောက်လာလျှင် အဖြေတစ်မျိုးဖြစ်နိုင်သည်ဟု မြက်တစ်ပင်ကဲ့သို့ အားကိုးမိသည်။

"ခင်ဗျားဘေးက သားရေအိတ်အနက်မှာ အကုန်ရှိတယ်မဟုတ်လား။ ကမ်းပေးလိုက်ပါ။ သက်သေအများရှေ့မှာ ပေးချင်ရင် စီစဉ်လိုက်ပါ့မယ်။ ဘယ်လိုလဲ"

သွင်မောင်မောင်ကခေတ္တတုံ့ဆိုင်းသွားသည်။ ထိုလူကသွင်မောင်မောင်၏လှုပ်ရှားမှုကို မမှိတ်မသုန်ကြည့်နေသည်။ သွင်မောင်မောင်က ရေထဲသို့ လွှင့်ပစ်ရန်ကြံသည်။ ထိုလူကလည်းထိုအချက်ကိုတွေးမိဟန်ဖြင့် သူဇာတင်၏အနီးသို့ခုံရွှေ့ပြီး ထိုင်လိုက်သည်။ ကြည့်ရသည်မှာ လှုပ်ရှားမှုတွင် ထိုလူက



ပိုသွက်သည်ဟု ခန့်မှန်းရသည်။ ထိုစဉ်ထိုလူက သားရေအိတ်ကိုင်ထားသော သွင်မောင်မောင်ကို သူ၏တယ်လီဖုန်းကင်မရာဖြင့် ဓာတ်ပုံတစ်ပုံရိုက်လိုက်သည်။ သွင်မောင်မောင်နှင့် သူဇာတင်တို့နှစ်ယောက်တွဲကိုလည်း တစ်ပုံရိုက်ပြန်သည်။

"ခင်ဗျား - ဘာလုပ်တာလဲ"

"မှတ်တမ်းတင်တာပါ။ နောက်ထပ်နည်းနည်းကြာရင် လူအများရှေ့မှာ ခင်ဗျားငွေတွေ ရေတွက်နေပုံ ရိုက်ရမယ်နော်"

သွင်မောင်မောင်က ထိုလူကိုကြာရှည်စွာ ရပ်တန့်ပြီး ရင်ဆိုင်တုံ့ပြန်ခြင်း မပြုနိုင်သည်ကို သဘောပေါက်လာသည်။ လေးကန်စွာဖြင့် သားရေအိတ်အမည်းကိုမ,ပြီး ထိုလူရှိရာသို့ တွန်းပို့လိုက်သည်။ ထိုလူကဒွေးအေးအေးနှင့် ဆွဲယူလိုက်သည်။ အတွင်းပစ္စည်းများကို ဇေ့စပ်သေချာစွာ အလျှင်အမြန် စစ်ဆေးပြီးပြောသည်။

"ခင်ဗျားတို့တော်တော်ရင်းနှီးနေတယ်နော်။ ဘဏ်ကအထွက်ကတည်းက ခင်ဗျားတို့စုံတွဲက တက်စီနဲ့။ ခင်ဗျားဆရာက ကိုယ်ပိုင်ကားနဲ့ လိုက်တယ်။ အဆင်ပြေ လူရှုပ်တဲ့နေရာမှာ ခင်ဗျားဆရာက ကားချင်းတိုက်တယ်။ အာရုံလွှဲစဉ်မှာ ခင်ဗျားက အလစ်သုတ်တယ်။ လျှပ်တစ်ပြက်ကိစ္စမှာ မထင်မှတ်အောင် စုံတွဲခရီးသွားအဖြစ် ဖန်ဆင်းပြီး ရှောင်တိမ်းတယ်။ ခြေရာမကောက်နိုင်အောင် ကိုယ်ပိုင်ကားပြောင်းစီးပြီး ပြည်မြို့ကို လစ်လာခဲ့တယ်။ ကျွန်တော်ပြောတာ ဟုတ်ရဲ့လား"

သွင်မောင်မောင်က အသေးစိတ်မမှန်ကန်သော်လည်းပင်မအကြောင်းအရာ မှန်ကန်သဖြင့် အံ့သြရသည်။ သို့သော် တစ်ခွန်းမျှ တုံ့ပြန်မဆိုဘဲ ခပ်မဆိတ်နေလိုက်သည်။

"တိတ်တိတ်နေတာ ဝန်ခံခြင်းလို့ ယူဆရမယ်နဲ့တူတယ်။ ကျုပ်သိတာက မတော်တာဆပါ။ ခင်ဗျားလှုပ်ရှားမှုနဲ့ ခင်ဗျားဆရာရဲ့မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး စိတ်ဝင်စားမိတာပါ။ အင်း - တော်တော်တော့ ပင်ပန်းသွားဗျ"



www.burmeseclassic.com

www.burmeseclassic.com

ထိုလူက ပြောပြောဆိုဆိုနှင့် သားရေအိတ်အနက်ထဲမှ ငွေစက္ကူတစ်ထပ်ကို သွင်မောင်မောင်ဆီသို့ တွန်းပို့လိုက်သည်၊ သွင်မောင်မောင်က ထိုလူ၏ လှုပ်ရှားမှုကို ကြည့်နေစဉ် ထိုလူက ပြောသည်။

"ခင်ဗျားတို့ ကားငှားခ၊ အခန်းငှားခ၊ စားသောက်စရိတ်တွေ ရှင်းဖို့လိုမယ်နော်။ သိန်းနှစ်ဆယ်ပေးခဲ့မယ် – အဆင်ပြေမှာပါ"

သွင်မောင်မောင် ထိုငွေကို လှမ်းမယူဘဲ ပြောသည်၊

"ခင်ဗျားက ဟိုလူကို ပြန်ပေးမှာလား"

"ကျုပ်စိတ်ထဲမှာ ရှိပါတယ်"

"ခင်ဗျား – ဘယ်သူလဲ။ ဘယ်ဌာနကလဲ"

ထိုလူက သွင်မောင်မောင်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ပြုံးသည်။ သားရေအိတ်အနက်ကို လက်တစ်ဖက်ဖြင့် အသေအချာ ဆုပ်ကိုင်မ,ယူရင်း ပြောသည်၊

"ကျုပ်က ဘယ်ဌာနကမှမဟုတ်ဘူး။ ဘာကောင်မှလည်း မဟုတ်ဘူး။ ကျုပ်က သာမန်ပြည်သူတစ်ဦးပါ၊ ကတ်ပြားက သွေးလှူရှင်ကတ်ပြားပါ၊ ဒါပေမဲ့ လိုအပ်ရင်တော့ ဘယ်ဌာန ရဲစခန်းကိုမဆို အကြောင်းကြားနိုင်တယ်ဗျ"

ထိုလူက စကားအဆုံးတွင် ချာခနဲ လှည့်ထွက်သွားသည်၊ သွင်မောင်မောင်က ကြောင်ကြည့်နေသည်၊ ထိုလူက ကားကြိုကားကြား၊ သစ်ပင်ရုံနွယ်တွေကြားမှ လျင်မြန်စွာ ပျောက်ကွယ်သွားသည်၊ သွင်မောင်မောင်က ကားတိုက်ခံရသူ ဦးမောင်မောင်ကို လှမ်းကြည့်သည်။ ထိုဦးမောင်မောင်ကလည်း နာရီတကြည့်ကြည့်ဖြင့် စောင့်ဆဲဖြစ်သည်၊

ထိုစဉ် ကားရပ်နားရာနေရာမှ ကိုလူသန့် ဆင်းလျှောက်လာသည်ကို တွေ့နေရသည်၊ သွင်မောင်မောင်က "ဘယ်သို့ပြောရပ့်" ဟု ရင်လေးစွာ တွေးတောနေမိပါသတည်း။

နေမထူး



လှသစ်မောင်၊အင်းလျား

ကောင်းစံဟိန်း (ဖန်ဆင်း)

သွေးစုပ်ကောင်အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com

သေးငယ်သော်လည်း လူကို အသက်အန္တရာယ်
ပေးတတ်သည့် သတ္တဝါငယ်ကလေးများ၏အကြောင်းကို
စိတ်ဝင်စားဖွယ် ဖတ်ရှုရမည့် ...

**၁၉၇၈ ခုနှစ်၊** မိုးတွင်းကာလ ဖြစ်ပါသည်၊

ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံးမှာ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်အတွင်းသို့ စစ်ဆင်ရေး ဝင်ရောက်ခဲ့ရသည်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ ကျိုင်းတုံ - မိုင်းခတ် - မိုင်းယမ်း - မိုင်းညင်း စသည့် စစ်ဆင်ရေး နယ်မြေများအနက် မိုင်းယောင်းဒေသသည် အဆိုးဆုံး ဖြစ်၏၊ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ...၊

၁၉၇၅ - ခုနှစ်လောက်ကပင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ အရှေ့မြောက်ဒေသတွင် တပ်မ(၉၉) နှင့် ရင်ဆိုင်ထားသော ဗကဝတပ်မဟာ(၅)မှာ တိုက်ကွက်ဖော်ရန် ရှေ့တိုးသာဖြစ်လာခဲ့သဖြင့် နည်းဗျူဟာကို ပြောင်းလဲချမှတ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ရှေ့တန်းတပ်မ(၈၈)ဧရိယာအတွင်းသို့အလုံးအရင်းနှင့် ထိုးဖောက်ဝင်ရောက်လာကာ အစွန်အဖျား တပ်စခန်းများသို့ တိုက်ခိုက်လာခဲ့သည်၊ ထိုသို့တိုက်ခိုက်လာရင်း ကျေးရွာလူထုများကိုလူသစ်စုဆောင်းခြင်း၊ စပါးဆန်ရေများအားသိမ်းယူခြင်းများကိုလုပ်ဆောင်ရင်း အခြားတောင်ပေါ်ဒေသနှင့်စာလျှင် မိုင်းယောင်းဒေသသည်စပါးဆန်ရေပေါ်များပြီးအသားငါးမှာလည်း အလျှံပယ် ထွက်ရှိနေသဖြင့် ဗကပများက မျက်စိကျလာပြီး မိုင်းယောင်းဒေသသို့ ဝင်ရောက်ခြေကုပ် ယူလာခဲ့ခြင်းဖြစ်သည်၊

ထိုကဲ့သို့ ရန်သူများဝင်ရောက်လာပြီး လူသစ်စုဆောင်းခြင်း၊ ရိက္ခာဆန်များ လုယူခြင်း၊ တပ်စခန်းငယ်များအား ဝင်ရောက်တိုက်ခိုက်ခြင်းတို့ကြောင့် အစွန်အဖျားရှိ ကျေးရွာများမှ ပြည်သူများမှာ မနေဝံ့တော့ပဲ အိမ်ကြီးအိမ်ကောင်းများနှင့် လယ်ယာမြေများကိုစွန့်ကာ တပ်စခန်းကြီးများရှိရာသို့ ပြောင်းရွှေ့လာခဲ့ကြရသည်၊ ရန်သူများမှာအစွန်အဖျားရွာများကိုဖျက်ဆီး၍မအားမရဘဲ မိုင်းယောင်းကွင်းပြန့်ရှိရွာများသို့ပါ ဝင်ရောက်ပြီး လူနှင့်ရိက္ခာများ စုဆောင်းလာပြန်ရာ ကွင်းပြန့်ရှိရွာများရွာတို့မှာလည်း ဘေးလွတ်ရာသို့ ထွက်ပြေးကြရပြန်သည်၊ မိမိတို့တပ်များကလည်း အရျက်အချာရွာကြီးများအား အကာအကွယ်ပေးကာ အခိုင်အမာတပ်စွဲလျက် ထိုးဖောက်ဝင်ရောက်လာသော ရန်သူများအား ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်ချေမှုန်းကြရသည်၊

ထိုကဲ့သို့ မိမိတပ်များမှ စစ်ကြောင်းကြီးများဖြင့် လိုက်လံတိုက်ခိုက်လာသောအခါ ရန်သူက လူစုခွဲသွားပြီး ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်း မိုင်းခွဲခြင်းများ ပြုလုပ်လာခဲ့သည်၊ ရန်သူမှ ထိုကဲ့သို့ ပြုလုပ်လာသဖြင့် မိမိတို့မှလည်း စစ်ကြောင်းဖြင့် မသုံးပဲ လူစုခွဲကာ တပ်စိပ်အဆင့်ဖြင့် လှုပ်ရှားပြန်လျှင် ရန်သူက အင်အားဖြင့် ဝင်ရောက်လာပြန်သည်၊ ထိုကဲ့သို့ သူ့ခွဲကိုယ်စ နည်းဗျူဟာကို နှစ်ဖက်စလုံး အသုံးပြုကာ တွင်တွင်ကြီး လှုပ်ရှားလာခဲ့ကြသည်၊





www.burmeseclassic.com

www.burmeseclassic.com

နစ်ကြာလာသည်နှင့်အမျှ တစ်ချိန်တစ်ခါက မြစ်ဝကျွန်းပေါ်ဒေသလို ဆန်ရေစပါး ပေါများပြီး ဒုန်းပင်၊ ကွမ်းသီးပင်၊ အင်းအိုင်၊ ချောင်း၊ မြောင်း၊ ငါးကန်ပေါင်းများစွာဖြင့် အစားအသောက် သားငါးပေါများ စည်ပင်ခဲ့သော မိုင်းယောင်းကွင်းပြန့်ဒေသသည် ရွာပျက်ကြီးများ၊ လူမရှိတော့သော ဥယျာဉ်ခြံကြီးများ ဖုန်းဆိုးတောဖြစ်ကာ စစ်၏အနိဋ္ဌာရုံကို ပြသနေပေတော့သည်။ ရွာသားများမှာလည်းအချို့ဆွေမျိုးများရှိရာ တာချီလိတ် – မိုင်းဖြတ် – ကျိုင်းတုံ မြို့များသို့ဖြစ်သလိုဆင်းရဲစွာသွားရောက်နေထိုင်ကြရလေသည်။ မိုင်းယောင်းနယ်မြေ ကွင်းပြန့်ဒေသတွင် လယ်သမားများ၊ ငါးကန်လုပ်သူများ မရှိတော့သဖြင့် ဆန်ရေစပါး၊ အသားငါးများ လုံးဝပြတ်တောက်သွားပြီး ကျန်ရှိနေသူများအတွက် များစွာအခက်အခဲ တွေ့ကြရသည်။

ထိုကဲ့သို့ကျန်ရှိနေသောနယ်သူနယ်သားများအခက်အခဲဖြစ်လာသလို ကျွန်တော်တို့ တပ်စစ်ကြောင်းများမှာလည်း အသားငါး ဝယ်မရဖြစ်လာခဲ့ရသည်။ တစ်ခါတလေ ရရှိသော အသားငါးများကို ချွေတာ စားသောက်ကြရသည်။ တောင်ပေါ်များ ရွာပျက်များတွင် လှုပ်ရှားနေရသော စစ်ကြောင်းများအနေဖြင့် တောထဲကရရှိသော မျှစ်နှင့် အသီးအရွက်များကို ရက်ရှည်စားသောက်နေကြရသလိုရန်သူနောက်သို့နေ့ရောညပါလိုက်လံရှင်းလင်းနေရသဖြင့်လည်း ပင်ပန်းအိပ်ရေးပျက်ကာ အင်အားကုန်ခန်းလျော့နည်းလာခဲ့သည်။

သို့ကြောင့်ငှက်ဖျားက ဝင်ရောက်လာတတ်သည်။ မိုင်းယောင်းငှက်ဆိုလျှင် စစ်သားတိုင်းကြားရုံနှင့်ပင် အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြစ်ကြရသည်။ မသေလျှင်ရူး၊ မရူးလျှင်သေ၊ ကြောက်မက်ဖွယ်ရာမိုင်းယောင်းငှက်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရဲဘော်များပါးစပ်က နောက်ပြောင်ကာ ပြောတတ်သောစကားမှာ "သေချင်ရင် စိန်မစားနဲ့၊ မိုင်းယောင်းသွားတဲ့"၊ ဟုတ်ပါသည်။ မိုင်းယောင်းငှက်နှင့် မသေလျှင် ရန်သူထောင်ထားသော မိုင်းကြောင့် အတိုတစ်၊ အရှည်တစ် ဖြစ်ရမည်မှာ သေချာပါသည်။ ထိုကဲ့သို့ဖြစ်သွားခဲ့ရ



သော စစ်သည်များ၊ အရပ်သူ အရပ်သားများ၊ ဘုန်းကြီးရဟန်းသာမဏေများ စစ်ဘေးစစ်ဒဏ်ခံသွားခဲ့ရသည်မှာ ရာထောင်ချီ၍ ဆုံးရှုံးခဲ့ကြလေပြီ။

မိုင်းယောင်းခွင်သို့ စစ်ဆင်ရေး ဝင်ကြရမည်ဆိုသောအခါ ကျွန်တော်တို့စစ်သားများအပြင် တပ်ရင်းမှူးဇနီးအပါအဝင် အရာရှိဇနီးများနှင့် အရာခံ အကြပ်စစ်သည်များ၏ဇနီးအားလုံးမှာလည်း အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုနဲ့ ငိုမဲ့မဲ့ဖြစ်သွားခဲ့ကြရသည်။ အရင့်အရင် ကျိုင်းတုံ – မိုင်းယမ်းစစ်ဆင်ရေးများကဆိုလျှင် "မောင်ရယ် – ယိုးဒယားဖြစ် အကျီ်စ အကောင်းစားနဲ့ ပါတိတ်ဝမ်းဆက် မမေ့နဲ့နော်၊ ပြီးတော့ – မိုင်းယမ်းမှာ တရုတ်ပစ္စည်းက ဈေးချိုတယ် မဟုတ်လား၊ ခြည်လာ၊ စောင်လာ အိမ်သုံးပစ္စည်းအကောင်းစားလည်း ဝယ်ခဲ့ပါဦး" တဲ့၊ အထက်က ဖော်ပြခဲ့သော တပ်ရင်းမှူးကတော်အပါအဝင် ရဲဘော်ပေါက်စ,ကတော်အထိ ပျော်ပျော်ပါးပါး မှာကြသည်မှာ၊ ကြားကြသည်မှာ နှုတ်နဲ့တစ်မျိုး၊ စာနှင့်တစ်သွယ် လူကြုံရှိတိုင်း ထိုစကားသံများကြားရသည်မှာ နားငြီးလောက်စရာပင်။ ယခု မိုင်းယောင်းစစ်ဆင်ရေးဝင်ရမည်ဟူ၍ ကြားလိုက်ရရုံနှင့်ပင် စစ်ထွက်သူ မောင့်အတွက် ယူကျုံးမရအမှုလုံးကြွမိကာ သူ့ယောက်ျားလား၊ ငါ့ယောက်ျားလား၊ အတိုတစ်၊ အရှည်တစ်ပဲဖြစ်မလား၊ ဒီတစ်ခါ ပြန်ပင်ပါလာပါ့မလား စသည် စသည် အတွေးများနဲ့သည်းထိတ်ရင်ဖို၊ အခုပဲ ငိုရမလို၊ မျက်နှာငယ်လေးဖြစ်ကာ သမ္မုဒ္ဒေကို အခေါက်ပေါင်းများစွာရွတ်ရင်း ဘုရားကျောင်းဆောင်ရှေ့မှာမြတ်စွာဘုရားကို အပူကပ်ပြီး တတွတ်တွတ် ဆုတောင်းနေကြသော ကတော်အကြီးဆုံးမှစပြီး ဟိုအငယ်ဆုံးကတော်လေးအထိ မျက်နှာများကိုလည်း ကျွန်တော် မြင်ယောင်မိပါသည်။

— ● —

ကျွန်တော်တို့တပ်ရင်းမှာ ယခုတစ်ကြိမ်ပါဆိုလျှင် တစ်နစ်တည်းမှာ ဒုတိယအကြိမ်မြောက် မိုင်းယောင်းနယ်မြေသို့ဝင်ရောက်ခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

ပထမတစ်ခေါက် ဆောင်းဦးပေါက်ရာသီတွင် မိုင်းယောင်းနယ်မြေထဲက မိုင်းယုကော်ဟိုလွယ်ဒေသအားတာဝန်ယူခဲ့ရသဖြင့်လှုပ်ရှားစစ်ဆင်ရေးမရှိ၊ စခန်းပေါ်တွင်ထိုင်ကာ ဂိုဒေါင်ထဲက ရှိသမျှစုပုံရိက္ခာအားတစ်ပတ်စာကို (၈) ရက်စာအဖြစ် ဆန့်စားရင်း မိမိစခန်းအား ခိုင်မာသည်ထက် ခိုင်မာအောင် ပြုလုပ်နေခဲ့ကြရသည်၊ ပြောရလျှင် မိုင်းယုကော်ဟိုလွယ်ဒေသမှာလည်း ရွာဟူ၍မရှိတော့ပေ၊ မိမိတို့တပ်စခန်းကော်ဟိုလွယ်တောင်ကုန်းကြီးအောက်ခြေက မိုင်းယုတစ်ရွာသာ ရွာပြင်လယ်ကွင်းများသို့ပင် မသွားမလာရဲပဲ အိမ်တွင်နေကာ ရှိသမျှ ထိုင်စားနေရသောဘဝဖြင့် ရွာနှင့် အိမ်ကို မစွန့်ခွာနိုင်ပဲ ဆင်းရဲပင်ပန်းခံနေကြရသည်ကို တွေ့မြင်ခဲ့ရပါသည်၊

ယခု မိုးတွင်းကာလ မိုင်းယောင်းကွင်းပြန့်သို့ လှုပ်ရှားစစ်ဆင်ရေး ပြန်လည်ဝင်ရောက်ရသောအခါ အရာရှိ စစ်သည်အားလုံး၏စိတ်ဓာတ်မှာ မြေကြီးအထိ ကျဆင်းသွားခဲ့ရသည်၊ မိုင်းယောင်းကွင်းပြန့်ဒေသသည် အင်း၊ အိုင်၊ ချောင်း၊ မြောင်းနှင့် ဥယျာဉ်ခြံမြေ ပေါ်များသည့်အတွက် သွားလာရ မလွယ်ကူပေ၊ အင်းအိုင်ကြီးများ၊ ငါးကန်ကြီးများ၏ပေါင်အတိုင်းသာ သွားလို့ရသည်၊ တခြားရှောင်ကွင်းသွားရန် လမ်းမရှိ၊ အတားအဆီးများလိုဖြစ်နေသည့်အတွက် "သတ်ကွင်း"များဟု ပြောနိုင်သည်၊ သည်အတိုင်း ကန်ဘောင်များတွင် ရန်သူထောင်ထားသော မိုင်းများကလည်း ဒီခြေလှမ်းမှာ မနင်းမိလျှင် နောက်တစ်လှမ်းတွင် နင်းမိဖို့က သေချာသည်၊ ကိုယ့်ကိုယ်ကိုယ် မညာမတာပြောရလျှင် ဒီနေ့ မသေလျှင် နောက်နေ့ပဲဟု ဆုံးဖြတ်ထားကြရသည်၊ မသေပဲအတိုတစ်၊ အရှည်တစ်ဘဝဖြင့်ရဟတ်ယာဉ်ပေါ်ရောက်သွားနိုင်လျှင်တော့ အလွန်ကုသိုလ်ထူးသူဖြစ်ပါသည်၊ သို့ကြောင့်လည်း ခရီးသွားနေရင်း မျက်နှာက ဆီးရွက်လောက်ငယ်ကာ ရင်ထဲမှာ အလုံးကြီးဆို့နေသလို အားလုံး ခံစားနေကြရသည်၊



ထိုစဉ်က ကျွန်တော့်မှာ တပ်စုမှူးအဆင့်သာ ဖြစ်ပါသည်၊ တပ်ရင်းဌာနချုပ်မှ စ.ထွက်လာစဉ် တပ်စုအင်အားမှာ (၂၃) ယောက် ပါလာခဲ့သည်၊ ယခု စစ်ဆင်ရေးကာလ နှစ်လကျော် သုံးလနီးပါးကြာသောအခါ ကျွန်တော့်တပ်စုတွင် အင်အား (၁၆) ယောက်သာ ကျန်ရှိနေတော့သည်၊ မိုင်းထိသူ ရောဂါဖိစီး ခံရသူ ငှက်ဖျားကြောင့် ဆေးရုံပို့ရသူ၊ သက်ဆိုင်ရာသင်တန်းတက်ရန်ရှိသဖြင့် သင်တန်းသို့ စေလွှတ်ရသူ စသည်ဖြင့် အင်အားကလည်း တဖြည်းဖြည်း လျော့နည်းလာလျက် ရှိနေပေသည်၊

ယခု လက်ရှိအင်အား (၁၆) ယောက်မှာလည်း မိုးတွင်းကာလ စစ်ဆင်ရေးလှုပ်ရှားနေရသဖြင့် ယူနီဖောင်းများ ဒူးက ပေါက်၊ တင်ပါးက ပြဲနှင့်ဖြစ်ပြီး ထိုအပြဲနေရာမှ မှက်၊ ခြင်၊ ကျွတ်တို့ အလွယ်တကူ ဝင်မကိုက်နိုင်အောင် ရောအဝတ်စုတ်နှင့် ဖာတစ်ရာလုပ်ထားကြရသည်၊ မခိုင်ခန့်သော တောစီးဖိနပ်များ နှစ်ပိုင်းကျိုးသွားသဖြင့်လည်း ညှပ်ဖိနပ်ဖြင့် မိုးထဲ ရေထဲသွားနေကြရသည်မှာ စိတ်ပျက်စရာကောင်းလှပါသည်၊ ယူနီဖောင်းနှင့် တောစီးဖိနပ်များ သုံးလတစ်ကြိမ် ရှေ့တန်းသို့ ပို့ပေးရန် ရှိသော်လည်း လမ်းပန်းဆက်သွယ်မှု ခက်ခဲသောမိုင်းယောင်းဒေသသို့ မည်သည့်ပစ္စည်းများမှ အလွယ်တကူ ရောက်လာနိုင်ခြင်း မရှိပေ၊

ကျွန်တော်တို့ စစ်သားများမှာ ထိုကဲ့သို့ အခက်အခဲ အသက်အန္တရာယ်ကြား သည်းထိတ်ရင်ဖိုဖြစ်ခဲ့သော်လည်း သေနတ်ချင်းယှဉ်ကာ သူသေ၊ ကိုယ်သေ တိုက်ခိုက်ရမည်ကိုတော့ လုံးဝမမှုပါ၊ ကြောက်စိတ်လည်း မရှိပါ၊ စွန့်လည်း စွန့်စားရဲပါသည်၊ လက်နေးသူ ခံစမြဲသာ ဖြစ်ပါသည်၊ ယခုကဲ့သို့ သွားရင်းလာရင်း ဘာမှမမြင်ရဘဲ လမ်းပေါ်က "ဝုန်း" ခနဲ ပေါက်ကွဲပြီး "ကား" ခနဲ အသက်ဆုံးရှုံးရမည်ကိုတော့ နမြောတသ အားမလို၊ အားမရဖြင့် အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို ဖြစ်နေကြရသည်မှာ အမှန်ပင်၊ မိုင်းယောင်းကွင်းပြန့်ဒေသသည် ရန်သူ၏နှောင့်ယှက်မှုကြောင့် ရွာလုံးကျွတ်ထွက်ပြေးနေကြ



www.burmeseclassic.com

www.burmeseclassic.com

ရသဖြင့် ကျန်ရှိနေသော ဥယျာဉ်ခြံကြီးများနှင့် အိမ်ကြီးအိမ်ကောင်းများမှာလည်း ဖုန်းဆိုးတောများဖြစ်ကာ တစ္ဆေရွာလို စိတ်ချောက်ချားဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းများက ကျွန်တော်တို့အတွက် အန္တရာယ်ကြီးတစ်ခုလိုမြင်တွေ့နေကြရသည်။

ထိုကဲ့သို့ ရွာပျက်များနှင့် ဥယျာဉ်ခြံမြေလယ်ကွက်များမှာ ဖုန်းဆိုးတောကြီးဖြစ်နေသော်လည်း မည်သည့်သက်ရှိတော တိရစ္ဆာန်၊ တောကောင်များ ရှိမနေခြင်းမှာ အကြောင်းထူးတစ်ခုတော့ ရှိနေပါမည်။ နောက်မှ သိခဲ့ရသည်မှာ အချို့ရွာပျက်များနှင့် ဥယျာဉ်ခြံပျက်များဆိုလျှင် လူနှင့်သက်ရှိသတ္တဝါများ လုံးဝဝင်သွားလို့မရလောက်အောင် "ကျွတ်" များ သိန်းသန်းကုဋေမျှ များပြားစွာရှိနေကြောင်း၊ ကျွတ်များမှာ မြေပြင်တွင် ပြည့်နှက်စွာ ရှိနေသလို သစ်ပင်များ၊ ဝါးရုံဖျားများတွင်လည်း ရှိနေကြကြောင်း၊ သစ်ပင်အောက်သို့ လူနှင့်သက်ရှိသတ္တဝါများ ဝင်ရောက်လာလျှင် "ကျွတ်" များက သစ်ပင်ပေါ်မှ ရုတ်တရက်ဖြုတ်ချကာ ခုန်ချကာ ထိုလူနှင့် သတ္တဝါတိရစ္ဆာန်အား မြေပြင်ပေါ်ရှိ များပြားလှစွာသော ကျွတ်များက အလုအယက် သွေးများကို စုပ်ယူကြကြောင်း၊ တောကြောင်နှင့် ယုန်၊ ချေများဆိုလျှင် ခဏအတွင်း အသက်ဆုံးရှုံးသွားရကြောင်း၊ သစ်ပင်ပေါ်တွင်နေထိုင်ကျက်စားသော ငှက်နှင့်ရှဉ့်များကိုပင် ထိုကဲ့သို့ ဝိုင်းဝန်းတွယ်ကပ် သွေးများ စုပ်ယူတတ်သဖြင့် မည်သည့်သက်ရှိသတ္တဝါများမှ လာရောက်နေထိုင်ခြင်း မပြုဝံ့ပဲ သုံးနှစ်သုံးမိုးပင် ရှိခဲ့ပြီ၊ ကျွတ်များမှာလည်း ပေါက်ပွားချင်တိုင်း ပေါက်ပွားပြီး ကြီးစိုးနေကြကြောင်း ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အံ့ဩခြင်းကြီးစွာ ကြားသိခဲ့ရသည်။

ထိုနေရာများမှာ ရွာသူရွာသားများရှိစဉ်က ခြံပိုင်ရှင် ငါးကန်ပိုင်ရှင်များမှ နွေရာသီတိုင်းတွင် ပတ်ဝန်းကျင်တစ်ခုလုံးအား မကြာခဏ မီးရှို့ထားခြင်းကြောင့် ကျွတ်များ နာလန်မထူနိုင်ပဲ ရှိနေခဲ့ကြသည်။ ယခုအခါတွင် ရွာသားများမရှိတော့သဖြင့် ကျွတ်များ၊ မျှော့များ သောင်းကျန်းချင်တိုင်း သောင်းကျန်း





အထူး ကြောက်စရာကောင်းသည်မှာ ကျွတ်များသာ ဖြစ်၏။ ကျွတ်များမှာ စွတ်စို ထိုင်းမှိုင်းပြီး နေရောင်မထိုးသောနေရာမျိုးတွင် မရေမတွက်နိုင်လောက်အောင် များပြားစွာ ရှိနေတတ်သည်။ တန်းမြေတောင်စောင်းများတွင်လည်း အတော်များများ တွေ့ရသည်။ ”

ပြီး လှိုင်လှိုင်ကြီး မျိုးပွားလျက် ရှိနေကြလေသည်။ မိုင်းယောင်းကွင်းပြန့်တစ်ခုလုံးမှာ တောင်ခြေကုန်းမြင့်များကလွဲလျှင် အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့ဖြင့် နန်းမြေဆွေးများ၊ စိမ့်စမ်းပေါ်များသဖြင့် ကျွတ်နှင့်မျှော့တို့ ပေါက်ဖွားနှုန်း မြန်ဆန်သည်ဟု ဆိုရပေမည်။

ယခု ကျွန်တော် တပ်ခွဲမှူး လှုပ်ရှားခြေကုပ်ယူထားသော ဝမ်ကောင်းရွာနှင့် ဝမ်ယွတ်ရွာတို့မှ ကောက်စိုက်သမများမှာ ကောက်စိုက်ရာသို့ မြေအိုးကြီးတစ်လုံးတွင် ဆေးရွက်ကြီးများ ဆားရေဖြင့် ဖျော်ထည့်ကာ ယူဆောင်လာခဲ့ကြသည်။ မျှော့နှင့်ကျွတ်များ တွယ်ကပ်လာလျှင် လက်နဲ့ ဆွဲခွာပြီး ဆေးရွက်ကြီးအိုးထဲသို့ ထည့်ကြသည်ကို တွေ့ရပေသည်။ မျှော့နှင့် ကျွတ်တို့မှာ ဆေးရွက်ကြီးနဲ့ ဆားငန်ရေကို အသေအလဲ ကြောက်ရွံ့သည်၊ ထိလိုက်ရုံနှင့်ပင် အသက်ပါသွားတတ်လေသည်။

www.burmeseclassic.com

ကျွန်တော့်မှာ ရဲဘော်များအတွက် မြွေ၊ ကျွတ် အန္တရာယ်အား စိတ်ပူရသည်။ မပူ၍လည်း မဖြစ်။ ကျွန်တော်တို့ လှုပ်ရှားသွားလာရသော နေရာတိုင်းတွင် မြွေနှင့် ကျွတ်က ရှိနေသည်။ မြွေက ရေထဲမှာနေသဖြင့် သည်လောက်အရေးမကြီးပေ။ ရေချောင်းများ၊ ဗွက်အိုင်များ၊ ရိုးပျက်များဖြတ်သွားရသောအခါများတွင်သာ အတင်းလိုက်တွယ်ပြီး သွေးစုပ်လေ့ရှိသည်။ အကောင်အရေအတွက် မများသဖြင့် သိပ်ပြီး ကြောက်စရာမလို။ အထူးကြောက်စရာကောင်းသည်မှာ ကျွတ်များသာ ဖြစ်၏။ ကျွတ်များမှာ စွတ်စိုထိုင်းမှိုင်းပြီး နေပြောက်မထိုးသောနေရာမျိုးတွင် မရေတွက်နိုင်လောက်အောင် များပြားစွာ ရှိနေတတ်သည်။ ကုန်းမြေတောင်စောင်းများတွင်လည်း အတော်များများ တွေ့ရသည်။

ကျွန်တော်တို့ စစ်သားများမှာ တောထဲ၊ တောင်ထဲတွင် သွားလာပြီး ညအိပ်သောအခါတွင်လည်း မြေကြီးပေါ်ပလတ်စတစ်ခင်းပြီးအိပ်ကြရသည်။ ထိုအခါမျိုးတွင် လူနံ့ရသောကျွတ်များက ရောက်ရှိလာပြီး ဝိုင်းအုံတွယ်ကပ်သွေးများ စုပ်ယူတတ်သည်။ ပေါင်ခြံပေါင်ကြား၊ ဝမ်းဗိုက်၊ လည်ပင်း၊ နားခေါင်းပေါက်နှင့် နားရွက်ခေါင်းများသို့ ဝင်ရောက်သွေးစုပ်တတ်ကြသည်။ မောမောနှင့်အိပ်သဖြင့် ဘာမှမသိလိုက်၊ မိုးလင်းမှ ဘောင်းဘီ၊ အင်္ကျီ သွေးကွက်များကြည့်ပြီး လန့်ဖျပ်ကြရသည်။ ဘောင်းဘီ အင်္ကျီ ကိုယ်တုံးလုံးချွတ်ကာ ဒဏ်ရာများကို စစ်ဆေးရှာဖွေကြရသည်။ ဒဏ်ရာမှာ သေးငယ်သော တြိဂံပုံတွင် အပေါက်ကလေးသုံးပေါက် နီရဲသွေးစို့နေသည်ကို တွေ့ရသည်။

ရဲဘော်တစ်ဦးလျှင် ကျွတ်တွယ်သောဒဏ်ရာ ခုနစ်ခုမှ ဆယ့်ငါးခုအထိ တွေ့ရသည်။ ကျွတ်အကောင်ရေမများလို့တော်သေးသည်ဟု ပြောရပေမည်။ ခက်သည်ကသေနတ်နှဲ့လည်းပစ်မရ၊ တုတ်၊ ဓားများဖြင့်ဖြတ်ခုတ်ရှင်းလင်း၍လည်းမဖြစ်နိုင်။ ရင်ဆိုင်တိုက်ခိုက်နေရသောစကာပထက်ပင် ဆိုးဝါးနေပါရော့လားဟူ၍သာ ညည်းညူလိုက်ချင်ပါတော့သည်။



ကျွတ်နှင့်မြွေအန္တရာယ်ကို နှိမ်နင်းရန် ဆေးရွက်ကြီးကလွဲလျှင် အခြားမရှိဟု ရွာသားများပြောကြသဖြင့် ကျွန်တော့်မှာ မိုင်းယောင်းသို့ ဈေးဝယ်သွားသူများနှင့် ဆေးရွက်ကြီးတစ်ပိဿာ မှာယူပြီး တစ်စိပ် အလိုက် ခွဲဝေပေးထားခဲ့သည်။ သို့သော် ရဲဘော်တိုင်းလိုလို၊ ခြင်ထောင်အမိုးကြပ်စိုးဖွဲ့အောင် ဆေးလိပ်သောက်တတ်သဖြင့် လှုပ်ရှားစစ်ဆင်ရေးတွင် ဆေးလိပ်ပြတ်သောအခါ ကျွန်တော်ဝယ်ပေးထားသော ကျွတ်နှင့်မြွေသတ်ရန် ဆေးရွက်ကြီးများမှာ ဓားဖြင့် ပါးပါးလေး အလှီးခံရပြီး ပွတ်ရွှန်းဆေးလိပ်ဘဝဖြင့် နိဂုံးချုပ်သွားခဲ့ရသဖြင့် သွေးစုပ်ကောင်များ ရှင်းလင်းရန် အခက်အခဲကြုံတွေ့ခဲ့ရလေသည်။

— ● —

ကျွန်တော်တို့တပ်ခွဲတစ်ခွဲလုံးမှာ ဝမ်ကောင်းရွာနှင့် ဝမ်ယွတ်ရွာတို့တွင် လှုပ်ရှားခြေကုပ်ယူကာ ပတ်ဝန်းကျင် သုံးလေးမိုင်ပတ်လည်အား တစ်စုတစ်စု ထုတ်နုတ်ပြီး သုံးရက်တာရိက္ခာဖြင့် သွားရောက်ရှင်းလင်း ကင်းပုန်းဝပ်လျက် ရှိနေလေသည်။ တပ်ခွဲတွင် အရာရှိဆိုလို့ နှစ်ယောက်ရှိသဖြင့် ကျွန်တော်က ပင်တိုင်သဘော တာဝန်ယူကာ တစ်ပတ်တွင် သုံးရက်ခရီးထွက်ပြီး လေးရက်နားပါသည်။ လေးရက်နားပါသည်၊ နောက်တစ်ခါ ခရီးပြန်ထွက်လျှင် အခြေအနေ အရာ ရှိ၊ မရှိသောတပ်စုကို ဦးဆောင်ကာ သုံးရက်တာရိက္ခာဖြင့် ခရီးထွက်ရသည်။ တပ်စုများသာ နားရသည်။ ကျွန်တော်က သိပ်မနားရပေ။

ထိုသို့ဖြင့် ခရီးထွက်ရန် ပြင်ဆင်နေသောတစ်နေ့၊ နေ့လယ်နှစ်နာရီခန့်တွင် ကျိုင်းတုံဘက်မှလာသော ရဟတ်ယာဉ်တစ်စီးမှာ ကျွန်တော်တို့အပေါ်မှ ဝဲပျံလာပြီး မိုင်းယောင်းဗျူဟာကုန်းရှိရာသို့ ဆင်းသက်လေသည်။ ထိုသို့ ရဟတ်ယာဉ် မိုင်းယောင်းသို့ ဆင်းသက်လာလျှင် အကြောင်းတစ်ခုတော့

www.burmeseclassic.com

ထူးပါသည်။ အထက်လူကြီးတစ်ဦးဦးမှ စစ်ဆင်ရေးညွှန်ကြားချက်နှင့် ပါတီကောင်စီများသို့ ညွှန်ကြားချက်ပေးရန်နှင့် အခြားတစ်နည်းမှာ အရေးကြီးလူနာ ကောက်ယူရန် ဖြစ်ပါသည်၊ သို့ကြောင့်လည်း အကြောင်းထူးသိလိုသဖြင့် ကျွန်တော်တို့တပ်ရင်းစစ်ကြောင်း (၁)ရှိရာ ဗျူဟာကုန်းနားက ဟိုခဲရွာသို့ ဆက်သွယ်ရေးစက်ဖြင့် မေးမြန်းကြည့်ရာ ....။

ဝမ်ပိုးရွာနှင့်ဝမ်တီယုရွာအကြားဥယျာဉ်ခြံအတွင်းကင်းပုန်းဝပ်နေသော တပ်စိပ်မှ တပ်သားစိန်မြင့်မှာ "ကျွတ်" အကောင်ငါးရာခန့် ဝိုင်းဝန်း ကိုက်ခဲသွေးစုပ်ခံရသဖြင့်မနက်ခြောက်နာရီကပင် ယခုအထိ သတိမရဘဲ ဟစ်ကိုယ်လုံး သွေးမရှိတော့သလို ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး ဗျူဟာဆေးရုံမှာ သွေးသွင်းထားရကြောင်း ယခု ရဟတ်ယာဉ်မှာ တပ်သားစိန်မြင့် အရေးကြီးလူနာအား လာခေါ်ခြင်းဖြစ်ကြောင်း သိလိုက်ရပါသည်၊

ထိုသတင်းအားကြားလိုက်ရရုံနှင့်ပင် ကျွန်တော်ကြက်သီးမွေးညင်းများ ထ.သွားရပါသည်၊ ကျွန်တော် ယခု သွားရောက်ရမည့်နေရာသည် ကျွတ်အလွန်ပေါသောနေရာဖြစ်ကြောင်း ကြားသိထားရသဖြင့် မိမိအတွက်ရောရဲဘော်များအတွက်ပါ ရင်ထဲက အလွန်ပင် စိုးရိမ်သွားမိသည်၊ ရှင်းရှင်းပြောရလျှင် စစ်မြေပြင်တွင် ရန်သူနှင့် နပ်လား၊ ငါလား တိုက်ခိုက်ရင်း ကျဆုံးသွားသည်မှာ မိဘဆွေမျိုး ဂုဏ်ယူကြရဦးမည်၊ ယခုမူ ဘာမဟုတ်သည့် "ကျွတ်" များက ဝိုင်းဝန်းသွေးစုပ်၍ သေဆုံးရမည်ဆိုလျှင် မိဘဆွေမျိုး ဂုဏ်ယူစရာဝေးစွ၊ လူကြား၍မှ မသင့်တော်သောကိစ္စပင်ဖြစ်သည်၊ ခက်နေသည်က လူတွေ ပြောဆိုနေကြသည့် "ခရုကို ခါးတောင်းကျိုက် ဖမ်းဦးမလား" ဆိုသော စကားနှင့် ပြောင်းပြန်ဟု ထင်ပါသည်၊ ယခု ခရုထက် အနည်းငယ်သာသော သတ္တဝါနှင့်တော့ တွေ့နေရပြီ၊ ခါးတောင်းကျိုက်၍ ဖမ်းရမည်လား၊ မဖြစ်နိုင်ပါ၊ ကျွန်တော်တို့အတွက် ရယ်စရာ အတော်ကောင်းပါသည်၊ ခါးတောင်းကျိုက်ပြီး ပြေးရမှာကတော့ အသေချာဆုံးသာ ဖြစ်နေပါတော့သည်၊



ကျွန်တော့်မှာ ကျွတ်အန္တရာယ်အတွက် အတော်ပင် ရင်မအေးဖြစ်ရသည်၊ ခါတိုင်း စစ်ဆင်ရေးများတွင် ထုတ်ပေးလေ့ရှိသော ခြင်မကိုက်လိမ်းဆေး ရပီတိုကလည်း မိုးတွင်းမှာမှ မရဖြစ်နေပြန်သည်၊ ဝယ်ယူထားသော ဆေးရွက်ကြီးမှာလည်း သူကောင်းသားများ ဖွာရှိုက်လုပ်ပစ်လိုက်ကုန်ပြီဆိုတော့ ဒီကျွတ်သတ္တဝါ ကာကွယ်ရန် ဘာမှမရှိ၊ ရင်တမမနဲ့ ရွာသားအချို့ထံတွင် လိုက်လံတောင်းယူရာ သူတို့တွင် ရှိစုမဲ့စု ခါးလှီးဆေးမှုန့် အနည်းငယ်စီ ပေးကြသဖြင့် ကျေးဇူးတင်ကာ ဝမ်းသာခဲ့ရပါသည်၊ မိုးက ကုန်လုကုန်ခင် စက်တင်ဘာလသို့ ရောက်နေပြီဖြစ်သဖြင့် မိုးတွင်းကလို နေရာတိုင်းမှာ ရွှံ့ဗွက်နဲ့ မိုးရေများ မရှိတော့ပဲ အချို့နေရာတွင် မြေကြီးများ မာတင်းလာသဖြင့် သွားရေး၊ လာရေး၊ ညအိပ်စခန်းချရေးအတွက် အသင့်အတင့် ကောင်းမွန်လျက်ရှိနေပေသည်၊ သို့သော်ကျွတ်အန္တရာယ်က လျော့နည်းသွားခြင်းတော့ မရှိသေးပေ၊

ကျွန်တော့်တပ်စုခရီးထွက်ရန် ပြင်ဆင်နေချိန်တွင် တပ်ခွဲမှူးကိုယ်တိုင် ရောက်ရှိလာပြီး ယခုသွားရမည့်ခရီးစဉ်အား ခွေတ္တပယ်ဖျက်ရန်နှင့် မနက်ဖြန် တပ်ရင်းမှူးကြီး လာရောက်ပြီး တပ်ခွဲတစ်ခွဲလုံးအား စကားပြောရန်ရှိကြောင်း ပြောပါသည်၊ ထို့ကြောင့်လည်း ကျွန်တော့်မှာ စစ်သည်များအား သူ့နေရာနှင့်သူပြန်သွားစေပြီး တပ်ခွဲမှူးနှင့်ကျွန်တော့်မှာ တပ်ရင်းမှူးရောက်ရှိလာပါက တင်ပြရန် အချက်အလက်များအား ထုတ်နုတ်ကာ ရေးမှတ်ကြရတော့သည်၊ ကျွန်တော်၏တင်ပြရန်မှာ စစ်သည်များအတွက် ယူနီဖောင်း၊ တောစီးဖိနပ်နှင့် ခြင်မကိုက်လိမ်းဆေးတို့ဖြစ်ကြောင်း "ကျွတ်" အန္တရာယ်များအကြောင်းလည်း ပါဝင်လေသည်၊

နောက်ခနေ့ နေ့လယ် ဆယ့်နှစ်နာရီခန့်တွင် တပ်ရင်းမှူးကြီး ရောက်ရှိလာပြီး တပ်ခွဲတစ်ခွဲလုံးအား စကားပြောသည်မှာ စစ်ဆင်ရေးအခြေအနေတို့နှင့် ယခုတွေ့ကြုံနေရသော "ကျွတ်" အန္တရာယ်အကြောင်းတို့ ပါဝင်ပါသည်၊

www.burmeseclassic.com

www.burmeseclassic.com

ကျွတ်ဆိုသော သတ္တဝါအားပေါ့ပေါ့တန်တန်သဘောမထားပဲလေးလေးနက်နက် ဂရုစိုက်ကြရန် မှာကြားပါသည်။ လက်ရှိအခြေအနေအရ ကျွတ်သတ္တဝါအား ကျွမ်းကျင်သူ ဆေးဘက်ဆိုင်ရာများနှင့် ပူးပေါင်းပြီး အကြမ်းဖျင်း လေ့လာကြည့်ရာတွင် မီးခြစ်ဆံလောက် အရွယ်အစားရှိသော ကျွတ်တစ်ကောင်၏တွယ်ကပ်ပြီး စတင်သွေးစုပ်ချိန်မှ သွေးဝချိန်ထိ၊ တစ်မိနစ်ခန့်ကြာကြောင်း။ သွေးဝနေသော ကျွတ်များကို ချိန်တွယ်ကြည့်တဲ့အခါမှာ ဆယ့်ငါးကောင်ဆိုလျှင် တစ်ဆယ်ကျပ်သား ပျမ်းမျှတွေ့ရသည်၊ လူတစ်ယောက်ကို ကျွတ်ဆယ့်ငါးကောင်ကိုက်လျှင် လူ့ခန္ဓာကိုယ်မှ သွေးတစ်ဆယ်ကျပ်သားခန့် လျော့နည်းကုန်ခမ်းသွားနိုင်ကြောင်း၊ ဒီထက်မကဘဲ ကျွတ်အကောင်တစ်ရာ့ငါးဆယ်သာ တကယ်သွေးဝအောင် စုပ်သွားမယ်ဆိုရင် ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ သွေးတစ်ပိဿာ ကုန်ခမ်းသွားမှာ အမှန်ပဲဖြစ်တယ်။

"တို့ ဒီမှာ တွေ့ကြုံနေရတာက ရဲဘော်တိုင်းလိုလို လူပ်ရှားသွားနေရင်း ကျွတ် ဆယ်ကောင်၊ ဆယ့်ငါးကောင်ကတော့ အကိုက်ခံရကြတာချည်းပဲ။ ဒါပေမဲ့ - ဒီကိုက်တဲ့ ကျွတ်အကောင်တိုင်းဟာ သွေးမဝခဲ့လို့ ဘာမှသိသိသာသာ မဖြစ်ခဲ့ကြတာ။ တစ်နေ့က စိန်မြင့်လို ကျွတ်အကောင်ရေ သုံးလေးရာဝိုင်းကိုက်ခံရတာမျိုးဆိုရင် ကျွတ်အားလုံးကလည်း သွေးဝပြီး ပူစီဖောင်းလိုဖြစ်သွားကြမယ်ဆိုရင်တော့ အရိုးနဲ့ အသားကပ်သွားပြီး အဲဒီနေရာမှာပဲ ကိစ္စချောသွားနိုင်တယ်၊ အဲဒါကြောင့် ကျွတ်အန္တရာယ်ကို မပေါ့ဆဖို့လည်း အရေးကြီးတယ်၊ ရှင်းရှင်းပြောရမယ်ဆိုရင် ဒီမှာရင်ဆိုင်နေရတဲ့ ဗကပ အန္တရာယ်ထက် ကြီးတယ်ဆိုတာလည်း မှတ်ထားဖို့လိုတယ်"

"ပြီးတော့ - ကျွတ်ကိုက်သွားတဲ့ဒဏ်ရာကို ကြည့်မယ်ဆိုရင် သေးငယ်တဲ့သွားသုံးချောင်းရာ၊ တြိဂံလေးလို နီရဲပြီး သွေးစို့ကျန်နေတယ်။ ခပ်ကြီးကြီးအကောင်များ စုပ်ယူသွားတဲ့နေရာဆိုရင် သွေးတော်တော်နဲ့ မတိတ်ပဲရှိတတ်တယ်။ ကျွတ်များသွေးစတင်စုပ်ယူတဲ့အခါမှာ သူတို့ရဲ့ခန္ဓာကိုယ်တွင်းမှာရှိတဲ့ အရိအရွဲတွေ ထွက်လာပြီး ကိုက်ဖောက်ထားတဲ့ဒဏ်ရာ အပေါက်ငယ်မှာလာထိပါတယ်၊ ဒီအရိအရွဲ ချွဲချွဲပျစ်ပျစ်အရည်ဟာ အဆိပ်ရည်လို့ပြောလို့ရတယ်၊ ယားယံလာပြီး ကုတ်ရင်းနဲ့ အနာဖြစ်တတ်ပါတယ်၊ ခပ်ကြီးကြီးကောင်များ သွေးစုပ်နေတုန်း ဆွဲခွာမိရင် ဒဏ်ရာနှုတ်ခမ်းသားများ ပွန်းပဲ့ကာ အနာရင်းလာတတ်တယ်၊ အဲဒါကြောင့် ကျွတ်ကိုက်သွားတဲ့နေရာကို အရက်ပျံ့နှစ်ကြိမ်၊ သုံးကြိမ် လိမ်းပေးဖို့လိုတယ်၊ ဒီဒေသလူတွေကတော့ ဆေးရွက်ကြီးအရည်နဲ့ ဆားငန်ရည်ကို သုံးတယ်၊ အနာလည်း မရင်းလာဘူး၊ ဆေးရွက်ကြီးအရည်နဲ့ ဆားငန်ရည်ဟာ ကျွတ်နဲ့ မျှော့တို့အတွက် ထိရှနိုင်သေတဲ့ သေမင်းတမန်ပဲ"

ဟု တပ်နှင့် ဆေးအဖွဲ့တို့ အကြမ်းဖျင်း "ကျွတ်" လေ့လာချက်အား တပ်ရင်းမှူးကြီးက ရှင်းပြသွားခဲ့သည်၊ တပ်ရင်းမှူး ရှင်းပြသည့်အထဲတွင် ကျွတ်အများကြီး ဝိုင်းအကိုက်ခံရတဲ့အခါ ထိတ်လန့်ခြင်းကြောင့် နလုံးခုန်ခြင်း၊ နလုံးသွေး ရပ်တန့်သွားခြင်း စသည့် ခန္ဓာဗေဒဆိုင်ရာ အချက်အလက်များလည်း ပါဝင်ပါသည်၊ ညနေစောင်း သုံးနာရီခန့်တွင် တပ်ရင်းမှူးတို့အဖွဲ့ ပြန်လည်ထွက်ခွာသွားကြလေသည်။

— ● —

ကျွန်တော့်တပ်စုမှာ မီးမိုးတိတ်ရိက္ခာ နှစ်ရက်စာဖြင့် ခရီးထွက်လာခဲ့ကြသည်။ ခရီးသိပ်အဝေးကြီးတော့ မဟုတ်ပါ၊ တပ်ခွဲမှူးရှိနေသော ဝမ်ယွတ်ရွာ အရှေ့ဘက်၊ သုံးလေးမိုင်ခန့်ဝေးသော ဝမ်တုံးရွာပျက် အရှေ့ဘက်တောင်ကြောပြန့်ပြန့်လေးနေရာသို့ ဖြစ်ကြသည်။ ထိုနေရာတစ်ဝိုက်မှာ ရန်သူများ ဝမ်တုံး၊ ဝမ်ရှန်ဘက်သို့ ဖြတ်သွား ဖြတ်လာလုပ်နိုင်သောနေရာဖြစ်သဖြင့် ထိုနေရာအား မြေပုံမြေပြင်တွင် လေ့လာပြီး ရွေးချယ်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

ထိုနေရာသို့ ရောက်ရှိသွားချိန်တွင် အတော်ပင် မှောင်နေလေပြီ၊ တပ်စိမ်အလိုက်၊ ပစ်ပိုင်နယ်များ သတ်မှတ်ပေးပြီး ညဆယ်နာရီအထိ အသင့်နေရာယူခြင်းဖြင့် စောင့်နေခဲ့ကြသည်၊ ထိုသို့ စောင့်ဆိုင်းနေစဉ်မှာ ခြင်ထောင်ထဲမှ စောင့်ရခြင်းသာ ဖြစ်သည်၊ ညဥ့်နက်လာသည်နှင့်အမျှ တောခြင်ကျားကြီးများက ငှက်ကြီးဝန်ပိုနီးပါးရှိပြီး ဗီယက်နမ်စစ်ပွဲမှာအမေရိကန်တိုက်လေယာဉ်များ အုပ်ဖွဲ့ပျံသန်းလာသလို၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ တဝေါဝေါဖြင့် ဝိုင်းအုံရောက်ရှိလာကြသဖြင့် ခြင်ကျားကြီးများ အကိုက်မခံရအောင် အတော်ပင် ကာကွယ်နေကြရသည်၊ ခြင်ထောင်အပြင်ဘက်မှာ မကြားဝံ့အောင် ဒေါသသံ တဝီဝီပေးပြီး အသင့်စောင့်နေကြသည်မှာ အသည်းယားဖွယ် ဖြစ်ပါသည်၊

တောခြင်ကျားများမှာ အကောင်ကြီးသဖြင့် ခြင်ထောင်အတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိသော်လည်း အပ်ဖျားလောက် အကောင်သေးငယ်သော ဖြုတ်အုပ်များမှာ အတော်ပင် ဖွဲ့ကောင်းကြသည်၊ အခြင်ထောင်အပေါက်ကလေးမှမရ၊ အရထိုးခွေ့ဝင်ရောက်ကာ ကျွန်တော်တို့အား ချေမှုန်းကြသည်၊ အကျီဘောင်းဘီပေါ်မှတစ်ဆင့် ခန္ဓာကိုယ်အတွင်းမှ သွေးများကို ရှုစိတ်ထိုးအောင် လျင်မြန်သော နှုန်းထားဖြင့် ကိုက်မျိုစုပ်ယူကြကုန်သည်၊ ဆံပင်ထဲလည်း ဝင်သည်၊ နှာခေါင်းပေါက်နှင့် နားရွက်တွင်းထဲလည်း ရောက်သည်၊ သွေးစုပ်ကောင်အန္တရာယ်ကြောင့် တရှန်းရှန်း ပွတ်သပ်ဖယ်ရှားရင်း တစ်ညလုံး မအိပ်လိုက်ရပေ၊

တစ်ညလုံး ဒုက္ခခံစားခဲ့ရသမျှ နေ့ခင်းဘက်တွင်လည်း မနားခဲ့ရပေ၊ ရန်သူများ ဖြတ်သွားဖြတ်လာလုပ်နိုင်သော လမ်းကြောင်းနေရာများ ရှာဖွေရင်း တစ်နေကုန်ခဲ့ရသည်၊ ညမိုးချုပ်လာမည်ကိုလည်း အလိုလို ရင်ဖိုနေမိသည်၊ ထိုသို့နှင့် နှစ်ညနှစ်ရက် ကုန်လွန်ပြီး ညနေသုံးနာရီခန့်တွင် တပ်ခွဲမှူး



ရှိရာ ဝမ်ယွတ်ရွာသို့ပြန်လာခဲ့ကြသည်၊ ဝမ်ကိုးလုံ့ရွာပျက် မြောက်ဖျားမှ ဖြတ်ဆင်းလိုက်သည်၊ တစ်ခါမျှ မသွားဘူးသဖြင့် လမ်းကြောင်းက မမှန်ချင်၊ ထင်ထားသည့်အတိုင်းမဟုတ်၊ သို့သော် အရမ်းကြီးတော့ လမ်းမှားသွားစရာအကြောင်းမရှိ၊ ညာဘက်ခြမ်းရှိ လယ်ကြားမြောင်းတွင် ရေတွေ ပြည့်လျှံနေသည်၊ ဘယ်ဘက်ကိုက်တစ်ရာခန့်တွင် ဥယျာဉ်မြေကို စည်းရိုးသဘောပြုလုပ်ထားသော အကျယ်တစ်လံနှင့်အနက်မှာ လူကြီးလက်ခုပ်တစ်ဖောင်ခန့်ရှိမည့် တူးမြောင်းပေါင်းကြီးတစ်ခု၊

ထိုအတားအဆီးနှစ်ခုကြားအလယ်တွင် ကိုက်တစ်ရာပတ်လည်ခန့်ကျယ်ဝန်းသော ဝါးပိုးဝါးနှင့် အခြားဝါးများ စိုက်ပျိုးထားသော ဝါးဥယျာဉ်အတွင်းမှ ကျွန်တော်တို့ ဖြတ်သွားရန်သာ ရှိပါသည်၊ ဝါးရုံတောမှာ အောက်ခြေရှင်းသော်လည်း မြေကြီးပေါ်တွင် ဝါးရွက်ခြောက်အဟောင်းအဆွေးများ ထူထပ်စွာ ပြည့်နှက်နေသည်၊ ထိုဝါးရုံတောကို ဖြတ်လိုက်လျှင် ဝမ်ယွတ်ရွာအရှေ့ဘက်က ရေချောင်းအနီး လယ်ကွင်းအစပ်သို့ ရောက်ရှိပေမည်၊ သို့ကြောင့်လည်း ဤလမ်းကြောင်းအား ခန့်မှန်းပြီး ရွေးချယ်ခဲ့ခြင်း ဖြစ်ပေသည်၊

ထိုဝါးရုံတောအစပ်သို့ရောက်ရှိသွားသောအခါ အားလုံးမျက်လုံးများမှာ ဒီးကွက်ကဲ့သို့ ပြူးကျယ်သွားပြီး သည်းထိတ်ရင်ဖို ဖြစ်သွားကြရလေသည်၊ မြင်လိုက်ရသည်မှာ ကိုက်တစ်ရာပတ်လည်ခန့်ရှိသော ဝါးတောများအောက်တွင် ဝါးရွက်ခြောက်တွေပေါ်မှာရော၊ မြေကြီးတွေမှာပါ ပြည့်နှက် ကြပ်သိပ်စွာဖြင့် မတ်တတ်ရပ်ပြီး စောင့်ဆိုင်းရင်း သိန်းသန်းကုဋေမက သွေး ဆာနေသော ကျွတ်အုပ်ကြီးကို တွေ့လိုက်ကြရလေတော့သည်၊

မြင်လိုက်သည်နှင့်ပင် ရဲဘော်များ၏မျက်နှာမှာ ဆီးရွက်လောက်ငယ်သွားပြီး အူများပင် တဆတ်ဆတ် တုန်သွားကြရသည်၊ ကျွန်တော့်မှာ မနေ့က

www.burmeseclassic.com

တပ်ရင်းမှူးပြောသွားသောစကားအား ချက်ချင်းကြားယောင်လာမိသည်။ "ကျွတ် ဆယ့်ငါးကောင်ကိုက်မိပြီး သွေးဝသွားလျှင် လူ့ခန္ဓာကိုယ်ထဲမှ သွေး တစ်ဆယ်ကျပ်သား၊ ဒီထက်မက အကောင်တစ်ရာ့ငါးဆယ်ဆိုလျှင် သွေး တစ်ပိဿာ" တဲ့။ ကျွတ်များဝိုင်းဝန်းစုပ်ယူနေသည်ကိုမြင်လာမိသလို၊ ကြက် သီးမွေးညင်းများပင် ထ,လာမိလေတော့သည်။

ယခုကျွန်တော်တို့ဤဝါးရုံတောအားမလွဲမသွေဖြတ်သွားရမည်ဆိုလျှင် သွေးဆာနေသော ကျွတ်အကောင် ငါးဆယ်လောက် အကိုက်ခံရမည်မှာ သေချာနေပါသည်။ ဦးဆောင်သူ ကျွန်တော်မှ အကောင်ရေ အနည်းဆုံး အကိုက်ခံပြီး အောင်မြင်စွာ ဖြတ်သွားရေးမှာ အရေးကြီးသည်။ သို့အတွက် စီစဉ်တွက်ချက်ရတော့သည်။ အကွာအဝေးကိုက်တစ်ရာလျှင် ရိုးရိုးခြေလှမ်း တစ်ရာ့နှစ်ဆယ် ပုံသေနှုန်းဖြစ်ပြီး ထိုကိုက်တစ်ရာအား မာရသွန်နှုန်း ပြေး မည်ဆိုလျှင် ခြေတစ်လှမ်းကို ခြောက်ပေနှုန်း အကြမ်းဖျင်းတွက်လျှင် ခြေ လှမ်း ငါးဆယ်ရရှိမည်။ ခြေတစ်လှမ်းလျှင် တစ်ကောင်နှုန်းဖြင့် အကောင် ငါးဆယ် မလွဲမသွေ အကိုက်ခံရပေဦးမည်။ အကောင်တိုင်းတော့ သွေးဝ နိုင်မည်မဟုတ်။ အနည်းဆုံးနည်းလမ်းကိုထပ်မံရှာကြံရမည်၊ ရဲဘော်တိုင်းသို့ မားလိုးဆေးရွက်ရေစိမ်ပြီး ချွေးသုတ်ပုဝါဖြင့် ထုပ်ပေးထားသည်ကို သတိရ မိသည်၊ ထို့ကြောင့် ရဲဘော်အားလုံး ဆေးရွက်ကြီးအရည်ညှစ်ပြီး တစ်ကိုယ် လုံး သုတ်လိမ်းစေပြီး ထိုကွက်လပ်အား မာရသွန်အပြေးဖြင့် ဖြတ်ကျော်ရန် ရင်ပေါင်တန်းဖြန့်လိုက်သည်။ ခရာသံအချက်ပေးနှင့်အတူ တစ်၊ နှစ်၊ သုံး၊ ရှိ စတင်ပြီး အသက်လုကာ ပြေးကြပါတော့သည်။

ဝါးရုံတော၏အနောက်ဘက်သို့ရောက်သွားသောအခါ လူစုံ၊ မစုံကိုပင် မစစ်နိုင်သေးပဲ ကိုယ့်ကိုယ်ပေါ်တွင် အသည်းယား ထိတ်လန့်ဖွယ်ရာ တွား တက်ရောက်ရှိနေသော ကျွတ်များအား စစ်ဆေးပွတ်ချနေကြရသည်။



နောက်ဆုံးမှ အိပဲ့အိပဲ့ဖြင့် မောပန်းစွာ ပြေးလာသော ရန်ကုန်သားကြည်ဝင်း အား တွေ့လိုက်သဖြင့် ကျွန်တော် အလွန်စိုးရိမ်သွားမိပြီး "ဟေ့ကောင် ကြည်ဝင်း - မြန်မြန်ပြေး - မြန်မြန်ပြေး" ဟု လှမ်းအော်လိုက်သည်။ တပ်သား ကြည်ဝင်း ကျွန်တော့်အနား ရောက်လာစဉ်မှာ မောလည်းမော၊ ကြောက် လည်း အလွန်ကြောက်ရွံ့နေသဖြင့် ကွင်းအစပ်သို့အရောက်တွင် "ဝုန်း" ခနဲ ပစ်လဲသွားပါတော့သည်။ ကျွန်တော်တို့စစ်သည်အားလုံးမှာ မိမိကိုယ်ပေါ်မှ ကျွတ်များကိုဂရုမစိုက်နိုင်တော့ပဲ တပ်သားကြည်ဝင်းကိုယ်ပေါ်မှ မည်းပြောင် အုံခဲနေသောကျွတ်များကိုကြည့်ပြီး စိုးရိမ်ကာ ဆေးရွက်ကြီးရေစိုအဝတ် ထုပ်ဖြင့် ကျွတ်များအား ပွတ်ချရှင်းလင်းပေးကြရသည်။ ကြည်ဝင်းမှာ လုံးဝ သတိမရတော့ပဲ ရှိနေသဖြင့် စောင်ကြားဖြင့် ထမ်းစင်လုပ်ကာ ထိုနေရာမှ အမြန်ဆုံး ဆွဲထုတ်လာခဲ့ရသည်။

တပ်သားကြည်ဝင်းကိုယ်ပေါ်မှာ ကျွတ်အကောင် သုံးရာခန့် တွေ့ရပြီး တချို့မှာ အဝမ်းမရ သွေးစုပ်နေသလို တချို့ကလည်း သွေးစုပ်ဖို့ သွေးကြော ရှာရင်း တယမ်းယမ်း အလျှင်အမြန် ထောက်လှမ်းရေးလုပ်နေကြသည်ကို တွေ့ရသည်။ ဝတ်ထားသော ယူနီဖောင်းအား ချွတ်လိုက်သောအခါ ဒူးကောက်ကွေးနှစ်ဖက်နေရာနှင့်ပေါင်းရင်း၊ ပေါင်းတွင်းသားတစ်လျှောက်မှာ အကောင်လေးဆယ်ခန့် တွယ်ကပ်ဆွဲစုပ်နေသည်ကို တွေ့ရပြန်သည်၊ တချို့မှာ သွေးဝပြီး ပူဖောင်းနေကြပြီ။ အားလုံးကို ဆေးရွက်အရည်ထုပ်ဖြင့် ဆွဲငင်ပွတ်ချလိုက်သောအခါ အတွင်းသားဒဏ်ရာများမှ သွေးမတိတ်ဘဲ သွေးတွေတစီစီပန်းထွက်လာနေသဖြင့် အလွန်ပင် စိုးရိမ်မိကာ တပ်ခွဲမှူးရှိရာ ဝမ်ယွတ်ရွာသို့ အမြန်ဆုံးထမ်းခေါ်လာခဲ့ရသည်။

ရွာသို့ရောက်သောအခါ တပ်ခွဲမှူးအား အကြောင်းစုံ တင်ပြလိုက်ပြီး ကျွတ်ကိုက်လူနာ တပ်သားကြည်ဝင်းကိုလည်း စစ်ကြောင်း(၁) တပ်ရင်းမှူး



www.burmeseclassic.com

www.burmeseclassic.com

ရှိရာ ဗျူဟာကုန်းသို့ တပ်စုတစ်စုဖြင့် အမြန်ဆုံး ပို့ဆောင်ပေးလိုက်သည်။ ထိုသို့လူနာပို့ဆောင်ပေးရသည့်အကြောင်းကိုဆက်သွယ်ရေးစက်ဖြင့်လည်း ကြိုတင်အကြောင်းကြားထားလိုက်လေသည်။

ထိုကဲ့သို့ကြောက်မက်ဖွယ်ရာ အန္တရာယ်ဆိုးတစ်ခုအဖြစ် ဘယ်သူကမှ ထင်မှတ်မထားခဲ့ဘူးသော "ကျွတ်" ဆိုသော သွေးစုပ်သတ္တဝါမျိုးသည် အချိန်အခါဒေသအခြေအနေအရလူသားများနှင့် သက်ရှိတိရစ္ဆာန်များကိုအသက်ဆုံးရှုံးစေနိုင်သည်အထိ သွေးများ လျင်မြန်စွာ စုပ်ယူဒုက္ခပေးနိုင်သော အမြဲသွေးဆာသတ္တဝါမျိုးအဖြစ် အသည်းတထိတ်ထိတ်၊ ရင်တဖိုဖိုဖြင့် ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။

သမ္မေသစ္စာနုဂ္ဂဟမှန်မှ

✯ ကောင်းစံဟိန်း (ပန်နေဝန်း)

# စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်းစသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း



www.burmeseclassic.com

ဘိုးဘွားစဉ်ဆက် ပိုင်ဆိုင်သောရတနာများကို ရှာဖွေရာမှ တွေ့ရှိလာသောအခါ မထင်မှတ်ဖွယ်ဖြစ်ရပ်များနှင့် ရင်ဆိုင်လာရတော့သည်။

သူမြင်တွေ့သမျှ အရာဝတ္ထုအားလုံးက ရုတ်တရက် နာကျင်မှုနှင့်အတူ ဝေဝါးမှောင်မိုက်သွားသည်။ သို့တိုင် သူ့အသိအာရုံထဲတွင် ပြက်ပြက်ထင်ထင် မြင်နေရသည်သည်က မနိူ့တရိုအပြုံးစ နောက်ကွယ်တွင်ရှိနေသည့် ကောက်ကျစ်စဉ်းလဲသည့် လူတစ်စု။

သူ နာကျင်စိတ်ဖြင့် အံတင်းတင်းကြိတ်လိုက်မိသည်။ ရုတ်ခြည်းထွက်ပေါ်လာသည့် အသံလှိုင်းက နားစည်တွင် လှိုင်းထနေသည်။ ဒီကောင့်ကိုမေးမရရင်အပြတ်ရှင်းကွာဟု ခက်ထန်စွာပေါ်လာသည့်အသံလှိုင်းနှင့်အတူ သူ အမှောင်ထုကမ္ဘာထဲသို့ နက်နက်ရှိုင်းရှိုင်း ရောက်သွားမိပြန်သည်။

—♦═



"ကိုကံထူးမောင် - ကိုကံထူးမောင်"

သူ မည်မျှ လောကကြီးနှင့် အဆက်အသွယ်၊ အထိအတွေ့ပြတ်လပ်သွားခဲ့မိသည်မသိ။ ရုတ်တရက် သူ့နားထဲသို့ ဝင်လာသည့် ခေါ်သံသဲ့သဲ့၊ သူ နားစွင့်ရင်း မယုံနိုင်အောင် ဖြစ်သွားမိသည်၊

ကြည့်လေ - သူ သည်နေရာ၊ သည်ဝန်းကျင်သို့ပြန်လည်ရောက်ရှိလိမ့်မည်ဟု လုံးဝမယုံကြည်ခဲ့၊ သူ အသက်ကို တဖြည်းဖြည်းရှုရှိုက်သွင်းရင်း အသိစိတ်ကို စုစည်းလိုက်ပြီး ခန္ဓာကိုယ်ကို လှုပ်ရှားကြည့်လိုက်မိသည်၊

"မထနဲ့ - ကိုကံထူးမောင်၊ လှဲနေဦး"

"ခင် - ခင်ဗျားက - ဘယ်သူလဲ"

သူ့ခန္ဓာကိုယ်ကို ညင်သာစွာထိန်းပြီး ပြောလိုက်သည့်စကားသံကြောင့် သူ အံ့သြတကြီးဖြင့် မေးလိုက်မိသည်။

"ကျုပ် - ဘယ်သူလဲဆိုတာထက် ကိုကံထူးမောင် ဝေဒနာက အရေးကြီးပါတယ်"

သည်တော့မှ သူ့ခန္ဓာကိုယ်အနံ့ သက်ဝင်လှုပ်ရှားကြည့်လိုက်မိသည်။ ခန္ဓာကိုယ်အားလုံးက အကောင်းပကတိဖြစ်သော်လည်း ထိခိုက်ထားမိသည့် ဒဏ်ရာများကြောင့် လေးလံနံးရှိနေဆဲ ဖြစ်သည်။

သူ မျက်စိကို ဖွင့်မိုတ်ပြီး မှိန်းနေမိသော်လည်း သူ့အဖြစ်ကို သူ အံ့သြနေမိသည်။ ကြည့်လေ - သူ ရုတ်တရက် ဖြစ်ပျက်ခဲ့သည့်အရာအားလုံးကို ဖဝေဖဝါဖြစ်နေမိသည်။ ထိုစဉ် သူ့ကျောပြင်တစ်လျှောက်သို့ညင်သာထိတွေ့သည့်အသိနှင့်အတူ စူးရှရှဆေးရနံ့က သူ့နှာခေါင်းထဲသို့ တိုးဝင်လာသည်။ သူ့ခန္ဓာကိုယ်က သူ ထင်ထားသည်ထက် ဆိုးဆိုးဝါးဝါး မဖြစ်သေး၍ တော်သေးသည်ဟု တွက်ဆလိုက်မိသည်။

"ကိုကံထူးမောင် - ဆေးသောက်လိုက်ဦး၊ ဒါမှ ခင်ဗျား ခံစားရတဲ့ဝေဒနာ သက်သာလျော့ပါးသွားမှာ"

သူ့ပါးစပ်များဆီမှ ထူးထူးခြားခြား ဆေးရနံ့နှင့်အတူ ဆေးရည်[illegible] တစ်ခွက်ကို ထည့်လိုက်၍ သူ မျိုချလိုက်မိသည်။ သူ ဆေးတစ်ရှိုက်သောက်

www.burmeseclassic.com

ပြီးခဏ မျက်လုံးများ လေးလံလာပြီး သူ ဘာမှမသိတော့၊ သူ ဆေးအရှိန်ကြောင့် မည်မျှနစ်မြုပ်စွာ အိပ်မောကျသွားမိသည်မသိ။

ရုတ်တရက် သူ နိုးပြီး မှိတ်ထားသည့်မျက်လုံးကို ဖြည်းဖြည်းဖွင့်ပြီး ကြည့်လိုက်မိသည်၊ သူ့အဖြစ်ကို သူ မယုံနိုင်အောင် ဖြစ်သွားမိသည်။ သူ ရှေ့မလှမ်းမကမ်းတွင် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည့် မိန်းမပျိုတစ်ဦး၊ သူ အထိတ်တလန့် စကားသံ ထွက်သွားမိသည်၊

"ခင် - ခင်ဗျား"

"ကိုကံထူးမောင် - နိုးလာပြီပဲ၊ ကျွန်မက ရန်သူမဟုတ်ပါဘူးရှင်၊ ကျွန်မနာမည်က မြနှင်းရည်ပါ"

အေးဆေးတည်ငြိမ်သည့် စကားသံဖြင့်ပြောရင်း သူ့ကို ကရုဏာ မျက်ဝန်းအစုံဖြင့် ကြည့်နေသည့် မြနှင်းရည်အမည်ရှိ မိန်းမပျိုကို သူ တုံ့ပြန်ကြည့်မိရင်း သူ့အဖြစ်ကို သူ မယုံနိုင်တော့၊ ကြည့်လေ - သူ့ဘဝ သူ့ကံကြမ္မာက သေတွင်းထဲက လူတစ်ယောက်ပင် မဟုတ်ပါလား။

"ကိုကံထူးမောင်ကို ခုလို အသက်မသေဘဲ ပြန်တွေ့ရတာ ကျွန်မအဖို့ မယုံနိုင်အောင် ဖြစ်မိတာ အမှန်ပါပဲ၊ ပြောရရင်တော့ ရတနာ"

"ဘာ - ရတနာ - ဟုတ်လား - မြနှင်းရည်"

သည်တော့မှ သူ့အဖြစ်ကို အမှတ်ရလာမိသည်။ တစ်ကယ်တော့ သူ့ဘဝ သူ့အခြေအနေက မြနှင်းရည်နှင့် မဆုံစည်းနိုင်သလို သူ့အသက် အန္တရာယ်ကို ထိပါးသည့် လူဆိုးများနှင့် ပတ်သက်စရာ လုံးဝမရှိခဲ့၊ သူ့ဘဝက သားကောင်များနှင့် အမြဲမပြတ် ထိတွေ့နေသည့် မုဆိုးအလုပ်ပင်ဖြစ်သည်၊

"ကိုကံထူးမောင် - နာမည်အတိုင်း ကံထူးပြီး ရတနာတွေကို ရခဲ့တာ၊ အံ့ဩစရာပဲ - ကိုကံထူးမောင်၊ အဲဒါကြောင့် ကိုကံထူးမောင် ရတနာတွေကို ဘယ်လိုတွေ့ခဲ့တယ်ဆိုတာ ကျွန်မ သိချင်ပါတယ်"

မြနှင်းရည် အမေးစကားကြောင့် သူ အံ့အားသင့်စရာဖြစ်သွားမိသည်၊ သူ ရတနာများနှင့် ဆုံတွေ့ခဲ့ရသည်က ထူးထူးခြားခြားပင် ဖြစ်သည်၊



"ရတနာတွေနဲ့ မြနှင်းရည်က ဘယ်လိုများ ပတ်သက်ခဲ့တယ်ဆိုတာ ကျုပ် သိခွင့်မရဘူးလား"

သူ့အမေးစကားကြောင့် မြနှင်းရည်မျက်နှာသည် ရုတ်တရက် နီထွေးခက်ထန်သွားသည်၊

"ရတနာတွေက ကျွန်မတို့ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းပြီး ကျွန်မတို့မောင်နှမ ဆက်ခံထိန်းသိမ်းဖို့ အဘိုးရဲ့သေတမ်းစာ ပုရပိုဒ်အရ ရှာဖွေခဲ့ရတာပါ။ ဒါပေမဲ့ - မတော်တဆလောဘသားတွေရန်ကြောင့် အဘိုးက လျှို့ဝှက်စွာ ထားခဲ့တာပဲ၊ ကိုကံထူးမောင် - အဘိုးက ဒီရတနာတွေကို ဘယ်မှာထားခဲ့တယ်ဆိုတာ လုံးဝမပြောဘဲ ပဟေဠိထားခဲ့တာပါ၊ အဲဒါကြောင့် ကျွန်မနဲ့ အစ်ကို လျှို့ဝှက်ပြီး ရတနာတွေကို ရှာဖွေခဲ့တာ ကြာခဲ့ပါပြီ"

သည်တော့မှ သူ အမှတ်ရသွားမိသည်မှ သူ လောကကြီးနှင့် အဆက်အသွယ်ပြတ်နေစဉ် သူ့အသက်ကို ကယ်တင်ပြုစုခဲ့သည့် အသံလှိုင်းကို အမှတ်ရသွားမိသည်၊

"မြနှင်းရည် - အစ်ကိုက"

"ကျုပ်နာမည်က မြခေါင်ပါ - ကိုကံထူးမောင်၊ ကျုပ်တို့မောင်နှမနှစ်ယောက်က ရတနာတွေရခဲ့ရင် အဘိုးဆန္ဒအတိုင်း မြသေလာတောင်မှာ လှူဒါန်းဖို့ ကတိသစ္စာပြုထားခဲ့ကြတာပါ၊ ဒါပေမဲ့ - ရတနာတွေရှိမှန်း သဲလွန်စရသွားတဲ့လောဘသားတွေရဲ့အန္တရာယ်က ရှိနေတယ် - ကိုကံထူးမောင်"

သူ မြခေါင်စကားကြောင့် သတိရသွားမိသည်၊ သူ ဘုမသိ၊ ဘမသိ လူဆိုးများလက်သို့ ရောက်ရှိခဲ့သည့်အဖြစ်က ကျောချမ်းစရာ ဖြစ်ခဲ့သည်၊

"ရတနာတွေ လိုချင်တဲ့ လောဘသားတွေက ဘယ်သူတွေလဲ ကိုမြခေါင်"

"ဘယ်သူရှိပါ့မလဲ - ကိုကံထူးမောင်၊ ဒီလုံးဆိုတဲ့ လူဆိုးခေါင်းဆောင်ပဲ"

"ဒီလုံး - ဒီလုံး"


www.burmeseclassic.com

www.burmeseclassic.com

သူ အဖန်ဖန်ရေရွတ်မိရင်း သူ အမှတ်ရသွားမိသည်၊ သူ အမြဲမပြတ်သားကောင်ရှာဖွေရာ ရိုးမတောကြီးအတွင်း တစ်နေရာပင် ဖြစ်သည်၊

— ● —

"ဒိုင်း"

သူ သေနတ်ကိုအကျအနချိန်ရွယ်ပြီး စိတ်ရှသွားမှ ချောင်းစပ်တွင်ရှုံ့လှူးနေသည့် ဝက်ကြီးကို ပစ်ချလိုက်မိသည်၊ သူ့သေနတ်ပြောင်းဝဆီမှ အရှိန်ပြင်းစွာ ထွက်သွားသည့်အသံလှိုင်းနှင့်အတူ ရုတ်ခြည်းပင် ထွက်ပြေးသွားသည့် ဝက်ကြီး။

သူ မယုံနိုင်အောင် ဖြစ်သွားမိသည်၊ သူ မုဆိုးသက်ပင် မနည်းတော့၊ သားကောင်နှင့်တွေ့တိုင်း လွတ်ရိုးမရှိခဲ့၊ စုတော့ ပစ်ကွင်းကောင်းရပြီး အပိုင်ပစ်ခတ်ခဲ့သည့် ဝက်ကြီး။ သူ လျင်မြန်စွာဖြင့် ထွက်ပြေးသွားသည့် ဝက်ကြီးနောက်သို့ ခြေရာခံလိုက်ခဲ့မိသည်၊ ဝက်ကြီးက သေတွင်းလွတ်ခဲ့သော်လည်း ဒဏ်ရာသွေးစက်များကို တွေ့လိုက်ရ၍ သိပ်ဝေးဝေးမပြေးနိုင်ဟု သူ့မုဆိုး အတွေ့အကြုံအရ အတတ်သိလိုက်မိသည်၊

ထို့ကြောင့် သူ နားမျက်စိကိုဖွင့်ပြီး ချုံနွယ်ကြားမှ တဖြည်းဖြည်း တိုးဝင်ပြီးလိုက်ခဲ့သည်၊ သားကောင်ဇောကြောင့် သူ မောရပန်းရမှန်းပင် မသိခဲ့၊ သည်ရိုးမတောထဲတွင် သူ သားကောင်လိုက်ရင်း ခြေရာထပ်ခဲ့၍ အန္တရာယ်များကို မစိုးရိမ်တော့၊

သူ သားကောင်ဇောဖြင့် မည်မျှလိုက်ခဲ့မိသည်မသိ၊ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အရာကြောင့် သူ တွယ်ငြိခဲ့သည့်ဝက်ကြီးကိုပင် တဒင်္ဂမေ့လျော့သွားမိသည်၊ ဂူပေါက်အတွင်းဆီသို့ ထိုးကျနေသည့် နေရောင်ခြည်နှင့်အတူ ဖျပ်ခနဲတွေ့လိုက်ရသည့် အလင်းရောင်တစ်ခု၊ သူ သေနတ်ကို အသင့်ပြင်ပြီး ဂူပေါက်ထဲသို့ တရွေ့ရွေ့တိုးဝင်လိုက်မိသည်၊

"ဟင်"



သူ့ပါးစပ်များဆီမှ ရုတ်တရက် ထွက်သွားမိသည့် အသံလှိုင်း။ ကြည့်လေသူ တွေ့မြင်လိုက်ရသည်က ဂူအတွင်းဘက်ဆီမှ တဖျပ်ဖျပ် တောက်ပနေသည့်အရာများ၊ သူက ကမန်းကတန်း ဒူးထောက်ပြီး စူးစမ်းကြည့်လိုက်မိသည်၊ တစ်ဝက်တစ်ပျက် ပေါ်နေသည့် ရတနာများ၊

သူ ဂူအတွင်းဆီသို့ အကဲခတ်ကြည့်လိုက်မိသည်၊ စိတ်ရှသွားမှ မြေကြီးများကို ဖယ်ရှားလိုက်ရာ တွေ့လိုက်ရသည်က သေတ္တာတစ်လုံး၊ သူ့ဓားမြှောင်ဖြင့် သေတ္တာကို ဖွင့်လိုက်သည်၊ ဝင်းဝင်းလက်လက်အရောင်များနှင့် တွေ့လိုက်ရသည့် ရှေးခေတ်လက်ရာရတနာ၊ သူ ကြည့်ရင်း သေတ္တာအတွင်းဆီမှ ရွှေပြားတစ်ပြားကို ယူပြီး ကြည့်လိုက်မိသည်၊ ရှေးလက်ရေးဖြင့် ရေးသားထားသည့်စာများ၊ သူ စိတ်ဝင်စားစွာ ဖတ်လိုက်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်၊

သူ ရတနာသေတ္တာကို ပြန်ပိတ်ပြီး မြေကျင်းအသစ်တူးကာ ဖုံးအုပ်လိုက်သည်၊ သူ ဂူပေါက်အပြင်သို့ ပြန်ထွက်ပြီး ဂူပေါက်ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိသည်၊ ဂူပေါက်ကျောက်သားတွင် ထူးခြားစွာ ရေးထွင်းထားသည့် ဘီလူးရုပ်တစ်ရုပ်၊ သူ သေနတ်ကို အသင့်ပြင်ပြီး ဝက်ကြီးကို သတိရကာ ခြေရာခံ၍ ဆက်လိုက်ခဲ့သည်၊

သူ မည်မျှ ဝက်ကြီးကို အာရုံဇောတွယ်ငြိနေမိသည်မသိ၊ ရုတ်တရက် ခြေသံကို ကြားလိုက်ရ၍ သူလျင်မြန်စွာ သေနတ်ဖြင့် ထိုးချိန်လိုက်မိသည်၊

— ● —

"ဒုတ်" ဟူသော အသံနှင့်အတူ သူမြင်တွေ့သမျှ အရာအားလုံးက ချာချာလည်သွားသည်၊ သူ သတိရ၍ မျက်စိကိုဖွင့်ပြီး ကြည့်လိုက်မိသည်၊ သူ့ပတ်ဝန်းကျင်တွင် လက်နက်ကိုယ်စီ ကိုင်ထားသည့် လူစိမ်း၄ါးယောက်မျက်နှာ၊

"ဟေ့ကောင် – မှန်မှန်ပြောစမ်း၊ မင်း – ဒီတောထဲကို ဘာလာလုပ်တာလဲ"

"ကျုပ် – ကျုပ်က မုဆိုးပါ၊ သားကောင်ပြေးလို့ လိုက်ရှာတာပါ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မင်း စကားမရှည်နဲ့၊ တို့ရှာနေတဲ့ရတနာ မင်းရခဲ့တာ မဟုတ်လား"

"ဘယ်က ရတနာလဲ၊ ကျုပ် - မသိဘူး"

သူ့စကားကြောင့် လူဆိုးခေါင်းဆောင်ဖြစ်ဟန်တူသည်၊ သူက သူ့ခါးကြားမှ လိပ်ထားသည့် ရွှေဒင်္ဂါးပြားကိုယူပြီး သူ့ကိုပြသည်၊

"မင်း ဆက်ပြီး မလိမ်နဲ့တော့၊ မင်း ရိုးခြေရှာက မုဆိုးကံထူးမောင်ဆိုတာ ငါတို့သိတယ်၊ မင်းရတနာတွေပြရင် မင်းလည်းချမ်းသာ၊ ငါတို့လည်း ချမ်းသာမယ်"

သူ ရတနာသေတ္တာလေးထဲမှ ရွှေပြားတွင် ခပ်နှိပ်ထားသည့် စာလေးကို အမှတ်ရသွားမိသည်၊ ဤရတနာများကို ကျွန်ုပ်မြတ်ဘုရားထံ ရည်စူးလှူဒါန်းပြီး သစ္စာပြုပါသည်၊ ဤရတနာများကို မတော်လောဘနှလုံးသားဖြင့် ယူငင်သုံးစွဲပါက ဘေးဆိုးရန်ဆိုးများနှင့် ကြုံတွေ့ပါစေသတည်းဟူသော သစ္စာစကား၊ တစ်နည်း ကျိန်စာ၊

"ကျုပ် - မသိဘူး၊ သားကောင်လိုက်ရင်း ကျုပ်တွေ့လို့ ယူလာမိတဲ့ ရွှေဒင်္ဂါးပဲ"

"ဟေ့ကောင် - ထွေး - ရတနာတွေ ဆက်မေးလို့မရရင် ဒီကောင့်ကို အပြတ်ရှင်းကွာ"

သူ ကြားနေဆဲအသံနှင့်အတူ သူ့အသိအာရုံထဲသို့ ထပ်ဆင့်တိုးလာသည့် နာကျင်မှုများ၊ နောက်တော့ သူ ဘာမှ သတိမရတော့၊

— ● —

"ကျုပ် - ကြုံတွေ့ခဲ့ရတဲ့အဖြစ်က အဲဒါပါပဲ၊ ကျုပ်ကိုယ်ကျုပ် သေပြီလို့ တွက်ဆထားခဲ့တာပါ၊ ကျုပ်ကို ကိုမြခေါင် ဘယ်လိုတွေ့ပြီး ကယ်တင်ခဲ့တယ်ဆိုတာ သိပါရစေ"

သူ့အဖြစ်ကို သူ အဆန်းတကြယ်ဖြစ်နေ၍ ကိုမြခေါင်ကို မေးလိုက်မိသည်၊ ကိုမြခေါင်က မြနှင်းရည်ကို ကြည့်ပြီး . . .

"ကိုကံထူးမောင်ကို လူဆိုး ဒီလုံးတို့အဖွဲ့က ထိုးကြိတ်ပြီးသတ်ဖို့ စီစဉ်နေတုန်း ကျုပ်နှမ မြနှင်းရည်က ကယ်တင်ခဲ့တာပါ"

"ဒါ - ဒါဆို - ကျုပ်ရဲ့ အသက်သခင်က မြနှင်းရည်ပေါ့၊ ကျေးဇူးတင်ပါတယ် - မြနှင်းရည်၊ ကျုပ် အသက်သခင်ဆိုတော့ ကျုပ်တွေ့ခဲ့ရတဲ့ ရတနာတွေကို ပြရမှာပေါ့၊ ဒါပေမဲ့ ကျုပ်တွေ့ခဲ့တဲ့ ရတနာက မရဏကျိန်စာဆိုထားတော့ သက်ဆိုင်တဲ့သူပဲ ယူနိုင်မှာပါ၊ အဲဒါကြောင့် ကျုပ်လည်း သစ္စာပြုပြီး ရွှေဒင်္ဂါးပြား ယူလာခဲ့တာပါ၊ ဒါက ဒီရတနာတွေနဲ့ သက်ဆိုင်တဲ့သူတွေ ရှာဖွေဖို့ ကျုပ် သက်သေအဖြစ် ယူလာခဲ့တာပါ - ကိုမြခေါင်"

သူ့စကားကို စိတ်ဝင်တစားနားထောင်နေသည့် ကိုမြခေါင်နှင့် မြနှင်းရည်ကို အကဲခတ်ပြီး ပြောလိုက်သည်၊

"ဘယ်လို - ကိုကံထူးမောင်၊ ခင်ဗျား တွေ့ခဲ့တဲ့ ရတနာကို သက်ဆိုင်တဲ့သူပဲ ယူနိုင်မှာ ဟုတ်လား"

"ဟုတ်တယ် - ကိုမြခေါင်၊ ဒီရတနာတွေကို တွေ့ပြီးရင် လောဘစိတ်ကို သိမ်းဝင်နိုင်မှ ယူနိုင်မှာ၊ ပြောရရင်တော့ သစ္စာပြုထားတဲ့ မရဏ ရတနာပေါ့ဗျာ၊ ထူးခြားတာက ဒီရတနာတွေထားခဲ့တဲ့ ဂူဝမှာ ဘီလူးခေါင်းရုပ်ပဲ ကိုမြခေါင်"

"ခင်ဗျားပြောတဲ့အတိုင်း မှန်ကန်ရင် ကျုပ်တို့ ရှာဖွေနေတဲ့ ကျုပ်တို့ အဘိုး ပဟေဠိထားခဲ့တဲ့ ရတနာအစစ်အမှန်ပဲ - ကိုကံထူးမောင်"

ကိုမြခေါင်၏ ဝမ်းသာအားရ စကားသံကိုကြားလိုက်ရ၍ သူ အံ့ဩသွားမိသည်၊ ကိုမြခေါင်က မြနှင်းရည်၏ ဘက်လက်မောင်းမှ အင်္ကျီစကို ဖယ်ရှားလိုက်သည်၊ မြနှင်းရည်၏ လက်မောင်းတွင် စုတ်ချက်ထိုးထားသည့် ဘီလူးခေါင်းရုပ်၊ ကိုမြခေါင်က သူ့ ညာလက်မောင်းမှ စုတ်ထိုးထားသည့် ဘီလူးခေါင်းရုပ်၊

"ဘီလူးခေါင်းရုပ်တွေ ထိုးထားပါလား - ကိုမြခေါင်"

"ဟုတ်တယ် - ကိုကံထူးမောင်၊ ကျုပ်တို့ မောင်နှမ လူမှန်းသိတတ်စအရွယ်မှာ အဘိုးကိုယ်တိုင် ရေးထိုးပေးခဲ့တဲ့ ဘီလူးခေါင်းရုပ်တွေပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို – ကျုပ်တွေ့ခဲ့ရတဲ့ ရတနာသေတ္တာထဲက ရွှေပြားပေါ်မှာ ရေးခတ်ထားတဲ့ဘီလူးရုပ်နဲ့ ဂူဝမှာတွေ့ရတဲ့ ဘီလူးရုပ်က ကိုမြခေါင်တို့ အဘိုး ရေးထိုးထားတဲ့ ဘီလူးရုပ်ပုံစံနဲ့တူနေတော့ ဒီရတနာတွေက ကိုမြခေါင်တို့အဘိုး လျှို့ဝှက်ထားခဲ့တဲ့ ရတနာအစစ်အမှန်ဖြစ်မှာ သေချာတယ်"

သူ့ကိုမြခေါင်နှင့် မြနှင်းရည်ကိုကြည့်ပြီး ဝမ်းသာသွားမိသည်။ သို့တိုင် သူ ဖျပ်ခနဲ သတိရသွားမိသည်။

"ကိုမြခေါင် – ရတနာတွေရှိတဲ့ဂူကို အမြန်ဆုံးသွားမှ ဖြစ်မယ်။ လူဆိုးတွေက ကျုပ်ဆီက ယူသွားတဲ့ ရွှေဒင်္ဂါးမှာ ဘီလူးရုပ် ခတ်နှိပ်ထားတာကြည့်ပြီး ရှာဖွေကြမှာ သေချာတယ်"



သူ ရုတ်တရက် တွေ့လိုက်ရတဲ့မြင်ကွင်းကြောင့် ကြည့်ရင်း ကြက်သေသေသွားမိသည်။ ဂူပေါက်အလင်းရောင်အောက်မှ တဖျပ်ဖျပ် တောက်ပနေသည့် ရတနာအလင်းရောင်နှင့်အတူ မလှုပ်မယှက်ဖြစ်နေသည့် လူလေးငါးယောက်။



"ကိုကံထူးမောင်ပြောတာမှန်တယ်၊ ကျုပ်တို့ အမြန်ဆုံးလိုက်မှဖြစ်မယ်"

ကိုမြခေါင်က လက်နက်ပြင်ပြီး ပြောလိုက်၍ သူ သေနတ်ကို အသင့်ပြင်ပြီး ရိုးမထဲသို့ ထွက်လာခဲ့သည်။ ရိုးမတောကြီးတစ်ခုလုံးက ပကတိတိတ်ဆိတ်အေးချမ်းနေသော်လည်း လောဘသားဒီလုံးတို့အဖွဲ့က အပူမီးတောက်လောင်နေသည်ကို သူ အတတ်သိနေမိသည်။

—•—

ဂူပေါက်ဝဆီမှ ရေးထွင်းထားသည့် ဘီလူးခေါင်းရုပ်ကို ကိုမြခေါင်နှင့် မြနှင်းရည်ကိုပြပြီး သူ သေနတ်ကို အသင့်ပြင်ကာ ဂူပေါက်ထဲသို့ စူးစမ်းကြည့်ပြီး နားစွင့်လိုက်သည်။ ဂူထဲတွင် လှုပ်ရှားသံ မကြားရဘဲ တိတ်ဆိတ်နေသည်။

"ကိုမြခေါင် – ဂူထဲမှာ လှုပ်ရှားသံ မကြားရတာ ထူးခြားနေတယ်၊ သတိတော့ ထားဗျို့"

သူ ကိုမြခေါင်ကို သတိပေးရင်း သေနတ်ကို အသင့်ပြင်ပြီး ဂူပေါက်ထဲသို့ ဝင်လိုက်မိသည်။ သူ အံ့အားသင့်သွားမိသည်။ သူ ဂူပေါက်ထဲသို့ ပထမဆုံးရောက်ခဲ့စဉ်က အလင်းရောင်တွေ ရှိသည်။ ယခု ဂူပေါက်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည်က အံ့သြစရာ ဖြစ်နေသည်။

"ကိုမြခေါင် – ဂူထဲမှာ မှောင်နေတော့ သတိထားသွားမှ ဖြစ်မယ်၊ ကျုပ်အထင်တော့ လူဆိုး ဒီလုံးတို့အဖွဲ့ရောက်နေကြပြီ ထင်တယ်"

သူ ကိုမြခေါင်ကိုပြောရင်း ဂူထဲသို့ တဖြည်းဖြည်း ဝင်ခဲ့မိသည်။ မှောင်မည်းနေသည့် ဂူထဲတွင် ရုတ်တရက် အလင်းရောင်ကို တွေ့လိုက်ရ၍ သူ သေနတ်ဖြင့်ချိန်ပြီး ကြည့်လိုက်မိသည်။

"အလင်းရောင် ပေါ်လာတာ ထူးခြားနေပြီ ကိုမြခေါင်"

"ဟာ – ဟို – ဟိုမှာ – ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com

သူ ရုတ်တရက် တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် ကြည့်ရင်း ကြက်သေသေသွားမိသည်။ ဂူပေါက်အလင်းရောင်အောက်မှ တဖျပ်ဖျပ် တောက်ပနေသည့် ရတနာအလင်းရောင်နှင့်အတူ မလှုပ်မယှက်ဖြစ်နေသည့် လူလေးငါးယောက်။

"လူဆိုး ဒီလုံးတို့အဖွဲ့ဂူထဲရောက်ပြီး သေဆုံးနေပါလား - ကိုကံထူးမောင်"

ကိုမြခေါင်စကားကြောင့် သူ စူးစမ်းကြည့်လိုက်မိသည်။ လူဆိုးများ တစ်စုံတစ်ခုကို တွေ့ကြုံလိုက်ရ၍ ကြောက်ရွံ့တကြီး ကြည့်နေသည့် မျက်လုံးများ။ ပြီး ရုပ်ပျက်ဆင်းပျက် သေဆုံးနေသည်က မယုံနိုင်စရာ ဖြစ်နေသည်။ သူ ပြန့်ကြဲနေသည့် ရတနာများကိုစုပြီး ရတနာသေတ္တာကို ကိုမြခေါင်နှင့် မြနင်းရည်လက်သို့ ပေးအပ်လိုက်သည်။

"လူဆိုးတွေ ခုလို အသေဆိုးနဲ့သေရတာ မပြစ်မှားအပ်တဲ့ ရတနာတွေကို ပြစ်မှားမိလို့ပဲ - ကိုကံထူးမောင်။ ကိုကံထူးမောင်ပြောသလို အဘိုးသစ္စာဆိုပြီး ထားခဲ့တဲ့ မရဏရတနာလို့ပဲ ပြောရမှာပဲ။ ကျုပ်တို့မောင်နှမက ဒီရတနာတွေအားလုံးကို ဘာသာအကျိုး၊ သာသနာအကျိုးအတွက် လှူဒါန်းပြီး တမလွန်က အဘိုးအတွက် အမျှအတန်းဝေရဦးမယ် - ကိုကံထူးမောင်"

"ကျုပ် - သာဓုခေါ်ပါတယ် - ကိုမြခေါင်ရယ်။ ကျုပ်လည်း မပြီးပြတ်သေးတဲ့ သံသရာစရီးအတွက် သွားခွင့်ပြုပါ"

"ကိုကံထူးမောင် - ဘယ်ကိုသွားမှာလဲ"

ရုတ်တရက် မေးလာသည့် မြနင်းရည်စကားကြောင့် သူ စိတ်အားတင်းလိုက်မိသည်။

"ကျုပ်က မုဆိုးတစ်ယောက်ပါ မြနင်းရည်၊ ဒါပေမဲ့ - ဒီနေ့ ဒီရက်က စပြီး ကျုပ် မုဆိုးအလုပ်ကို ရာသက်ပန် စွန့်လွှတ်ဖို့ ဘုန်းဘုရားထံ ကတိသစ္စာပြုခဲ့တယ် - မြနင်းရည်။ အဲဒါကြောင့် ကျုပ်အလာကို မျှော်လင့်နေတဲ့ ဘဘုန်းဆီကို သွားရမှာပါ"

သူဂူပေါက်ဝဆီသို့ တရွေ့ရွေ့လှမ်းလိုက်မိသည်။ ရုတ်တရက် ဂူအပြင်ဘက်ဆီမှ တဒေါက်ဒေါက်အသံကို ကြားလိုက်ရ၍ သူ အပြေးထွက်ပြီး ကြည့်လိုက်မိသည်။ သူ မျက်စိထဲတွင် မယုံနိုင်အောင် ဖြစ်သွားမိသည်။ ကြည့်လေ ဘဘုန်းသည် တောင်ဝှေးကိုအားပြုပြီး တဒေါက်ဒေါက် အသံပေးကာ တောင်ပေါ်ဝါးကျောင်းလေးဆီသို့ တရွေ့ရွေ့သွားနေသည့် မြင်ကွင်း။ သူ ဘဘုန်းကို ရည်မှန်းပြီး အာရုံပြုရင်း ကန်တော့လိုက်သည်။ သူ့ရင်ထဲတွင် လောဘ၊ ဒေါသ၊ မောဟ ကင်းကွာခဲ့သည့် အေးငြိမ်းမှု ပီတိရသများ ဖုံးလွှမ်းခဲ့ပြီမဟုတ်ပါလား။

ရွှေနံကျော်ဦး

စာမူများ
ပေးပို့လိုပါက



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းတာသာ

မြမြလှိုင်



လောကဓာတ်စိတ် ဦးဆောင်ကာ
ဘဝတွေ သုငယ်ချင်းကို ပင်လယ်ထဲ တွန်းချရာမှ
နောက်ဆုံး အံ့ဩဖွယ်စိတ်လှုပ်ရှားဖွယ်ရာများနှင့်
ပြန်လည်ဆုံတွေ့ရလေသောအခါ ...

နှုတ်ကြီးတင် ငိုနေသော မသိန်းချစ်၏အနားတွင် ဖွားမြင့်ထိုင်နေသည်။ သမီးဖြစ်သူကို မငိုရန် တားလည်း မတားချင်၊ ဆက်ပြီးလည်း မငိုစေချင်၊ သမီးမျက်နှာလေးကိုကြည့်လိုက်သည်။ ငိုရလွန်း၍ မျက်စိနှစ်လုံးမှာ မျက်ခွံများ မို့အစ်မောက်နေပြီ၊ မသိန်းချစ်သည် ယခုမှ အသက်အစိတ်ကျော်ခါစသာရှိသေးသည်၊ ဖွားမြင့်က ငါးဆယ်ကျော်၊ ခြောက်ဆယ်တွင်း ရှိသည်၊ မြို့နေလူတန်းစားတွေအဖို့ အသက်ခြောက်ဆယ်ဆိုသော်လည်း အရွယ်မအို၊ စိတ်ပျိုကိုယ်နုစွာဖြင့် တင့်တယ်စွာ ဖြင်ဆင်ဝတ်စားတတ်ကြ၍ ဇရာရုပ်ကိုဟန်လုပ်ကာ ဖုံးကွယ်ထားကြသည်၊ ယခု ဖွားမြင့်မှာမူ ခြောက်ဆယ်တွင်း ချဉ်းနင်းဝင်ရောက်လာ၍ ဇရာ၏နိမိတ်ဘ ထင်ထင်ရှားရှားပြလာသည်၊ ဆံဖြူ သွားကျိုး၊ ပါးရေတွန့်ကာ ခါးပင်ကိုင်းနေပြီ၊

www.burmeseclassic.com

မသိန်းချစ်၏အနားတွင် အသက်လေးနှစ်အရွယ် လူမမည်ကလေးငယ် ယောက်ျားလေးက ငိုနေသည်။ မသိန်းချစ်၏မျက်နှာကို မော့ကြည့်နေသည်။ ကလေးငယ်၏ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဝတ်ထားသောအင်္ကျီမှာ အရောင်မရှိ၊ ခပ်နွမ်းနွမ်းပင်။ အောက်ပိုင်းတွင် မည်သည့်အရာမှ ဝတ်ထားခြင်းမရှိပေ။

မသိန်းချစ်သည် မျက်နှာမှ မျက်ရည်စများကို လက်တစ်ဖက်ဖြင့် သိမ်းကာ သုတ်လိုက်သည်။ အသားက ဖြူသော်လည်း ဘဝဒဏ်က နေထိပန်းလို နွမ်းကာ အသားရောင်မှာ ဝင်းပပ မလှနိုင်တော့ပေ။ အပျိုစင်ဘဝက သွယ်သွယ်လျလျ ခန္ဓာကိုယ်မှာ ယခုတော့ ပိန်ပိန်ပါးပါးဖြစ်နေပြီး ရွှန်းလဲ့တောက်ပခဲ့သော မျက်လုံးအစုံတို့သည် အတိတ်မှာ ကျန်ခဲ့ပြီ၊ ယခုအချိန်တွင် မှိုင်းညို့ရီဝေကာ မျက်ရည်များကြားမှ ပတ်ဝန်းကျင်ကို ဝေဝါးစွာ ကြည့်နေရသည်။

"ကျွန်မ သူ့ကို အတန်တန်ပြောပါတယ် - အမေရယ်။ မသွားပါနဲ့လို့ ဟင့် - ဟင့်၊ သူ ကျွန်မပြောတာကို နားမထောင်ဘူး၊ ခုတော့ - ခုတော့"

စကားကိုပင် ဆက်၍မပြောနိုင်တော့ဘဲ ဆက်၍ငိုနေသည်။

ဖွားမြင့်၏ မျက်လုံးအစုံတွင်လည်း မျက်ရည်တို့နှင့် ပြည့်နက်နေသည်။ သမီးနှင့်သမက်ကို အားကိုးတွယ်တာခဲ့သော သူ့ဘဝ၊ ဇရာ၏နေဝင်ချိန်ကို စောင့်နေရသူ၊ ယခုတော့ ဘယ်အမှုကို ဘယ်လိုပြုပြီး ဘယ်သူ့ကို အားကိုးရမည်ကို မသိသတော့ပေ။

ရှိုက်ငိုရလွန်းလို့ လှိုက်ဖိုကာ ခုန်နေသောရင်ကိုလက်နှင့်ဖိရင်း မသိန်းချစ်တစ်ယောက် ခင်ပွန်းသည်မြသောင်းကို သတိရနေမိသည်။

မသိန်းချစ်နှင့် မြသောင်းမှာ တစ်ရွာတည်းသားတွေ မဟုတ်ပေ။ မသိန်းချစ်သည် ဇလာပြင်ရွာသူ၊ မြသောင်းက ဝါးပိုးကုန်းရွာသားဖြစ်သည်။ ဇလာပြင်နှင့် ဝါးပိုးကုန်းရွာသည် ခရီးသုံးမိုင်ခန့်ဝေးသည်။ ဇလာပြင်သည် အိမ်ခြေပေါင်း တစ်ထောင်နီးပါးရှိသောရွာကြီး ဖြစ်သည်။ တံငါလုပ်ငန်းနှင့် အသက်မွေးကြသော ပင်လယ်ပျော်များ ဖြစ်သည်။

ဝါးပိုးကုန်းသည်လည်း အိမ်ခြေလေးငါးခြောက်ရာရှိသော ရွာဖြစ်သည်။ တံငါအလုပ်နှင့် လယ်လုပ်ကြသူတွေရှိသည်။ မြသောင်းသည် တံငါလုပ်သားဖြစ်သည်။ မသိန်းချစ်နှင့် အိမ်ထောင်ကျသည်မှာ သုံးနှစ်ရှိပြီ၊ သမီးလေးတစ်



ယောက်ရသည်။ မြသောင်းက တစ်ကောင်ကြွက်၊ မိဘမဲ့။ ထို့ကြောင့် မသိန်းချစ်၏အမေကို သူ့အမေလို သဘောထားပြီး လုပ်ကျွေးမွေးမြူသည်။ ဖွားမြင့်ကလည်း မြသောင်းအား သမက်ရယ်လို့ သဘောမထား၊ သားတစ်ယောက်လိုပင် အားကိုးသည်။

"သိန်းချစ် - ဒီတစ်ခါ ပင်လယ်ထဲကို ထွက်ရင် ဂါးကို ငါ ဦးစီးရမှာ"

ဂါးသည် ငါးဖမ်းစက်လှေဖြစ်သည်။ မြသောင်းတို့အလုပ်သည် ကမ်းမမြင် လမ်းမမြင် ပင်လယ်ရေပြင်ကြီးအတွင်း၌ အသက်ကိုဖက်ရှက်လောက်ပင် တန်ဖိုးမထားနိုင်တော့ဘဲ သက်စွန့်ဆံဖျား ငါးများကို ရှာဖွေရသောအလုပ်ဖြစ်သည်။ ငါးဖမ်းရာသီအချိန်ရောက်၍ မြသောင်းတို့ ငါးဖမ်းထွက်တိုင်း အိမ်တွင်ကျန်ရစ်သော မိသားစုမှ အသက်ရှူမဝအောင် ရင်မောနေရသည်။ ဂါးသည် မော်တော်စက်တပ်ဆင်ထားသော ငါးဖမ်းလှေသမ္ဗန်ကြီးဖြစ်သည်။ အကြောင်းသင့်၍ပင်လယ်တွင် ငါးဖမ်းအမိများလျှင် နေ့ချင်းပြန်လာနိုင်သော်လည်း ရာသီဥတုကြောင့် အကြောင်းမသင့်လျှင် ဆယ့်လေးငါးရက်ခန့် ကြာတတ်လေသည်။

ဂါးမော်တော်တစ်စင်းလျှင် ဦးစီးတစ်ယောက်နှင့် နောက်လိုက် ခြောက်ယောက်၊ ခုနစ်ယောက်ခန့် ပါသည်။ တချို့က ဂါးဦးစီးဟု ခေါ်သလို တချို့က ပဲ့စီးဟု ခေါ်ကြသည်။

"ငါးလုပ်ငန်းအတွက် ကြိုတင်ငွေယူလိုက်တယ်၊ အဲဒါ - အမေနဲ့ မင်းတို့သားအမိ လိုရာသုံးဖို့ပဲ"

ထိုစကားတို့သည် မသိန်းချစ်အတွက် မြသောင်း၏နောက်ဆုံးပြောသွားသော စကားများဖြစ်လိမ့်မည်ဟု မတွေးခဲ့ပေ။ မြသောင်းတို့ ဂါးထွက်သွားပြီး လေးငါးရက်အကြာတွင် ဂါးလှေပြန်လာသည်။ မြသောင်း ပါမလာခဲ့။

"ပင်လယ်ထဲမှာ မုန်တိုင်းမိတာ မြသောင်းကို ရှာမတွေ့ဘူး၊ လှေပေါ်ကသူ ခုန်ချသွားတာကို အားလုံးမြင်ကြတယ်"

ထိုသတင်းကို ကြားသည်နှင့် မသိန်းချစ်မှာ ရင်ထုပြီး အော်ဟစ်ငိုမိသည်။ တစ်ရက် နှစ်ရက် စောင့်သော်လည်း မြသောင်း၏ အရိပ်အယောင်ကိုမှ မမြင်ရ၊ မတွေ့ရ။

www.burmeseclassic.com

ရေလုပ်သားများ စုဝေးနေထိုင်ကြသော တံငါရွာမှ မိုးရာသီဆိုလျှင် မှန်တိုင်းထန်သည်။ ဒီရေကြမ်းသည်။ တစ်ခါတစ်ရံလှိုင်းလုံးကြီးအောက်တွင် လှေ၊ ကျွဲ၊ နွား၊ လူတို့ စတေးခံခဲ့ရသည်မှာ မနည်းတော့ပြီ။ ရင်ထဲမှ မျက်ရည်များ မကုန်သေး၊ အားပါးတရ ရှိုက်ကာသာ ငိုနေမိသည်။

"သမီးရယ် – အိပ်ပါတော့။ ငါ့သမီးလေး – ငိုရတာ မောရောပေါ့"

အမေ စိတ်ဆင်းရဲမှာကို စိုးရိမ်၍သာ အိပ်ရာထဲသို့ ဝင်ခဲ့ရသည်။ ရင်ခွင်ထဲ တိုးခွေကာ အိပ်နေသော သမီးလေး၏မျက်နှာကိုကြည့်ပြီး မသိန်းချစ်ရင်တွင်းမှ ရှိုက်ငိုမိပြန်သည်။ အချိန်မှာ ည(၁၀)နာရီကျော်လောက်ရှိပြီ။ လပြည့်ကျော်(၅)ရက်ဖြစ်သော်လည်း လကွေးလေးတစ်ပိုင်းတစ်စကို တွေ့နိုင်သည်။ ပင်လယ်ပြင်မှ တိုက်ခတ်လာသောလေမှာ မသိန်းချစ်၏ရင်ကို မအေးနိုင်။ လူလုံး မလှ၊ အပူလုံးကြွလျက်သာ ရှိသည်။

အိပ်၍မပျော်၊ အနားတွင် အိပ်နေရှာသည့် သမီးလေးကို အိပ်ရာမှ နိုးမည်စိုး၍ အသာဖယ်ပြီး မသိန်းချစ်အိပ်ရာထဲမှ ထလာသည်။ ဘုရားကျောင်းဆောင်အောက်တွင် အိပ်ပျော်နေသောအမေ့ကို ခြင်ထောင်အပြင်မှ မြင်ရသည်၊ အိမ်ရှေ့လှေကားတွင် ထိုင်ပြီး တိမ်မည်းညိုတို့ အုံ့ဆိုင်းနေသော မလင်းတစ်ချက်၊ လင်းတစ်ချက် လရောင်ကို မော့ကာကြည့်ပြီး အလင်းရောင်ကို ရှာမိသည်၊ အိမ်တိုင်ကိုမှီကာ မြသောင်းကို တမ်းတသတိရပြီး မျက်ရည်ကျမိနေသည်။

ထိုင်နေရာမှ ထလာသည်။ လမ်းလျှောက်ရသည်မှာ လေထဲတွင် ပေါ့ပါးနေသည်၊ ပင်လယ်ပြင်မှ တိုက်ခတ်လာသောလေကို ထိတွေ့သည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့် ခံစားရသည်။

"ရှဲ – ရှဲ – ရှဲ"

ပင်လယ်လေ၏အရှိန်ကြောင့် ကုန်းစပ်နားတွင် ပေါက်နေသော မနိုပင်မှ မနိုရွက်တို့ ရွက်ချင်းရိုက်သံ ယှက်သံကို ကြားရသည်၊ လရောင်က တဖြည်းဖြည်း မှေးမှိန်လာသည်။ အမှောင်ထုသာ စိုးမိုးလာသည်၊

"သိန်းချစ်"

နောက်နားဆီမှ ခေါ်သံကို ကြားလိုက်ရသည်၊

"သိန်းချစ် – သိန်းချစ် – ရေ"





ဟဲ့ – သမီး – သိန်းချစ် – သိန်းချစ် – ထ – ထ။ အိပ်ရာထဲသွား။ အိမ်လှေကားက ငုံ့သံကြားလို့ အမေ ထလာကြည့်တာ။ ဘယ်နှယ် တိုင်ကိုမှီပြီး အိပ်နေတာလဲ။ ဟဲ – ထ – ထ။ လေတွေကလည်း အရမ်းတိုက်နေတယ်။ တော်ကြာ ဖျားနေဦးမယ်

တကယ်ကြားလိုက်ရသည့်မြသောင်း၏ခေါ်သံ ဖြစ်သည်။ ပီပီသသကို ကြားရသည်။ မသိန်းချစ်တစ်ကိုယ်လုံး ရေခဲရေနှင့် ဖျန်းပက်လိုက်သလို အေးစိမ့်စိမ့်ကြီး ခံစားရသည်။

"သိန်းချစ်ရေ – ငါ ဒီမှာဟေ့"

နောက်ထပ်အသံကို ကြားရသည်၊ အနားတွင် လာပြီးခေါ်သလိုလို ကြားရသည်။

ရေခဲတုံးလိုအေးစက်နေသော အရာဝတ္ထုတစ်ခုက သိန်းချစ်၏အနားသို့ ကပ်လာသလို ထင်ရသည်။

"ရှင် – ရှင် – ကိုမြသောင်းလား ဟင်။ ဟုတ်လား – ကိုမြသောင်းလား"

"အေး – ဟုတ်တယ်၊ ငါ မင်းကို စိတ်မချလို့ ပြန်လာတာ"

"ရှင် – ရှင် – ဂါးလှေပေါ်က ပြုတ်ကျသွားတယ်ဆို"

"ဟား – ဟား – ဟား – ပြုတ်ကျတာ မဟုတ်ဘူး။ သူတို့ မသမာတဲ့အလုပ်တွေ လုပ်တာကို ငါသိသွားလို့ ငါ့ကို တွန်းချကြတာ"

"ဒါဆို – ဒါဆို – ရှင် – ရှင်က ဘာဖြစ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သိန်းချစ် - သိန်းချစ် - ငါ့ကိုကယ်ပါ - မိန်းမရယ်၊ ငါလေ - အစာလည်း မစားရ၊ အဝတ်အစားလည်း မရှိနဲ့၊ အရမ်းကို ဒုက္ခရောက်နေတယ်၊ အခု ငါ့မှာ နေစရာမရှိဘူး၊ ဟိုရေအောက်နက်ထဲမှာ လူနီကြီးက ဖမ်းခေါ်ထားတယ်၊ သူ့ကို မနည်းတောင်းပန်ပြီး ငါလာခဲ့တာ"

"ရှင်က အခု ဘယ်မှာလဲ"

"သိန်းချစ် - မင်း ငါ့ကို မကြည့်ချင်ပါနဲ့၊ ငါ့ရုပ်က ပြလို့မကောင်းဘူး"

"ကိုယ့်ယောက်ျားပဲရှင်"

စကားသံ တိတ်သွားသည်၊ နာခေါင်းထဲတွင် ပုပ်အဲ့အဲ့အနံ့ကို ရလာသည်၊ ပင်လယ်လေကလည်း အဆက်မပြတ်တိုက်နေသည်၊ မသိန်းချစ်၏ ခန္ဓာကိုယ်ဘေးနားမှ တစ်ခုခု တိုးဝင်ဖြတ်ပြေးသွားသလို ခံစားလိုက်ရသည်၊

"ဝေါ - ဝေါ - ဝေါ"

ပင်လယ်ပြင်မှ လှိုင်းထန်လာသလိုပင်၊ သိန်းချစ်၏ရှေ့တွင် မဝီမသဝိုးတဝါး အရိပ်မည်းမည်းကြီးတစ်ခု၊ တိမ်အစင် လအကွေးတွင် ခဏကလေး မြင်လိုက်ရသည်၊ ဆံပင်စုတ်ဖွားနှင့် အဝတ်မည်းကြီး ခြုံထားသော ခေါင်းပိုင်းတစ်ခုဖြစ်သည်၊ ခန္ဓာကိုယ်အောက်ပိုင်းကိုမူ မမြင်ရပေ၊

"သိန်းချစ် - သိန်းချစ် - ငါ သွားပြီ၊ ငါ့အတွက် အလှူတစ်ခုခုလုပ်ပြီး ငါ့နာမည်ကို ခေါ်၊ အမျှဝေပေးပါ"

"စိတ်ချပါ - စိတ်ချပါ၊ ရှင့်ကို ဒုက္ခပေးတဲ့သူတွေကိုလည်း ရှင်ကိုယ်တိုင်ဖမ်းပေး၊ ကျွန်မလည်း ရှင့်အတွက် တတ်နိုင်သလောက် အလှူလုပ်ပြီး အမျှဝေပေးပါ့မယ်"

"ငါသွားပြီ - သိန်းချစ်ရေ"

အသံသြသြ ရှတတနှင့်ကြားလိုက်ရပြီး မသိန်းချစ်၏မျက်စိရှေ့တွင်ပင် ရေပြင်ပေါ်မှ ဆံပင်စုတ်ဖွား၊ ခေါင်းပြတ်ကြီး ရွေ့လျားသွားသည်ကို မြင်လိုက်ရသည်၊

"ဟင့် - ဟင့် - ဟင့်"

"ဟဲ့ - သမီး - သိန်းချစ် - သိန်းချစ် - ထ - ထ၊ အိပ်ရာထဲသွား၊ အိမ်ရှေ့ကားက ငိုသံကြားလို့ အမေ ထလာကြည့်တာ၊ ဘယ့်နှယ် တိုင်ကိုမှီပြီး အိပ်နေတာလဲ၊ ကဲ - ထ - ထ၊ လေတွေကလည်း အရမ်းတိုက်နေတယ်၊ တော်ကြာ ဖျားနေဦးမယ်"



အမေ့အသံကြောင့် လန့်နိုးသလို ဖြစ်သွားသည်၊ မှောင်မည်းနေသော ပင်လယ်ပြင်ရှိရာသို့ လှမ်းမျှော်ကြည့်လိုက်သည်၊ မသိန်းချစ်၏မျက်လုံးထဲတွင် တရိပ်ရိပ်ပြေးသွားသော ခေါင်းစုတ်ဖွားနှင့် အဝတ်မည်းကြီးခြုံလွှမ်းထားသည်ကို တွေ့နေရသလိုပင်၊

ကြီးမားပြင်းထန်သော လွန်စွာမှ ကြောက်မက်ဖွယ် ကောင်းလှသည့် ပင်လယ်ပြင်ကြီးအတွင်းမှ လှိုင်းတံပိုးတို့၏ ရိုက်ခတ်လာသောဒဏ်သည် မာန်ဆောင်ခက်ထန်စွာ ဟိန်းဟောက်လိုက်သော ခြင်္သေ့မင်း၏ အရှိန်ပမာ မြသောင်းတို့၏ဂါးမော်တော်အား ကြမ်းတမ်းစွာ ပြုမူလှောင်ပြောင်နေသည်၊ လှိုင်းဂယက်၏ရိုက်ခတ်မှုကြောင့် ဂါးမော်တော်၏ ပျဉ်ထောင်များကို ပွင့်ထွက်မတတ် လှိုင်းလုံး၊ ရေလုံးကြီးများက တိုးထိဆော့ကစားနေ၍ မော်တော်မှာ ပေါ်လိုက် မြုပ်လိုက် ဖြစ်နေသည်၊ မြသောင်း၏အလုပ်မှာ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ရေပြင်ကြီးအတွင်းဝယ် သက်စွန့်ဆံဖျားစွန့်စားကာ လုပ်နေရသည်၊

ဝါးရာထွက်ရသော မြသောင်းတို့လို ရေလုပ်သားအဖို့ အတော်ပင် သတိထားရသည်၊ ဘေးအန္တရာယ်ထူပြောလွန်းသည့် လှိုင်းကြမ်း၊ လေကြမ်း၊ မိုးသက်မုန်တိုင်းပြင်းတို့၏ ဘေးအန္တရာယ်က ဂရုစိုက်သတိထားရသလို ပင်လယ်တွင်းမှ ကြီးမားလှသော သားစားရေသတ္တဝါကြီးများ၏ ဘေးကိုလည်း သတိထားရသည်၊ ဂါးမော်တော်ပေါ်မှ ပင်လယ်တွင်းသို့ခြေချော်လက်ချော် ကျသွားနိုင်၍ အမြဲသတိရှိရသည်၊ အထူးသဖြင့် လူသားအချင်းချင်း ပြောရလျှင် မိမိတို့ လုပ်ဖော်ကိုင်ဖက်များတွင် အချင်းချင်းသစ္စာဖောက်၊ မညီညွတ်ကြလျှင် အသက်အန္တရာယ်ကို လွယ်ကူစွာ ရလေသည်၊

ပြောရလျှင် ပင်လယ်ထက်တွင် ပြိုင်ဘက်ဖြစ်သော ဂါးမော်တော်ပေါ်မှ အလုပ်သမားအချင်းချင်း စိတ်ဝမ်းကွဲကာ ထိုးခုတ်တိုက်ခိုက်ကြသလို၊ ဂါးတစ်စင်းနှင့်တစ်စင်း ယှဉ်ပြိုင်တိုက်ခိုက်ကြသည်လည်း ရှိကြသည်၊

ဂါးမော်တော်တစ်စင်းထဲတွင် အုပ်စုဖွဲ့ကာ အလစ်ကိုချောင်း အခွင့်ကောင်းယူပြီး ရန်ဘက်ဖြစ်သူကို ပင်လယ်ထဲသို့ ရိုက်ချတတ်ခြင်း၊ မိုးသက်မုန်တိုင်းများ တချရောက်လာခိုက်တွင် မိမိ၏ရန်သူကို ကိစ္စတုံး လက်စချောတ်ပစ်တတ်သော လုပ်ကြံမှုကြီးတွေ ရှိတတ်လေသည်၊

www.burmeseclassic.com

မြသောင်းဦးစီးရသည့် ဂါးမော်တော်သည် ပင်လယ်ပြင်တွင်း အမှောင်ထုအောက်တွင် ရှိနေသည်၊ အမှောင်ထုသည် စောစောကထက် ပိုမိုနက်ရှိုင်းလာသည်၊ ပင်လယ်ပြင်ကလည်း ညာသံပေးကာ ပြင်းထန်စွာ အော်ဟစ်ကြုံးဝါးလျက် ရှိသည်၊ လေတိုက်ရာလမ်းကြောင်း ပြောင်းသွားသည်ကို လေ့လာရန် ဂါးမော်တော်ပေါ်သို့တက်လာခဲ့သည်၊ မော်တော်စက်တပ်ဆင်ထားသည့် သမ္ဗန်အကြီးစားကြီး ဖြစ်သည်၊

"ရှုတ် - လူလာနေတယ်"

သမ္ဗန်ဝမ်းပျဉ်းအတွင်း မှောင်နေသည်၊ မှောင်ရိပ်ခိုသည့် ချောင်တစ်ခုမှ အသံတစ်သံကို ကြားရသည်၊ စက်တပ်မော်တော်ဝမ်းအတွင်း၌ ဖမ်းမိထားသော ငါးတွေမှာတော့ မနည်းတော့၊ ယခု ပင်လယ်ပြင်မှ ရွာသို့ပြန်ရန် ဦးလှည့်ရမည်၊

"ဟေ့ - အဲဒီနားမှာ ရှိနေကြတာ လှကြီးနဲ့ အေးထွန်းလား"

မြသောင်းက အသံပေးကာ မေးလိုက်သည်၊ ပြန်ဖြေသံ မကြားရ၊ မြသောင်းထပ်ပြီး အသံပြုကာ မေးလိုက်သည်၊ ပြန်ရချိန်နီးနေပြီ ဖြစ်သည်၊ အလင်းရောင်ပေးသည့် မီးတိုင်တို့အား ဆီမကုန်စေရန် ချွေတာရမည်ဖြစ်၍ အမှောင်အားကသာ ကြီးစိုးနေသည်၊

"ဟေ့ - မေးနေတယ်၊ ဘာလုပ်နေကြတာလဲ"

လှကြီးနှင့် အေးထွန်းတို့ လုံးဝအသံမပြုဘဲ မြသောင်း၏အခြေအနေကို အမှောင်ထဲကပင် စောင့်စားနေသည်၊ လေက တစ်ချက်တစ်ချက် ငြိမ်သွားသည်၊ ဂါးမော်တော်ကို စက်သံမြှင့်ကာ အရှိန်တင်လိုက်စဉ် -

"ကဲ - ကဲ"

"အား"

လျင်မြန်သော အချိန်တိုတိုလေးအတွင်းမှာပင် မြသောင်းတစ်ယောက် ပင်လယ်တွင်းသို့ကျဆင်းသွားသည်၊ မှန်ကန်တိကျပြတ်သားသော မြသောင်းအပေါ်တွင် မလိုတမာသူတို့က အသက်ကို ရန်ရှာကြခြင်း ဖြစ်သည်၊ ဂါးမော်တော်တစ်စင်းနှင့်တစ်စင်း ဆုံရာတွင် မှူးယစ်ဆေးဝါး ယူဆောင်လာသည်ကို လမ်းကြောင်းလွှဲကာ ဥပဒေကို မျက်လှည့်ပြကြသည်၊ ထို့အတူ လှကြီးတို့ကလည်း ပင်လယ်ဒဏ် ရေစိမ်ခံနိုင်အောင်ဟုဆိုကာ တစ်ဖက် ဂါးမော်တော်မှ ဘိန်းရိုးရိုးကို သယ်ဆောင်ပေးရင်း သယ်ဆောင်ခအဖြစ်ရသော ဘိန်းအားနှစ်ယောက်သား ခွဲဝေနေစဉ် မြသောင်းရောက်လာ၍ ဘိန်းမှူးမှူးနှင့် မထူးဇာတ်ခင်းကာ ပင်လယ်တွင်း ချလိုက်ခြင်း ဖြစ်သည်၊

"ကျေးဇူးကြီးလှပါတယ် - ဆရာရယ်၊ ကျွန်မရဲ့ယောကျ်ားကိုသတ်တဲ့ တရားခံတွေကို မမိ မိအောင် ဖမ်းပေးတာ"

"ဥပဒေအရတော့ ဆောင်ရွက်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်၊ ဒါပေမဲ့ - ဒီအမှုမှာ မသိန်းချစ်ယောကျ်ား ကိုမြသောင်းသေတာကို ကျွန်တော်တို့ မသိပါဘူး၊ ဘယ်သူကမှလည်း လာပြီး အကျိုးအကြောင်း မပြောသေးဘူးလေ"

"ဒါဆို - ဘယ်လိုနည်းနဲ့ လူသတ်တရားခံကို ဖမ်းမိတာလဲ ဟင်"

"မသိန်းချစ် - ကျွန်တော်တို့စခန်းကို ခဏလောက် လိုက်ခဲ့ပါလား"

ဒုရဲအုပ်ဇော်မင်းထွန်း၏စကားကြောင့် မသိန်းချစ် စခန်းသို့ သူတို့နှင့်အတူ လှည်းစီးကာ လိုက်လာခဲ့သည်၊

"ကဲ - လာ - မသိန်းချစ် - ဒီအချုပ်ခန်းနားကို လာကြည့်ပါ"

မသိန်းချစ် အချုပ်ခန်းအနားသို့ ရောက်သွားသည်၊

"အမလေး - ကြောက်ပါပြီ - မြသောင်းရယ်၊ ငါတို့ကို လည်ပင်းမညှစ်ပါနဲ့၊ တို့ - တို့ - ဝန်ခံပါမယ်"

"လုပ်ပါဦး - ဆရာရယ်၊ မည်းမည်းရှည်ရှည် ဆံပင်စုတ်ဖွားနဲ့ လည်ပင်းလာညှစ်နေတယ်၊ ကျွန်တော်တို့ဂါးလှေပေါ်ကနေ မြသောင်းကို ရိုက်ချသတ်ခဲ့တာပါ"

အချုပ်ခန်းအတွင်း၌ ပြူးကြောင်ကြောင်မျက်လုံးတွေနှင့် ကြောက်လန့်တုန်လှုပ်သော အမူအရာများဖြင့် ဟိုသည်ကြည့်ကာ အော်ပြောနေကြသူနှစ်ယောက်ကို မသိန်းချစ် တွေ့ရသည်၊

"ကဲ - မသိန်းချစ် - သူတို့ကိုယ်တိုင် အရိပ်မည်းမည်းကြီးက လိုက်ပြီး လည်ပင်းညှစ်တယ်၊ ဒါကြောင့် ကိုမြသောင်းကို သူတို့ သတ်ပါတယ်လို့ လာပြီး ဖွင့်ဟဝန်ခံကြတာလေ"

မသိန်းချစ်ရင်ထဲမှ ကိုမြသောင်းအားကတိစကားတစ်ခုတော့ ပေးလိုက်သည်၊

✯ မြမိုးနှင်း



www.burmeseclassic.com

www.burmeseclassic.com

**ဒုတိယကမ္ဘာစစ်ကြီး** မြန်မာနိုင်ငံသို့ ကူးစက်မလာခင် ငါးနှစ်က ဆရာဝန်တစ်ဦးဖြစ်သော ကျွန်ုပ်သည် ရန်ကုန်မြို့ (စပတ်)ဗိုလ်အောင်ကျော်လမ်း အလယ်ဘလောက်ရှိ တိုက်ခန်းတစ်ခန်းတွင်ငှား၍ ဆေးခန်းဖွင့်နေထိုင်ခဲ့ဖြစ်၏။ ဒုတိယထပ်တွင် နေသူမှာ အငြိမ်းစားပုလိပ်အရာရှိ အလွတ်စုံထောက် ဦးအုန်းကျော်ဖြစ်၏။ ကျွန်ုပ်နှင့် စုံထောက်ဦးအုန်းကျော်တို့နှစ်ဦးလုံးမှာ လူပျိုကြီးများဖြစ်ကြ၏။ ကျွန်ုပ်တို့၏ စားသောက်ရေးအတွက် ဒေါ်စိန်ဆိုသူအမျိုးသမီးကြီးက နေ့ခင်းတွင် လာရောက်ချက်ပြုတ်ပေး၏။ ဒေါ်စိန်သည် ညနေစာ ပြင်ဆင်ပေးပြီးနောက် မင်းမနိုင်ကွက်သစ်ရှိ သူမနေအိမ်သို့ ပြန်အိပ်တတ်၏။




နောက်ကျော မြားမှန်၍ သေဆုံးသွားသည့်လူနှစ်ယောက်၏ လူသေမှုကို အမှုပိတ်ထားရာမှ ရဲက လူနှစ်ယောက်၏အလောင်း ပြန်လည်ဖော်ထုတ်ခြင်းဖြစ်သည် ..




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ဆေးခန်းသို့ ဆေးကုလာသူ နည်းသလို ဦးအုန်းကျော်ထံသို့ အမှုလာအပ်သူမှာလည်း နည်းပါးလှလေသည်၊ ကျွန်ုပ်တို့နှစ်ယောက်စလုံး ဝင်ငွေမကောင်းလှသော်လည်း တစ်ကိုယ်ရည်သမားများ ဖြစ်ကြသဖြင့် ချောင်လည်စွာ နေထိုင်နိုင်ကြပါသည်၊

တစ်နေ့ နေ့လယ်၌ ကျွန်ုပ်မြို့ထဲသို့သွား၍ ဆေးခန်းအတွက် လိုအပ်သော ဆေးများဝယ်ပြီး ပြန်လာခဲ့၏၊ ဆေးခန်းဖွင့်ရန် အချိန်စောသေးသဖြင့် ဦးအုန်းကျော်နှင့် စကားပြောရန် သူ့အခန်းသို့ တက်သွားခဲ့သည်၊

"လာဗျို့- ကိုမြင့်မောင်၊ ဒီစာကတော့ ကျွန်တော်တို့အတွက် ဉာဏ်ကစားရမယ့် အလုပ်ဖြစ်ပုံရတယ်ဗျ၊ အခုတလော အမှုမရှိလို့ ကျွန်တော်လည်း အတော်ပျင်းနေတုန်းဗျာ"

ဦးအုန်းကျော်ကပြောရင်း သူ့လက်ထဲမှစာရွက်ကို လှမ်းပေးသည်၊ ကျွန်ုပ်သည် ကုလားထိုင်တွင် ဝင်ထိုင်ပြီး စာရွက်ကို ယူကြည့်သည်၊ စာရွက်မှာ ဗလာစာအုပ်မှဖြုတ်ထားသော စာရွက်မျိုးဖြစ်သည်၊ စာရွက်ပေါ်တွင် သတင်းစာမှ ပုံနှိပ်စာလုံးများကိုညှပ်၍ ကပ်ထားသော စာကြောင်းတစ်ကြောင်းသာပါ၏၊ "သွေးကြွေးဆပ်ရန် အသင့်ပြင်ထားပါဟု" ဖြစ်သည်၊ ပုံနှိပ်ထားသော မြားတစ်စင်းပုံကိုလည်း ကပ်ထားသေး၏၊

"ဒီစာကိုမော်ဘီစာတိုက်က ထည့်လိုက်တာပဲ၊ မော်ဘီဝါးနက်ချောင်းရွာမှာနေတဲ့ ကိုအောင်ကျော်ဆိုတဲ့ လူက ဒီစာနဲ့အတူ ပို့လိုက်တာဗျ"

ထို့နောက် သူ့အင်္ကျီအိတ်ထဲမှစာကို ထုတ်ပေးပြန်၏၊ ကျွန်ုပ် စာကို ဖွင့်ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရသည်၊

*စုံထောက်ကြီး ဦးအုန်းကျော်ခင်ဗျား ...*

*ဆရာ့ဆီ ကျွန်တော် လာတွေ့လိုပါသည်၊ ကျွန်တော့်ဖခင်ကြီးထံ ရောက်လာသော ပုံနှိပ်စာလုံးများ ကပ်ထားသည့် စာအကြောင်းကို ဆွေးနွေးလိုသောကြောင့် ဖြစ်ပါသည်၊ ဒီစာမျိုးကိုရပြီး မကြာခင်မှာ သေဆုံးကြရတတ်ကြသောကြောင့် ဖြစ်ပါတယ်၊ လွန်ခဲ့သော ဆယ်ရက်ကျော်က သတင်းစာမှာ ပါခဲ့သော မြားမှန်သေဆုံးခဲ့သည့် ဝါးနက်ချောင်းက ဦးဘသိန်းအကြောင်းကို မှတ်မိပါသလား ခင်ဗျာ၊ စိုးလွန်နေမည်စိုးလို့ ဒီစာကို ကြိုရေးလိုက်ခြင်းပါ၊ ကျွန်တော်လာနိုင်မယ်ဆိုရင် စာပြန်စေလိုပါတယ်၊*

*လေးစားစွာဖြင့်*

*အောင်ကျော်*

ထို့နောက် စာရွက်နောက်ကျောတွင် စာပြန်ရမည့် မော်ဘီလိပ်စာကို ရေးထားသည်ကိုပါ တွေ့ရသည်၊

"ခင်ဗျား စာပြန်လိုက်ပြီလား ကိုအုန်းကျော်" စာရွက်ကို ပြန်ပေးရင်း ကျွန်ုပ် မေးကြည့်သည်၊

"ပြန်ပြီးပြီ - ချိန်းထားတာ ဒီနေ့နေ့လယ် သုံးနာရီပဲဗျ"

ကုလားထိုင်ဘေးရှိ သတင်းစာပုံကိုကြည့်ရင်း ကျွန်ုပ်က "ဦးဘသိန်းတ သေဆုံးမှုကိုတော့ ဖတ်ပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com

"ဖတ်ပြီးပြီဗျ။ ဦးဘသိန်းမှာ ရန်သူမရှိဘူးလို့ ရေးထားတယ်၊ လွန်ခဲ့တဲ့ ဆယ်ရက်က နေဝင်ချိန်မှာ သူနေတဲ့ ရော်ဘာခြံထဲမှာ ကျောကုန်းကို မြား စိုက်ပြီး သေဆုံးခဲ့တယ်ဗျ"

"လက်နက်ကလည်း တယ်ထူးဆန်းပါလား"

ထိုအခိုက် လေကားမှတက်လာသော ဗိနပ်သံများ ကြားရသည်တွင် -

"ကျုပ်တို့အမှုသည် ဖြစ်လိမ့်မယ်"ဟု ဦးအုန်းကျော်က ပြောပြသည်။

တံခါးခေါက်သံကြားသဖြင့် ကျုပ်ထဖွင့်ပေးလိုက်၏။ အသက်သုံးဆယ် ခန့် ကျကျနနဝတ်စားထားသော လူရွယ်တစ်ယောက်ကို တွေ့ရ၏။

"စုံထောက်ကြီး ဦးအုန်းကျော်နဲ့ ချိန်းထားလို့ လာပါတယ်ခင်ဗျာ" လူငယ်က ပြောပြသည်။

"ဪပါပဲကွ၊ မင်းက ဝါးနက်ချောင်းက ကိုအောင်ကျော်လား"

ဟု ဦးအုန်းကျော်က မေးသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ ပုံနှိပ်စာလုံးတွေ ကပ်ထားတဲ့ မြှမ်းခြောက်စာကို ဖတ်ပြီးပြီလို့ မျှော်လင့်ပါတယ်၊ အဲဒီစာမျိုးကို ကျွန်တော့်ဖခင် အပါအဝင် လူငါးယောက်ဆီကို ပို့ထားတယ်ခင်ဗျ။ ဦးဘသိန်းဆိုသူကတော့ ကျောကုန်း မှာမြားစိုက်ပြီး သေရှာပါပြီ"

ကိုအောင်ကျော်ဆိုသူ လူရွယ်က လိုရင်းကို ပြောပြလေသည်။

"ဒီခေတ်မှာ မြားကို အသုံးပြုသူ ရှားတယ်ကွ"ဟု ဦးအုန်းကျော်က ပြော ပြသည်၊ "ကဲ - ထိုင်ပါ ကိုအောင်ကျော်၊ စာရတဲ့ လူတွေကကော အချင်းချင်း သွေးသားတော်စပ်ကြသလား"

"သွေးမျိုးတော့ မတော်ကြပါဘူး၊ အားလုံးဟာ ဝါးနက်ချောင်းမှာ နေကြ ပါတယ်၊ တစ်ချိန်ကတော့ သိပ်တော်တဲ့ ဒူးလေးသမားတွေ ဖြစ်ခဲ့ကြပါတယ်"

ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီးနောက် ကိုအောင်ကျော်က ပြောပြ သည်။



"ဒါပေမဲ့ - လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် ဦးစိန်ကြည် သေတဲ့အချိန်က စပြီး သူတို့အားလုံးဟာ ဒူးလေးမကိုင်ကြတော့ဘူး။ ဦးစိန်ကြည်ဟာ ဦးဘသိန်းလိုပဲ ကျောကိုမြားမှန်ပြီး သေခဲ့တယ်။ မြားတံဟာ ဝါးနက်ချောင်းက ဒူးလေးသမားတွေ အသုံးပြုတတ်တဲ့ မြားတံနဲ့အတူတူပဲခင်ဗျ။ ဦးစိန်ကြည်နဲ့ မကြာခင်ကသေတဲ့ ဦးဘသိန်းတို့ဟာ ဒူးလေးသမားတွေပါ၊ ဦးစိန်ကြည်ဟာ မတော်တဆ မြားမှန်တယ်လို့ ရဲဘက်က သတ်မှတ်ပြီး အမှုပိတ်ခဲ့ပါတယ်"

"ကျွန်တော်တို့ကို အစကနေပြီး ပြည့်စုံအောင် ပြောပြပါလား ကိုအောင်ကျော်" ဦးအုန်းကျော်က ပြောသည်၊

"ကောင်းပါပြီ - ခင်ဗျာ၊ ဝါးနက်ချောင်းကို ဦးစံနက်ကျော် ပြန်လာတဲ့ အချိန်ကစပြီး ပြောရပါလိမ့်မယ်၊ ဦးစံနက်ကျော်ဟာ လွန်ခဲ့တဲ့အနှစ် နှစ်ဆယ် ကျော်က မြားမှန်သေဆုံး ခဲ့တဲ့ ဦးစိန်ကြည်ရဲ့ညီ ဖြစ်ပါတယ်၊ သူဟာ ရှမ်း ပြည်နယ်မှာနေရာက ဝါးနက်ချောင်းကိုပြန်လာပြီး သူ့မိဘတွေပိုင်တဲ့ ရော်ဘာ ခြံထဲက အိမ်ကြီးမှာ တစ်ယောက်တည်းနေပါတယ်"

"ပထမဆုံးအကြိမ် သူနဲ့ကျွန်တော် တွေ့ခဲ့ပုံကိုလည်း ထည့်ပြောရမှာပါ။ ဝါးနက်ချောင်းရွာပတ်ဝန်းကျင်မှာ တောတောင်တွေ ရှိတယ်၊ တစ်ညနေမှာ ကျွန်တော်ဟာ တောလမ်းအတိုင်း လျှောက်နေတုန်း ကျွန်တော့်ရှေ့တည့် တည့်က ပြေးလာသံတွေ ကြားရပါတယ်၊ ကျွန်တော်ဟာ သစ်ပင်ကြီးတစ်ပင် နောက်မှာ ပုန်းနေခဲ့တယ်၊ မကြာခင် တောလမ်းအတိုင်းပြေးလာတဲ့ ခွေးကြီး ခြောက်ကောင်ကို တွေ့ရပါတယ်၊ ခွေးအုပ်ရဲ့အလယ်မှာ အသားမည်းမည်း၊ ဂင်တိုတို လူကြီးတစ်ယောက်လည်း ပါလာပါတယ်၊ အဲဒီလူကြီးဟာ ဦးစံနက် ကျော်ပါပဲ၊ ဦးစံနက်ကျော်နဲ့ သူ့ခွေးတွေဟာ ပြေးနေပေမယ့် ခြေချသံတာ လွဲပြီး ဘာသံမှ မကြားရဘူးခင်ဗျ၊ တကယ်ကြောက်စရာကောင်းတဲ့မြင်ကွင်း ပါပဲ ခင်ဗျာ"

"နောက် ရက်သတ္တနှစ်ပတ်အကြာမှာ ဦးစံနက်ကျော်နဲ့ ထပ်တွေ့ပြန် တယ်၊ ကျွန်တော်ဟာ ရော်ဘာခြံအတိုင်း လမ်းလျှောက်နေခဲ့ပါတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ မျက်နှာချင်းဆိုင်က စက်ဘီးစီးလာတဲ့ ဦးစံနက်ကျော်ကို တွေ့ရတယ်၊ ခွေးတွေက သူ့စက်ဘီးဘေးက ပြေးလိုက်လာပါတယ်၊ စက်ဘီးနဲ့ ခွေးတွေဟာ အပြေးပြိုင်သလို ပြေးနေကြပါတယ်၊ အဲဒီအချိန်ကလည်း ဘာသံမှ မကြားရဘူးခင်ဗျ"

"မင်း အဖေ့ဆီကို သတိပေးတဲ့စာ ဘယ်တုံးကရောက်လာသလဲကွ"

ဦးအုန်းကျော်က မေးသည်၊

"လွန်ခဲ့တဲ့ နှစ်ပတ်ကပါ ခင်ဗျာ"



လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် ဦးစိန်ကြည် သေတဲ့အချိန်ကစပြီး သူတို့အားလုံးဟာ ဒူးလေး မကိုင်ကြတော့ဘူး။ ဦးစိန်ကြည်ဟာ ဦးဘသိန်းလိုပဲ ကျောကို မြားမှန်ပြီး သေခဲ့တယ်။ မြားတံဟာ ဝါးနက် ချောင်းက ဒူးလေးသမားတွေ အသုံးပြုတတ်တဲ့ မြားတံနဲ့ အတူတူပဲခင်ဗျ။ ဦးစိန်ကြည်နဲ့ မကြာခင်ကသေတဲ့ ဦးဘသိန်းတို့ဟာ ဒူးလေးသမားတွေပါ။ ဦးစိန်ကြည်ဟာ မတော်တဆ မြားမှန်တယ်လို့ ရဲဘက်က သတ်မှတ်ပြီး အမှုပိတ်ခဲ့ပါတယ်

"အသက်ရှင်နေတဲ့ ဒူးလေးသမားတွေ အားလုံးဆီကိုကော စာပို့သေးလား"

"ပို့ပါတယ်"

"သူတို့ ဘယ်မှာနေကြသလဲကွ"

"ဝါးနက်ချောင်းပတ်ဝန်းကျင်မှာပဲ နေကြပါတယ်၊ ဦးမင်းဒင် တစ်ယောက်ကတော့ လွန်ခဲ့တဲ့ဆယ်နှစ်က အထက်မြန်မာပြည်ကို ပြောင်းသွားပါတယ် - ခင်ဗျာ"

"သတိပေးစာနဲ့ ပတ်သက်ပြီး မင်းအဖေက ဘယ်လို သဘောထားသလဲ"

"ကျန်တဲ့ ဒူးလေးသမားတွေဆီကို စာရေးပြီးမေးတယ်၊ သူတို့ဆီကိုလည်း စာရောက်ကြောင်း စာပြန်လာတဲ့အခါမှာ နည်းနည်းတုန်လှုပ်သွားပါတယ်၊ ဒါကလည်း ခဏပါပဲ၊ ကျွန်တော့်အဖေက သိပ်စိတ်မာတယ်၊ သူ အပြင်သွားတိုင်း လိုင်စင်နဲ့ကိုင်တဲ့ ခြောက်လုံးပြူးကို ယူသွားလေ့ရှိတယ်၊ သေနတ်ဟာ ကျောဘက်က အသံမပေးဘဲ လာတဲ့မြားတံကို မကာကွယ်နိုင်ပါဘူး။ ကျွန်တော်နဲ့ ကျွန်တော့်ညီဟာ သူသွားတဲ့နောက်ကို တစ်လှည့်စီ လိုက်ကြတယ်ခင်ဗျ"

"မင်း ငါ့ဆီကို လာတာဟာ သူ့ဆန္ဒအရ လာတာလား"

"ဟုတ်ပါတယ်၊ ဒီကိစ္စကို ရဲဘက်က မသိစေချင်လို့ပါ ခင်ဗျာ"

"ဦးဘသိန်း သေတဲ့ကိစ္စကို ရဲဘက်က လာမစစ်ဘူးလား"

"လာစစ်ပါတယ်၊ ဒါပေမဲ့ - သူတို့ဟာ သတိပေးစာအကြောင်းကို မသိကြဘူး၊ သတိပေးစာအကြောင်းကို ဦးဘသိန်း၊ ကျွန်တော့်အဖေနဲ့ ကျန်တဲ့ ဒူးလေးသမားတွေပဲ သိကြပါတယ်၊ သူ မသေခင် လေးငါးရက်က ဦးဘသိန်းဟာ ကျွန်တော်တို့အိမ်လာရင်း သတိပေးစာကို ဖျက်ဆီးလိုက်တဲ့အကြောင်း အဖေ့ကို ပြောပြတယ်၊ ဘာမှအဓိပ္ပာယ်မရှိဘူးလို့ သူက ပြောပါတယ်၊ နေတ်





www.burmeseclassic.com

www.burmeseclassic.com

စောစော ကျွန်တော် မော်ဘီကို ပြန်ပါမယ်။ ဦးတို့ ကျွန်တော်နဲ့အတူ လိုက်ခဲ့စေချင်ပါတယ်"

ထိုအခါ ဦးအုန်းကျော်က ကျွန်ုပ်ကို လှမ်းကြည့်ပြီး -

"ဘယ့်နယ့်လဲ - ကိုမြင့်မောင်၊ ကျွန်တော်နဲ့ လိုက်နိုင်မလား"

ဟု မေးပါတော့သည်၊

"လိုက်နိုင်ပါတယ်၊ ခုတစ်လော ကျွန်တော့်ဆေးခန်းမှာ လူနာ နည်းပါတယ်"

"ကျေးဇူးတင်ပါတယ် - ဒေါက်တာ၊ မနက် (၇)နာရီမှာ ကျွန်တော် လာခေါ်ပါ့မယ်"

ကိုအောင်ကျော် ပြန်သွားပြီးနောက် စုံထောက်ဦးအုန်းကျော်သည် တိတ်ဆိတ်စွာ စဉ်းစားနေလေ၏၊ ထို့နောက် ကျွန်ုပ်ကို မေးတော့သည်၊

"ဒီအမှုကို ခင်ဗျား ဘယ်လိုသဘောရသလဲ - ကိုမြင့်မောင်"

"ကိုအောင်ကျော်ရဲ့ အဖေနဲ့ ကျန်တဲ့ဒူးလေးသမားတွေဟာ လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကဖြစ်ခဲ့တဲ့ လူသေမှုကို ရဲဘက်က ပြန်စစ်မှာကို လိုလားပုံမရဘူးဗျ၊ ဦးစိန်ကြည်သေတာဟာ မတော်တဆမှု မဟုတ်မှန်းလည်းသိပုံရတယ်၊ ဦးစံနက်ကျော်ဟာ သူ့အစ်ကိုအတွက် လက်စားချေဖို့ ဝါးနက်ချောင်းကို ပြန်လာတာဖြစ်လိမ့်မယ်၊ သူ့အကြံအစည်ကို လူတွေမသိစေချင်တဲ့အတွက် ဘယ်သူနဲ့မှ မပေါင်းတာဖြစ်လိမ့်မယ်၊ သူ့အိမ်မှာလည်း ခွေးဆိုးကြီးတွေ မွေးထားတာဟာ ညှော်သည်မလာစေချင်လို့ ဖြစ်မယ်ဗျ"

"ခင်ဗျားတွေးလုံး မဆိုးပါဘူး" ဦးအုန်းကျော်က ပြောသည်၊

"ဒီအမှုမှာ ကွင်းဆက်ပြတ်နေတာတွေ ရှိတယ်ဗျ၊ သတိပေးစာဟာ ဦးစိန်ကြည်သေဆုံးမှုနဲ့ ပတ်သက်ကြောင်း အထောက်အထား မရှိပြန်ဘူး"

"ဦးစံနက်ကျော် ဝါးနက်ချောင်းကို ပြန်လာပြီးနောက်မှာ ဒီသတိပေးစာပေါ်လာတာကို စဉ်းစားသင့်တယ်၊ ဒါတင်မကဘူး သတိပေးစာပေါ်က မြားပုံကလည်း ဝါးနက်ချောင်းဒူးလေးသမားတွေသုံးတဲ့ မြားနဲ့တူနေတယ်၊ ပြီးတော့သွေးကြွေးဆပ်ဖို့ အသင့်ပြင်ထားဆိုတာဟာ ဦးစိန်ကြည်ကို သတ်တဲ့အတွက် လက်စားချေမယ်လို့ကော မယူဆနိုင်ဘူးလား"

"ဦးစိန်ကြည် သေဆုံးမှုကို ရဲဘက်က မတော်တဆမှုလို့ သတ်မှတ်ခဲ့တယ်လေဗျာ"

"ဒါကို အမှန်လို့ မယူဆနိုင်ပါဘူး။ ဝါးနက်ချောင်းက ဒူးလေးသမားတွေကလည်း အဲဒီလို ယူဆပုံမရဘူး။ ဦးစံနက်ကျော်ကလည်း အဲဒီလိုယူဆမှာမဟုတ်ဘူး။ ဒူးလေးသမားတွေထဲက တစ်ယောက်ယောက်ဟာ သူ့အစ်ကိုကို သတ်တယ်လို့ယူဆမှာ သေချာတယ်"

"ခင်ဗျား ပြောသလိုဆိုရင် ဦးဘသိန်းသေတာဟာ ဦးစံနက်ကျော် လက်ချက်လို့ ယူဆစရာဖြစ်နေပြီ"

စုံထောက်ဦးအုန်းကျော်သည် ထိုစကားကို ပြောပြီးနောက် တိတ်ဆိတ်စွာ စဉ်းစားနေပြန်သည်၊ ထို့နောက် ခေါင်းကိုဖြည်းညင်းစွာ ယမ်းလေသည်။

"နှစ်ပေါင်းနှစ်ဆယ်ကြာပြီးမှ လက်စားချေတယ်ဆိုတာ ဆန်းတယ်ဗျ၊ ပြီးတော့ - လူတစ်ယောက်သေတဲ့အတွက် လူငါးယောက်ကို လက်စားချေရမယ်ဆိုတာဟာ ရှုပ်သွပ်မှုဖြစ်တယ်၊ ဒီအမှုဟာ ကျွန်တော်တို့ထင်တာထက် ပိုရှုပ်ထွေးလိမ့်မယ် ကိုမြင့်မောင်၊ ကြည့်ကြသေးတာပေါ့ဗျာ"

— ● —

ထို့နောက် စုံထောက်ဦးအုန်းကျော်သည် မော်တီမြို့နယ် မြေပုံကို ထုတ်ကြည့်နေတော့၏။

နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် မီးရထားဖြင့် ဝါးနက်ချောင်းရွာသို့ လာခဲ့ကြ၏။ ကိုအောင်ကျော်တို့၏ နေအိမ်မှာ ဝါးနက်ချောင်းနှင့် နှစ်မိုင်ခန့်ဝေးသော ရော်ဘာခြံကြီးအတွင်းတွင် ရှိ၏။ ဗြိတိသျှခေတ်ပုံစံ အုတ်နီနံစထင်တိုက်ခံအိမ်ကြီးဖြစ်သည်။ ကိုအောင်ကျော်၏ဖခင်ကြီး ဦးလှိုင်ဘွားတို့ကိုညနေ့ညည့်ခန်းတွင် တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးလှိုင်ဘွားမှာ အသက် (၆၀) ကျော်ပြီ ဖြစ်၏။ အသားညိုမြ၍ ကိုယ်လုံးတုတ်ခိုင်၏။ မျက်နှာထားမှာ တင်းမာခက်ထန်၏။ သူ့သားက ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးချိန်တွင် နှုတ်ခမ်းကို တင်းကြပ်စွာစေ့ပြီး နားထောင်နေ၏။ သူ့ကိုယ်သူ ယုံကြည်စိတ်ချသော အမူအရာမျိုး ဖြစ်၏။

ကျွန်ုပ်တို့အား လက်ဖက်ရည်၊ မုန့်များဖြင့် ဧည့်ခံနေချိန်တွင် အသက် (၂၅)နှစ်ခန့် အသားဖြူဖြူလူငယ်တစ်ယောက် ဝင်လာ၏။ လူငယ်၏ မျက်နှာပေါ်တွင် ဒေါသရိပ်များ ပေါ်နေ၏။

"ဖေဖေ မနေ့ညက ကျွန်တော် အိမ်ပြန်လာချိန်မှာ ကိုတာနောကို တွေ့ရတယ်"

ထို့နောက် လူငယ်သည် ကျွန်တော်တို့ကို မြင်သဖြင့် စကားရပ်လိုက်၏။

"ဒါ - ကျွန်တော့်သား မောင်သီဟပါ။ ကဲ - ပြောပါဦး။ မင်း တာနောကို မြင်ခဲ့တာကော သေချာရဲ့လား" ဟု ဦးလှိုင်ဘွားက မေးနေသည်။

"သေချာပါတယ်၊ သူဟာ သစ်ပင်နောက်မှာ ပုန်းနေတယ်၊ ကျွန်တော် လက်နှိပ်ဓာတ်မီးနဲ့ ထိုးမိလို့ မြင်ရတာပါ။ သူ ချက်ချင်း ထွက်ပြေးသွားတယ် ဖေဖေ"

"ကိုတာနောဆိုတာ ကျွန်တော်တို့ ရော်ဘာခြံရဲ့အစောင့်ပါ"

ကိုအောင်ကျော်ကပြောပြသည်။

"လွန်ခဲ့တဲ့နှစ်လက ဖေဖေက အလုပ်ကထုတ်လိုက်တဲ့သူပါ၊ အဲဒီအချိန်ကစပြီး သူဟာ ဒီအိမ်အနီးတစ်ဝိုက်မှာ မယောင်မလည်လုပ်နေတတ်တယ် ခင်ဗျ"

"ဘာကြောင့် အလုပ်ကထုတ်တာလဲ" ဟု ဦးအုန်းကျော်က မေးကြည့်သည်။

"ခြံထဲက ရော်ဘာတွေ ခိုးရောင်းလို့ပါ။ ဒါဟာ ကျွန်တော့်ဖခင် မကြိုက်ဆုံးအလုပ်မျိုးပဲ"



မောင်သီဟသည် ဘာမှမပြောတော့ဘဲ အိမ်အပြင်သို့ ထွက်သွားတော့၏။

"ကဲ - အလုပ်ကိစ္စကို ဆွေးနွေးလို့ရပါပြီ" ဦးလှိုင်ဘွားက စကားစသည်။

"ပထမဆုံး မြိမ်းခြောက်စာအပို့ခံရသူတွေအကြောင်းကို သိချင်ပါတယ်" စုံထောက်ဦးအုန်းကျော်က ပြော၏။

"ဆရာစံ သူပုန်ထတဲ့အချိန်က ဒီနယ်မှာ ဓားပြဂိုဏ်းတွေ သောင်းကျန်းခဲ့တယ်၊ အခု မြိမ်းခြောက်စာအပို့ခံရသူတွေဟာ ရော်ဘာခြံပိုင်ရှင်တွေဖြစ်တယ်၊ ကိုယ်ပိုင်တဲ့ရော်ဘာခြံတွေမှာပဲ နေကြတယ်၊ ကျုပ်တို့မှာ လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်တွေရှိပါတယ်၊ ဒါပေမဲ့ - ရန်သူကို ကာကွယ်ဖို့အတွက် ဒူးလေးကို ပိုပြီးအားကိုးကြတယ်၊ ကျုပ်တို့ဟာ စုပေါင်းပြီးလေ့ကျင့်ကြတယ်၊ တစ်နှစ်တစ်ကြိမ် ဒူးလေးပစ်ပြိုင်ပွဲကျင်းပကြတယ်၊ ရည်ရွယ်ချက်ကတော့ ရန်သူကို ကြောက်လန့်အောင် လုပ်တာပါ။ ဒါပေမဲ့ - ကိုစိန်ကြည် သေသွားတဲ့နောက်ပိုင်းမှာ အားလုံးစိတ်ဓာတ်ကျပြီး ဒူးလေးကို ပစ်လိုက်ကြတယ်"

"ဦးစိန်ကြည် သေရပုံကို ပြောပြပါဦး - ဦးလှိုင်ဘွား"

"ရဲဘက်ကတော့ မတော်တဆမှုလို့ ဆုံးဖြတ်ပြီး အမှုပိတ်ခဲ့တာပဲလေ"

"မတော်တဆမှုကော ဖြစ်နိုင်ပါ့မလား ခင်ဗျာ"

"မဖြစ်နိုင်ပါဘူး။ လူသတ်မှုလို့ ကျုပ် ယူဆတယ်၊ ဒါပေမဲ့ - အထောက်အထား၊ သက်သေမပြနိုင်လို့ ကျုပ်တို့ ဘာမှမပြောပဲနေခဲ့ကြတယ်၊ ခင်ဗျားက ရဲဘက်ကမဟုတ်တော့လို့ ပြောတာပါ"

ထို့နောက် ဦးလှိုင်ဘွားက ဆက်ပြောလေသည်။

"ကျုပ်တို့အားလုံးဟာ အတွေ့အကြုံရင့်ကျက်တဲ့ ဒူးလေးသမားတွေပါ။ ဒါကြောင့် မတော်တဆမှုကိုလုပ်ဖို့ ခဲယဉ်းတယ်၊ သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေလည်း ဖြစ်ကြတယ်၊ ပြီးတော့ ကိုစိန်ကြည်သေလို့ ဘယ်သူမှ အ[illegible]

www.burmeseclassic.com

မိတ်ဆွေကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရတယ်၊ ကျုပ်ဟာ သူသေတဲ့ နောက်ပိုင်းမှာ ဒူးလေးကို မကိုင်တော့ဘူး"

"ဦးစိန်ကြည်သေတဲ့နေ့က အဖြစ်အပျက်ကိုလည်း သိပါရစေခင်ဗျာ"

"အဲဒီနေ့က ဒူးလေးအဝေးဆုံးပစ်တဲ့ပြိုင်ပွဲ ကျင်းပတယ်၊ နေရာယူပြီး မြားတွေကို ပစ်လွှတ်လိုက်ကြတယ်၊ အဲဒီနောက် ဘယ်သူအဝေးဆုံးပစ်နိုင်သလဲဆိုတာကို သိရအောင် ရှေ့ကိုတိုးသွားကြတယ်၊ အဲဒီအချိန်မှာ ကျောမှာ မြားမှန်ပြီး သေနေတဲ့ ကိုစိန်ကြည်ကို တွေ့ရတော့တာပဲ၊ မြားတံဟာ ကျုပ်တို့သုံးတဲ့မြားအမျိုးအစားပဲ၊ ဒါပေမဲ့ - အမှတ်အသားမပါဘူး"

"မြားတွေမှာ အမှတ်အသားလုပ်ထားသလား ခင်ဗျ"

"ကျုပ်တို့မြားတံတွေမှာ ကိုယ်ပိုင်အမှတ်အသားတွေ ရှိတယ်၊ ဘယ်သူ့မြားက အဝေးဆုံးရောက်သလဲဆိုတာ သိရအောင်ပါ၊ ကျုပ်တို့ပစ်တဲ့မြားတွေကိုလည်း တွေ့ရတယ်၊ ကိုစိန်ကြည်ရဲ့မြားကိုလည်း ရှာတွေ့တယ်၊ ဒါကြောင့် ကိုစိန်ကြည်ဟာ သူ့မြားကို သူပစ်ခဲ့ကြောင်း သိရတာပါ"

ဦးလှိုင်ဘွားသည် မောသွားဟန်ဖြင့် စကားရပ်ပြီး နှုတ်ခမ်းများကို လျှာဖြင့် လျက်နေ၏၊ ထို့နောက် ဆက်ပြောပြန်သည်၊

"အဲဒီနေ့က ကျုပ်တို့အားလုံးရဲ့မြားတံတွေမှာ အမှတ်အသားပါတယ်၊ ဒါပေမဲ့ - ကိုစိန်ကြည်ကိုမှန်တဲ့ မြားမှာတော့ အမှတ်အသားမပါဘူး"

"မြားပစ်ပြိုင်ပွဲကျင်းပတဲ့အကြောင်းကို ဒီပြင်လူတွေကော သိသလား"

"နှစ်စဉ်လုပ်တဲ့အတွက် စိတ်ဝင်စားသူတိုင်း သိပါတယ်"

"ဦးစိန်ကြည်ရဲ့ မိသားစုဟာ အခု ဒီမှာပဲနေသလား ခင်ဗျ"

"ဦးစိန်ကြည်က လူပျိုကြီးပါ၊ သူ့ညီ ကိုစံနက်ကျော် တစ်ယောက်ပဲ အမွေဆက်ခံသူရှိတယ်၊ ကိုစိန်ကြည် သင်္ဂြိုဟ်ပြီးချိန်အထိ ကိုစံနက်ကျော်နဲ့ အဆက်အသွယ်မရခဲ့ဘူး၊ ရှမ်းပြည်နယ်ဘက်ကို ခရီးထွက်နေတယ်၊ ကိုစိန်ကြည်သေပြီး အတော်ကြာမှ ပြန်ရောက်လာတာပါ၊ အဲဒီနောက် ရော်ဘာခြံကို အငှားချပြီး ရှမ်းပြည်နယ်ကို ပြန်သွားတယ်၊ လွှမ်းခဲ့တဲ့နှစ်တ လောက်ကမှ ပြန်ရောက်လာပြီး ရော်ဘာခြံမှာပဲ နေတယ်"

"ကိုဘသိန်းကို ပစ်တဲ့မြားကလည်း ဦးတို့သုံးတဲ့မြားနဲ့ တူပါသလား ခင်ဗျာ"

"အေး - တူတယ်"

"ကဲ - ကိုတာနောအကြောင်း ပြောပါဦး၊ သူ ဘယ်လောက်ကြာအောင် ဦးရဲ့ခြံမှာ အလုပ်လုပ်ခဲ့သလဲ"

"ဆယ်နှစ်"

"သူ ဒီအနီးအနားမှာ တရစ်ဝဲဝဲလုပ်နေတာကိုကော - ဦး - မြင်ပါသလား"

"ကျုပ် မမြင်ပါဘူး၊ သီဟာ မြင်တယ်လို့ပြောတယ်၊ သူလည်း မြင်တယ်လို့ ပြောတယ်"

ဦးလှိုင်ဘွားက ကိုအောင်ကျော်ကို လှမ်းကြည့်ပြီးပြောသည်၊

"မကြာခဏ မြင်ပါတယ် - ဦးအုန်းကျော်"

ကိုအောင်ကျော်က ပြောသည်၊

"ဖေဖေ အပြင်ထွက်မယ့်အချိန်ကို လာစောင့်နေပုံရတယ် ခင်ဗျ"

"ဝါ - အပြင်ထွက်မယ့်အချိန်ကို လူတိုင်းသိတာပဲ"

ဦးလှိုင်ဘွားက ခေါ်သဖြင့်ပြောသည်၊ ဤတွင် ဦးအုန်းကျော်က စကားလမ်းကြောင်း ပြောင်းလိုက်သည်၊

"စိတ်မဆိုးပါနဲ့ ခင်ဗျာ၊ ဦးဟာ အိမ်ထောင်တစ်ဆက် မကဘူးလို့ထင်ပါတယ်"

"အင်း - သီဟာနဲ့ အောင်ကျော်တို့ ရုပ်ချင်းမတူတာကို ခင်ဗျား သတိထားမိပုံရတယ်၊ ဟုတ်တယ် - အောင်ကျော်တို့မိခင် ကွယ်လွန်သွားတဲ့နောက်မှာ သီဟာမိခင်နဲ့ ထပ်ပြီးအိမ်ထောင်ပြုခဲ့တယ်၊ သီဟာက သူ့မိခင်နဲ့ပါလာသား အဲဒီနောက်အိမ်ထောင်လည်း ပျက်စီးသွားပါပြီ၊ သီဟာကို ကျုပ်တို့ သား

www.burmeseclassic.com

အရင်းကိုဆက်ပြီး စောင့်ရှောက်ထားပါတယ်၊ အေးအေးဆေးဆေးနေတတ်တဲ့ လူငယ်လေးပါပဲ။ ရန်ကုန်မှာ ပုံနှိပ်တိုက်လုပ်ငန်း လုပ်တယ်"

"ဦးဘသိန်းနဲ့ ဦးစိန်ကြည်ကို သတ်သူဟာ တစ်ယောက်တည်းလို့ ဦး ထင်ပါသလား"

"ကျုပ် ဘယ်လိုမှ မထင်တတ်ပါဘူး"

"ခြိမ်းခြောက်စာရတဲ့ ကိစ္စကို ဘာကြောင့် ရဲကိုမတိုင်ပါသလဲခင်ဗျာ"

"အကျိုးမရှိဘူးထင်လို့ပါ၊ ဒီလူသတ်မှုနှစ်ခုလုံးမှာ ကျုပ်တို့ အသုံးပြုနေတဲ့မြားနဲ့တူတဲ့ မြားတစ်စင်းကြောင့် လူနှစ်ယောက် သေရတာဟာ ထူးဆန်းတယ်။ သေသူနှစ်ယောက်လုံးဟာ စိတ်သဘောကောင်းကြပါတယ်၊ သူတို့ သေတဲ့အတွက် ဘယ်သူမှအကျိုးအမြတ်မရှိကြပါဘူး၊ ကျုပ်အတွက်တော့ ဒီလူသတ်မှုတွေဟာ ဘာမှအဓိပ္ပာယ်မရှိဘူးလို့ ထင်တယ် လေ"

ထို့နောက် ဦးလှိုင်ဘွားသည် ထရပ်လိုက်၏။

"ကဲ – ကျုပ်သားနဲ့ စကားပြောပါဦး"

ထိုသို့ ပြောပြီးနောက် ဦးလှိုင်ဘွား အခန်းထဲမှ ထွက်သွားတော့၏၊ ခြံ ခန်းတွင် ကျွန်တော်၊ ကိုအောင်ကျော်နှင့် စုံထောက်ဦးအုန်းကျော်တို့ ကျန် ရစ်ခဲ့၏။

"ခြံစောင့် ကိုတာနောက်ကို ဒီအနီးအနားမှာ ဘယ်အချိန်ကစပြီး မင်း မြင်ခဲ့သလဲ" ဟု ဦးအုန်းကျော်က မေးလိုက်သည်။

"ဦးဘသိန်းသေပြီး နောက်တစ်ညလို့ ထင်တာပဲ ခင်ဗျာ"

"ဒီအရင်ကကော မမြင်ဘူးလား"

"မောင်သီဟကတော့ သူ့ကိုမြင်တာကြာပြီလို့ ပြောတယ်၊ ကျွန်တော် မြင်ကြောင်းပြောမှ သူလည်း အရင်ကတည်းက မြင်ကြောင်းပြောပါတယ်။ ဖေဖေ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မပြောတာလို့ ပြောပါတယ်"

ဦးအုန်းကျော်သည် အတန်ကြာအောင် မျက်စိမှိတ်၍ စဉ်းစားနေ၏။ ထို့နောက် မျက်စိပြန်ဖွင့်လာ၏၊ နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်တစ်ခု ရေးရေးပေါ် နေ၏။ တစ်စုံတစ်ရာကို သူ စဉ်းစားမိကြောင်း ကျွန်တော် သိလိုက်သည်။

"ကျွန်တော့် ဒူးလေးသမားတွေဆီကို ငါတို့ သွားတွေ့ချင်တယ်။ မြင်းလှည်း တစ်စီးစီစဉ်ပေးပါလား ကိုအောင်ကျော်၊ သူတို့ အိမ်တွေကိုသိတဲ့ မြင်းလှည်း သမားဆိုရင် ပိုကောင်းမယ်"

"ဟုတ်ကဲ့ – ကောင်းပါပြီ"

— ❁ —

ထိုနေ့ညနေတွင် ကျွန်ုပ်တို့သည် ဝါးနက်ချောင်းရွာလယ်ရှိ စားသောက် ဆိုင်တစ်ဆိုင်သို့ ရောက်နေကြ၏။ နေ့လယ်ပိုင်းတွင် အခြားဒူးလေးသမား သုံးယောက်၏ နေအိမ်များသို့ ရောက်ခဲ့ကြပြီးဖြစ်၏။ ဦးဇေယျာမှာ ကိုယ်တစ် ပိုင်းသေနေ၏။ ဦးမောင်ကြီးမှာ ဘုန်းကြီးဝတ်နေ၏။ ဦးရွှေသွင်မှာ လက်ပံ တန်းစုတွင် သီဟိုဠ်စိုက်နေသည်၊ ဦးအုန်းကျော်သည် သူတို့ထံမှ ဘာမှထူး ထူးခြားခြား သိခဲ့ပုံမပေါ်ပါ။

ထိုနေ့က တစ်နေ့လုံး ပင်ပန်းလာသဖြင့် ဘီယာနှင့်ဆိတ်သားကြော် များ မှာယူစားသောက်ကြ၏။ အချိန်စောသေးသဖြင့် ဆိုင်ထဲတွင် ကျွန် တော်တို့သာရှိနေသည်။ ဆိုင်ရှင်မှာ အသက်ငါးဆယ်ခန့်ရှိပြီး လူဝကြီးဖြစ် သည်၊ ပါးနပ်ပြီး အာသွက်လျှာသွက်ပုံလည်းရ၏။ ဆိုင်ရှင်သည် ကျွန်ုပ်တို့ အား လူစိမ်းများဖြစ်ကြောင်း သိပုံရ၏။

"ခင်ဗျားတို့က ရန်ကုန်သားတွေ ထင်တယ်။ ဒီကို အလည်လာကြတာ လား"

နောက်ဆုံး၌ ကျွန်ုပ်တို့ထံ လာတော့၏။

"ရော်ဘာခြံပိုင်ရှင် ဦးလှိုင်ဘွားဆီကို အလုပ်ကိစ္စနဲ့ လာတာပါဗျာ။ ခင်ဗျား သူ့ကိုသိသလား" ဦးအုန်းကျော်က မေး၏။

www.burmeseclassic.com

"ဟုတ်ကဲ့ - သိပါတယ်"

"သူက ဘယ်လိုလူစားမျိုးလဲဗျ - ဆရာကြီး"

ဆိုင်ရှင်က ခေါင်းယမ်းနေ၏။

"သူ့ကို ဒီရွာကလူတွေက သိပ်မကြိုက်ကြဘူးဗျ၊ မာနကြီးတယ်၊ စိတ်ကလည်း ထန်သကိုးဗျာ"

"သူ့သားတွေကကော ..."

"တစ်ယောက်နဲ့ တစ်ယောက်လည်း မတူကြဘူးဗျ၊ ကိုအောင်ကျော်က စီးပွားရေးသမားသက်သက်ပါ၊ ရော်ဘာခြံကို သူပဲ ဦးစီးနေတယ်၊ လူတိုင်းနဲ့ အဆင်ပြေအောင် ပေါင်းတတ်တယ်၊ ကောလိပ်မှာ အိုင်အေအထိ သင်ဖူးခဲ့တယ်၊ ပညာတတ်၊ ရုပ်ချော၊ ပရှည်းချမ်းသာတဲ့ လူငယ်တစ်ယောက်ရဲ့ ရည်းစားတော့ များသဗျ၊ အငယ်ကောင် သီဟကတော့ လောင်းကစားသမားသက်သက်ဗျ၊ မြင်းလောင်းတယ်၊ လေးကောင်ဂျင်ထိုးတယ်၊ ဖဲရိုက်တယ်၊ လောင်းကစားအားလုံး လုပ်တယ်၊ နတစ်လော သူ လေးကောင်ဂျင် ဝိုင်းရှုံးလို့ ကြွေးတွေတင်နေတယ်လို့ကြားရတယ်၊ ကျုပ်ရဲ့ဆိုင်ကြွေး ငွေတစ်ရာတောင် မပေးနိုင်ဘူး"

"ဦးစိန်မောက်ကိုကော သိသလား"

ဤတွင် ဆိုင်ရှင်မျက်နှာ တည်သွား၏။

"သူ့ကိုလည်း ဘယ်သူမှ မကြိုက်ကြပါဘူးဗျာ၊ သူ့အကြောင်းတော့ သိပ်မသိဘူး၊ သူတစ်ယောက်တည်း အစေခံတစ်ယောက်နဲ့ နေတယ်ဗျ"

"ဦးမောင်ကြီးအကြောင်း ပြောပါဦး"

"သူ ဘုန်းကြီးဝတ်သွားတာ ကြာပါပြီ"

ထို့နောက် ဆိုင်ရှင်သည် ဦးအုန်းကျော်မျက်နှာကို အံ့ဩသလိုကြည့်နေ၏။



"အလို ခင်ဗျားက ဝါးနက်ချောင်းက ဒူးလေးသူရဲကောင်းတွေအကြောင်းကို စုံစမ်းနေတာပါလား၊ ခင်ဗျားဟာ စုံထောက်ဘက်က ဖြစ်လိမ့်မယ်"

"ဟုတ်တယ် - အလွတ်စုံထောက် ဦးအုန်းကျော်ဆိုတာ ကျုပ်ပါပဲ"

ဤစကားကို ကြားသည်နှင့် ဆိုင်ရှင်သည် ကျွန်ုပ်တို့ စားပွဲမှ ထသွားတော့၏။

ဦးအုန်းကျော်သည် မြင်းလှည်းမောင်းသူအား ဦးစိန်မောက်အိမ်သို့ မောင်းရန် အမိန့်ပေးလိုက်၏။ မြင်းလှည်းသမားသည် ရွာပြင်သို့ မောင်းလာပြီးနောက် လမ်းကြားတစ်ခုထဲသို့ ချိုးဝင်လိုက်၏။ ခပ်နိမ့်နိမ့်အုတ်ဝင်းထရံတစ်ခု ဝင်ပေါက်ရှေ့တွင် မြင်းလှည်းရပ်လိုက်၏။ ဝင်းခြံအလယ်တွင် ဟောင်းမြည့်နေသော နှစ်ထပ်တိုက်ခံအိမ်ကြီးတစ်လုံးကို တွေ့ကြရ၏။

ကျွန်ုပ်တို့သည် မြင်းလှည်းသမားအား လမ်းထိပ်သို့ပြန်သွားပြီးစောင့်နေရန် ပြောခဲ့ပြီး တိတ်ဆိတ်နေသော အိမ်ကြီးရှိရာသို့ လာခဲ့ကြ၏။ ကျွန်ုပ်တို့သည် အိတ်ထဲမှသေနတ်ကို အသင့်ကိုင်ရင်း ပတ်ဝန်းကျင်ကို သတိထားကြည့်နေမိ၏။ ပိတ်ထားသော တံခါးရှေ့တွင် ရပ်လိုက်ကြစဉ် ဦးအုန်းကျော်က လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲလိုက်၏။ အချိန်အတော်ကြာမှ တံခါးပွင့်လာ၏။ တံခါးဝတွင် အသားညိုညို၊ ပိန်ပိန်ပါးပါး လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

"ဦးစိန်မောက်နဲ့ တွေ့ချင်လို့ပါ" ဦးအုန်းကျော်က ပြောလိုက်သည်။

"ဆရာဦးစိန်မောက်ဟာ ဘယ်သူနဲ့မှ မတွေ့လိုပါဘူး ခင်ဗျာ"

ဟု ထိုလူက ပြောပြသည်။

"သူ အခု အပြင်ထွက်သွားပါတယ်"

ကျွန်ုပ်တို့သည် မြင်းလှည်းရပ်ထားရာသို့ ပြန်လာကြ၏။ လမ်း[illegible] မောင်းလာကြပြီးနောက် လမ်းကြားတစ်ခုအတွင်းသို့ဝင်ရန် အမိန့်ပေးလိုက်၏

www.burmeseclassic.com

www.burmeseclassic.com

လမ်းမှာ လှည်းတစ်စီးသွားရုံသာ ကျယ်၏။ ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များ ထူထပ်စွာပေါက်နေ၏။ ကျွန်ုပ်တို့သည် မြင်းလှည်းမောင်းသူအား လမ်းမသို့ပြန်သွားပြီး စောင့်နေရန် ပြောခဲ့ပြီး လမ်းကြားအတိုင်း ဆက်လျှောက်လာကြ၏။ ကျွန်ုပ်တို့သည် သစ်ပင်များကို တိုးဝှေ့၍ ဦးစိန်မောက်၏ အိမ်ကြီးဆီသို့ လာခဲ့ကြခြင်း ဖြစ်သည်။ ဦးစိန်မောက်၏အိမ်ကို နောက်ပိုင်းမှ ချည်းကပ်၍ အခြေအနေကို စောင့်ကြည့်ရန် ဖြစ်သည်။

ထိုအခိုက် ကျွန်ုပ်တို့ရှေ့မှ ပြေးလာသံများ ကြားရသဖြင့် သစ်ပင်များ နောက်သို့ပြေးကပ်ပြီး စောင့်ကြည့်နေကြ၏။ မကြာခင် တောလမ်းအတိုင်း ပြေးလာသော ခွေးအုပ်နှင့် အရပ်ပုပု၊ ဂင်တိုတို လူကြီးတစ်ယောက်ကို မြင်ကြရ၏။ ခွေးအုပ်နှင့်ထိုလူကြီးသည် လျင်မြန်စွာပြေးနေသော်လည်း ခြေရသံမှလွဲ၍ ဘာသံမှမကြားရပေ။ ကျွန်ုပ်တို့သည် မြင်ကွင်းကို အံ့ဩစွာ ကြည့်နေမိကြ၏။ ထို့နောက် ခွေးအုပ်နှင့် သူတို့သခင်သည် ကုန်းမြင့်တစ်ခုပေါ်သို့ တက်ပြီး တစ်ဖက်သို့ ဆင်းသွားကြ၏။

“ဦးစိန်မောက်နဲ့ သူ့ခွေးတွေပဲဗျ၊ မကြာခင် နေဝင်တော့မယ်၊ သူတို့ကြာကြာနေမှာ မဟုတ်ဘူး။ မကြာခင် ပြန်လှည့်လာလိမ့်မယ်”

ဦးအုန်းကျော်က ပြောပြသည်။

ကျွန်ုပ်တို့သည် ကုန်းမြင့်ပေါ်သို့ တက်ခဲ့ကြ၏၊ အပေါ်သို့ ရောက်သော အခါ ငါးဆူးတောင်ဘက်သို့ ပြေးသွားသော ခွေးအုပ်ကို မြင်ကြ၏။

“သူတို့ ဒီလမ်းအတိုင်းပြန်လာမှာပဲ ကျွန်တော်တို့ ဒီကပဲ စောင့်ကြမယ်”

ဦးအုန်းကျော်က ပြော၏။

— ❁ —

နေဝင်သွားပြီ ဖြစ်၏၊ နေ၏ ကြွင်းကျန်သော အလင်းရောင်သည် တဖြည်းဖြည်း အားပျော့လာ၏။ တောထဲတွင် မှောင်လာ၏။ နာရီဝက်ခန့် ကြာသောအခါ ပြေးလာသံများ ကြားရပြန်၏။



“ဟော – သူတို့ ပြန်လာပြီ – ကိုမြင့်မောင်၊ သေနတ်ကို အသင့်ပြင်ထား စမ်းဗျာ”

ကျွန်ုပ်တို့သည် သစ်ပင်များနောက်သို့ ပြန်ဝင်လိုက်ကြ၏၊ ကျွန်ုပ်က အိတ်ထဲမှ သေနတ်ကိုထုတ်ပြီး ကိုင်ထား၏။ ဦးအုန်းကျော်က သူ့လက်စွဲတော် ဟန်တိန်တုတ်ကို ကိုင်ထား၏။

ခွေးအုပ်သည် ကုန်းမြင့်ပေါ်သို့ စတင်တက်လာ၏။

“ခဏနေပါဦး – ဦးစိန်မောက်” ဦးအုန်းကျော်က အသံပေးရင်း သစ်ပင်နောက်မှ ထွက်ရပ်လိုက်၏။

ဦးစိန်မောက်နှင့် ခွေးအုပ်ရပ်သွားကြ၏။ ဦးစိန်မောက်က စိတ်ဆိုးသော မျက်နှာဖြင့် လှမ်းကြည့်ရင်း –

“ခင်ဗျား ဘယ်သူလဲ၊ ဘာပြောချင်လို့လဲ” ဦးစိန်မောက်က ခက်ထန်စွာ မေးတော့၏။

“ခင်ဗျားကို မေးခွန်းနည်းနည်း မေးစရာရှိလို့ပါ”

“ကျုပ် – ဘာစကားကိုမှ မဖြေနိုင်ဘူးနော်”

“လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က လူသတ်မှုအကြောင်းကို ကျွန်တော် စုံစမ်းနေပါတယ်၊ ခင်ဗျားအစ်ကို ဦးစိန်ကြည်သေတဲ့အချိန်က ခင်ဗျား ဘယ်မှာ ရှိသလဲဆိုတာကို သိချင်လို့ပါ”

ဦးအုန်းကျော်နှင့် ဦးစိန်မောက်တို့သည် အတန်ကြာအောင် မျက်လုံးချင်း ဆိုင်ကြည့်နေကြ၏။ ထို့နောက် ဦးစိန်မောက်နှုတ်မှ ဒေါသတကြီး ဆဲဆိုသံနှင့် ကြမ်းတမ်းသောစကားလုံးများ ထွက်ပေါ်လာ၏။

“ထွက်သွားကြစမ်းဗျာ၊ ကျုပ် ခွေးတွေနဲ့ ရှူးမတိုက်မီခင် ခပ်မြန်မြန် ထွက်သွားပါ။ ခင်ဗျားဟာ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကို ဝင်ရှုပ်တာပဲ”

“ခင်ဗျား မဖြေချင်လည်း ရပါတယ်၊ ကျွန်တော့်ဘာသာ စုံစမ်းလို့လည်း ရပါတယ်။ ကျွန်တော့်နာမည်ကို ခင်ဗျားကြားဖူးမှာပါ။ စုံထောက် ဦးအုန်းကျော် ဆိုတာ ကျွန်တော်ပဲ”

— ❁ —

www.burmeseclassic.com

ထို့နောက် ကျွန်ုပ်တို့သည် လာခဲ့သောလမ်းအတိုင်း ပြန်လာခဲ့ကြ၏။ မြင်းလှည်းပေါ်သို့ ပြန်တက်ပြီး မြင်းလှည်းသမားအား ကိုအောင်ကျော်တို့၏ အိမ်သို့ ပြန်မောင်းစေ၏။ လမ်းမကြီးမှ လမ်းကြားအတွင်းသို့ မြင်းလှည်းကွေ့ဝင်ချိန်တွင် သစ်ပင်တစ်ပင်နောက်မှကွယ်၍ ကိုအောင်ကျော်တို့အိမ်ကို ကြည့်နေသူတစ်ယောက်ကို လှမ်းမြင်ရ၏။

ဦးအုန်းကျော်သည် မြင်းလှည်းရပ်နိုင်းပြီး ဆင်းလိုက်၏။

"ကိုမြင့်မောင် - နောက်က လိုက်ခဲ့ဗျာ"

ထို့နောက် ထိုလူရပ်နေသော သစ်ပင်ဆီသို့ ခပ်မြန်မြန် ချဉ်းကပ်သွား၏။ ကျွန်ုပ်တို့သည် မြင်းလှည်းကို ခပ်ဖြည်းဖြည်းမောင်း၍ နောက်မှလိုက်သွား၏။

သစ်ပင်အောက်မှ လူသည် ဦးအုန်းကျော်ကို စက်ထန်စွာ လှမ်းကြည့်နေ၏။ သူတို့စကားပြောသံကိုတော့ ကျွန်ုပ် ကြားနေရ၏။

"ခင်ဗျား - ကိုတာနော မဟုတ်လား"

"ဟုတ်တယ် - အဲဒါ - ကျုပ်နာမည်ပဲ"

ထိုလူက စက်ထန်ထန် ပြန်ဖြေသည်။

"ခင်ဗျား - ဒီမှာ ဘာလုပ်နေတာလဲဗျ - ကိုတာနော"

"ဒါဟာ ဘယ်သူမှပိုင်တဲ့နေရာ မဟုတ်ပါဘူး။ ကျုပ်ဘာသာ နေခွင့်ရှိပါတယ်။ ကျုပ် - ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးဘူး"

"မောင်သီဟာက ခင်ဗျားကိုလွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး ဒီအနီးအနားမှာ တွေ့ရတယ်လို့ ပြောတယ်ဗျ"

"သူ အမှတ်မှားတာဖြစ်လိမ့်မယ်။ လွန်ခဲ့တဲ့ နှစ်ပတ်ကစပြီး တွေ့တယ်ဆိုရင်တော့ မှန်ပါတယ်"



ဦးအုန်းကျော်က ကျေနပ်စွာ တစ်ချက်ပြုံးလိုက်၏။ ထို့နောက် ဦးအုန်းကျော်သည် ကိုတာနောဆိုသူအား နှုတ်ဆက်၍ လှည်းပေါ်ပြန်တက်ကာ ကိုအောင်ကျော်၏အိမ်သို့ ပြန်လာကြ၏။

ကျွန်ုပ်တို့ကို စောင့်နေသော ကိုအောင်ကျော်ကို အိမ်ပေါက်ဝတွင် တွေ့လိုက်ရ၏။

"ညစာ သုံးဆောင်ကြတော့မလား ခင်ဗျာ"

"ခဏနေပြီးမှ စားမယ်။ အခု - မင်းဖခင် ဦးလှိုင်ဘွားနဲ့ စကားပြောချင်သေးတယ်၊ သူ - ဘယ်မှာရှိသလဲ"

"သူ့အခန်းထဲမှာ အနားယူနေပါတယ်။ အခုပဲ ညနေပိုင်း လမ်းလျှောက်ရာက ပြန်ရောက်လာတယ်။ ဒီညနေ သူ့နောက်ကို ကျွန်တော် လိုက်ရတယ်။ ဖေဖေက သူ့နောက်က တကောက်ကောက် လိုက်နေတာကို မကြိုက်ဘူး ခင်ဗျ၊ ဒါ - ဘယ်သူ့ကိုမှ မကြောက်ဘူးလို့လည်း ပြောတယ် ခင်ဗျ"

ကိုအောင်ကျော်သည် ကျွန်ုပ်တို့အား သူ့ဖခင်ကြီး၏ အခန်းသို့လိုက်ပို့ပြီး ပြန်သွားလေ၏။

ဦးလှိုင်ဘွား၏ အခန်းမှာ အိမ်ငယ်တစ်ဆောင်လောက် ကျယ်ဝန်း၏။ အခန်းနံရံများတွင် တိရစ္ဆာန်မျိုးစုံတို့၏ ဦးချိုများ၊ သားရေများ ချိတ်ဆွဲထား၏။ ကျွန်ုပ်တို့ ရောက်သွားချိန်တွင် ဦးလှိုင်ဘွားသည် မြောင်ချိုကြီးတစ်ချောင်းရှေ့တွင် ရပ်ကြည့်နေ၏။

"ကျုပ် အသက်လေးဆယ်က ဒီမြောင်ကြီးကို ပစ်သတ်ခဲ့တာပေါ့ဗျာ၊ အဲဒီအချိန်မှာ မုဆိုးနှစ်ယောက်ဟာ သူ့ချိုများမှာ အသက်ပါပြီးပြီလေ"

ဦးလှိုင်ဘွားက ဂုဏ်ယူစွာ ပြောနေ၏။

"အင်မတန်လှပတဲ့ ဦးချိုကြီးပါပဲခင်ဗျာ၊ တော်ရုံသတ္တိနဲ့ ဒီကောင်ကြီးကို ပစ်ရဲမှာ မဟုတ်ဘူး"

www.burmeseclassic.com

ဦးအုန်းကျော်က ပြောပြလိုက်၏။

"သတ္တိအပြင် မုဆိုးပညာနဲ့ ဖွဲ့ကောင်းဖို့လည်း လိုပါတယ်လေ။ သူ့နောက်ကို ငါးရက်တိတိ ကျုပ်လိုက်ခဲ့ရတယ်။ ကဲ - ခင်ဗျားတို့ ဘာပြောစရာရှိသလဲ။ ထိုင်ပြီး ပြောကြပါ"

ဦးလှိုင်ဘွားက ကုလားထိုင်တွင် ထိုင်ရင်းပြော၏။ ကျွန်ုပ်တို့လည်း ကုလားထိုင်များတွင် ဝင်ထိုင်ကြ၏။

"ခင်ဗျား ကိုင်ခဲ့တဲ့ ဒူးလေးနဲ့မြားကို ကြည့်ပါရစေလား ဦးလှိုင်ဘွား"

ဦးအုန်းကျော်က ပြောသည်။

"ကိုစိန်ကြည်သေတဲ့နောက်မှာ ဒူးလေးကို မကိုင်တော့ဘူးလို့ ကျုပ်ပြောပြီးပြီပဲ၊ နှစ်တွေကြာလှပြီဗျာ၊ ဘယ်မှာထားမိတယ်ဆိုတာ မမှတ်မိတော့ဘူး။ ပြောပါဦး - ခင်ဗျား - ဘာကြောင့်ကြည့်ချင်ရတာလဲ"

"ဦးစိန်ကြည်နဲ့ ဦးဘသိန်းကို သတ်တဲ့လက်နက်ကို ကြည့်ချင်လို့ပါ။ ကျွန်တော်သာ အချိန်မီမတားနိုင်ရင် အဲဒီလက်နက်ဟာ မကြာခင် ခင်ဗျားအိဝိန်ကို ရွှေလိမ့်မယ်ဗျ - ဦးလှိုင်ဘွား"

"ခင်ဗျားစကားက ကြောက်စရာကြီးပါလား"

ဦးလှိုင်ဘွားတ မကျေနပ်သံဖြင့် မေး၏။ "ဒူးလေးကတော့ ပြဖို့မလွယ်ဘူး။ ပျောက်နေတယ်၊ တစ်နေရာရာမှာ ရှိပါလိမ့်မယ်။ မြားတံတွေကတော့ ဟိုဗီရိုပေါ်မှာ ရှိလိမ့်မယ်"

နံရံတွင်ကပ်ထားသော ဗီရိုကို သူ ညွှန်ပြသည်၊

"ကျုပ် ယူပေးရမလား"

"နေပါစေ - ကျွန်တော့်ဘာသာပဲ ယူကြည့်ပါ့မယ်"

ဦးအုန်းကျော်က ပြန်ပြောခဲ့သည်၊

ထို့နောက် ဗီရိုဆီသို့ လျှောက်သွားပြီး ခုံတစ်ခုံပေါ်မှ တစ်ဆင့်တက်၍ မြားတံများကို ယူလိုက်သည်၊ မြားတံများကို သေချာစွာကြည့်ရင်း ပြောပြန်သည်၊



"ဒီမြားတွေက အဖျားသိပ်ချွန်တယ်။ ပြီးတော့ ကျွန်တော် တွေ့ဖူးတဲ့မြားတွေထက်လည်း ပိုရှည်တယ်"

"ဟုတ်တယ် - ကျုပ်တို့ရဲ့မြားတံတွေဟာ ဒီပြင်မြားတွေနဲ့ မတူဘူး။ နေပါဦး - ဒီမြားတွေဟာ အကုန်ပဲလား။ ဗီရိုပေါ်မှာ ကျန်သေးလားဗျ"

"မကျန်တော့ဘူး၊ ဒီမြားတံ ငါးချောင်းပဲတွေ့တယ် - ဘာဖြစ်လို့လဲ"

"မြားတံတွေ လျော့နေတယ် ထင်လို့ပါ၊ ကျုပ် အမှတ်မှားတာလည်း ဖြစ်နိုင်ပါတယ်လေ။ ဒီပြင်နေရာမှာ ရောက်နေတာလည်း ဖြစ်မှာပေါ့"

ထို့နောက်ဦးအုန်းကျော်သည်မြားတံများကိုဗီရိုပေါ်သို့ပြန်ထားလိုက်၏။ ဦးလှိုင်ဘွားကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြ၏။

— ❁ —

ကျွန်ုပ်တို့သည် ညစာကို ခပ်မြန်မြန်စားလိုက်ကြ၏၊ ကိုအောင်ကျော်က ကျွန်ုပ်တို့နေရမည့်အခန်းကို လိုက်ပို့သည်၊ ကျွန်ုပ်တို့အား နှုတ်ဆက်ပြီး ပြန်မည်အပြုတွင် ကိုအောင်ကျော်အား ဦးအုန်းကျော်က မေး၏၊

"မင်းအဖေဟာ ညနေတိုင်း လမ်းလျှောက်တတ်သလားကွ ကိုအောင်ကျော်"

"မိုးရွာရွာ နေပူပူ လျှောက်တတ်ပါတယ် ခင်ဗျာ"

"လျှောက်နေကျလမ်းကြောင်းအတိုင်းပဲ လျှောက်တာလား"

"ဟုတ်ကဲ့ - လျှောက်နေကျလမ်းကြောင်းအတိုင်းပဲ လျှောက်တယ်၊ မပြောင်းဘူး"

"သူ လျှောက်တဲ့လမ်းကြောင်းကို ဒီပြင်လူတွေကော သိသလား"

"အင်း - သိနိုင်ပါတယ်"

"မနက်ဖြန်မနက်မှာ ကျွန်တော်တို့ မော်ဘီကို ခဏသွားချင်တယ်၊ စီစဉ်ပေးပါလား။ မော်ဘီက ပြန်လာရင်း အဲဒီလမ်းကြောင်းကို လိုက်ကြည့်ချင်သေးတယ်၊ မင်း လိုက်ပြနိုင်မလား"

www.burmeseclassic.com

"ဟုတ်ကဲ့ - ပြန်နိုင်ပါတယ်"

"ကျေးဇူးပဲ - ကိုအောင်ကျော် - ဂွတ်နိုက်"

ကိုအောင်ကျော် ပြန်သွားပြီး ဦးအုန်းကျော်သည် အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေလေ၏။ ကျွန်ုပ်က ခုတင်ပေါ်တွင် လှဲနေ၏။

ဦးအုန်းကျော်သည် တစ်နာရီနီးပါး ဤပုံစံအတိုင်း လမ်းလျှောက်နေပြီးနောက် ခုတင်ဘေးတွင် ရုတ်တရက်ရပ်လိုက်၏။

"ဦးစံနက်ကျော်ဟာ ဒီအမှုမှာ အရေးကြီးတယ်လို့ ယူဆမိလား ကိုမြင့်မောင်"

"မယူဆဘူး။ ဦးစံနက်ကျော်နဲ့ သူ့ခွေးတွေ ပြေးသွားနေတာဟာ လမ်းမှာတွေ့တဲ့လူတွေနဲ့ စကားမပြောချင်လို့ ဖြစ်လိမ့်မယ်၊ ပြေးသွားနေတဲ့အပြင် ခွေးအုပ်လည်း ပါနေတာဆိုတော့ အရေးကြီးတဲ့ကိစ္စမရှိဘဲ သူ့ကို ဘယ်သူကမှ စကားပြောမှာ မဟုတ်ဘူး"

"ဟုတ်တယ်" ဦးအုန်းကျော်က သဘောတူသည်။

"သူ့ရဲ့ ထူးဆန်းတဲ့နေပုံထိုင်ပုံကြောင့် သူ့ကို လူသတ်သမားလို့ ယူဆနိုင်တယ်၊ ဒါပေမဲ့ - ဒီလူသတ်မှုရဲ့ တရားခံအစစ်ဟာ သူ မဖြစ်နိုင်ဘူးဗျ။ ဒီပြဿနာကို တကယ်လုပ်နေသူရဲ့ကိုယ်စား အထင်မှားခံနေရတာလို့ ကျွန်တော် ထင်တယ်"

"ခြံစောင့် ကိုတာနော့ကိုကော - ဘယ်လိုယူဆသလဲ"

ဦးအုန်းကျော်က ထပ်မေးပြန်၏။

"ကိုတာနော့ဟာ သူ့အလုပ်ရှင်ဟောင်း ဦးလှိုင်ဘွားကို အချိန်မရွေး အပြင်မှာတွေ့နိုင်ပါတယ်၊ ဦးလှိုင်ဘွားနဲ့ သူ့သားတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင် ခြံနားမှာ ရစ်သီရစ်သီလုပ်နေတာ ဖြစ်ပါလိမ့်မယ်"



"ခင်ဗျားတွေးလုံးတွေ ကောင်းပါတယ် - ကိုမြင့်မောင်၊ ဒီပြင် ကျွန်တော်တို့ စဉ်းစားရမယ့်အချက်ရှိသေးတယ်ဗျ။ ဒီနေ့ ကျွန်တော်တို့ သွားတွေ့ခဲ့တဲ့ ဒူးလေးသမားဟောင်းတွေဟာ ဦးလှိုင်ဘွားနဲ့ သဘောထားချင်းအတူတူပဲ၊ သူတို့အားလုံးက ဦးစိန်ကြည်သေတာဟာ မတော်တဆမဟုတ်ဘူးဆိုတာကို သိကြတယ်ဗျ"

"ပြီးတော့ ဦးစံနက်ကျော်နဲ့ သူ့ခွေးတွေ အပြင်မှာရှိတဲ့ နေဝင်ချိန်မှာ ဦးဘသိန်းအသတ်ခံရတာဟာ ထူးဆန်းတဲ့တိုက်ဆိုင်မှုဖြစ်နေတယ်"

ကျွန်ုပ်က ဖြည့်စွက်ပြောပြလိုက်သည်။

"သူသာ တကယ့်တရားခံဆိုရင် အဲဒီအချိန်မှာ လူသတ်မှုကျူးလွန်မှာ မဟုတ်ဘူး" ဦးအုန်းကျော်က ပြောပြသည်။

"ကိုတာနော့နဲ့ပတ်သက်ပြီး ခင်ဗျားအထင်ကို ပြောပါဦး ကိုမြင့်မောင်"

"ကျွန်တော် ပြောပြီးပါပြီ၊ သူ့ကို အလုပ်ထုတ်တဲ့ အလုပ်ရှင်မိသားစု စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာပဲဖြစ်လိမ့်မယ်လို့"

"ဒါလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ - ဒီထက် လေးနက်တဲ့အကြောင်း ရှိမယ်လို့ကျွန်တော်ထင်တယ်၊ စောင့်ကြည့်သေးတာပေါ့၊ ကဲ - ခင်ဗျားလည်း တစ်နေ့ခင်းလုံး ပင်ပန်းလာတယ်၊ အိပ်ပေတော့ - ကျွန်တော်တော့ ဆက်ပြီး စဉ်းစားလိုက်ဦးမယ်ဗျာ"

ထို့နောက် မကြာမီ ကျွန်ုပ် အိပ်ပျော်သွားတော့၏။ ကျွန်ုပ် တစ်ရေးနိုးလာပြီး နာရီကြည့်သောအခါ ညတစ်နာရီထိုးနေလေပြီ၊ ဦးအုန်းကျော်မှာ ကုလားထိုင်ပေါ်တွင် ထိုင်ပြီး စဉ်းစားနေတုန်း ဖြစ်၏။ ထို့နောက် ကျွန်ုပ် ပြန်အိပ်ပျော်သွားတော့၏။

— ● —



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်ုပ်တို့သည် ကိုအောင်ကျော် စီစဉ်ပေးသော မော်တော်ကားဖြင့် မှော်ဘီသို့ သွားကြ၏။ မှော်ဘီရဲစခန်းသို့ သွား၍ ရန်ကုန်မြို့ရှိ စုံထောက်ရဲမှူး ဦးဘသောင်းထံ တယ်လီဖုန်းဆက်ကြည့်၏။ ဦးအုန်းကျော်နှင့် ဦးဘသောင်းတို့သည် အမှုပေါင်းများစွာကို ပူးတွဲဖော်ထုတ်ခဲ့သူများ ဖြစ်သဖြင့် အလွန်ခင်မင်ရင်းနှီးကြ၏။ ဦးအုန်းကျော်သည် ဦးဘသောင်းနှင့် ခဏမျှသာ စကားပြောပြီး ဝါးနက်ချောင်းသို့ ကျွန်ုပ်နှင့်အတူ ပြန်လာခဲ့ကြ၏။

နံနက်စာ စားပြီးနောက် ကျွန်ုပ်တို့သည် ကိုအောင်ကျော်နှင့် ဦးလှိုင်ဘွား လမ်းလျှောက်ထွက်သောလမ်းကြောင်းကို သွားကြည့်ဖြစ်ကြ၏။

ကျွန်ုပ်တို့သည် တစ်ဖက်တစ်ချက်တွင် ရော်ဘာခြံများရှိသော လမ်းမအတိုင်း လျှောက်လာပြီးနောက် တောလမ်းတစ်ခုအတွင်းသို့ ဝင်ခဲ့ကြ၏။ ဦးအုန်းကျော်သည် လမ်းဘေးရှိ တောအုပ်ကို ဂရုတစိုက်ကြည့်လာ၏။ မကြာခဏ ကိုအောင်ကျော်အား ဦးစံနက်ကျော်၏ လမ်းကြောင်းနှင့် နီးကပ်မှု ရှိ,မရှိကို မေးတတ်၏။

"လမ်းကြောင်းနှစ်ခုဟာ ရှေ့မှာရှိတဲ့တောအုပ်မှာ သွားဆုံကြတယ်" ကိုအောင်ကျော်က ဖြေသည်။ "အဲဒီနေရာမှာ ကျွန်တော်ဟာ ဦးစံနက်ကျော်နဲ့ သူ့ခွေးတွေကို မြင်ခဲ့ရတယ်"

ကျွန်ုပ်တို့သည် အလွန်ကြီးသော သစ်ပင်ကြီးတစ်ပင်နှင့် အခြားသစ်ပင်ငယ်များဖေါက်နေသော တောအုပ်ကို ဖြတ်လာကြ၏။ ဦးအုန်းကျော်သည် ကျွန်ုပ်တို့အား စောင့်နေရန်ပြောပြီး တောအုပ်ထဲသို့ ပြန်ဝင်သွားပြန်၏။

သူ ပြန်လာချိန်တွင် မျက်လုံးများ အရောင်တောက်နေသည်ကို ကျွန်ုပ် သတိပြုမိ၏။

"ဒီလောက်ဆို တော်ပါပြီ – ကိုအောင်ကျော်၊ လမ်းကြောင်းနှစ်ခု ဆုံ,မဆုံကို ငါ သိချင်တာပါ၊ လူသတ်သမားဟာ သူ့ရဲ့သားကောင်ကို ဒီနေရာကနေပြီး လုပ်ကြံနိုင်တယ်ကွ" ကိုအုန်းကျော်က ပြော၏။





သူ့ကို ဒီအတိုင်းဖမ်းလို့ မလွယ်ဘူးကွ၊ အမှုတူးလွန်လို့ အားထုတ်နေသဲမှာ လက်ပူးလက်ကြပ်ဖမ်းမှရမယ်၊ ဒီညနေမှာ မင်းဖခင်ကြီးကို အထူးစောင့်ရှောက်ဖို့ရယ်၊ မင်းညီကိုလည်း သတိထားပေါ့ကွာ

ထို့နောက် ကျွန်ုပ်တို့သည် အိမ်သို့ ပြန်ခဲ့ကြ၏။ ကျွန်ုပ်တို့ ရောက်ပြီး မကြာခင်ပင် လူငယ်တစ်ယောက် ရောက်လာပြီး ဦးအုန်းကျော်အား ချိတ်ပိတ်ထားသော စာတစ်စောင်ပေးရာ ဦးအုန်းကျော်သည် စာအိတ်ကို ဖွင့်ဖတ်ပြီးနောက် ကိုအောင်ကျော်အား ပြောနေသည်။

"ကျွန်တော်တို့ အရေးကြီးတဲ့ကိစ္စရှိလို့ ရန်ကုန်ကို ပြန်ရမယ်၊ မနေ့တုန်းကလည်းနဲ့ပဲ ဘူတာကို လိုက်ပို့ပေးကွာ၊ နေ့လယ် (၂) နာရီမှာ ဒီကထွက်မယ့် ပြည်ရထားကို မီနိုင်သေးတယ်၊ မနက်ဖြန် ပြန်လာမယ်၊ မင်းဖခင်ကြီးတို့ (၄၈) နာရီအတွင်းမှာ ဦးဘသိန်းကိုသတ်တဲ့ လူသတ်သမားကို ဖမ်းပေးနိုင်မယ်လို့ ငါ မျှော်လင့်ထားကြောင်းကိုလည်း ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com

"လူသတ်သမားကို ဖမ်းဖို့ ဆရာအကွက်ဆင်ပြီးပြီလား"

ကိုအောင်ကျော်က မေးသည်။

"သူ့ကို ဒီအတိုင်းဖမ်းဖို့ မလွယ်ဘူးကွ၊ အမှုကျူးလွန်ဖို့ အားထုတ်နေဆဲမှာ လက်ပူးလက်ကြပ်ဖမ်းမှရမယ်။ ဒီညနေမှာ မင်းဖခင်ကြီးကို အထူးစောင့်ရှောက်ဖို့ရယ်၊ မင်းညီကိုလည်း သတိထားပေါ့ကွာ"

ထိုနေ့မှာပင် ကိုအောင်ကျော် စီစဉ်ပေးသော မြင်းလှည်းဖြင့် ဝါးနတ်ချောင်းဘူတာသို့ လာခဲ့ကြ၏။ မြင်းလှည်းသမား ပြန်သွားသည်နှင့် ဦးအုန်းကျော်က "လာဗျို့ - ကိုမြင့်မောင်၊ ရုံပိုင်အခန်းကို သွားကြမယ်" ဟု ပြောတော့သည်။

"ဘာလုပ်မလို့လဲဗျ"

"ရုံပိုင်အခန်းမှာ ကျွန်တော်တို့ ရုပ်ဖျက်ကြရမယ်လေဗျာ။ ပြီးတော့ ဒီညနေမှာ ဦးဘသိန်းသတ်တဲ့ လူသတ်သမားကိုလည်း ဖမ်းရမယ်ဗျ"

နေဝင်သည်နှင့်တစ်ပြိုင်နက် တောသားများအသွင် ရုပ်ဖျက်ထားသော ကျွန်ုပ်တို့သည် ဦးစံနက်ကျော်နှင့် ဦးလှိုင်ဘွားတို့၏ လမ်းကြောင်းနှစ်ခုဆုံသည့် တောထဲသို့ လာခဲ့ကြ၏။ သစ်ပင်အိုကြီး၏ ပန်းခန့်မြင့်သောနေရာတွင် သစ်ခေါင်းပေါက်တစ်ပေါက် ရှိနေ၏၊ သစ်ပင်ကြီး၏ အကိုင်းများသည် အခြားသစ်ပင်များကို အုပ်မိုးနေ၏။

"ဒီနေရာကပဲ ကျွန်တော်တို့စောင့်ရမယ်" ဦးအုန်းကျော်က ပြောပြသည်။ ကျုပ်တွေးလုံးမမှားရင် ဒီညဟာ ဦးလှိုင်ဘွားအတွက် အသက်ဘေးနီးလိမ့်မယ်၊ သူ့အသက်ကို ကယ်ရင်း လူသတ်သမားကိုလည်း ဖမ်းနိုင်မယ်လို့ မျှော်လင့်ရမှာပဲ၊ ကဲ - သစ်ပင်ပေါ်တက်ပေတော့ဗျို့"

မကြာခင် ကျွန်ုပ်တို့သည် သစ်ပင်ပေါ်သို့ ရောက်သွားကြ၏၊ သစ်ရွက်များထူထပ်သဖြင့် မည်သူမှ မမြင်နိုင်ပေ။ ဦးအုန်းကျော်သည် ဦးစံနက်ကျော် လာမည့်ဘက်နှင့် ဆန့်ကျင်ဘက်အရပ်ကို ဂရုစိုက်ကြည့်နေ၏။

"သူ့ခွေးတွေကို ဂရုစိုက်ရမယ်" ကျွန်ုပ်က သတိပေးသည်။

"လိုအပ်ရင် ပစ်သတ်ပါ၊ သေနတ်ကို အသင့်ပြင်ထား။ အခု နေဝင်သွားပြီ။ မကြာခင် - ဦးလှိုင်ဘွား - ရောက်လာလိမ့်မယ်"

"ဦးစံနက်ကျော်လည်း ရောက်လာလိမ့်မယ်။ ဘာတွေဖြစ်လာမလဲ မသိဘူး" ကျွန်ုပ်က နားမလည်သလို ပြောမိသည်။

"ကျွန်တော်တို့ ငြိမ်ငြိမ်ကလေးထိုင်ပြီး စောင့်ရလိမ့်မယ်၊ ဘာကိုပဲမြင်မြင် အသံမထွက်ဖို့တော့ သတိထားပါ"

ညနေခင်းမှာ အေးချမ်းတိတ်ဆိတ်နေ၏၊ ညငှက်များ အစာရှာရန် အိပ်တန်းမှ ထွက်လာကြ၏။ ထိုအခိုက် ဦးလှိုင်ဘွားသည် တောထဲသို့ ဝင်လာ၏။ ခါးတွင် ခြောက်လုံးပြူးထိုးထားသေး၏။ ထို့နောက် သစ်ပင်များအကြားသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

နောက်ထပ်ဝင်လာသူမှာ မောင်သီဟဖြစ်သည်။ လူငယ်သည် ကျွန်ုပ်တို့ရှိသော သစ်ပင်ကြီးဆီသို့ တန်းလာပြီး လက်ထဲမှ သေနတ်ကို သစ်ပင်ရင်းတွင် ထောင်ထားလိုက်၏။ အိတ်ထဲမှ လက်အိတ်တစ်စုံကိုထုတ်၍ လက်နှစ်ဖက်ကို စွပ်နေ၏၊ ထို့နောက် သစ်ခေါင်းထဲသို့လက်နှိုက်၍ ဒူးလေးနှင့် မြားတံကို ထုတ်ယူလေ၏။

ထိုအခိုက်မှာပင် ဦးအုန်းကျော်သည် သစ်ကိုင်းများကို ဆွဲမိုပြီး ခုန်ချလိုက်၏၊ မောင်သီဟ၏ လက်မှ ဒူးလေးနှင့်မြားတံ လွတ်ကျသွား၏။ သူတို့နှစ်ယောက်လုံးထွေးပြီး မြေပေါ်လဲကျသွားကြ၏။ ကျွန်ုပ်သည် ပထမတွင် အံ့အားသင့်နေ၏။ ထို့နောက် သစ်ပင်ပေါ်မှဆင်းကာ ဦးအုန်းကျော်ကို ကူညီရ၏။

မောင်သီဟသည် ကျွန်ုပ်တို့ ဖက်ထားသည်ကို အတင်းရုန်းကန်နေ၏။ သူသည် သေးသွယ်သော ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် သန်စွမ်းလှသည်။ ကျွန်ုပ်နှင့် ဦးအုန်းကျော်တို့မှာ သူ့ကို လွတ်မသွားအောင် အတင်းဖမ်းထားရ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် ဦးလှိုင်ဘွားသည် နောက်သို့ပြန်လှည့်ပြေးလာ၏။ ကျွန်ုပ်တို့အား သေနတ်ဖြင့်ချိန်ရင်း "ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျုပ်သားကို ဘာကြောင့်ဖမ်းတာလဲ" ဟု မေးလေ၏။ ထိုအခါတွင်မှ ဦးအုန်းကျော်သည် ရုပ်ဖျက်ထားသော နှုတ်ခမ်းမွေးများကို ဖြုတ်ချလိုက်၏။ ကျွန်ုပ်ကလည်း အလားတူ ပြုလုပ်လိုက်ရ၏။ ထိုအခါမှ ကျွန်ုပ်တို့၏ မူလရုပ်သွင်ကို မြင်ရသဖြင့် ဦးလှိုင်ဘွားမှာ အံ့အားသင့်နေ၏။ ထို့နောက် အနားတွင် ကျနေသော ဒူးလေးနှင့်မြားတံကို မြင်ရသဖြင့် အဖြစ်အပျက်ကို သဘောပေါက်သွားလေ၏။

ထို့နောက် မြေပေါ်တွင်လဲကျနေသော မောင်သီဟကို ဒေါသကြီးစွာဖြင့် ငုံ့ကြည့်ပြီး -

"အော် - မင်းက ငါ့ကိုသတ်ဖို့ ကြံနေတာကိုး၊ ကျေးဇူးကန်းတဲ့ကောင်ကဲ - သေပေတော့"

ဟု ပြော၍ သေနတ်ဖြင့် ပစ်မည်ပြု၏။ ဦးအုန်းကျော်က သေနတ်ကို လုယူလိုက်ပြီး "သတိထားပါ - ဦးလှိုင်ဘွား၊ တရားခံကို တရားဥပဒေကပေးတဲ့ အပြစ်ကိုပဲ ခံယူပါစေဗျာ" ဟု ဖျောင်းဖျပြောဆို၏။

ဦးလှိုင်ဘွားက စိတ်ထိခိုက်သောမျက်နှာဖြင့် ဦးအုန်းကျော်ကိုကြည့်ပြီး "ကျေးဇူးပဲ - ဦးအုန်းကျော်၊ ကျုပ်မှားတော့မလို့၊ ကဲ - အကျိုးအကြောင်းကို ရှင်းပြပါဦးဗျာ" ဟု တောင်းပန်ရှာ၏။

"မောင်သီဟဟာ ကြွေးတွေ အများကြီးတင်နေတယ် ဦးလှိုင်ဘွား၊ သူက လောင်းကစားလုပ်တယ်၊ ရန်ကုန်က ပုံနှိပ်တိုက်ကိုရောင်းပြီး အငှားဘဝနဲ့ ဆက်လုပ်နေတာ၊ ပြီးတော့ ဦးဘသိန်းကို သတ်မှုနဲ့ ကိုတာနောရဲ့ ငွေညှစ်တာကိုလည်း ခံနေရတယ်၊ နောက်ဆုံး ကြံရာမရဖြစ်ပြီး အမှုဟောင်းတစ်ခုရဲ့ တရားခံလက်ချက်လို့ ယူဆအောင်စီစဉ်ပြီး ခင်ဗျားကို သတ်ဖို့ကြံစည်တာပဲ"

"ဘယ်လို အမှုဟောင်းတစ်ခုရဲ့ လူသတ်သမားလက်ချက်ဆိုတာ ဘာလဲ"

"ဦးစိန်ကြည်ကို သတ်တဲ့အမှုပါ၊ သူ့ညီ ဦးစံနက်ကျော်သတ်ခဲ့တာပဲ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ လမ်းကြောင်းဆုံတဲ့နေရာမှာ ခင်ဗျားကိုသတ်ဖို့ စီစဉ်တာပဲ၊ ခင်ဗျားကို ဦးစံနက်ကျော်က သတ်တယ်လို့ထင်အောင် လုပ်တာလေ"

ထိုအချိန်မှာပင် အိမ်ဘက်မှ လူများပြေးလာသံကြားရ၏။

— ● —

ထိုညတွင် စပတ်လမ်းရှိ ဦးအုန်းကျော်၏ ရုံးခန်းတွင် ကျွန်ုပ်နှင့် ဦးအုန်းကျော်တို့သည် လစ်ပတန်လက်ဖက်ရည်သောက်ရင်း အေးဆေးစွာ စကားပြောနေကြ၏။ ဤတွင် အမှုအကြောင်းကို ဦးအုန်းကျော်က အောက်ပါ အတိုင်း ရှင်းပြလေသည်။

"ပထမဆုံး အနစ်နှစ်ဆယ်ကြာပြီးတဲ့ ကိစ္စတစ်ခုအတွက် လက်စားချေတယ်ဆိုတာကို ကျွန်တော် ဘဝင်မကျခဲ့ဘူး။ ပြီးတော့ ဦးစိန်ကြည်အသတ်ခံရတဲ့အတွက် လက်စားချေမယ်ဆိုပြီး ဝါးနက်ချောင်းရွာက ဒူးလေးသမားဟောင်းတွေဆီကို စာပို့တယ်၊ ဒါဟာ ဦးစံနက်ကျော်လက်ချက်လို့ ယူဆအောင် ဖန်တီးလိုက်တာပဲဗျ"

"ပြီးတော့ ဦးလှိုင်ဘွားသေရင် ဘယ်သူအကျိုးခံစားရမလဲဆိုတဲ့ အဓိကအချက်ကို ရှာကြည့်တယ်၊ သူ့သားတွေပဲပေါ့၊ ကိုအောင်ကျော်ဟာ သူ့ဘာသာပြည့်စုံနေလို့ သူ့ကိုထည့်မစဉ်းစားဘူး။ ဒါဆိုရင် - မောင်သီဟပဲ ရှိတော့တယ်၊ တော်တော်အံ့ဩစရာကောင်းတဲ့ တိုက်ဆိုင်မှုတစ်ခုက စာသောက်ဆိုင်ပိုင်ရှင်ဆီက မောင်သီဟဟာ သူ့ကို အကြွေးငွေတစ်ရာ ပေးရမယ့် ကြောင်း သိခဲ့ရတယ်၊ ဒါကြောင့် - မှော်ဘီကိုသွားပြီး ရန်ကုန်တ[illegible]

www.burmeseclassic.com

ရဲမှူး ကိုဘသောင်းဆီကို တယ်လီဖုန်းဆက်ပြီး မောင်သီဟရဲ့အခြေအနေကို စုံစမ်းနိုင်းခဲ့တယ်၊ ကိုဘသောင်းက မောင်သီဟဟာ လောင်းကစားဝိုင်းတွေမှာ အကြွေးတစ်သောင်းကျော် ပေးစရာရှိတဲ့အကြောင်း စာပြန်လာတယ်။ အဲဒီအခါမှာ ကျွန်တော့်ရည်မှန်းချက်ဟာ သေချာသွားတယ်"

"မောင်သီဟဟာ သူ့ရည်ရွယ်ချက် အောင်မြင်ဖို့အတွက် ဦးဘသိန်းကို မြားနဲ့ပစ်သတ်ခဲ့တယ်၊ ဝါးနက်ချောင်းက ဒူးလေးသမားဟောင်းတွေကို လူထူးလူဆန်းကြီး ဦးစံနက်ကျော်က လက်စားချေတယ်လို့ထင်အောင် လုပ်တာပါ၊ ဦးဘသိန်း သေရတာဟာ အတော်သနားစရာ ကောင်းတယ်၊ ဦးလှိုင်ဘွားရဲ့လမ်းကြောင်းကို လူတိုင်းသိတဲ့အချက်ရယ်၊ ဦးစံနက်ကျော်ဟာ အမှုဖြစ်ပွားတဲ့အချိန်မှာ ဘယ်မှာရှိသလဲဆိုတာကို အလီဘိုင်မပြနိုင်တဲ့ အချက်ရယ်ကို အခြေခံပြီး ဒီအကြံအစည်ကို ဖန်တီးခဲ့တာပဲဗျ"

"မောင်သီဟဟာ သူ့ဖခင်ရဲ့ ဒူးလေးနဲ့မြားတံတွေကိုခိုးပြီး သစ်ခေါင်းထဲမှာ ဝှက်ထားခဲ့တယ်၊ ဦးစိန်ကြည်ကို သူ့မိတ်ဆွေ ဒူးလေးသမားတွေက မသတ်တဲ့အကြောင်းကို ဦးစံနက်ကျော်သိတယ်၊ သူ့အစ်ကိုကို သူသတ်တဲ့ အကြောင်း ကျွန်တော် စောစောကတည်းက တွေးမိတယ်၊ ဒါကြောင့် ဦးဘသိန်းကို သတ်တဲ့လူသတ်သမားနဲ့ ဒူးလေးသမားတွေဆီကို ခြိမ်းခြောက်စာပို့သူဟာ တခြားတစ်ယောက်ဖြစ်ရမယ်လို့ တွေးမိခဲ့တယ်၊ ဦးစိန်ကြည် သေတဲ့အတွက် ဦးစံနက်ကျော်တစ်ယောက်ပဲ အကျိုးအမြတ်ရစရာရှိတယ်၊ ဒီအနားပတ်ဝန်းကျင်ကလူတွေဟာ နှစ်စဉ်နှစ်တိုင်း ဒူးလေးပြိုင်ပွဲကျင်းပတဲ့ရက်ကို သိတယ်လို့ ဦးလှိုင်ဘွားပြောတာကို ခင်ဗျားမှတ်မိမှာပါ၊ ဒါကြောင့် ရှမ်းပြည်နယ်က ရုတ်တရက်ပြန်လာပြီး သူ့အစ်ကိုရဲ့ဒူးလေးနဲ့မြားကို အသုံးပြုပြီး ရာဇဝတ်မှုကျူးလွန်ခဲ့တယ်၊ ဒါကြောင့်လည်း ဦးစိန်ကြည်ကိုပစ်တဲ့ မြားတံမှာ အမှတ်အသားမပါတာပဲဗျ၊ ပြိုင်ပွဲဝင် ဒူးလေးသမားတွေဟာ ပြိုင်ပွဲမှာ သုံးတဲ့မြားတံတွေကို အမှတ်အသားလုပ်ခဲ့ကြတယ်၊ အဲဒီနောက် ရှမ်းပြည်နယ်ကိုပြန်ပြီး အမှုအေးဆေးတဲ့အထိ နေခဲ့တာပေါ့"



"ကိုတာနောဟာ ဦးဘသိန်းသေတဲ့ညနေက လက်ထဲမှာ ဒူးလေးနဲ့မြားကိုင်ထားတဲ့ မောင်သီဟကို မြင်သွားတယ်၊ အဲဒီအချိန်မှာ ဦးစိန်မောက်နဲ့ သူ့နွားတွေ အပြင်မှာရှိနေတယ်လေ၊ ပထမတော့ ကိုတာနောဟာ ဦးလှိုင်ဘွားကို တွေ့ဖို့လာတာဖြစ်တယ်၊ မောင်သီဟက သူ ကိုတာနောကို မြင်တာကြာပြီ ဝလို့ ပြောတယ်၊ ကိုတာနောက နှစ်ပတ်ပဲ ရှိသေးတယ်လို့ပြောတယ်၊ ကိုအောင်ကျော်ကလည်း သူ ကိုတာနောကိုမြင်တာ မကြာသေးဘူးလို့ ပြောတယ်၊ ကိုတာနောနဲ့ ကိုအောင်ကျော်တို့ ပြောပြချက်ဟာ တူကြတယ်ဗျ"

"ကျွန်တော်လည်း ရှမ်းပြည်နယ်ကိုသွားပြီး ကိုစံနက်ကျော်ရဲ့ခရီးစဉ်ကို စစ်ဆေးရလိမ့်မယ်၊ နှစ်တွေကြာပြီမို့ အခက်အခဲ တော့ရှိလိမ့်မယ် ကိုမြင့်မောင်"

သို့သော် ဦးစိန်ကြည် သေဆုံးမှုကို ဦးအုန်းကျော် ဖြေရှင်းရန် မလိုတော့ပါ၊ နောက်တစ်နေ့ထုတ်သော သတင်းစာများတွင် ဦးစံနက်ကျော် သူ့ကိုယ်သူ အဆုံးစီရင်သည့်သတင်း ပါလာသောကြောင့် ဖြစ်၏၊ ကျွန်ုပ်ကမူ ဦးစံနက်ကျော်သည် သူ ကျူးလွန်သောအပြစ်အတွက် အပြစ်ဒဏ်ခံရခြင်း ဟုသာ မှတ်ယူလိုက်ပါတော့၏။

တသက်ခွေ

www.burmeseclassic.com